ဂျူဇော်

နာရီထဲကတံလျှပ်များ

ဝတ္ထုတိုစု

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော်လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ဝတ္ထုတိုစု

ဂျူဇော်

(၁၊ နိုဝင်ဘာလ၊ ၁၉၉၇)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် [၂၂၉/၉၇ (၅)]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၄၆၈ / ၉၇ (၁၀)]

စီစဉ်ထုတ်လုပ်မှု

သန်းဆွေ (ရောထွန်း) နှင့် ရာပြည့် ဦးစိုးညွန့်

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ (၁၀၀၀)

မျက်နှာဖုံးရိုက်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ် ၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့ ။

ပုံနှိပ်သူ

ဒေါ်တင်တင်ဌေး(၀၅၂၄၀)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့ နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးမိုးကြည် (၁၉၅၈)၊ မိုးကြည်စာပေ၊ အမှတ် ၃၈၇ (က)၊ (၇) ရပ်ကွက်၊ ဖျာပုံလမ်း၊

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်မြို့ ။

စာအုပ်ချုပ်

ကိုမြင့်

မျက်နှာဖုံး ပန်းချီ

စိုးဝင်းငြိမ်း

တန်ဖိုး

[၁၂၅] ကျပ်

မြသန်းတင့်၏ အမှာ

[၁]

အပြင်ဘက်တွင် ထူထပ်သိပ်သည်းသော နှင်းထုကြီး ဖုံးနေသည်။ ဘာကိုမျှ သဲကွဲစွာ မမြင်ရ။ သစ်ရွက်ပေါ်သို့ နှင်းစက်ကျသံများသည် မိုးစက်မိုးပေါက်များပမာ ဖျိုးဖျိုးဖြောက်ဖြောက် မြည်နေကြသည်။ အဝေးမှ တောခွေးအူသံ၊ ချေဟောက်သံကို ကြားရသည်။ တစ်ခါတစ်ရံတွင်လည်း ကျားဟိန်းသံကို ကြားရသည်။ ကျားဟိန်းသံသည် တေးဂီတကြီး တစ်ပုဒ်၏ အချလို တောတောင်စုံမြိုင်ထဲတွင် ပဲ့တင်ထပ်သွားကာ တဖြည်းဖြည်း ဝေး၍ ဝေး၍ ပျောက်သွားသည်။ တိတ်ဆိတ်ခြင်း၏ အသံ။ တိတ်ဆိတ်ခြင်း၏ အသံထဲမှ စမ်းရေစီးသံ၊ သားကောင်၏ ချုံနွယ်ကို တိုးဝှေ့ပြေးသွားသံ၊ လေရိုင်း၏ စူးရှသော လေချွန်သံ၊ ငှက်ဆိုးထိုးသံ၊ မီးပုံထဲမှ မီးတောက်၏ ဝါးမျိုသံ၊ သစ်ကိုင်းခြောက်တို့ ဖျစ်ဖျစ်မြည်သံ၊ သစ်ကိုင်း ကျိုးကျသံ၊ ပိုးပုရစ်တို့၏ အော်သံ ...။

မီးပုံရှေ့မှ အရိပ်များသည် ဂူနံရံပေါ်တွင် ယိမ်းထိုးနေကြသည်။ အရိပ်တို့က မပီမသ၊ ဝိုးတိုးဝါးတား၊ နံရံတွင် လေးမြားတို့ကို ချိတ်ထားသည်။ ကျောက်လက်နက်များက နံရံအောက်ခြေတွင် လဲလျောင်းနေကြသည်။ မီးပုံဘေး ကျားသစ်ရေ အခင်းအပေါ်တွင် ကလေးငယ်သည် ဝမ်းလျားမှောက်ကာ လိမ့်သွားသော သစ်သီးကို လိုက်ဖမ်းနေသည်။ တံစို့ထိုးထားသည့် အသားကင်မှ အဆီတွေ တစ်စက်စက် ကျသည့်အခါတွင် မီးတောက်သည် တရှဲရှဲ မြည်နေသည်။ မြေအိုးထဲမှ ပြင်းရှသော ယမကာကို အုန်းမှုတ်ဖြင့် ခပ်ကာ တစ်ယောက်တစ်လှည့် မော့ကြသည်။ ပထမ အဖေက သောက်သည်။ ထို့နောက် အမိက သောက်သည်။ ထို့နောက် ကလေးတွေက ကြီးစဉ်ငယ်လိုက် နည်းနည်းစီ သောက်ကြသည်။

အားလုံး စားသောက်ပြီးသည့် အခါတွင် အမေနှင့် သမီးကြီးတို့ သစ်သားခွက်များကို သိမ်းဆည်း ဆေးကြောကြပြီး နေရာတကျ ထားကြသည်။ အမဲလိုက် ခွေးကြီးနှစ်ကောင်က မီးပုံအနီးတွင် ခွေအိပ်နေကြသည်။ အစာရေဆာလည်း ဝပြီ၊ အနားလည်း ရပြီ။ ယနေ့အဖို့ အိပ်စက်ရန်သာ ကျန်တော့သည်။

အဖ၏ အနီးတွင် အမိရော၊ ကလေးတွေပါ ဝိုင်းထိုင်နေကြသည်။ အမိနှင့် ကလေးတွေက နေ့လယ်က တွေ့ခဲ့ရသည့် တောင်ယာအတွေ့အကြုံကို ပြောပြကြသည်။ ဖခင်မုဆိုးက သူ့စွန့်စားခန်း၊ သူ့အတွေ့အကြုံ၊ သူ ကြားရသည့်

အဖြစ်အပျက်တို့ကို ပြောပြသည်။

အစာရေစာ ဝလင်စွာ စားသောက်ပြီး နွေးနွေးထွေးထွေး ရှိသည့် ညအချိန်တွင် လိုဏ်ဂူထဲက မီးပုံဘေး၌ မုဆိုးက သူကြားဖူး၊ တွေ့ဖူးသည့် အဖြစ်အပျက်ကို ပြောပြသည်။

"တစ်ခါတုန်းကပေါ့...

[၂]

ဝတ္ထုတိုသည် မီးပုံဘေးက မုဆိုးထံမှ ဤသို့ မွေးဖွားလာခြင်း ဖြစ်သည်။ ယခုတိုင် အရှေ့တိုင်းက ဈေးကွက်လပ်တွင် နားထောင်သူ ပရိသတ်တို့ ဝိုင်းအုံနေသည့် ပုံပြောဆရာကို တွေ့နိုင်သေးသည်။ လှောင်အိုက် ငြိမ်းငွေ့ဖွယ်ကောင်းသည့် သမပိုင်းဇုံ ညချမ်းများတွင် မြောက်မင်း စွင်းဝုခုံး၏ ပုံပြင်ကို ပြောနေသော ပုံပြောဆရာကို တွေ့နိုင်သေးသည်။ စင်မြင့်တွင် ထိုင်ကာ ရေတကောင်းကို ရှေ့ချပြီး နိပါတ်တော်လာ ဇာတကတို့ကို ပြောနေသည့် ကွက်စိပ်ဆရာကို တွေ့နိုင်သေးသည်။

ဗုဒ္ဓဘာသာစာပေမှ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများ၊ ဘာသာရေးနွယ်သော ဂရိတို့၏ ပုံပြင်များ၊ ပဥ္စတန္တရ ပုံပြင်များ၊အလယ်ခေတ်က နီတိပုံပြင်များ၊ တစ်ထောင့်တည ပုံပြင်များသည် ဝတ္ထုတို၏ ရှေ့ပြေးများ ဖြစ်သည်။ ရီနေဆွန်းခေတ် တစ်လျှောက်လုံး အီတလီ၊ စပိန်၊ ပြင်သစ်နှင့် အင်္ဂလန်တို့တွင် ပုံပြင်တိုကလေးများ ခေတ်စားခဲ့သည်။ ဟိုတေးရှိုး၏ ဒီကင်မရွန်းပုံပြင်များ၊ ဆာဗင်းတီး၏ ထုံးရပ် ပုံပြင်များသည် မှတ်တိုင်များ ဖြစ်သည်။ ဝတ္ထုရှည်အဖွဲ့ (နော်ဗယ်) ခေတ်စားလာသည့် အခါတွင် ဝတ္ထုတိုသည် ခေတ်မှိန်သွားခဲ့သည်။

သို့ရာတွင် ၁၉ ရာစုနှစ် အစတွင် စာအုပ်သစ်တစ်မျိုး ပေါ်လာသည်။ ယင်းမှာ နှစ်စဉ်ထုတ် စာစောင်များ ဖြစ်ပြီး ဂျာမနီတွင် အစပြုသည်ဟု ဆိုကြသည်။ နှစ်လည်စာစောင်တွင် တစ်နှစ်အတွင်း ရေးသည့် စကားပြေရော၊ ကဗျာရော နှစ်မျိုးစလုံး ပါသည်။ ထိုအချိန်မှစ၍ ဝတ္ထုတိုသည် ဥရောပတွင် ပြန်၍ ခေတ်စားလာခဲ့သည်။ အမေရိကန် ပြည်ထောင်စုတွင်လည်း ရေးအားကောင်းသည့် ဝတ္ထုတိုဆရာများ ပေါ်လာခဲ့သည်။ အဂ္ဂါအလန်ပိုး၊ အိုဟင်နရီ စသူတို့ ဖြစ်သည်။ ပိုးက ဝတ္ထုတိုကောင်း တစ်ပုဒ်တွင် ရှိရမည့် အရည်အချင်းကို သတ်မှတ်ပြရာတွင် ဝတ္ထုတိုသည် တစ်ခုတည်းသော အဖြစ်အပျက်ကို ပြောရမည်။ ထိုအဖြစ်အပျက်သည် ရုပ်ဝတ္ထုတစ်ခုအကြောင်း ဖြစ်ချင်ဖြစ်မည်။ စိတ်အခြေအနေ

တစ်ရပ်အကြောင်း ဖြစ်ချင်ဖြစ်မည်။ တစ်ထိုင်တည်း ဖတ်နိုင်ရမည်။ ပြိုးခနဲ ပြက်ခနဲ ဖြစ်သွားရမည်။ သက်ရောက်ပုံ ညီညွတ်မှု (Unity of Effect) ရှိရမည်။ အစမှ အဆုံးတိုင် မျဉ်းတစ်ပြေးတည်း သွားနေရမည်။

ဤသို့ ရေးနိုင်သူများမှာ အမေရိကန် စာပေတွင် အဂ္ဂါအလန်ပိုး၊ အိုဟင်နရီ စသူတို့ ဖြစ်သည်။ ပြင်သစ်တွင် မောပတ်ဆွန်း စသူတို့ ဖြစ်သည်။ အင်္ဂလန်တွင် ရုဒ်ယတ်ကစ်ပလင်း၊ ကက်သရင်း မင်းစပီး (နယူးဇီလန်)၊ ဆမ္မားဆက်မွန် စသူတို့ ဖြစ်သည်။ရုရှားတွင် ဂိုဂိုးလ်နှင့် ချက်ကော့တို့ ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဤအမှာကို ရေးသည့် အချိန်၌ ကျွန်တော်သည် ချက်ကော့၏ အထ္ထုပ္ပတ္တိကျမ်း သုံးအုပ်ကို တစ်ပြိုင်တည်း ဖတ်မိနေသည်။ တစ်အုပ်မှာ ဒေးဗစ်မဂ္ဂရှက် ရေးသည့် ချက်ကော့၏ ဘဝ၊ နောက်တစ်အုပ်မှာ ပါမောက္ခ ယာမီးလေဝ့ ရေးသည့် အထ္ထုပ္ပတ္တိစာအုပ်နှင့် သူ့ဇနီးအပါအဝင် စာရေးဆရာများ စုပေါင်းရေးသည့် ချက်ကော့ နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာစောင်တို့ ဖြစ်သည်။

ချက်ကော့အကြောင်းကို ရေးရခြင်းမှာ အခြားကြောင့် မဟုတ်။ ရုရှားပြည်တွင် ဝတ္ထုတို ဖွံ့ဖြိုးတိုးတက်မှုသည် အခြားနိုင်ငံများနှင့် မတူသောကြောင့် ဖြစ်သည်။ အခြားနိုင်ငံများတွင် ဝတ္ထုတို ဖွံ့ဖြိုးမှုသည် ဝတ္ထုတို-ဝတ္ထုရှည်-ဝတ္ထုတို ပုံသဏ္ဍာန်ဖြင့် တစ်ပတ်ပြန်လည်ပြီး ဖွံ့ဖြိုးလာခြင်း ဖြစ်သည်။ ရုရှားတွင်မူ ထိုသို့ မဟုတ်ပါ။ ဝတ္ထုတိုသည် တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။ မျိုးဆက်ပေါင်း များစွာ ကြာသည့်တိုင် ဝတ္ထုတိုကို အသစ်အသစ် ဖြစ်နေအောင် ရေးနိုင်ခြင်းမှာ ရုရှား ဝတ္ထုတိုဆရာ တို့၏ ထူးခြားသော အရည်အချင်းပင် ဖြစ်သည်။ ထိုဝတ္ထုတို ဆရာများထဲတွင် ချက်ကော့သည် ပထမတန်း နေရာမှ ရှိနေသည်။

ဒေးဗစ် မဂ္ဂရှက်၏ စာအုပ်ကို ဖတ်လိုက်ရသည့် အခါတွင် ချက်ကော့နှင့် ပတ်သက်၍ အောက်ပါ အချက်များကို သိခဲ့ရသည်။

ချက်ကော့သည် ၁၈၆၀ ခုနှစ်ဖွား ဖြစ်သည်။ သူ့အဖိုးသည် မြေကျွန်တစ်ဦးဖြစ်ပြီး ပိုက်ဆံကို ကုတ်ကတ်စုကာ သူနှင့် သူ့သားသုံးယောက်ကို ရွေးယူခဲ့ရသည်။ သား သုံးယောက်အနက် တစ်ယောက်မှာ ပေဗယ်ဟု ခေါ်ပြီး တဂန်ရော့တွင် ကုန်စုံဆိုင်လေးတစ်ဆိုင် ဖွင့်သည်။ သူက သား ငါးယောက်နှင့် သမီးတစ်ယောက် မွေးသည်။ ချက်ကော့မှာ တတိယသား ဖြစ်သည်။ သူ့အဖေ ပေဗယ်သည် စာမတတ် ပေမတတ် ဖြစ်သည်။ အဆင်ခြင်ဉာဏ် နည်းသည်။ ဘဝင်မြင့်သည်။ အတ္တကြီးသည်။ ရက်စက်သည်။ ဘာသာတရားကိုတော့ ကိုင်းရှိုင်းသည်။

နောင် နှစ်ပေါင်းများစွာ ကြာသည့်အခါတွင် သူ့အဖေအကြောင်းကို

ချက်ကော့က ဤသို့ ရေးခဲ့သည်။

“ကျွန်တော် ငါးနှစ်သားတုန်းက အဖေက ကျွန်တော့်အား ဆုံးမပုံ၊ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ကြိမ်နှင့် ရိုက်ပုံကို သတိရနေသေးသည်။ အဖေသည် ကျွန်တော့်ကို ရိုက်သည်။ နားရွက်ကို လိမ်ဆွဲသည်။ ခေါင်းကို ရိုက်သည်။ နောက်တစ်နေ့မနက် အိပ်ရာက နိုးလာသည်နှင့် ဒီနေ့လည်း အရိုက်ခံရဦးမှာလားဟု တွေး၍ ကြောက်နေသည်။ ကျွန်တော့်ကို မခုန်ရ၊ မကစားရဟု တားသည်။ မနက်နှင့် ညနေ ဝတ်တက်ချိန်တွင် မှန်မှန် ဝတ်တက်ရသည်။ ဘုန်းတော်ကြီးများ၏ လက်ကို နမ်းရသည်။ အိမ်ရောက်လျှင် ဘုရားစာ ဖတ်ရသည်။ ...ရှစ်နှစ်သို့ ရောက်သည့်အခါ ဈေးဆိုင်တွင် ဝင်ကူရသည်။ ကျွန်တော်သည် သာမန်အိမ်စေနှင့် ဘာမျှမခြား။ ကျွန်တော်သည် နေ့တိုင်း အရိုက်ခံရသည်။ သို့ဖြင့် ကျွန်တော့် ကျန်းမာရေးသည် ချို့ယွင်းလာခဲ့သည်။ မူလတန်းကျောင်းသို့ တက်သည့်အခါတွင် နေ့လယ်စာ စားချိန်အထိ စာကျက်ရသည်။ နေ့လယ်စာ စားပြီးလည်း မနားရသေး။ တစ်နေ့လုံး ဆိုင်ထိုင်ရသည်။

ချက်ကော့ ဆယ့်ခြောက်နှစ်သားသို့ အရောက်၌ သူ့အဖေသည် ကြွေးပတ်လည်ဝိုင်းကာ အဖမ်းခံရတော့မလို ဖြစ်သဖြင့် သားအကြီး နှစ်ယောက်ရှိရာ မော်စကိုသို့ ထွက်ပြေးသည်။ ချက်ကော့မှာ တန်ဂရော့တွင် ကျန်ရစ်ခဲ့ပြီး မစွမ်းမသန် ကလေးတွေကို စာသင်ရင်း ထိုမှ ရသည့် ပိုက်ဆံကလေးဖြင့် စားသောက်ရသည်။ နောက် သုံးနှစ်အကြာတွင် ဆယ်တန်းအောင်ပြီး တစ်လလျှင် ၂၅ ရူဘယ် ထောက်ပံ့ကြေးဖြင့် ပညာသင်ဆု ရသည်။ ထိုအခါကျမှ ချက်ကော့သည် သူ့မိဘများနှင့် အစ်ကိုများရှိရာ မော်စကိုသို့ လိုက်သွားသည်။ ဆရာဝန် လုပ်မည်ဟု ပိုင်းဖြတ်ကာ ဆေးကျောင်းတက်သည်။ ထိုအခါ၌ ချက်ကော့မှာ အရပ်ရှည်ရှည်၊ ဆံပင်ညိုညို၊ မျက်လုံးညိုညိုနှင့် လူရွယ်တစ်ယောက် ဖြစ်နေပြီ။ မော်စကိုတွင် သူ့မိဘများသည် ပြည့်တန်ဆာတွေ နေသည့် ရပ်ကွက်က မြေအောက်တိုက်ခန်းကလေး တစ်ခုတွင် နေနေကြသည်။

[၃]

ချက်ကော့သည် ရယ်စရာ ပုံတိုပတစ်စကလေးများကို ပြောတတ်သည်ဟု ဆိုသည်။ သူ့ပုံတိုပက်စကလေးများကို နားထောင်၍ ရယ်ကြရသည်။ မိသားစုတစ်တွေ ဆင်းရဲလွန်းသဖြင့် စာတို စာစကလေးတွေ ရေးဖို့ စိတ်ကူးရကာ စာတိုကလေးတစ်ပုဒ် ရေးပြီး မဂ်ဇင်းတစ်စောင်သို့ ပို့သည်။ တစ်နေ့ ဆေးကျောင်းက အပြန်တွင် မဂ္ဂဇင်းစာအုပ်ကို လှန်ကြည့်ရာ သူ့ဝတ္ထုတိုကလေးကို

တွေ့ရသည်။ စာကြောင်းတစ်ကြောင်း အတွက် ငါးကပက် ရသည်။ ထို့နောက်မှ စ၍ ချက်ကော့သည် သီတင်းပတ်တိုင်း ဝတ္ထုတို တစ်ပုဒ်ကျစီ ပို့သည်။ သို့ရာတွင် အားလုံး မပါပါ။ နည်းနည်းပါးပါးသာ ပါပါသည်။ နောက်ဆုံးတွင် ချက်ကော့သည် သူ့ဝတ္ထုတိုကလေးများကို ဖော်ပြပေးသည့် အပတ်စဉ် ဂျာနယ်တစ်စောင်ကို တွေ့သည်။ ထိုဂျာနယ်က စာတစ်ကြောင်းကို နှစ်ကပက် ပေးသည်။ ထိုဂျာနယ်မှာ ဟာသဂျာနယ် ဖြစ်သည်။ ချက်ကော့က လေးနက်သည့် သရုပ်ဖော်ဝတ္ထုတိုကလေးများကို ရေးသည့်အခါတွင် အယ်ဒီတာက သူ့စာဖတ်ပရိတ်သတ်က ဤဝတ္ထုမျိုးတွေကို မကြိုက်ဟု ညည်းသည်။ သို့ရာတွင် ချက်ကော့၏ ဝတ္ထုတိုကလေးများကို လူတွေ သဘောကျလာပြီး သူလည်း နာမည်ကြီးလာသည်။ အယ်ဒီတာက ‘ပီတာစဘတ် ဂေဇက်’ ဆိုသည့် ဂျာနယ်တစ်စောင်နှင့် မိတ်ဆက်ပေးသဖြင့် ချက်ကော့သည် ထိုဂျာနယ်တွင် ဝတ္ထုတိုကလေးတွေ ရေးသည်။ နေရာလည်း ပိုရ၊ ပိုက်ဆံလည်း ပိုရသဖြင့် အဆင်ပြေသည်။ ၁၈၈၀ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ချက်ကော့သည် ဝတ္ထုတို အပုဒ်ပေါင်း သုံးရာ ရေးခဲ့သည်။

ထိုဝတ္ထုများမှာ (potboilers)များ ဖြစ်သည်။ potboilerကို အောက်စဖို့ အဘိဓာန်က စားဝတ်နေရေးအတွက် ရည်ရွယ်၍ ရေးသည့် စာပေအနုပညာလက်ရာကို နှိမ့်ချ၍ ခေါ်သည့် စကားလုံးဟု အဓိပ္ပာယ်ဖွင့်သည်။ မြန်မာစာရေးဆရာတွေ ပြောသည့်အတိုင်းဆိုလျှင် ‘ဘော်ချက်သည့် စာ’များ ဖြစ်သည်။ သို့ရာတွင် စာရေးဆရာ၏ ရည်ရွယ်ချက်သည် စာဖတ်ပရိသတ်၏ အလုပ် မဟုတ်ဟု ထင်ပါသည်။ သူ့ဘာသာသူ ထမင်းစားဖို့ပဲ ရေးရေး၊ အပျော်သက်သက်ပဲ ရေးရေး စာကောင်း၊ မကောင်းသာ အဓိက ဖြစ်ပါသည်။

ချက်ကော့သည် ဝတ္ထုတိုတွေ အများကြီး ရေးရင်း ဆေးကျောင်းက ဒီပလိုမာအတွက် စာကျက်ရသည်။ ဆေးရုံတွင် တစ်နေ့လုံး ပင်ပင်ပန်းပန်း လုပ်ခဲ့ပြီး ညကျမှ စာရေးရသည်။ သို့ရာတွင် သူ စာရေးရသည့် ပတ်ဝန်းကျင်မှာ တိတ်တိတ်ဆိတ်ဆိတ် အေးအေးချမ်းချမ်း မဟုတ်ပါ။

“တစ်ဖက်ခန်းမှာ ကျွန်တော့် အစ်ကိုတစ်ယောက်ရဲ့ ကလေးက တအီအီ ငိုလို့ဗျ။ တစ်ဖက်ခန်းမှာ အဖေက အမေ့ကို အော်ပြီး စာဖတ်ပြနေတယ်ဗျ။ တစ်ယောက်က ခေတ်စက်ဖွင့်လို့ဗျ။ ကျွန်တော့် အိပ်ရာပေါ်မှာ တောကလာတဲ့ ဆွေမျိုးတစ်ယောက်က လှဲနေရာက ခဏခဏ ထလာပြီး ဆေးပညာအကြောင်းကို လာ လာ မေးနေသဗျ။ ... ကလေးကလည်း ငို လိုက်တာဗျာ။ ကျွန်တော်သာ မိန်းမရရင် ဘယ်တော့မှ ကလေးမယူတော့ဘူးလို့တောင် ဆုံးဖြတ်လိုက်မိသဗျ။ ပြင်သစ်တွေ စာရေးဆရာကောင်းတွေ၊ စာပေသမား အကျော်တွေ ဖြစ်တာဟာ ကလေးမရှိလို့များ မဆိုနိုင်ဘူးဗျ” ဟု မိတ်ဆွေတစ်ယောက်ထံ စာရေးခဲ့သည်။

၁၈၈၄ ခုနှစ်တွင် ချက်ကော့ သွေးအန်သည်။ သူတို့မိသားစုတွင် အဆုတ်ရောဂါ ရှိသည်။ ချက်ကော့က စိုးရိမ်တကြီး ဖြစ်နေသည့် သူ့အမေအား ဖျောင်းဖျသည်။ ထိုနှစ်တွင် ချက်ကော့ ဆေးကျောင်းမှ ဘွဲ့ရသည်။ နောက် လအနည်းငယ် အကြာတွင် စိန့်ပီတာစဘတ်သို့ သွားရန် ပိုက်ဆံကလေး နည်းနည်းပါးပါး စုမိသည်။ ချက်ကော့သည် သူ့ဝတ္ထုတိုများကို ခပ်ပေါ့ပေါ့ပင် သဘောထားသည်။ ထိုဝတ္ထုတိုများကို ပိုက်ဆံအတွက် ရေးခြင်းဖြစ်သည်။ ဝတ္ထုတို တော်တော်များများသည် တစ်ရက်အတွင်း ရေးသည့် ဝတ္ထုတိုများ ဖြစ်သည်ဟု ချက်ကော့က ပြောဖူးသည်။ ပီတာစဘတ်သို ရောက်သည့်အခါတွင် သူသည် နာမည်ကြီးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့သြနေသည်။ သူ့ဝတ္ထုတိုများထဲတွင် လတ်ဆတ်မှု၊ သွက်လက်မှု၊ ကိုယ်ပိုင် သီးသန့်ဖြစ်မှုတို့ ရှိသည်ဟု စိန့်ပီတာစဘတ် စာပေအသိုင်းအဝိုင်းက အသိအမှတ်ပြုကြသည်။ အယ်ဒီတာများက သူတို့မဂ္ဂဇင်းများတွင် ရေးဖို့ စာမူတောင်းကြသည်။ မရဘူးသော ကော်ပီခကို ပေးကြသည်။

ချက်ကော့ ဝမ်းသာသည်။ သို့ရာတွင် သူသည် အသက်မွေးဝမ်းကျောင်း စာရေးဆရာလုပ်ဖို့ စိတ်မကူးပါ။ "ဆေးပညာသည် ကျွန်တော်၏ တရားဝင်ဇနီး ဖြစ်ပြီး စာပေမှာ အပျော်မယား ဖြစ်သည်" ဟု သူက ရေးခဲ့ဖူးသည်။ မော်စကိုသို့ ပြန်သည့်အခါတွင် ဆရာဝန်တစ်ယောက် အနေနှင့် အသက်မွေးရန် စိတ်ကူး၍ ပြန်လာသည်။ သို့ရာတွင် ချက်ကော့သည် ဆေးကုသည့် အလုပ်ဖြင့် ပိုက်ဆံမရပါ။ မိတ်ဆွေများက သူ့ထံ လူနာတွေ ပို့ကြသည်။ သို့ရာတွင် အလကား ကုပေးရသည်က များပါသည်။ ဤတွင် စားဝတ်နေရေး အတွက် စာရေးရသည်။ အောင်လည်း အောင်မြင်သည်။ ပိုက်ဆံလည်း ရသည်။ သို့ရာတွင် ချက်ကော့သည် အသုံးအဖြုန်း ကြီးသည်။ အပေးအကမ်း ရက်ရောသည်။ ထို့ကြောင့် သူ့တွင် ပိုက်ဆံ လုံလောက်သည်ဟူ၍ မရှိ။

"ပိုက်ဆံတွေ ဒီလောက် ရနေတာ ဘယ်ရောက်ကုန်သလဲ လို့ ခင်ဗျားက ထင်လိမ့်မယ်။ ကျွန်တော် ဟော့ဟော့ရမ်းရမ်း မနေပါဘူးဗျာ။ လူကြွားများလို အဝတ်အစားတို့ ဘာတို့လည်း ကျကျနန မဝတ်ပါဘူး။ အကြွေးလည်း မရှိဘူး။ ကုန်ကုန်ပြောရရင် မယားငယ်ကလေး တစ်ယောက်တောင် မရှိပါဘူး။ (အချစ်ကတော့ အလကား ရသဗျ။) အဲဒီလို နေတဲ့ကြားထဲက ကျွန်တော့်မှာ ခင်ဗျား ပို့လိုက်တဲ့ ငွေသုံးရာမှာ လေးဆယ်ပဲ ကျန်တော့်သဗျာ။ ပိုက်ဆံတွေ ဘယ်ရောက်ကုန်သလဲ မသိပါဘူးဗျာ" ဟု အယ်ဒီတာတစ်ယောက်ထံ စာရေးဖူးသည်။

၁၈၈၆ ခုနှစ် (အသက် ၂၆နှစ်)တွင် ဒုတိယအကြိမ် သွေးအန်သည်။ ကရိုင်းမီးယားသို့ သွားပြီး ဆေးကုသင့်သည်ကို သိပါ၏။ သို့ရာတွင် သူ့တွင် ပိုက်ဆံ တစ်ပြားမျှ မရှိပါ။ ၁၈၈၉ ခုနှစ်တွင် သူ့အစ်ကိုဖြစ်သည့် ပန်းချီဆရာ ဒီကလလွှန်သည် အဆုတ်ရောဂါဖြင့် ကွယ်လွန်သည်။ သူ့အဖို့ သတိပေး ချက်တစ်ခု ဖြစ်သည်။ ၁၈၉၂ ခုနှစ်တွင် သူ့ရောဂါအခြေအနေ ဆိုးလာသဖြင့် အအေးလွန်ကဲသည့် မော်စကိုတွင် နေ၍ မဖြစ်တော့။ မိတ်ဆွေများဆီမှ ချေးငှားကာ မော်စကိုမှ မိုင်ငါးဆယ်ဝေးသည့် ဗယ်လီခိုဘို ရွာကလေးတွင် အိမ်ကလေးတစ်လုံး ဝယ်ပြီး ပြောင်းနေသည်။ အပြောရ အဆိုရခက်သည့် သူ့အဖေ၊ သူ့အမေ၊ သူ့ညီမနှင့် သူညီတို့ အားလုံးကိုပါ ကျွေးမွေးထားရ သည်။ သူ့ဆီသို့ အနီးတစ်ဝိုက်မှ လူနာတွေ လာကြသည်။ လာသမျှကို အတတ်နိုင်ဆုံး ကုသပေးသည်။ ပိုက်ဆံတော့ တစ်ပြားမှ မရပါ။

ဗယ်လီခိုဘိုနေ့များသည် သူ့အဖို့ အပျော်ဆုံးနေ့များ ဖြစ်သည်။ စာများများ ရေးဖြစ်လိုက်သည်။ ပိုက်ဆံလည်း ကောင်းကောင်းရသည်။ စာတစ်ကြောင်း ကပေက် လေးဆယ် (တစ်သျှီလင်ခန့်) ရသည်။ ရပ်ရွာလုပ်ငန်းတွေကို လုပ်ပေးသည်။ သူ့စရိတ်ဖြင့် လမ်းတွေ ဖောက်သည်။ ကျောင်းတွေ ဆောက်သည်။ အရက်သမားကြီး ဖြစ်နေသည့် သူ့အစ်ကို အယ်လစ်ဇန်ဒါကလည်း ဇနီးနှင့် ကလေးတွေကိုပါ ခေါ်လာပြီး နေသဖြင့် သူတို့ကို တင်ကျွေးရသည်။ အပေါင်းအသင်းတွေကလည်း ရက်ရှည်လများ လာနေတတ်သေးသည်။ ချက်ကော့သည် ကောင်းစွာ မကျန်းမာသည့်တိုင် ပျော်ပျော်နေတတ်သည်။ အပေါင်းအသင်း ခုံမင်သည်။ ထိုအထဲတွင် မော်စကိုသို့ သွား၍ လည်သည့်အခါ လည်သည်။ ၁၉၈၇ ခုနှစ်တွင် နောက်တစ်ကြိမ် သွေးအန်သဖြင့် ဆေးရုံသို့ တင်ရသည်။ သေမင်းတံခါးဝတွင် အတန်ကြာ နေခဲ့ရသည်။ သူ့အဆုတ်က သိပ်မကောင်းတော့။ ဆရာဝန်များ၏ အကြံပေးချက်ဖြင့် နေသာသည့် တောင်ပိုင်း ကရိုင်းမီးယားသို့ သွားကာ အိမ်တစ်ဆောင်ကို သူကိုယ်တိုင် ဆောက်သည်။ မဂ္ဂဇင်းတိုက်တွေ၊ ထုတ်ဝေရေးတိုက်တွေက ကြိုတင်ငွေ ယူပြီး ဆောက်ခြင်းဖြစ်သည်။ ကရိုင်းမီးယား ရောက်တော့လည်း ချက်ကော့မှာ ခါတိုင်းလို ငွေရေးကြေးရေး အခက်အခဲနှင့် ကြုံရသည်။

သူ ကျန်းမာရေး မကောင်းသဖြင့် ဆေးခန်းလည်း မဖွင့်နိုင်တော့။ ဆေးကုသည့် အလုပ်ကို ရပ်လိုက်ရသည့်အတွက် သူ တော်တော် စိတ်ထိခိုက်သည်။ ငွေရေးကြေးရေးကြောင့် မဟုတ်ပါ။ ဆေးကု၍ ပိုက်ဆံ မရပါ။ တကယ်တော့ ချက်ကော့သည် ဆရာဝန်ဖြစ်ပြီး ဆေးရုံတွင် သုံးလလောက်သာ အလုပ်သင်ဆရာဝန် လုပ်ခဲ့ဖူးပါသည်။ သူ ကိုယ်ပိုင်ဆေးခန်း ဖွင့်ပြီး ဆေးကုသည့် အခါတွင်လည်း ရွက်ကြမ်းရေကျိုလောက်သာ ရှိပါသည်။ သို့ရာတွင် ချက်ကော့သည်

ဉာဏ်ရှိပြီး စာနာတတ်သူ ဖြစ်သည်။ ဆရာဝန် ဘဝတွင် သူ တွေ့ခဲ့ရသည့် အတွေ့အကြုံများသည် သူ့အတွက် များစွာ အကျိုးရှိဟန် တူသည်။ ဆမ္မားဆက်မွန်က သူနှင့်ပတ်သက်၍ မှတ်ချက်ချခဲ့ရာတွင် "ဆေးကျောင်းသားတစ်ယောက် ဖြတ်သန်းရသည့် လေ့ကျင့်သင်ကြားမှုသည် စာရေးဆရာတစ်ယောက်အဖို့ အများကြီး အကျိုးရှိသည်။ လူ့သဘာဝ အကြောင်းကို ကောင်းကောင်းသိရသဖြင့် အလွန် အဖိုးတန်သည်။ လူ့သဘာဝတွင် အကောင်းဆုံး အခြေအနေကိုလည်း တွေ့ရသည်။ အဆိုးဆုံး အခြေအနေကိုလည်း တွေ့ရသည်။ မကျန်းမာသည့်အခါ၊ ထိတ်လန့်ကြောက်ရွံ့သည့် အခါတွင် လူများသည် ကျန်းမာစဉ်က ဝတ်ဆင်ထားသော မျက်နှာဖုံးကို ချွတ်ပစ်ကြသည်။ ဆရာဝန်သည် လူတွေကို နဂိုပကတိအတိုင်း မြင်ရသည်။ အတ္တဆန်မှု၊ နှလုံးသား မာကျောမှု၊ လောဘကြီးမှု၊ သူရဲဘောကြောင်မှုတို့ကို တွေ့ရသည်။ ထိုမျှမက ရဲရင့်မှု၊ ရက်ရောမှု၊ ကြင်နာမှု၊ ကောင်းမွန်မှု တို့ကိုလည်း တွေ့ရသည်။ ဆရာဝန်သည် သူတို့၏ အားနည်းချက်ကို စိတ်ရှည် သည်းခံသည်။ ကောင်းမြတ်မှုတို့ကို ကြည့်၍ အံ့အားသင့်သည်" ဟု ဆမ္မားဆက်မွန်က ရေးခဲ့ဖူးသည်။

ချက်ကော့သည် ဝတ္ထုတိုများအပြင် ပြဇာတ်များလည်း ရေးသည်။ ဤတွင် အော်လဂါစ်ပါး ဆိုသည့် ပြဇာတ်မင်းသမီးကလေးနှင့် တွေ့ပြီး ကြိုက်ကြသည်။ သူ တစ်လျှောက်လုံး ထောက်ပံ့ခဲ့သည့် မိသားစုက ပြုံပြင်သည့်တိုင် အော်လဂါနှင့် လက်ထပ်ခဲ့သည်။

ထိုအတွင်းတွင် သူ့ကျန်းမာရေးက ဆိုးလာသည်။ ချယ်ရီခြံပြဇာတ်ကို ရေးသည့်အခါတွင် စာကောင်းကောင်း မရေးနိုင်တော့။ တစ်နေ့ကို လေးကြောင်းလောက်ကိုပင် အနိုင်နိုင် ရေးနိုင်တော့သည်။ အခြေအနေ ဆိုးလာသည့် အခါတွင် ဆရာဝန်များက ဂျာမနီမှ ရေပူစမ်း စခန်းတစ်ခုကို သွား၍ အနားယူရန် တိုက်တွန်းကြသည်။

ရုရှား စာရေးဆရာငယ်တစ်ဦးက ရေပူစမ်းသို့ မသွားမီ ချက်ကော့နှင့် တွေ့ပုံကို ဤသို့ ရေးထားသည်။

"ကူရှင်တွေ ခုထားသည့် ဆိုဖာပေါ်တွင် ကုတ်အင်္ကျီအထူကြီး ဝတ်ပြီး ခြေထောက်တွင် မွေးပွစောင်ကြီး ပတ်ထားသည့် လွန်စွာ ပိန်ချုံးနေသည့် လူသေးသေးညှက်ညှက် တစ်ယောက် ထိုင်နေသည်။ သူ့ပခုံးများသည် သေးကွေးနေပြီး သွေးမရှိတော့သည့် သူ့မျက်နှာကလည်း ချုံးကျနေသည်။ ချက်ကော့သည် မမှတ်မိနိုင်တော့လောက်အောင် ဖြစ်နေလေပြီ။ လူတစ်ယောက် ထိုမျှ လျင်မြန်စွာ ရုပ်ဆင်းသဏ္ဍာန် ပြောင်းသွားမည် ဟု ကျွန်တော် တစ်ခါမျှ မထင်ခဲ့ဘူးပါ။

သူက ဖြူရော် သေးကွေးသည့် လက်ကလေးကို ထုတ်ကာ ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည်။ သူ့မျက်လုံးများသည် နူးညံ့သိမ်မွေ့နေသည့်တိုင် ပြုံးရယ်ခြင်းတော့ မရှိတော့ပါ။ ကျွန်တော်သည် သူ့လက်ကလေးကို မကြည့်ရဲဘဲ ဖြစ်နေပါသည်။

"မနက်ဖြန်မှာ သွားတော့မယ်ကွ။ သေဖို့ သွားတော့မယ် ဆိုပါစို့ကွာ"

"သူက (သေဖို့) ဆိုသည့် စကားထက် ရက်စက်ပြင်းထန်သည့် စကားလုံး တစ်လုံးကို သုံးသော်လည်း ကျွန်တော် ထိုစကားလုံးကို ထပ်၍ မသုံးချင်ပါ။

"ဟုတ်တယ်ကွ။ သေဖို့ သွားတော့မလို့။ မင်း မိတ်ဆွေတွေကို နှုတ်ဆက်လိုက်ကြောင်း ပြောပြပါကွာ။ သူတို့ကို သတိရကြောင်း၊ သူတို့ထဲက တချို့ကို ခင်မင်ကြောင်း၊ ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းကြောင်း ပြောပြလိုက်ပါ။ နောက် ဘယ်တော့မှ တွေ့ကြတော့မှာ မဟုတ်ဘူးကွ"

ရေပူစမ်း စခန်းမြို့တွင် သူ့အခြေအနေ တော်တော် ကောင်းလာသည်။ တစ်ညနေ သူ အိပ်ရာထဲ ရောက်သည့်အခါတွင် သူ့ဇနီးသည် အော်လဂါကို ပန်းခြံထဲ ဆင်း လမ်းလျှောက်ခိုင်းသည်။ သူ့ခမျာ တစ်နေ့လုံး ပင်ပန်းထားသည် မဟုတ်လား။ ပြန်လာသည့် အခါတွင် သူ့ဇနီးကို ညစာ အစားခိုင်းသည်။ သူ့ဇနီးက ညစာစားဖို့ မောင်းမတီးသေးဟု ပြောသည်။ ဤတွင် ချက်ကော့က လူချမ်းသာများ တည်းခိုသည့် ပင်လယ်ကမ်းခြေက ဟိုတယ်တစ်ခု အကြောင်းကို ပြောပြသည်။

"သူ့ပုံပြင်ထဲမှာ တစ်ညနေတော့ အဲဒီသူဌေးကြီးတွေ ဟိုတယ်ကို ပြန်လာကြသတဲ့။ ဟိုတယ်က ထမင်းချက်တွေ ထွက်ပြေးလို့ သူတို့မှာ ညစာ စားစရာ မရှိဘဲ ဖြစ်နေကြသတဲ့။ ပိုက်ဆံရှိရင် ဘာမဆို ဖြစ်တယ်ဆိုတဲ့ သူဌေးကြီးတွေ ဘယ်လိုဖြစ်နေကြတယ် ဆိုတာ ချက်ကော့က တစ်ယောက်စီ အကြောင်းကို ပြောပြလို့ ရယ်လိုက်ရတာ" ဟု သူ့ဇနီးက ရေးသည်။

အော်လဂါသည် ညစာစားပြီး ချက်ကော့ဆီသို့ ပြန်လာသည်။ ချက်ကော့မှာ တိတ်ဆိတ်စွာ မှိန်းနေသည်။ ထိုစဉ် ရောဂါဖောက်လာသဖြင့် ဆရာဝန်ကို ချက်ချင်း ခေါ်ရသည်။ ဆရာဝန်လည်း တတ်နိုင်သမျှ ကုသပါသည်။ သို့ရာတွင် အချည်းနှီးသာ၊ ချက်ကော့သည် ကွယ်လွန်သွားခဲ့သည်။ သူ့ဇနီးက အမောသက်သာအောင် ရှန်ပိန်တစ်လုံးကို ဖောက်တိုက်သည်။ ချက်ကော့က ရှန်ပိန်ကိုတော့ သောက်လိုက်ပြီး "ရှန်ပိန် မသောက်ရတာ ကြာလှပြီကွယ်၊ ခုမှပဲ သောက်ရတော့တယ်" ဟု ပြောသည်။ သူ၏ နောက်ဆုံး စကားလုံးမှာ "ငါ သေပြီ" ဟု ဂျာမန်လို ပြောသွားသည့် စကားလုံး ဖြစ်သည်။ ထိုစဉ်က သူသည် အသက်လေးဆယ့်လေးသာ ရှိသေးသည်။

ချက်ကော့၏ စောစောပိုင်း ဝတ္ထုများသည် ဟာသဆန်သည်။ ရေးတော့လည်း ခပ်လွယ်လွယ်ပင် ရေးပြီး ခပ်ပေါ့ပေါ့ပင် သဘောထားလိုက်သည်။ စိန်ပီတာစဘတ်သို့ ရောက်မှ သူ့ဝတ္ထုများနှင့် ပတ်သက်၍ သူကိုယ်တိုင် အလေးအနက် ထားလာခဲ့သည်။ ချက်ကော့သည် ဝတ္ထုရေးသည့် အတတ်ပညာကို ကျွမ်းကျင်အောင် လေ့ကျင့်သည်။ သူ လေ့ကျင့်ပုံမှာ အံ့သြလောက်သည်။ တစ်နေ့တွင် သူသည် တော်စတွိုင်း၏ ဝတ္ထုတစ်ပုဒ်ကို ကူးရေးနေသည်ကို မိတ်ဆွေတစ်ယောက် တွေ့သွားသည်။ မိတ်ဆွေက မေးသည့်အခါတွင် "ပြန်ရေးနေတာဗျ" ဟု ဖြေသည်။ တော်စတွိုင်းလို စာရေးဆရာ အကျော်အမော်၏ ဝတ္ထုကို ပြန်ရေးနေသည် ဆိုသဖြင့် သူ့မိတ်ဆွေမှာ အလန့်တကြား ဖြစ်နေသည်။ ထိုအခါကျမှ ချက်ကော့က ဝတ္ထုရေးသည့် လေ့ကျင့်ခန်း လုပ်သည့် အနေဖြင့် ကူးရေးနေခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ ဤသို့ ကူးရေးခြင်းဖြင့် ကိုယ်ကြိုက်သည့် စာရေးဆရာ၏ နည်းနာကို ရနိုင်ပြီး ထိုမှ ကိုယ်ပိုင်နည်းနာတစ်ခု ပေါ်ထွက်လာနိုင်သည် ဟု ချက်ကော့ ယူဆသည်။ (ဆမ္မားဆက်မွန်က ထိုနည်းသည် ကောင်းသည့်နည်းဖြစ်သည် ဟု ထောက်ခံသည်။) ဝတ္ထုတိုရေးနည်း အတတ်တွင် ရိုးစင်းစွာ၊ ရှင်းလင်းစွာ၊ ကျစ်လျစ်စွာ ရေးနိုင်ဖို့ ချက်ကော့ အားထုတ်သည်။ ထိုအချက် သုံးချက်သည် ဝတ္ထုတို နည်းနာတွင် အရေးကြီးသည်ဟု သူ ယူဆသည်။

ချက်ကော့သည် ဝတ္ထုတိုရေးနည်း အတတ်ပညာကို အလွန် အလေးထားသည်။ ဝတ္ထုတိုတစ်ပုဒ်တွင် 'အပိုဆာဒါ'တွေ မပါဟု သူ ယူဆသည်။ "ဝတ္ထုနဲ့ မဆိုင်တာ မှန်သမျှကို အညှာတာ ကင်းမဲ့စွာ လွှင့်ပစ်ခဲ့ရမယ်။ နံရံပေါ်မှာ သေနတ်တစ်လက် ချိတ်ထားတယ် ဆိုတာကို ပထမအခန်းမှာ ပြထားခဲ့ရင် ဒုတိယအခန်းမှာ ဖြစ်ဖြစ်၊ တတိယအခန်းမှာ ဖြစ်ဖြစ် အဲဒီ သေနတ်ကို ပစ်ဖြစ်အောင် ပစ်ရမယ်" ဟု သူက ပြောခဲ့သည်။

သဘာဝဖွဲ့သည် လိုရင်း တိုရှင်း ဖြစ်ရမည် ဆိုသည်။ သူ့အဆိုသည်လည်း မှတ်သားဖို့ ကောင်းပါသည်။

ချက်ကော့သည် ဆေးကုသည့် အလုပ်ကို ကြာကြာ မလုပ်ခဲ့သော်လည်း ထိုအချိန်တိုကလေး အတွင်းတွင် လူမျိုးစုနှင့် တွေ့ခဲ့ရသည်။ ကျေးလက်လယ်သမားနှင့် မြို့ပြအလုပ်သမား၊ ကုန်သည်နှင့် အရာရှိငယ်များ၊ မြေရှင်နှင့် မြေကျွန်များ စသည့် လူတန်းစားမျိုးစုံကို တွေ့ရသည်။ ကုန်သည်၏ လောဘနှင့် မောဟ၊ ဆင်းရဲသား အလုပ်သမား၏ ညစ်ပတ်မှု၊ သောက်စား မူးယစ်မှု၊

ရက်စက်ရိုင်းပျမှု၊ မသိမိုက်မဲမှု၊ ပျင်းရိမှု၊ ဆင်းရဲသား လယ်သမား၏ ဝေဒနာမှု၊ ခေတ်နောက်ကျမှု၊ အမြင်ကျဉ်းမြောင်းမှု၊ အစွဲအလမ်းကြီးမှု တို့ကို ပွင့်ပွင့်လင်းလင်း ရေးသည်။ ချက်ကော့၏ ဝတ္ထုတစ်ပုဒ်သည် ယုံကြည်စိတ်ချရသော သတင်းထောက် တစ်ယောက်၏ သတင်းတစ်ပုဒ်နှင့် တူသည်။ သို့ရာတွင် ချက်ကော့သည် သတင်းထောက် တစ်ယောက်မျှသာ မဟုတ်ပါ။ သူသည် ဝမ်းသာခြင်း၊ ဝမ်းနည်းကင်း စသည် ပုဂ္ဂလိက ခံစားချက်များကို ကျော်လွန်ကာ အံ့သြဖွယ် ကောင်းသော ဒိဋ္ဌဓမ္မကျမှုကို လက်ကိုင်ပြုနိုင်သူ ဖြစ်သည်။ ချက်ကော့သည် သနားကောင်း သနားမည်။ ရက်ရောကောင်း ရက်ရောမည်။ သို့ရာတွင် မချစ်ပါ။ ချက်ကော့သည် စိတ်ထား နူးညံ့ကောင်း နူးညံ့မည်။ စာနာကောင်း စာနာမည်။ သို့ရာတွင် ဘက်မလိုက်ပါ၊ သူသည် ကျေးဇူးတုံ့ပြန်မှုကို မမျှော်သည့် အလှူရှင် ဖြစ်ပါသည်။

စာရေးဆရာ၏ အလုပ်သည် အဖြစ်အပျက်၊ အချက်အလက်ကို တင်ပြရန် ဖြစ်ပြီး ကောက်ချက်ချရန်မှာ စာဖတ်သူ၏ ကိစ္စဖြစ်သည်ဟု ချက်ကော့ ယူဆသည်။

ချက်ကော့၏ အတွေးအခေါ်တွင် အချက်နှစ်ချက်ကို တွေ့ရသည်။

ပထမအချက် – သူ့ဝတ္ထုထဲတွင် နီတိတွေ၊ ထုံးပုံတွေ ပြချင်သည့် ဝါသနာ ရှိသည်။ (ရှိတ်စပီးယား၏ ဟင်းမလက် ပြဇာတ်ထဲက) ပိုလိုနီးယတ်စ်လို ဥပဒေသတွေ ထုတ်ပြချင်သည်။ သို့ရာတွင် ယင်းမှာ ငယ်ရွယ်စဉ်က ဖြစ်ပြီး အသက်ကြီးလာသည့် အခါတွင် အမြင်ပြောင်းသွားသည်။

ဒုတိယအချက် – ချက်ကော့၏ စိတ်ဓာတ်သည် အခြေခံအားဖြင့် သိပ္ပံနည်းကျ စိတ်ဓာတ် ဖြစ်သည်။ လောကကြီးကို ဆရာဝန်မျက်စိဖြင့် ကြည့်သည်။

“သာမန်လူတစ်ယောက်က လမင်းကို ကြည့်ပြီး ဆွေးမယ်။ လွမ်းမယ်။ လမင်းကြီးဟာ ဘာဖြစ်လို့ ဒီလောက် သာရတာပါလိမ့်လို့ စဉ်းစားမယ်။ ဒါပေမယ့် နက္ခတ္တဗေဒ ပညာရှင်တစ်ဦးအဖို့တော့ ဒီလို စိတ်မျိုးတွေ မပေါ်တော့ဘူး။ ကျွန်တော်လည်း ဒီအတိုင်းပဲ။ ဆရာဝန်တစ်ယောက် အနေနဲ့ ဒီလို စိတ်ကူးယဉ်တာမျိုးတွေ သိပ်မရှိတော့ဘူး” ဟု သူက ရေးခဲ့သည်။

ချက်ကော့က ဘဝကို သရုပ်ဖော်ရာတွင် မှန်ကန်ရမည်။ သစ္စာရှိရမည်။ လိမ်လည်ပြောဆိုခြင်းကို ပလိပ်ရောဂါ ကြောက်သလို ကြောက်ရမည်။ အသေးအဖွဲကလေး ကိစ္စများတွင်လည်း မလိမ်ရ။ လိမ်ပြောခြင်းသည် နားထောင်သူကို စော်ကားခြင်း ဖြစ်ပြီး အပြောခံရသူကို သေးသိမ်အောင် လုပ်ရာရောက်သည် ဟု ယူဆသည်။ “ပုံသဏ္ဍာန် အမျိုးမျိုးရှိသော ရိုင်းပျသော အင်အားစုများ၊ လိမ်လည်မှုများမှ လွတ်မြောက်ရေးဟာ ကျွန်တော် ရည်မှန်းချက် ဖြစ်တယ်။ ကျွန်တော်သာ ကြီးကျယ်တဲ့ အနုပညာရှင်ကြီး ဖြစ်ခဲ့ရင် အဲဒါတွေဟာ

ကျွန်တော်ရဲ့ လုပ်ငန်းစဉ်ပဲ” ဟု သူက ပြောခဲ့သည်။

[၆]

ဂျိုဇော်၏ ဝတ္ထုများတွင် ချက်ကော့၏ အကြောင်းကို ဤမျှ ရှည်လျားစွာ (ထွေပြားဝေဝါးစွာလည်း ဖြစ်နိုင်ပါသည်။) ကျွန်တော် ပြောနေခြင်းမှာ အခြားကြောင့် မဟုတ်ပါ။ ဆရာဝန်ဘဝနှင့် စာရေးဆရာဘဝတို့ ကြားက ထူးဆန်း၍ စိတ်ဝင်စားဖွယ်ကောင်းသော ဆက်သွယ်မှုကို ပြောလိုသောကြောင့် ဖြစ်ပါသည်။

ချက်ကော့သည် ဆေးကျောင်းတက်ဖို့ အတွက် ဝတ္ထုတိုကလေးတွေ ရေးရာမှ အောင်မြင်သော စာရေးဆရာ ဖြစ်လာခဲ့စပါသည်။ ဆရာဝန် လုပ်သော်လည်း ဆရာဝန်အနေဖြင့် မအောင်မြင်ဘဲ စာရေးဆရာအဖြစ် အောင်မြင်ခဲ့ပါသည်။ ဆမ္မားဆက်မွန်ကတော့ သူနှင့် ပြောင်းပြန် ဖြစ်ပါသည်။ ဆမ္မားဆက်မွန်က ဆေးပညာကို စိတ်မဝင်စားပါ။ ဆရာဝန်လည်း မဖြစ်ချင်ပါ။ လန်ဒန်လောကကို ကြည့်ပြီး ဝတ္ထုရေးချင်ပါသည်။ သို့ရာတွင် လန်ဒန်လို မြို့ကြီးတွင် သူ မနေနိုင်ပါ။ ထို့ကြောင့် လန်ဒန်တွင် နေနိုင်ရန် စိန့်ထောမတ်စ် ဆေးရုံကြီးတွင် ကျောင်းတက်ရပါသည်။ ဆေးရုံတွင် ‘ဘဝကို အကြမ်းထည်’ အတိုင်း တွေ့ရပါသည်။ လူတစ်ယောက်တွင် ရှိသမျှသော ခံစားချက်ကို တွေ့ရသည်။ လူတွေ ဝေဒနာ ခံစားကြပုံကို မြင်ရသည်။ သေသွားကြပုံကို မြင်ရသည်။ အကြောက်နှင့် သက်သာရာရမှုကို မြင်ရသည်။ မျှော်လင့်ချက်ကို မြင်ရသည်။ မျှော်လင့်ချက် ကုန်ခန်းမှုက ရေးဆွဲပေးလိုက်သော မျက်နှာပေါ်မှ အရေးအကြောင်းတို့ကို မြင်ရသည်။ သတ္တိနှင့် ဇွဲကို မြင်ရသည်။ မျက်လုံးထဲတွင် တောက်ပနေသော ယုံကြည်မှုကို မြင်ရသည်။ ထို အတွေ့အကြုံများသည် သူ့အဖို့ တန်ဖိုး မဖြတ်နိုင်အောင် ဖြစ်သည်။

“စာရေးဆရာ တစ်ယောက်အဖို့ ဆေးဝန်ထမ်းလောကတွင် ကာလအတန်ကြာ အမှုထမ်းခြင်းထက် ကောင်းသည့် လေ့ကျင့်သင်ကြားမှု ဟူ၍ ရှိမည် မထင်ပါ။ ရှေ့နေ၏ ရုံးခန်းတွင်လည်း လူ့သဘာဝကို လေ့လာနိုင်သည် ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် ရှေ့နေရုံးခန်းတွင် တွေ့ရသူများမှာ အများအားဖြင့် သူတို့ကိုယ်သူတို့ ထိန်းသိမ်းနိုင်စွမ်း ရှိသူများ ဖြစ်ပါသည်။ သူတို့သည် ဆရာဝန်ကို လိမ်ပြောသကဲ့သို့ ရှေ့နေကို လိမ်ပြောကောင်း ပြောပါလိမ့်မည်။ သို့ရာတွင် ရှေ့နေကို လိမ်ပြောသည့် အခါတွင် ရှေ့နောက် ညီညွတ်စွာ လိမ်ပြောကြပါ၏။ ရှေ့နေအဖို့ အမှန်ကိုသိရန် မလိုသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ရှေ့နေက ကိုင်တွယ်ရသော အရာသည် လူ၏ စိတ်မဟုတ်ဘဲ

ပစ္စည်းများ ဖြစ်ပါသည်။ ဆရာဝန် အထူးသဖြင့် ဆေးရုံဆရာဝန်မှာ ထိုသို့ မဟုတ်ပါ။ လူ့သဘာဝကို ဟင်းလင်းမြင်ရပါသည်" ဟု ဆမ္မားဆက်မွန်က ရေးခဲ့သည်။

ဆမ္မားဆက်မွန်သည် ဆေးကျောင်းတက်စက စာရေးသည့် အတတ်ပညာကို ဘာမျှ မသိပါ။ သို့ရာတွင် တွေ့သမျှ စာကိုတော့ ဖတ်သည်။ သူ့ကို ဩဇာအလွှမ်းမိုးဆုံးမှာ ပြင်သစ်စာရေးဆရာ ဂီ၊ဒီ၊မော့ပတ်ဆွန်း ဖြစ်သည်။ မော့ပတ်ဆွန်း၏ စာမှန်သမျှကို ဝါးစားသလို ဖတ်သည်။ သူ အသက်နှစ်ဆယ်တွင် မော့ပတ်ဆွန်းကို ကုန်သလောက် ဖတ်ပြီးပြီ။ မောပတ်ဆွန်း၏ အရေးအသားမှာ တည်ငြိမ်ပြီး တိကျသည်ဟု သူ ထင်သည်။ သူ၏ 'လင်းဘတ်ကလီဇာ' ဝတ္ထုတွင် စိန့်ထောမတ်စ် ဆေးရုံ ပြင်ပလူနာဌာနတွင် တွေ့ခဲ့ရသူများ၊ ရပ်ကွက်ဆေးရုံတွင် သူတွေ့ခဲ့ရသည့် လူနာများ၊ သားဖွား မီးယပ်ဌာန စာရေးအဖြစ် တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အပိုအလိုမရှိ ရေးထားသည်။

[၇]

မန္တလေး ပြည်သူ့ဆေးရုံကြီး၏ စင်္ကြံများပေါ်တွင် လျှောက်ခဲ့သော ဂျိုဇော်၏ ဝတ္ထုတိုများကို အမှာစာ မရေးမီ သူ့ဝတ္ထုတိုများကို ပထမ ဖတ်ကြည့်ရသည်။ အချို့မှာ ကျွန်တော် ဖတ်ပြီးသား ဖြစ်ပြီး အချို့မှာ ကျွန်တော် မဖတ်ဖူးသေးသော ဝတ္ထုတိုများ ဖြစ်သည်။ ဝတ္ထုတို ၁၃ ပုဒ် ပါသည်။

ဂျိုဇော်နှင့် မရှေးမနှောင်းတွင် လူငယ် ဆရာဝန် စာရေးဆရာ တော်တော်များများ ပေါ်ထွက်လာကြသည်။ ကျွန်တော့်အထင် တစ်ဒါဇင် နီးပါးလောက်တော့ ရှိမည် ထင်သည်။ ဆမ္မားဆက်မွန် ပြောသလိုပင် သူတို့ အားလုံးသည် 'ဘဝကို အကြမ်းထည်' တွေ့ခဲ့ကြရသည်။

သူ့ဝတ္ထုတိုစုစည်းမှုတွင် ပထမဆုံး တွေ့ရသည့် 'အရုပ်တွဲလဲ ငုတ်ွဲလဲ' မှာ ရွှေကြက်ယက်ဘုရားပွဲမှ အပြန် မိုးခေါင်သဖြင့် စိတ်ပျက်လက်ပျက် ဖြစ်လာသော အဖေနှင့် ငုပန်းတွေ၊ မင်းသမီး မင်းသားရုပ်တွေကို လှည်းပေါင်းမိုးမှာ ဆွဲကာ ပျော်မြူးရွှင်ပျစွာ ပြန်လာသော သားငယ်၏ ရှုခင်းကို တွေ့ရသည်။ အဖေက မိုးခေါင်း၍ စိတ်ညစ်နေတုန်း သားငယ်က ငုပန်းတွေ၊ အရုပ်တွေနှင့် ပျော်နေသည်။ ကလေးငယ်၏ ရိုးစင်းမှု၊ အပြစ်ကင်းစင်မှုကြောင့် မိုးခေါင်သည့်တိုင် စာဖတ်သူရင်ထဲမှာ အေးမြသွားသည်။

'အရေးပြားပုံပြင်' နှင့် 'ဒီတီ'မှာ အိုဟင်နရီ အလှည့်မျိုး ဖြစ်သည်။ 'နာရီထဲက တံလျှပ်များ' မှာ ခေတ်ပြိုင်ရုပ်ပုံလွှာ ဖြစ်သည်။ အတုတွေ ပေါသည့်

ခေတ်တွင် 'ရိုက်စား' လုပ်နေကြပုံကို လှောင်ထားသည်။ ခေတ်တစ်ခေတ်တွင် အတုအယောင်တွေကတော့ ရှိမြဲ ဖြစ်သည်။ 'မျက်နှာသေ နှစ်ယောက်' မှာ အမွေဆက်ခံမည့်သူတစ်ဦး လောဘမှ လွတ်မြောက်သွားပုံ ဖြစ်သည်။ 'နောက်ဆုံးမျက်မှန်'မှာ ဟန်ဆောင်သူများကို သရော်ထားသည်။ 'မိတ်ကပ်နှင့်လူ'ကား မြူးကြွက် သက်လက်နေသည်။ ဘုရားလူကြီး၏ မောဟိုက် ထိတ်လန့်နေသော အသက်ရှူသံ ပြင်းပြင်းကိုပင် ကြားနေရသည်။ 'ရောဂါနှင့်လူ' မှာ စိတ္တဇဗေဒဆန်ပြီး 'မြင်းခွာသံ' မှာ သင်္ကေတဝတ္ထု ဖြစ် သည်။

ကျွန်တော် အကြိုက်ဆုံးမှာ 'ချောင်းဟန့်သံ' ဖြစ်သည်။

ဂိုဇော်က လည်ချောင်းတွေ ယားပြီး ချောင်းဟန့်ချင်သည့် လူတစ်ယောက်အကြောင်းကို လှပစွာ၊ စေ့စပ်စွာ၊ ရသမြောက်စွာ ရေးထားသည်။ ပထမတွင် ချောင်းဟန့်ချင်သည့် အခြေအနေ ဖြစ်ပေါ်လာပုံကို ဖွဲ့သည်။ လည်ချောင်းရှင်းသည့် အပြုအမူသည် မသိမသာဖြင့် အကျင့်ကြီးတစ်ခု ဖြစ်လာသည်။လည်ချောင်း ယားစတုန်းက တံတွေးမျိုသည်။ ရေသောက်လိုက်သည်။ အယား ပျောက်သွားသည်။ နောက်တော့ တံတွေးမျို ရေသောက်၍ မရ။ အသံထွက်ပြီး လည်ချောင်းရှင်းလိုက်ရမှ အားရသွားသည်။ နောက်တော့ ချောင်းဟန့်သံ ဖြစ်လာသည်။ ခန္ဓာကိုယ်ကြီးက သူ့ဘာသာသူ အလုပ်လုပ်သွားသည်။

ချောင်းဟန့်သံသည် ပထမတော့ ခပ်တိုးတိုး၊ တစ်ကိုယ်ကြား ဖြစ်သည်။ နောက်တော့ တဖြည်းဖြည်း ကျယ်လာသည်။ တစ်အိမ်လုံး ကြားသည့် ချောင်းဟန့်သံ ပြစ်လာသည်။ နောက် အိမ်နီးချင်းတွေပါ ကြားသည့် ချောင်းဟန့်သံ ဖြစ်လာသည်။

တစ်ခါ အရေးကြီးသည့် အစည်းအဝေးတစ်ခုတွင် လူကြီးက မိန့်ခွန်းပြောနေစဉ် တဟမ်းဟမ်း ချောင်းဟန့်နေသဖြင့် "ဟိုနောက်က တဟမ်းဟမ်း ချောင်းဟန့်နေတဲ့ ပုဂ္ဂိုလ်၊ ဘာပြောချင်သလဲ။ ထ ပြောပါ" ဟု မေးသဖြင့် "အကျင့်ပါနေလို့" ဟု ဖြေခဲ့ရသည်။ သူ့ချောင်းဟန့်သည့် အကျင့်ဆိုးကြီးကို လူပုံအလယ်မှာ လက်ပူးလက်ကြပ် ဖမ်းမိသည်နှေ့ဟု သူက မှတ်တမ်းတင်သည်။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးသည့် အကျင့်ဆိုးကြီးကို ကြိုးစား၍ ဖျောက်သည်။ နှိပ်ကွပ်သည်။ ဖိလေ ကြွလေ၊ နှိပ်ကွပ်လေ ရုန်းထလေ။ သတိထားမှ လည်ချောင်းက ပိုပြီး ယားသည်။ လူတောထဲတွင် ရုပ်ပျက်ဆင်းပျက် နိုင်သည်။ တစ်နေ့ ဦးစီးမှူး ရုံးခန်းထဲ လက်နှိပ်စက် စာရေးမလေး ဝင်သွားသည်။ ဤတွင် အပြင်ဘက် စားပွဲတွင် ထိုင်နေသည့် သူက လည်ချောင်းယားလာသည်။ ကြိုးစား၍ နှိပ်ကွပ်သည်။ မရ။ ထို့ကြောင့် တစ်နေရာ ထသွားပြီး ချောင်းဟန့်မည်ဟု စားပွဲမှ အထတွင် ချောင်းဟန့်သံကြီး မိုးခြိမ်းသလို ထွက်လာသည်။ ဦးစီးမှူးက သူ့ကို

စော်ကားသည်၊ လှောင်သည် ဟု ထိုးမည် ကြိတ်မည် လုပ်သဖြင့် မနည်း တောင်းပန်ရသည်။

နောက်တစ်ကြိမ်။

အိမ်ငှားနေစဉ် အိမ်ရှင် မုဆိုးမ အန်တီကြီးအိမ်တွင် ညှော်သည်လာစဉ် သူက တစ်ဖက်ခန်းက ချောင်းတဟန့်ဟန့် ဖြစ်နေရာ သူ့ကိုလှောင်သည် ထင်ပြီး အိမ်ပေါ်မှ နှင်ချသဖြင့် ဆင်းခဲ့ရသည်။ နောက်ဆုံးတော့ ဆရာဝန်ထံ သွားပြသည်။ ဆရာဝန်ကြီးက အကျင့်ပါလို့ ဖြစ်တာ၊ အကျင့်ကို ကြိုးစား၍ ဖျောက်ဟု ဆိုသည်။

"ဒီအကျင့်ဟာ ပတ်ဝန်းကျင် အတွက်လည်း မကောင်းဘူး။ ငါ့ အတွက်လည်း မကောင်းဘူးလို့ ကိုယ့်စိတ်ကိုယ် ပြဋ္ဌာန်းပါ။ ပြဋ္ဌာန်းပြီးရင် ဒီအကျင့်ကို ဖျောက်မယ်၊ အများနည်းတူ နေမယ်လို့ ဆုံးဖြတ်ချက်ချ၊ သန္နိဋ္ဌာန်ချပါ။ အဲဒီလို စိတ်ကို ပြဋ္ဌာန်း ဆုံးဖြတ်လိုက်ရင် ခင်ဗျားရဲ့ အကျင့်ကြီး ပျောက်သွားပါလိမ့်မယ်။ ကျွန်တော် အကြံပေးသလို စမ်းကြည့်ပါ" ဟု ဆရာဝန်ကြီးက ပြောလိုက်သည်။

ဆရာဝန်ကြီး၏ ရုံးခန်းမှ အထွက်မှူ ဝမ်းသာသွားသည်။ ဆရာဝန်ကြီး ပြောသလို ဆုံးဖြတ်ချက် ချသည်။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်ဖြစ်၊ ကိုယ့်အတွက်လည်း အန္တရာယ်ဖြစ်စေတဲ့ အကျင့်ကို ဖျောက်ရမယ် ဟု စိတ်ကူးသည်။

သို့ရာတွင် ကြိုးစားဖျောက်၍ မရခင် သူ့အကျင့်ကြီးနှင့် မလုံမလဲ လောကကြီး ဘယ်လောက်အထိ ပြဿနာ တက်ဦးမည်မသိ။ ယခုပင် သူ့လည်ချောင်းက ယားနေပြီ။

ယင်းမှာ 'ချောင်းဟန့်သံ' ဖြစ်သည်။ နောင် မျိုးဆက်များ၏ ခေတ်အဆက်ဆက်တွင် စာပေသမိုင်းဆရာတို့က မြန်မာဝတ္ထုတိုပေါင်းချုပ်များကို အခါအားလျော်စွာ ရွေးချယ်ကြလျှင် ဂျူဇော်၏ 'ချောင်းဟန့်သံ' သည် မကြာခဏ ကောက်နှုတ် ရွေးချယ်ခံရမည့် ဝတ္ထုမျိုး ဖြစ်သည်။ ကျွန်တော်သည် သူ့ 'ချောင်းဟန့်သံ'ကို ဖတ်ရင်း လည်ချောင်းတွေ ယားလာသည်။ ချောင်းဟန့်ချင်လာသည်။ ဤအမှာကို ရေးနေစဉ်မှာလည်း ကျွန်တော် လည်ချောင်းယားကာ ချောင်းဟန့်ချင်လာသဖြင့် သတိဖြင့် ချုပ်တည်းထားလိုက်သည်။

သို့ရာတွင် မရပါ။ လည်ချောင်းတွေ ယားလာသဖြင့် ချုပ်တည်းသည့် ကြားထဲက ချောင်းဟန့်လိုက်မိသည်။ ပြီးမှ သတိရကာ မလုံမလဲဖြင့် အနီး ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။

အနားတွင် ဘယ်သူမှ မရှိသေးသဖြင့် တော်သေးသည်။

ချစ်လှစွာသော စာဖတ်သူ။ ဂျိုဇော်၏ 'ချောင်းဟန့်သံ' ကို ဖတ်နေစဉ် သင်လည်ချောင်း ယားလာလိမ့်မည်။ အယားပြေအောင် တံတွေး မျိုမိလိမ့်မည်။ ရေသောက်မိမည်။ နှုတ်ခမ်းစေ့ကာ နှစ်ကိုယ်ကြားရုံလောက်ဖြင့် အဟမ်း ဟုလည်ချောင်းရှင်းမိလိမ့်မည်။ နှစ်ခါသုံးခါလောက် ဖြစ်လာလျှင် ခပ်ကျယ်ကျယ် ချောင်းဟန့်မိလိမ့်မည်။ ထို့နောက် အားမရသဖြင့် ပါးစပ်ကို ဟကာ အဟမ်းဟု ခပ်ကျယ်ကျယ် ချောင်းဟန့်မိလိမ့်မည်။ ဖတ်ကြည့်ပါ။

သို့ရာတွင် အနားမှာ လူသူ မရှိဖို့တော့ လိုပါလိမ့်မည်။ ယင်းသည်ပင် ဂျိုဇော်၏ အနုပညာ ဖြစ်ပါသည်။

မြသန်းတင့်

၁၀၊ ၇၊ ၉၇

အရုပ်တွဲလဲ ငုတ်တွဲလဲ

ပေါင်းမိုးလှည်း တစ်ခုလုံးကို ဝါထိန်နေတာပဲ။

'အငယ်ကောင်'လေ။ နည်းနည်းပါးပါး လုပ်ပါကွ ဆိုတာ မရဘူး။ ငုပင် တစ်ပင်လုံး အကုန်ချိုးပြီး ပေါင်းမိုးလှည်းကို ထိုးထားသလား မသိ။ အဝေးက ကြည့်ရင် ဘုရားဖူးလှည်းလို့ ထင်စရာမရှိဘူး။ ငုပန်းပုံကြီး နွားနဲ့ ဆွဲလာတယ် ထင်ကြလိမ့်မယ်။

အိမ်က ထွက်လာတော့ နေက ထန်းတစ်ဖျားပဲ ရှိသေးတယ်။ တချို့လှည်းတွေဆို ပြင်တုန်း၊ ဆင်တုန်း၊ လူစုကြတုန်း။ အငယ်ကောင်ကတော့ လှည်းဦးမှာ ထိုင်ပြီး 'ရွှေကြက်ယက်၊ ရွှေကြက်ယက်နဲ့ ကုန်းအော်နေလေရဲ့။ ကလေးဆိုတော့ ပျော်တာတစ်ခုပဲ သိတာကို။ အင်း... ကျုပ် ဒီကောင့် အရွယ်ကလည်း ဒီလို ပျော်ခဲ့တာပဲလေ။

နည်းနည်း စောသေးတော့ လမ်းမှာ လှည်းတွေ သိပ်မတွေ့ရသေးဘူး။ ကိုယ့်လှည်းတစ်စီးတည်းမို့ စိတ်အေးလက်အေး မောင်းလို့ရတယ်။ ဖုန်လည်း မမွှန်တော့ဘူး။ မနက်ခင်းပိုင်းမှာကို တော်တော် ပူချင်နေပြီ။ နေမြင့်လေ ပူလေ နေမှာပဲ။ မထူးပါဘူးလေ။ နေ့ မပြောနဲ့။ ည လသာသာမှာကို ပူနေ၊ အိုက်နေတဲ့ ဥတ္တာ။

မနေ့ညက အပူကတော့ လွန်တယ်။ တစ်နွေလုံး အပူဆုံးလို့တောင် ပြောရလိမ့်မယ် ထင်တယ်။ ညောင်ရေသွန်းပွဲ သွားမှာ တွေးပြီး ကလေးတွေကလည်း တော်တော်နဲ့ မအိပ်ကြ။ အရုဏ်လာတော့ သူတို့အမေက ထမင်းထချက်၊ လူက ပူ၊ စိတ်ကပူနဲ့။ တစ်ညလုံး ကျုပ် ဘယ်ကောင်းကောင်း အိပ်ခဲ့ရလို့တုန်း။

အိပ်မရတဲ့အတူ မိုးရိပ်၊ မိုးဆင်ကလေးများ မြင်ရမလားဆိုပြီး အိမ်ရှေ့ တလင်းပြင် ထွက်ထိုင်နေလိုက်တယ်။ စင်လိုက်တဲ့ ကောင်းကင်နှယ်။ ကြယ်တွေကို အကုန်မြင်။ လသာလိုက်ပုံကလည်း နေ့နဲ့ မှားရလောက်တယ်။ နက်ဖြန်ဆို ကဆုန်လပြည့်ကိုး။

အဖိတ်နေ့ မရွာလည်း လပြည့်နေတော့ ရွာလောက်ကောင်းရဲ့။ ကဆုန်လပြည့် 'ညောင်ရေသွန်းပွဲ'၊ 'ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရားပွဲ'မှာ ကျုပ်တို့ အရုပ်မယ် မိုးက ရွာနေကျပဲလေ။ ငါးနှစ်၊ တစ်နှစ် လွဲခဲ့ပါတယ်။ ဒီနှစ်လည်း ရွာမှာကို ဖြစ်မယ်။ ကျုပ်တို့ တစ်နယ်လုံး ဒီရွှေကြက်ယက်မိုးကိုပဲ

မျှော်နေကြရတာကလား။

မိုးမရွာလို့ကတော့ တစ်နယ်လုံး၊ တစ်ကွင်းလုံး၊ စိုက်ထားတဲ့ 'နှမ်း'တွေ ပစ်ရပြီသာ မှတ်။ ပတ်ကြားအက်နေတဲ့ မြေပေါ်မှာ ပိန်လှီဝါဖျော့နေတဲ့ နှမ်းခင်းတွေဟာ ဒီတစ်မိုးသာ မသောက်ရလို့ကတော့ ဘယ်လိုနည်းနဲ့မှ အပွင့်ထွက်နိုင်မှာ မဟုတ်ဘူး။ နှမ်းတစ်တင်း နှစ်ရာ့ငါးဆယ်၊ သုံးရာ။ ဆီ တစ်ပိဿာ လေးဆယ်ကျော် တန်နေတဲ့ အချိန်မှာ ဒီမိုးဟာ ကျုပ်တို့အတွက်တော့ ရွှေမိုး ငွေမိုးပဲ။

အင်း… ရှင်ဘုရင်တွေ လက်ထက်ကတော့ သည်'ဝမ်းဘဲအင်း'ဟာ အတော်ရေနက်တဲ့ အင်းကြီးလို ပြောကြတာပဲ။ ကြာမျိုးစုံ ပေါက်ပြီး တစ်နှစ်လုံး ရေမခန်းဘူးတဲ့။ ခုတော့ အင်းကြီးက ကောနေပါပြီ။

အင်းပတ်လည်က ရွာတွေအတွက် စိုက်ပျိုးမြေ အကောင်းစား ကွင်းကြီး ဖြစ်နေပါပြီ။ တပေါင်းလ အင်းရေကျပြီး မြေပေါ် မြေတော်ကတည်းက ထွန်ထယ်ပြီး နှမ်းကြဲကြတာပဲ။ နှမ်းက နှမ်းလျှင်ဆိုတော့ သက်တမ်းတိုတယ်။ တပေါင်းထဲမှာ ကြဲထား။ တန်ခူး၊ ကဆုန် မိုးကလေးတွေနဲ့ အဆင်ပြေပြေ တွေ့ လို့ကတော့ မည်းထလာပြီ။ နယုန်လကုန်ရင် ရိတ်ပေတော့။ အချိန်တိုတိုနဲ့ အင်မတန် အကျိုးရှိတာ။

သည်နှစ်လည်း တပေါင်းထဲ မြေပေါ်ကတည်းက ဝီရိယကလေးနဲ့ ကြဲထားတာ။ မြေသား စိုရာက တဖြည်းဖြည်း ခြောက်လာရော၊ မိုးက တစ်ပေါက်မကျဘူး။

တန်ခူး ဖက်ဆွတ်မိုးကလေးများ ရွာမလားဆိုပြီး မျှော်ကိုးမိပါရဲ့။ သင်္ကြန်သာ တက်သွားရော၊ မိုးတစ်စက် မကျဘူး။ မြေတွေလည်း ပပ်ကြားအက်လာပြီ။ နှမ်းပင်တွေလည်း စိမ်းရာက ဝါချင်လာပြီ။ သင်္ကြန်တက်ကတည်းက လွှန်ဆွဲလိုက်ကြတာလည်း ရွာတိုင်း ရပ်တိုင်း ညတိုင်း ညတိုင်း ပါပဲ။ ခု… ကဆုန်လပြည့် ရောက်လာပြီ။ ကိုရွှေမိုးမင်းကတော့ အင်း အဲတောင် မလှုပ်ဗျား။

ကျုပ်ကတော့ ဒီ ရွှေကြက်ယက်မိုးကို အတော့်ကို ထင်ထားတာ။ ဘိုးဘေးဘီဘင် အစဉ်အဆက် အရရော၊ ကျုပ် အသက်အရွယ် အတွေ့အကြုံအရရော ကျုပ်တို့ အရပ်မှာတော့ ဒီမိုးဟာ သေချာပေါက် ရွာတဲ့ 'ကမ္ဘာမိုး'ပဲ။ စောစောက ပြောခဲ့သလို ငါးနှစ် တစ်နှစ် လွဲခဲပါတယ်။

ကဆုန်ပြည့်မှာ အင်းဝက 'စန္ဒာမုနိဘုရား'နဲ့ ဒီ ရွှေကြက်ယက်၊ ရွှေကြက်ကျ ညောင်ရေသွန်းဘုရားပွဲက ခြိမ့်ခြိမ့်သဲ ကျင်းပနေကျ၊ ဆိုင်းသံ ဗုံသံ တထိန်းထိန်းမှာ

မိုးက တချုန်းချုန်းနဲ့ တက်လာနေကျ။ ပွဲအပြန်ဆို လူရော လှည်းရော ရွှဲနေအောင် ရွာတာ။ ဘာပြောကောင်းမလဲ၊ သည်နယ် တစ်ဝိုက်က လူတွေဟာ ထ မကရုံ တစ်မယ်ပဲ။

သည်နှစ်လည်း ရွာမှာ သေချာပါတယ်။ ကျုပ် လှည်းမောင်းရင်းနဲ့ မိုးကို မော့ကြည့်လိုက်မိသေးတယ်။ ချက်ချင်း မလုံလို့ နောက်လှည့်ကြည့်လိုက်တော့ သူတို့အမေက ပြုံးစိစိနဲ့၊ မယုံမရှိနဲ့ မယ်မင်းကြီးမ။ စန္ဒာမုနိနဲ့ ရွှေကြက်ယက်၊ ရွှေကြက်ကျ တန်ခိုးက ကြီးသနော်။

***

သည်ဘုရားနှစ်ဆူစလုံး တန်ခိုးကြီးတာကတော့ အမှန်ပဲ။ အင်းဝသားတွေက သူတို့ စန္ဒာမုနိဘုရားက ပိုတန်ခိုးကြီးသတဲ့။ အမရပူရသားတွေကလည်း ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားက ပိုတန်ခိုးကြီးသတဲ့။ ကျုပ်ကတော့ ဘက်မလိုက်တမ်း ပြောလိုက်မယ်၊ နှစ်ဆူစလုံး တန်ခိုးကြီးတယ်။

သည်အရပ်၊ သည်ဒေသဟာ မိုးခေါင်ရေရှား ရပ်ဝန်းဆိုတဲ့ နာမည်နဲ့ လိုက်လည်း လိုက်ရဲ့။ နွေပေါက်ကတည်းက မိုးခေါင်လိုက်တာ။ မိုးတွင်း ရောက်လို့ မြစ်ရေလျှံပြီး မြုပ်ချင်မြုပ်မယ်။ မိုးကတော့ အဟုတ် ရွာခဲတယ်။ တပေါင်း၊ တန်ခူး။ အာဏာကုန် ရွာလှ တစ်ခါ နှစ်ခါပေါ့။

'တပေါင်းလည်းကူး၊ မိုးသားကျူး' တဲ့။ စာဆိုရှိလို့သာ သိရ။ ကျူးတဲ့ အသံကို မကြားရပါဘူး။ မရွာတောင် မိုးသံလေသံကြား၊ နည်းနည်းတော့ ဖြေသာသေးတာပါ။ ခုတော့ တထောင်းထောင်း ထ နေတဲ့ ဖုန်တွေ၊ ပပ်ကြားအက်နေတဲ့ မြေကွက်တွေ၊ ခြောက်သယောင်းနေတဲ့ သစ်ပင် မြက်ပင်တွေဟာ ကျုပ် စာအစပ်၊ ပေအစပ် မတတ်ပါဘူး။ ဒါပေမယ့် ပြောလိုက် ချင်တယ်။ 'တပေါင်းထဲ အပြောင်းအလဲမရှိ' လို့။

အဲ တန်ခူး ဖက်ဆွတ်မိုးကတော့ တစ်ခါတလေ ရွာတယ်၊ တစ်ခါတလေ မရွာဘူး။ ရွာလည်း နည်းနည်းပါ။ အိမ်ခေါင်ပေါ် တင်နေတဲ့ ဖုန်တွေ၊ သစ်ပင်သစ်ရွက်ပေါ် တင်နေတဲ့ ဖုန်တွေတောင် ပြောင်အောင် မရွာနိုင်ပါဘူး။

ဟော ကဆုန်လလည်း ရောက်ရော၊ တိတိကျကျ ပြောရရင် ကဆုန်လပြည့် ညောင်ရေသွန်းပွဲလည်း ရောက်ရော စောစောက ပြောခဲ့သလို မိုးက ဝေါခနဲ ရွာချတော့တာပဲ။

ရွာတာမှ သဲသဲမဲမဲ ချောင်းစီး မြောင်းစီး ရွာတာ။ ရွာတာ။ တစ်ခါတလေများ မိုးသီးတွေတောင် ပါလိုက်သေး။ တစ်နွေလုံး သည်တစ်မိုး ဆိုပေမယ့် တစ်မိုး ဆိုသလောက် အရာရောက်တယ်။

အင်းဝသားတွေက သည်မိုးကို 'စန္ဒာမုနိမိုး'တဲ့။ အမရပူရသားတွေကတော့ 'ရွှေကြက်ယက်မိုး'တဲ့။ သည်ဘုရား နှစ်ဆူစလုံးက ဘုရားပွဲကို တစ်ပြိုင်တည်း ကျင်းပကြတာ။ ပြီးတော့ နေရာချင်းကလည်း ဘာဝေးတာ မှတ်လို့။ မြစ်ငယ် မြင်မ မြစ်ဆုံကလေးပဲ ခြားတာ။ သည်တော့ တိမ်တစ်ခဲတည်း အောက်မှာ ရှိတဲ့ နှစ်နေရာ၊ ရွာ အတူတူပေါ့။ စန္ဒမုနိလည်း ရွှဲ၊ ရွှေကြက်ယက်လည်း ရွှဲ၊ ဒါကြောင့် နှစ်ဆူစလုံး တန်ခိုးကြီးတာပဲလို့ ကျုပ် ပြောတာပေါ့။

ပြောလို့ပြောတာ မဟုတ်ဘူး။ ကျုပ် အသက်လေးဆယ်ထဲ ရောက်လာပြီ။ ဒီ ဘုရားနှစ်ဆူရဲ့ ညောင်ရေသွန်းပွဲမှာ မိုးလွတ်တဲ့ နှစ်က ခပ်ရှားရှားရယ်။ ညောင်ရေသွန်းပွဲ ဆိုတာ အမြဲ မိုးထဲလေထဲ ကျင်းပရတာ များတယ်။ ကျုပ်တို့ ကလေးတုန်းကတော့ ခပ်ရိုင်းရိုင်း ပြောရရင် မိုးကို ဆဲတာပဲ။ ဘယ်… တစ်နှစ်လုံး အားခဲလာခဲ့တဲ့ပွဲ၊ မိုးဖျက်လို့ ပျက်မှာ သိပ်စိုးတာကလား။ ညောင်ရေလှည့်ရင်းတန်းလန်း မိုးရွာလိုက်လို့ကတော့ ဝင်းခင်းလာတဲ့ အပျိုတွေဆို ကြွက်စုတ် ရေမွန်းသလို ဖြစ်ကုန်ရော။

စက္ကူနဲ့ လုပ်ထားတဲ့ ဆင်တွေဆို ဆေးတွေ ကွက်ပြီး ပျော့ကုန်တာ။ ဒိုးပတ်တွေ ပတ်စာ ရေစို၊ ဗျောတွေ ဗုံတွေဆို သားရေတွေ ပျော့ပြီး အသံကို မထွက်တော့ဘူး။ သွန်းရမယ့် ဗောဓိပင်အရောက် ဖြစ်သလို သွားရတော့ ကျုပ်တို့ ကလေးတွေက မိုးကို ဆဲတာပေါ့။ ညအထိ ဆက်ရွာလို့ကတော့ အငြိမ့်တွေ၊ ဇာတ်တွေ၊ ရုပ်ရှင်တွေ အကုန် ရေထဲမျော။ ကျုပ်တို့ ကလေးတွေရဲ့ အပျော်တွေလည်း ရေထဲမျော။

ကျုပ်တို့ ကလေးတွေကသာ မိုးကို အဖျက်ဆိုပြီး အမြင်ကပ်နေတာ။ လူကြီးတွေကတော ပြုံးပြုံး ပြုံးပြုံးနဲ့ "ကောင်းလိုက်တဲ့ မိုးကွာ" လို့ သြဘာတောင် ပေးကြသေး။ ကျုပ်တို့ကတော့ ဘယ်နားလည်မလဲ။ ဒီလောက် ဒုက္ခပေးလှတဲ့ မိုးကို လူကြီးတွေက လိုလိုလားလား သဘောကျနေလိုက်တာ ဆိုပြီး သူတို့ကို ဒေါပွမိခဲ့တယ်။ မှတ်မှတ်ရရ တစ်နှစ်တုန်းကများ ကျုပ်အဖေနဲ့ အမေကို ပါးစပ်ကကို ထုတ်ပြီး အပြစ်တင်ခဲ့မိတယ်။

အဲသည်တုန်းက ကျုပ်အသက်က ဆယ်နှစ်သားလောက်ပဲ ရှိဦးမယ်။ ခု အငယ်ကောင် အရွယ်ပေါ့။

ရွှေကြက်ယက်ဘုရားနဲ့ ကျုပ်တို့ရွာက နှစ်မိုင်၊ သုံးမိုင်လောက်ပဲ ဝေးတာ။ အဲဒါ လပြည့်နေ့မှာ လှည်းတွေ၊ လှည်းတွေနဲ့ ထမင်းအိုးတောင်း ဟင်းအိုးတောင်းနဲ့

သွားကြတာ။ လှည်းကို ပေါင်းမိုးအုပ်။ ပေါင်းမိုးကို စိန်ပန်းတို့ ငုတုကို မြိုင်နေ၊ ဝေနေအောင် ဆင်ကြတာပဲ။ တချို့က တစ်လှည်းလုံး အဝါ။ တချို့ က တစ်လှည်းလုံး အနီ။ လှည်းတန်းကြီးတွေဟာ အရောင် အသွေးမျိုးစုံနဲ့ ကြည့်လို့ သိပ်ကောင်းတာပေါ့။ ပျော်တတ်တဲ့ ကာလသားတွေဆို လှည်းဦးမှာ လေဘ်စပီကာတပ်၊ သီချင်းဖွင့်၊ က ခုန်ပြီး လာကြတာ။

အဲသည်နှစ်က ကျုပ်တို့ ပေါင်းမိုးလှည်းကိုလည်း ကျုပ်က ခု ကျုပ်သား အငယ်ကောင် လုပ်သလို ငုပန်းတွေကို ဝေနေအောင် ဆင်ထားတာ။ တစ်လှည်းလုံးကို ဝါထိန်နေတာပဲ။ မမကြီး မမလေး (ကျုပ်အစ်မ နှစ်ယောက်) ကလည်း အင်္ကျီ၊ လုံချည်တွေက အထက်အောက် အဝါဆင်တူ၊ သူတို့ ပြောတော့ ‘ပိတောက်ခြောက် ဝမ်းဆက်’ တဲ့။ အဲဒီ ဝမ်းဆက် ဝတ်ပြီး သူတို့နှစ်ယောက်က လှည်းနောက်မြီးမှာ ခြေတွဲလောင်း ချပြီး ထိုင်လိုက်လာတာ။ ကလသားတွေဆို ဟိုက မျက်စပစ်ပြ၊ သည်က မျက်စပစ်ပြနဲ့၊ မမလေးတို့က ခေါင်းတွေကို ငုံ့ပြီး ပြုံးစိပြုံးစိ။ ကျုပ်က ထ ဆဲမလို လုပ်တော့ အရီးလေးက “ဟဲ့အကောင်၊ ငြိမ်ငြိမ်နေ” တဲ့။ ခုမှ ပြန်တွေးပြီး ပြုံး ပြုံး မိသတော့။ အဲသည် ကာလသားတွေအထဲ သူတို့ အဆက်တွေပါမှန်းလည်း ကျုပ်က ဘယ်သိမှာတုန်း။ ကလေးဥစ္စာ။ အင်း...ကျုပ် ကာလသား ဖြစ်တော့လည်း ဒီလို လိုက်ပြီး မျက်စပစ်ခဲ့တာပဲလေ။ မကြာခင် ကျုပ်သမီးတွေ မျက်စ အပစ်ခံရမယ့် အလှည့် ရောက်တော့မယ်။ လူ့အသက်ဆိုတာ တယ် အကြီးမြန်တာကလား။

အဲ အစ ပြန်ကောက်ရရင် အဲသည်နှစ်က ဘုရားရောက်လို့မှ လှည်းချွတ်ပြီးကာ ရှိသေး။ လေရော၊ မိုးရော ရွာလိုက်တာ တဖြုန်းဖြုန်း၊ တအုန်းအုန်းနဲ့။ မိုးရွာမယ် ထင်လို့ကို အဖေက မိုးလုံမယ် ထင်ရတဲ့ လက်ပံပင်ကြီးအောက်မှာ ရွေးပြီး လှည်းချွတ်တာ။ အဲဒါကို မလုံဘူး။ လူတွေလည်း ကျွဲ၊ နွားတွေလည်း ရွှဲ။ ဟို ပိတောက်ခြောက် ညီအစ်မလည်း ဘယ် ရှိုးပြလို့ ရတော့လို့တုန်း။ ဒါတောင် မိုးထဲ၊ လေထဲ၊ ဘုရားပွဲကို လှည့်မိအောင် လှည့်လိုက်ကြသေး။

ကျုပ်ကတော့ အကြီးအကျယ် စိတ်ပျက်နေတာပေါ့။ ကျုပ်ကိုယ်တိုင် ချိုးပြီး ဝေနေအောင် ထိုးထားတဲ့ ငုတွေလည်း မိုးမှန်ပြီး ကြွေတဲ့အပွင့်က ကြွေ၊ ပေါင်းမိုးမှာ မယောင်းပုဆိုး အုပ်ထားတာတောင် ပက်မိုးနဲ့ မလုံဘူး။ တစ်လှည်းလုံး ရွှဲတာပဲ။

ကျုပ် ပွဲဈေးတန်းက ဝယ်မယ်လို့ အားခဲထားတဲ့ ကြိုးဆွဲပြီး ကလို့ ရတဲ့ မြင်းရုပ်ကလေးလည်း ဘယ်ဝယ်ဖြစ်တော့လို့တုန်း။ မိုးက ညနေအထိ ရွာနေတာ။ အရုပ်က သစ်သားကို ထုပြီး ဆေးဆိုးထားတာဆိုတော့ ဝယ်လည်း မိုးစိုပြီး ပျက်မှာပဲ။ သံဖြူပြားနဲ့ လုပ်ပြီး သဘော်ာဆေးသုတ်ထားတဲ့ ကားရုပ်ကလေးပဲ ဝယ်ခဲ့ရတယ်။

အပြန်လည်း မိုးက ရွာမြဲ ရွာလျက်ပဲ။ မိုးအားကောင်းတော့ ဗွက်တောင် မထတော့ဘူး။ ရေများ ရေနိုင်သွားပြီ။ လှည်းတန်းကြီးတွေဟာ မိုးထဲ လေထဲမှာကို ပျော်ရွှင်ပြီး ပြန်နေကြတာ။

အပြန်ကျတော့ ပိတောက်ခြောက် ညီအစ်မက ပေါင်းမိုးအတွင်းထဲ ဝင်ထိုင်တယ်လေ။ ချမ်းလို့တဲ့။ ဟုတ်တယ်။ ကျုပ်လည်း ချမ်းလွန်းလို့ သွားတွေကို တဂတ်ဂတ်နဲ့ ရိုက်နေပြီ။ အဖေဆို ပိုဆိုးမှာပေါ့။ လှည်းဦးမှာ အမိုးမပါ၊ ဘာမပါနဲ့ သည်အတိုင်း ထိုင်နေရတာ။ တစ်ကိုယ်လုံးလည်း ရွှဲနစ်လို့၊ သည်ကြားထဲက မိုးကို ချီးမွမ်းခန်း ဖွင့်နေသေးတယ။ "ရေပါလိုက်တဲ့ မိုးကွာ၊ နှမ်းတွေတော့ အကုန် အောင်ပဲဟေ့" တဲ့။ ချမ်းနေတဲ့ ကြားမှာ မျက်လုံးက ပြုံးလို့။ အဖေရော၊ အမေရော တကယ်ကို ပျော်နေကြတာ။

အဲသည်မှာ ကျုပ်ပါးစပ်က ပြောမိတော့တာပေါ့။ "အဖေတို့နှယ်ဗျာ၊ မိုးရွာပြီး ဒီလောက်ချမ်းနေတာ၊ ပျော်နေရသလား" လို့ ကျုပ်က အပြစ်တင်တော့ အမေက ကျုပ်ကို ဖက်ပြီး "လူလေးရဲ့ ၊ ဒီမိုးရွာမှာ မင်း မောင်ရှင်လောင်း လုပ်ပြီး မြင်းကြီးစီးရမှာ" လို့ ဆိုတော့ ကျုပ် ငြိမ်နေလိုက်ရ တော့တာပေါ့။ အဲသည်နှစ်က တကယ်လည်း ကျုပ်တို့ အလှူပေးဖြစ်တယ်။ ကြိုးဆွဲပြီး ကလို့ရတဲ့ မြင်းရုပ် မဝယ်လိုက်ရပေမယ့် တကယ့်မြင်းကြီး စီးလိုက်ရတယ်။

***

"ပွဲသွား ကြော့ကြော့၊ ပွဲပြန် မော့မော့" တဲ့။ ကျုပ်ဖြင့် ခေါင်းကို မမော့နိုင်ဘူး။ လှည်းပေါ်မှာ ခေါင်းငိုက်စိုက်နဲ့ ထိုင်ပြီး မောင်းနေရတယ်။ ဘယ့်နှယ်ဗျာ။ သစ္စာမရှိလိုက်တဲ့ မိုးနှယ်...။ တစ်နေကုန် မိုးရွာဖို့ နေနေသာ၊ တိမ်ကလေး တစ်စတောင် တက်မလာဘူး။ နေကလည်း ပူလိုက် တာမှ ကျွတ်နေတာပဲ။ မီး ထ တောက်မလား အောက်မေ့ရတယ်။

သူတို့ အကုန်လုံး ဘုရားတက်ဖူးကြတော့ ကျုပ်က နွားကျွေးရင်း၊ လှည်းစောင့်ရင်း အောက်မှာ နေရစ်ရတာ။ ရေနွေးကြမ်း သောက်ရင်း၊ နီးရာ လှည်းဝိုင်းက လူတွေနဲ့ စကားစမြည် ပြောရင်းနဲ့ပေါ့။ မိုးအကြောင်း၊ လေအကြောင်း၊ နှမ်းအကြောင်းတွေ ပြောကြတာပါပဲ။ အားလုံး မိုးမျှော်နေကြတဲ့ တောင်သူတွေချည့်ပဲ ဥစ္စာ။

ဘုရားပွဲကတော့ တစ်နှစ်ထက်တစ်နှစ် ပို ပိုပြီး စည်ကားလာသဗျို့။ ကျုပ်တို့ ငယ်တုန်းကနဲ့ကို မြင်ကွင်းက တော်တော် ကွာခြားနေပြီ။ အရင်က

လှည်းဝိုင်းတွေ နေရာမှာ အခု ကားတွေ ကားတွေက နေရာယူကုန်ကြပြီ။ ကားရောင်စုံ၊ ပုံစံမျိုးစုံ။ ကျုပ်ဖြင့် ဘယ်ကားက ဘယ်လိုခေါ်ပြီး ဘယ်လောက်တန်မှန်းတောင် မသိပါဘူး။ ဒါပေမယ့် ကျုပ်တို့ ရှိသမျှစည်းစိမ် အကုန်ပုံပေးတောင် အဲဒီကားမျိုး တစ်စင်းမရဘူး ဆိုတာတော့ ခန့်မှန်းမိပါရဲ့။ အံ့သြစရာကြီးဗျာ။ မိုးလေဝသ ဖောက်ပြန်နေတဲ့ အခါသမယမှာ ငွေကို ဘယ်လိုများ ရအောင် ရှာနေကြပါလိမ့်။ သူတို့ အဝတ်အစား၊ အသုံးအဆောင်တွေဟာ အကုန် ပြောင်ပြောင်လက်လက်၊ အဖိုးထိုက် အဖိုးတန်တွေချည့်ပဲ၊ ကားပေါ်က ဆင်းလာတဲ့ ကလေးမလေးတွေများ ကျုပ်တို့ လူမျိုးလို့တောင် ထင်စရာ မရှိဘူး။ အင်း အရွယ်ရောက်စ ကျုပ်သမီးတွေ၊ သူတို့ ကြည့်ပြီး အတုမြင် အတတ်သင်ကုန်ရင် ဒုက္ခ။

ပတ်ဝန်းကျင်ကို စိတ်ဝင်စားနေတုန်း ခဏပါပဲလေ... ပြီးတော့ သောက က ခေါင်းထဲ ချက်ချင်း ပြန်ဝင်လာတော့တာပဲ။ မိုး... မိုး...၊ ရွှေကြက်ယက်မိုးရေ။ သူတို့ဟာ သူတို့ ဘယ်လောက် ချမ်းသာ ချမ်းသာ၊ ဒီတစ်မိုးရွာမှ ဒီတစ်ဝါ ကျုပ်တို့ အသက်ရှူ ချောင်မှာ။ ကျုပ်တို့အတွက် တစ်လှည့်လောက်တော့ ဖေးမ ပေးပါဦး။

ကျုပ်တို့အထဲက တစ်ယောက်ကတော့ အောက်ကနေ မိုးမျှော်ရတာ အားမရဘူး ဆိုပြီး တောင်ပေါ်တက်ပြီးတော့ကို သွားမျှော်လေရဲ့။ ပြန်ဆင်းလာတော့ မျက်နှာက ငယ်လို့။ အင်းဝဘက်မှာလည်း နေကို ကျဲနေလေရဲ့ ဆိုပဲ။ အင်းဝဆိုလို့ စန္ဒာမုနိဘုရား သွားကြတဲ့ မမကြီးတို့ မိသားစုလည်း ပျော်နိုင်ကြမယ် မထင်ပါဘူး။ မမကြီးတစ်ယောက် ဘုရားကို ဝတ်ချပြီး မိုးရွာဖို့ ဆုတောင်းနေမှာ မြင်ယောင်မိသေးတော့။

ညနေစောင်းတော့ စိတ်မပါ့တပါနဲ့ လှည်းကောက်ပြီး ပြန်သာပြန်ခဲ့ရရော။ ဆုတောင်းက မပြည့်တော့ဘူး။ လှည်းတွေလည်း တစ်ယောက် တစ်ပေါက် ကောက်ကောက်ပြီး ပြန်ကြတော့ အပြန်မှာ ခြောက်ခြောက်ကပ်ကပ်နဲ့။ တိတ်ဆိတ်ရတဲ့ အထဲ၊ လှည်းဝင်ရိုးသံက တအီအီ။ မိုးသာ ရွာရင် ဒီအသံ ထွက်မှာ မဟုတ်ဘူး။

စိတ်ပျက်ရမှန်း မသိတာကတော့ ကျုပ်သား အငယ်ကောင်ပဲ။ သူ ဝယ်လာတဲ့ မြင်းရုပ်၊ ကြက်ရုပ်၊ ဇီးကွက်ရုပ်တွေကို ပေါင်းမိုးမှာ တွဲလဲဆွဲ၊ လှည်းလှုပ်တိုင်း တယမ်းယမ်း ဖြစ်နေတဲ့ အရုပ်တွေကို ကြည့်မဝ ရှုမဝ ဖြစ်နေတာ။ ပြန်တော့မယ် ဆိုတော့ ဘယ်က ရှာလာမှန်း မသိဘူး။ ငုပန်းတွေကို ပေါင်းမိုးမှာ ထပ်ထိုး နေသေးတယ်။ အပြန်ပဲကွာ၊ တော်ပါတော့ဆိုတာ မရဘူး။ "လှတာပေါ့ဗျ" တဲ့။

ညနေ အပြန်ခရီးဆိုတော့ နေကို မျက်နှာမူပြီး မောင်းနေရတာ၊

အပူငွေ့တွေက တရှိန်ရှိန် တညီးညီး။ လှည်းဝင်းရိုသံက တအီအီ။ ဖုန်တွေက တထောင်းထောင်း။ အရုပ်တွေ ငုတွေက တိုးလို့တွဲလောင်း။

[သဘင်မဂ္ဂဇင်း၊ အမှတ်(၄၄)။ ဇွန်လ၊ ၁၉၈၇]

အရေပြား ပုံပြင်

လျှပ်စစ်မီးက တိခနဲ ငြိမ်းသွား၏။ မီးငြိမ်းကာစမို့ မျက်စိသည် ကျင့်သားမရသေး။ တစ်ခန်းလုံး မှောင်မည်းနေသည်။ လှုပ်ရှားလက်စကို ရပ်တန့်ပြီး ခဏစောင့်ရသည်။

မှောင်မည်းသွားတာနှင့်တော့ ဘာမျှ မဆိုင်ပါ။ သို့သော် အဘိုးကြီး၏ အသက်ရှူသံက ပိုပြီး ကျယ်လောင်လာသလို ထင်ရသည်။ အာရုံတံခါး တစ်ခုကို ပိတ်ထားပါက ကျန်တဲ့အာရုံဟာ ပိုပြီး ထင်ရှားလာတဲ့ သဘောပဲဟု ကိုယ့်ဟာကိုယ် ကောက်ချက်ချပြီး မှောင်ထဲမှာပဲ ပြုံးလိုက်မိလေသည်။

သူငယ်ချင်းက ဘက်ထရီ မီးချောင်းများကို ဖွင့်လိုက်၏။ အခန်း လေးက ဖျတ်ခနဲ လင်းလာပြန်သည်။ တော်သေးရဲ့။ မီးရောင်အလက်မှာ အပြုံးကို လက်စသတ်လိုက်နိုင်လို့။ လက်ထဲက ဆေးထိုးပြွန်နှင့် အပ်ကို ရေနွေးဇလုံထဲ ပြန်ထည့်ပြီး ဆေးကြော သုတ်သင်၊ ဆေးအိတ်ထဲ နေရာတကျ ပြန်ထည့်။ အဘိုးကြီးကို တစ်ချက် လှည့်ကြည့်တော့ အသက်ရှူ မှန်မှန်ဖြင့် မှိန်းသွားပြီ။

သူငယ်ချင်းကို လက်တို့ခေါ်ပြီး ဧည့်ခန်းမှာ ထိုင်၊ ကော်ဖီ အတူတူ သောက်ရင်း ပြောထားသင့်တာလေးတွေ ပြောရသည်။

"မင်း ဦးကြီးတော့ သိပ် အသက်ရှည်တော့မယ် မထင်ဘူးကွ"

"ဟေ ဘာဖြစ်လို့တုန်း။ ငါ့မျက်မြင်တော့ ထူထူထောင်ထောင်ကြီးပဲ"

"သူ့အရေပြားတွေက မာနေပြီကွ"

သူငယ်ချင်းသည် ကျွန်တော့်စကားကို သဘောပေါက်ပုံ မရ။ ကော်ဖီခွက်ကို ကိုင်ရင်းတန်းလန်းနှင့် ကျွန်တော် ဆက်ပြောမည့် စကားကို နားစွင့်နေ၏။

"ဟုတ်တယ်… ဒီရက်ပိုင်း အဘိုးကြီး အရေပြားတွေက ပိုပြီး မာလာတယ်။ အသားဆေး ထိုးတော့လည်း မင်းရှေ့တင် အပ်တောင် ကောက်သွားတယ် မဟုတ်လား။ အကြောဆေး သွားတော့လည်း သွေးကြောတွေက မာပြီး လိမ့်ပြေးနေတော့ တော်တော် ခက်ခက်ခဲခဲ သွင်းယူရတယ်။ မီးပျက်ပြီးမှများ ဆေးထိုးရရင် အခက်"

"မင်း ဆိုလိုတာက ဟို သွေးကြောမာတယ် ဆိုတဲ့ ရောဂါကို ပြောတာလား"

"မဟုတ်ဘူးကွ။ အသက်ကြီးလို့ အရေပြား မာခြောက်လာတာတို့၊ arteriosclerosis လို့ ခေါ်တဲ့ သွေးကြောမာတဲ့ ရောဂါတို့က တခြား။ ခု ငါ ဆိုလိုတာက သေချာပေါက် အသက်တိုတော့မယ့် လူတွေမှာ ရောဂါကြီး တစ်ခုခု စွဲကပ်လာရင် ဥပမာ ကင်ဆာလို ရောဂါမျိုး ဆိုပါတော့ကွာ။ အဲဒီလူရဲ့ အရေပြားနဲ့ သွေးကြောတွေဟာ မာလာတာကို ငါ့အာရုံမှာ သိနေတယ်။ ကုန်ကုန် ပြောမယ်ကွာ။ ဝမ်းလျှောပြီး သေမယ့်လူရဲ့ အရေပြား မာလာတာ တွေ့ရင်တောင် ငါတော့ သူ သေမှာကို ကြိုပြီး သိနေသလိုပဲ"

အမှန်တော့ သည်လို သိပ္ပံနည်းမကျသော စကားမျိုးကို ကျွန်တော်လို ဆရာဝန်တစ်ယောက် အနေဖြင့် မပြောသင့်ပါ။ သို့သော် သူသည် ကျွန်တော်၏ ငယ်ပေါင်း သူငယ်ချင်း ဖြစ်သည်က တစ်ကြောင်း၊ ကျွန်တော်၏ တွေ့ရှိချက်ကလည်း ကျွန်တော့် အတွေ့အကြုံအရ တိုက်ဆိုင်မှုများကာ မှန်မှန်နေသောကြောင့် တစ်ကြောင်း ပြောလိုက်မိခြင်း ဖြစ်ပါသည်။

ကျွန်တော့်ဆီမှာ ဆေးထိုးနေသော လူနာများ၏ အရေပြား အမာအပျော့ကို ကြည့်ပြီး သည်လူကတော့ အသက်ရှည်ဦးမှာပဲ။ သည်လူတော့ အသက်တိုမှာပဲဟု ထင်ထားလိုက်၊ ထင်ထားသည့်အတိုင်း မှန်နေတာက များလေသည်။

"အဲသည်တော့ ငါ ဘာလုပ်ရမှာတုန်း"

"ခုတ်မှန် သွားရိုက်လိုက်ကွာ။ ငါ့အထင်တော့ အဆုတ်ကင်ဆာ ဖြစ်ဖို့များတယ်။ Chest X - ray ရိုက်ရမယ်။ အဘိုးကြီးကိုလည်း ငါ ပြောပေးမယ်။ တစ်ပတ်အတွင်း မင်း သွားရိုက်ပေးလိုက်"

"ကောင်းပြီလေ၊ မင်း ရိုက်ဆိုလည်း ရိုက်ရုံပေါ့ကွာ"

သူငယ်ချင်းလည်း ဧည့်ခန်းထဲမှာပင် ငေါင်းစင်းစင်း ကျန်ရစ်လေသည်။ သူတို့အိမ်ကလေးလည်း အမှောင်ထုအောက်မှာ ငေါင်းစင်းစင်း ကျန်ရစ်ခဲ့လေ၏။

***

သူငယ်ချင်းအိမ်က အပြန် တစ်လမ်းလုံး သူတို့အကြောင်းကိုပဲ စဉ်းစားမိလေသည်။

တစ်အိမ်လုံးမှာ သူတို့ တူဝရီးနှစ်ယောက်ပဲ ရှိသည်။ အဘိုးကြီးက သူ့အမေ၏ အစ်ကိုအရင်း၊ သူ့ဦးကြီး။ ပြီးတော့ လူပျိုကြီး၊ သူ့အမေ

အိမ်ထောင်ကျတော့ သူတို့နှင့်ပင် စီးပွားတူ၊ အတူ နေခဲ့၏။ သူငယ်ချင်းသည် အဘိုးကြီး၏ အုပ်ထိန်းမှု အောက်မှာပင် ကြီးပြင်းလာရသူ ဖြစ်၏။

သူငယ်ချင်း အဖေက သူ နို့စို့အရွယ်ကတည်းက ကွယ်လွန်သွားခဲ့သည်။ သူ့အမေက နောက်အိမ်ထောင် မပြု။ အစ်ကိုဖြစ်သူ၏ အစောင့်အရှောက်ဖြင့် နေလာခဲ့ရာ သူ ဘွဲ့ရသည့်နှစ်မှာမှ ဆုံးပါးသွားခဲ့သည်။ သည်လိုနှင့် သူနှင့် သူ့ဦးကြီး နှစ်ယောက်ပဲ ကျန်ရစ်ခဲ့ခြင်း ဖြစ်၏။ ဦးကြီးသာဆိုပေမယ့် သူက အဖေလို သဘောထားသည်။ အဘိုးကြီးကလည်း သူ့ကို သားအရင်းလို သဘောထားသည်။ သူ ငယ်စဉ်ဘဝမှ ဘွဲ့ရသည်အထိ အဘိုးကြီးကပင် ဦးစီးပြီး စီးပွားရှာခဲ့သည်။ ခု နောက်ပိုင်းကျမှ သူငယ်ချင်းက တစ်ပြန် တစ်လှည့် လုပ်ကျွေးပြုစုနေခြင်း ဖြစ်၏။

နေ့ခင်းမှာ ဆွေမျိုးနီးစပ်တော်သူ အဒေါ်တစ်ယောက်က အိမ်မှုကိစ္စတွေ လာလုပ်ပေးသည်။ ညကျ သူတို့နှစ်ယောက်ထဲ။ အဘိုးကြီးက သူ့တူကို အိမ်ထောင်ပြုစေချင်လှပြီ။ ကျွန်တော့်ကို အကူညီ တောင်းသည်မှာလည်း ခဏ ခဏ။ သူငယ်ချင်းက စီးပွားရေးမှာပဲ အာရုံစိုက်နေသည်။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်၏ အိမ်ထောင်စုလေးက သာသာယာယာ စိုစိုပြည်ပြည် ရှိသည်။ ကျန်းမာရေးလည်း ကောင်းကြသည်။ နှစ်ယောက်စလုံးကလည်း ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေတတ်ကြသူများ။ ကျွန်တော်ပင် စိတ်လက် ပင်ပန်းနေသည့် အခါမျိုး၌ သူတို့အိမ် သွား အနားယူရသည်။

ခုတော့ နှစ်ယောက်မှာ တစ်ယောက်က ပွဲထွက်ရချေတော့မည်။ သည်နှစ်ပိုင်းမှာ အဘိုးကြီး ချူချာလာခြင်း ဖြစ်၏။ မကြာခဏ ဖျားလိုက်၊ ချောင်းဆိုး ချွဲ ဖြစ်လိုက်။ ဆေးထိုးလိုက်၊ နည်းနည်း သက်သာလာလိုက်နှင့်။ လုံးဝကြီးတော့ ကောင်းမသွားတော့။ ခန္ဓာကိုယ်ကလည်း ဟိုတုန်းကထက် တစ်ဝက်လောက် ချုံးကျသွားသည်။ အဘိုးကြီးကတော့ သူ့ကိုယ်သူ လူကြီးနာလို့ပဲ ထင်နေသည်။ အသက်ကြီးလာလို့ ချူချာတာပဲ ထင်နေသည်။

ကျွန်တော်တို့ အယူအဆအရတော့ ခြောက်ဆယ်ကျော်သည် သိပ် အသက်မကြီးသေး။ လူ့လောကကမှာ နောက်ထပ်နှစ်တွေ အများကြီး နေသင့်သေးသည်။ အဘိုးကြီးကို ဆေးလိပ်ဖြတ်ခိုင်းရသည်။ လမ်းလျှောက် ခိုင်းရသည်။ အားဆေး မှန်မှန် သောက်စေသည်။ နည်းနည်း ပြန်ထောင်လာသလိုလို ရှိသော်လည်း အဖျားနှင့် ချောင်းဆိုး ချွဲကျပ်က ရှင်းရှင်း မပျောက်ချင်။ သည်ရက်ပိုင်း ပိုဆိုးလာသည်။

စောစောက ကျွန်တော် ပြောခဲ့သလို အရေပြားတွေ မာလာတော့ ကျွန်တော့် အာရုံမှာ ထင်လိုက်ပြီ။ အဘိုးကြီး အသက်ရှည်တော့မည် မဟုတ်။ သူ့ကိုယ်တွင်းမှာ အသက်တိုလောက်အောင် ရောဂါကြီး တစ်ခုခု ရှိနေပြီဟု။

ခါတ်မှန်ရိုက်ပြီးတော့ အဖြေပေါ်လာလိမ့်မည်။

***

"ငါထင်ထားတဲ့ အတိုင်းပဲဟ့ေ။ အဘိုးကြီးရဲ့ ညာဘက်အဆုတ်မှာ ကင်ဆာအကျိတ်အခဲ တွေ့နေပြီ။ ဘယ်ဘက်ခြမ်းကိုတော့ မကူးသေးဘူး။ ခါတ်မှန်ဆရာဝန်ကြီးကလည်း ဒီအတိုင်းပဲ မှတ်ချက်ပေးထားတယ်"

ကျွန်တော်က ခါတ်မှန် ဖလင်ပြားပေါ်က ကင်ဆာအရိပ်ကို လက်ညှိုးဖြင့်ထောက်ပြပြီး သူငယ်ချင်းကို ရှင်းပြရသည်။ ခါတ်မှန်ဆရာဝန်ကြီး၏ မှတ်ချက်ကိုလည်း ဖတ်ပြလိုက်သည်။

"ကင်ဆာဆိုမှတော့ သွားပြီပေါ့ကွာ။ Hopeless ပေါ့"

သူငယ်ချင်းလည်း အရပ်ကြိုးပြတ် ဖြစ်သွားတော့၏။ သူလည်း ခေတ်ပညာတတ် တစ်ယောက်ပဲ။ ကျွန်တော် အထူး ရှင်းပြနေစရာ မလို။ အဘိုးကြီး၏ သက်တမ်းကို ခန့်မှန်းမိပေလိမ့်မည်။

"ခါတ်ကင်တာတို့၊ ဘာတို့ လုပ်ချင်သေးရင်တော့ ငါ ပို့ပေးမယ်လေ"

"တော်ပါပြီကွာ။ အဲဒါမှ ဘိုးတော် စိတ်ထိခိုက်ပြီး မြန်မြန် ရှေ့ဘရားသားဖြစ်သွားမှာ။ သူ့ကို အသိမပေးဘဲ နေခွင့်ရှိသမျှ အချိန်ကလေးမှာ အသက်သာဆုံး ဖြစ်အောင် မင်းပဲ ကြည့်လုပ်တော့"

သူငယ်ချင်းက ကျွန်တော့်ကို ပုံလိုက်လေပြီ။

"အေးပါကွာ၊ အဲဒါကတော့ ငါ့တာဝန် ထားပါ။ ခြောက်လလောက် ခံတယ်ဆိုပေမယ့် ဒီထက်မကလည်း အသက်ရှည်နိုင်ပါတယ်။ တစ်ခုတော့ အကြံပေးချင်တယ်ကွာ"

အကြံပေးမည့် စကားကို ပြောသင့် မပြောသင့် တော်တော် ချိန်ဆနေရသည်။ ယခု အကြံပေးမည့် စကားက ဆေးပညာကိစ္စ၊ ဆရာဝန်ကိစ္စနှင့် မဆိုင်။ ဘာသာရေးကိစ္စ ဖြစ်နေသည်။ ကျွန်တော်က ခုတလော ဘာသာရေး မဂ္ဂဇင်းတွေ ဖတ်ပြီး ဘာသာရေး ဗဟုသုတ မတောက်တစ်ခေါက် ရှိနေသော်လည်း သူငယ်ချင်းကတော့ တကယ့် စီးပွားရေးသမား။ ဘာစာမျှ မဖတ်။ ဘာသာရေး ဗဟုသုတ ဘာမျှ မရှိ။ မိရိုးဖလာ ဗုဒ္ဓဘာသာ မျှသာ။

"မင်း သေသေချာချာ နားထောင်ကွာ။ ခု ငါပြောမှာက ဘာသာရေးနဲ့ ဆိုင်တယ်ကွ။ အဘိုးကြီးဟာ သေချာပေါက် သေရတော့မယ်။ မကြာခင် သေရတော့မယ်။ သေသွားရင် ဘဝဟာ ပြတ်မသွားဘူးကွ။ နိဗ္ဗာန် မရမချင်း ကံ၊ ကံ၏ အကျိုးသတ္တိကြောင့် သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေရတယ်"

"အေးပါကွာ၊ အဲဒါ ငါသိပါတယ်"

"အေး မင်းမသိတာ ငါပြောမလို့။ အဲသည်လို သေခါနီးမှာ ဘဝကူးတဲ့ ကံပေါ့ကွာ။ သုဂတိ၊ ဒုဂတိ ရောက်စေတဲ့ ကံဆိုပါတော့ကွာ။ လေးမျိုး ရှိသတဲ့။ ပထမ ဂရုကံ တဲ့။ သေချာပေါက် အကျိုးပေးတဲ့ ကံ၊ ကြီးမားတဲ့ ကံ ပေါ့ကွာ။ ကုသိုလ်ကံ ဆိုရင်လည်း ဈာန်ကုသိုလ်ကံမျိုးပေါ့။ အကုသိုလ် ကံဆိုရင်လည်း ပဉ္စာနန္တရိယ ကံမျိုးပဲပေါ့။ အဲသည်ကံမျိုး မရှိတဲ့ လူဆို ဒုတိယ အကျိုးပေးတတ်တာ အစိဏ္ဏကံ တဲ့။ ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ် ဖြစ်ဖြစ် တစ်သက်လုံး အလေ့အကျင့် ဖြစ်လာတဲ့ ကံပေါ့ကွာ။ အဲသည်ကံမှ မရှိပြန်ဘူး ဆိုရင် တတိယ အကျိုးပေးတာက အာသန္နကံ တဲ့၊ အဲဒါကတော့ သေခါနီးမှာ ကပ်ပြီး ပြုလုပ်တဲ့ကံ၊ ထင်မြင်လာတဲ့ကံ ပေါ့ကွာ။ စတုတ္ထ ကံကတော့ အဲ ငါလည်း မေ့နေပြီ။ အဲသည်ကံက သိပ်လည်း အရေးမကြီးပါဘူး"

"ထားပါကွာ၊ လိုရင်းပြောစမ်းပါ။ အဲသည်ကံတွေနဲ့ ငါ့ဘကြီးနဲ့ ဘယ်လို ပတ်သက်နေလို့တုန်း"

"ဟ ပတ်သက်လို့ ပြောနေတာပေါ့ကွ။ မင်းပဲ ခုနက ပြောတယ်လေ၊ အဘိုးကြီးမသေခင် သက်သက်သာသာ ဖြစ်အောင် ငါ့တာဝန်ဆို။ အေး အဲဒါ ငါ့တာဝန်ထား။ မင်းတာဝန်က အဘိုးကြီး ဘဝကူးကောင်းအောင် လုပ်ပေးဖို့ပဲ။ ငါ သိသလောက် မင်းဦးကြီးမှာ ဂရုကံလည်း မရှိဘူး၊ အာစိဏ္ဏကံလည်း ရှိပုံမရဘူး။ သူ့ကို အကျိုးပေးမှာ အာသန္နကံပဲကွ။ ကုသိုလ် အာသန္နကံဖြစ်အောင် လုပ်ပေးဖို့ရာ မင်းတာဝန်ပဲ"

သူငယ်ချင်းက မျက်မှောင်ကုတ်ပြီး စဉ်းစားနေ၏။ ဒီဆရာဝန် မဆီမဆိုင်တွေ လျှောက်ပြောနေတယ်လို့များ ထင်နေသလား မသိ။

"ကောင်းပြီ၊ အဲသည်တော့ ငါက ဘာလုပ်ပေးရမှာတုန်း"

"လွယ်ပါတယ်ကွာ။ အဘိုးကြီး ကုသိုလ်စိတ်တွေ၊ ကုသိုလ်နိမိတ်တွေ ရအောင် အလှူပေးကွာ။ သံဃာတော်တွေကို ဆွမ်းကပ်ကွာ။ သူ နားလည်လောက်တဲ့ တရားခွေတွေ ဖွင့်ပေးကွာ"

"ရတယ်လေ၊ ဒီလောက်တော့ ငါ လုပ်ပေးနိုင်ပါတယ်။ ငါ့ချည်း ဘုရားကု

ကုခိုင်း မနေနဲ့ဦး။ မင်းကလည်း စွမ်းသလောက်တော့ လုပ်ပေးဦး။ ခု ထူထူထောင်ထောင်ပဲ ရှိသေးတဲ့ ဥစ္စာ"

သူငယ်ချင်းလည်း ခေါင်း တဖျင်းဖျင်း ကုတ်ရင်း ပြန်သွားလေ၏။ ကျွန်တော်လည်း စိတ်လက်ပေါ့ပါးစွာ ကျန်ရစ်သည်။ နောက်မှ ကိုယ့်အတ္တ ကိုယ်တွေးမိပြီး ကိုယ့်ခေါင်းကိုယ် လက်သီးဆုပ်ဖြင့် ဖွဖွ ထုလိုက်ရသည်။

***

ကျွန်တော်မှာ ကိုယ့်ကတိနှင့်ကိုယ် အဘိုးကြီးအား မကြာခဏ သွားကြည့်ပေးနေရ၏။ ကင်ဆာလို့တော့ အဘိုးကြီးကို ပြောမပြတော့။ သာမန် အဆုတ်ပွတာလို့ပဲ မှုသားသုံးရထားရသည်။ အဘိုးကြီး အခြေအနေက တစ်နေ့တခြား ဆိုးလာနေသည်။ ဆေးထိုးရသည့် အရေပြားတွေ၊ သွေးကြောတွေကလည်း ပို ပိုပြီး မာလာ၏။ သည်ပုံအတိုင်းဆို ခြောက်လမှ ခံပါမည်လား မသိ။

သူငယ်ချင်းကလည်း ကျွန်တော့်စကားကို နားအထောင်ရှာသား။ သူ့ဦးကြီးကို ချစ်လို့လည်း ဖြစ်မည်။ အလှူဒါနတွေလည်း လုပ်ပေး၏။ မကြာခဏ ဘုန်းကြီးဆွမ်းကပ်၏။ တရားခွေများကိုတော့ ကျွန်တော်ကပဲ ရှာဖွေ၊ ဝယ်ပေး၊ ငှားပေး နေရသည်။

ရယ်ရယ် ရယ်ရသေးတော့။ အဘိုးကြီးက ပြောသည်။ မင်းကောင် ဟုတ်မှ ဟုတ်သေးရဲ့လား တဲ့။ ဒီအတိုင်းဆို ဒီကောင် မိန်းမ မယူတော့ဘဲ ဘုန်းကြီးပဲ ဝတ်တော့မယ် ထင်တယ် တဲ့။

သူငယ်ချင်းကို ပြောပြတော့ သူငယ်ချင်းက ပြုံးသည်။

“ဟုတ်တယ်ကွ၊ အဘိုးကြီးက သူ့အတွက်လို့ မထင်ဘူး။ ငါကပဲ အချိုးပြောင်းပြီး ဘာသာရေး လိုက်စား၊ ကုသိုလ်ရေးတွေ လုပ်နေသလိုလို ထင်နေတာ”

“ဘယ်လိုပဲ ထင်ထင်ပေါ့ကွာ၊ သူ့အတွက် အကျိုးရှိမှာ သေချာပါတယ်။ ဆက်သာ လုပ်ပါ”

သည်လိုနှင့် လေးလနီးပါး ကြာသွား၏။ သည်ကြားထဲ ကျွန်တော်ကလည်း ဆယ်ရက်လောက် ခရီးထွက်ဖို့ အကြောင်းပေါ်လာသည်။ သူငယ်ချင်းက

ထိုဆယ်ရက်အတွင်း အဘိုးကြီး လိမ့်လိမ့်လဲလဲ ဖြစ်သွားမှာ စိုးရိမ်နေသည်။ သည်လောက် မမြန်နိုင်ပါဘူးဟု နှစ်သိမ့်ရင်း လိုအပ်မည် ထင်သည့် ဆေးတွေ ပေးခဲ့ရသည်။ လုပ်လက်စ ကုသိုလ်ရေးတွေလည်း ဆက်လုပ်ပေးဖို့ သတိပေးခဲ့သေးသည်။

ပြန်လာမှ ဇာတ်လမ်း ဆက်ရမည်။

***

ဆယ်ရက်တောင် မကြာလိုက်ပါ။ တစ်ပတ်နှင့် ကျွန်တော် ပြန်ရောက်လာခဲ့သည်။ ရောက်ရောက်ချင်း ကြားရသည့် သတင်းကြောင့် အမောဆို့သွားရသည်။ ခရီးဆောင်အိတ်ကို ချပြီး ချက်ချင်း သူငယ်ချင်းအိမ် ထွက်လာခဲ့သည်။ ကျွန်တော် ယူကျုံးမရ။ မျက်ရည် မကျအောင် ထိန်းနေရသည်။

အိမ်ထဲ လှမ်းဝင်လိုက်တော့ ရပ်ကွက်ထဲမှ ရင်းနှီးသူတချို့ကို တွေ့ရသည်။ အသုဘ ချပြီးသွားသော်လည်း ရက်မလည်သေးသဖြင့် အဖော်ရအောင် လာနေပေးကြခြင်း ဖြစ်မည်။ ရင်ထဲ ဆို့နေသဖြင့် ဧည့်ခန်းမှာ ထိုင်မိသည့်တိုင်အောင် ဘာစကားက စပြောရမည် မသိသေး။ အဘိုးကြီးက ကျွန်တော့်ကို မြင်တော့ မျက်ရည် စက်လက်ဖြင့် လက်မောင်းကို လာဆုပ်သည်။ အဘိုးကြီးကတော့ အရင်ကထက် မာနေပုံပင်။

“မင်းသူငယ်ချင်း အဖြစ်ကတော့ တကယ့်ကို မြန်လွန်းတယ်ကွယ်။ ငါ ဘယ်လိုမှ မဖြေနိုင်”

အဘိုးကြီး အသံက နစ်ဝင်သွား၏။ တကယ်ပဲ သူ ဆက်ပြောနိုင်စွမ်း ရှိဟန် မတူတော့။ အသံတိတ် ရှိုက်နေသည်။ ကျွန်တော် အဘိုးကြီး ပခုံးကို ဖွဖွဆုပ်ပြီး ထိုင်ခိုင်းရသည်။ သည်နေ့ပဲ ရောက်သည့်အကြောင်း၊ အားလုံး ကြားပြီး၊ သိပြီး ဖြစ်ကြောင်း၊ ခု ရောက်ရောက်ချင်း လာခဲ့ကြောင်း ပြောရ သည်။

သြော်... သူငယ်ချင်း၊ ဖြစ်မှ ဖြစ်ရပလေ။ ကျွန်တော်သွားပြီး နှစ်ရက် အရမှာ ဆိုင်ကယ် စလစ်ဖြစ်ပြီး လဲသတဲ့။ ဟဲလ်မတ် ဆောင်းထားပါလျက်၊ အရှိန်လည်း သိပ်မပြင်းပါဘဲလျက် ဦးနှောက်သွေးကြောပေါက်ပြီး နာရီပိုင်းအတွင်း ဆုံးသတဲ့။ ကံဆိုးလိုက်တဲ့ သူငယ်ချင်း။

“သူ့ကိုယ်သူ သိနေသလိုပါပဲကွယ်... သေခါနီး သုံးလေးလ အလိုမှာ လုပ်လိုက်တဲ့ ကုသိုလ်ကောင်းမှုတွေ၊ နာလိုက်ရတဲ့ တရားတွေ။

သူတော်ကောင်းကလေး ကောင်းရာသုဂတိ ရောက်မှာပါ။ ငါ့မှာ ဒါလေးနဲ့ပဲ ဖြေနေရတယ်”

အဘိုးကြီးက တုန်တုန်ရီရီနှင့် တတွက်တွက် ပြောပြနေ၏။ အားလုံးက စိတ်မကောင်းသည့် မျက်နှာဖြင့် နားထောင်နေကြ၏။ အဘိုးကြီးက ကျွန်တော့်ကို ကြည့်ပြီး...

“အဓိက တရားခံကတော့ သူ့အရေပြားပဲကွ။ သူ့အရေက တော်တော် ပါးပုံရတယ်။ တော်ရုံတန်ရုံ အရေထူရင် ဒီလောက်လဲရုံနဲ့ အသက်ဆုံး လောက်အောင် မဖြစ်နိုင်ဘူး။ သွေးကြောပေါက်လောက်အောင် မဖြစ်နိုင်ဘူး။ သူ့အရေ၊ သူ့အကြောက ပါးလွန်းလို့သာ ဖြစ်ရမယ်။ ဟုတ်တယ်မို့လား”

ကျွန်တော်ကား ဘာမျှ ပြန်မပြောနိုင်။

[ဟန်သစ်မဂ္ဂဇင်း၊ အမှတ်(၄၄)။ ဖေဖော်ဝါရီလ၊ ၁၉၉၄]

ဒီတီ

D.T.125.R. တန်ကြေးက ၅ သိန်း ၂ သောင်း၊ ကောင်းသလား မမေးနဲ့။ အခုလို အဝေးပြေးလမ်းမကြီးပေါ်မှာ တစ်နာရီ မိုင် ၈၀ နှုန်းနဲ့ မောင်းမိပြီ ဆိုမှဖြင့် နတ်မြင်းပျံ စီးရတဲ့ အတိုင်းပဲ။ တကယ့်ကို တိမ်တိုက်တွေရဲ့ အကြား၊ လေထုကို တစ်ဟုန်ထိုး ထွင်းဖောက်ပြီး သွားနေရသလို။ မြန်လိုက်သမှ ရင်ထဲမှာ အေးခနဲ… ဟာခနဲ…။ ဒီတီ မော်တော်ဆိုင်ကယ် စီးရတာ နတ်မြင်းပျံ စီးရသလိုပဲ ဆိုတာ တကယ့်ကို အလိုက်ဖက်ဆုံး တင်စားမှုပါပဲ။ ဒါဟာလည်း တကယ်တော့ ကျွန်တော်ရဲ့ စကားလုံး မဟုတ်ပါဘူး။ ဥပမာ စကားလုံး အရွေးကောင်းတဲ့၊ လောလောဆယ်တော့ ကျွန်တော်ပခုံးကို ဆုပ်၊ ဘုရားတပြီး လိုက်လာတဲ့ ပန်းပွင့်အသည်းနဲ့ သူငယ်ချင်းရဲ့ စကားလုံးပါ။ ကျွန်တော်တို့ ငယ်ငယ်က ‘ပန်းပွင့်အသည်းနဲ့ သူငယ်ချင်း’ ဝတ္ထုတစ်ပုဒ် ကြားဖူးတယ်။ ဘယ်သူရေးလို့ ဘာအကြောင်းလဲ ဆိုတာတော့ မမှတ်မိတော့ဘူး။ ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းကတော့ဖြင့် အဲသည် နာမည်နဲ့ လိုက်ဖက် တွင်ကျယ်နေတာတော့ အမှန်ပါပဲ။

“ဟေ့ကောင်… ဂျော်ကီ၊ စပိ(ဒ်) လျှော့တော့ကွာ။ ဒီလောက်ဆို စိတ်ချရလောက်ပါပြီ” (ဖြတ်ပြီး ပြောရရင်ဖြင့် ကျွန်တော့် နာမည်ပြောင်က ဂျော်ကီပါတဲ့။ ဆိုင်ကယ် အစီးကြမ်းလွန်းလို့ ရလာတဲ့ နာမည်ပါ။ သည်ကောင် ဆိုင်ကယ် အရှိန်လျှော့ခိုင်းနေတာ ဒါနဲ့ဆို အခါနှစ်ဆယ် ကျော်သွားပြီ။ အင်းလေ… ဒါ ဆိုင်ကယ် ထုံးစံပဲ။ ရှေ့က မောင်းရတဲ့ လူက အရသာ ရှိသလောက် နောက်က ထိုင်လိုက်လာရတဲ့ လူက ဘုရားတရစမြဲပဲ။ ဒါကြောင့် ကျွန်တော်တို့မှာ ဆိုင်ကယ် နှစ်ယောက်စီးရပြီဆိုရင် ဘယ်သူမှ နောက်က ထိုင်မလိုက်ချင်ဘူး။ ရှေ့က မောင်းချင်တဲ့ သူချည့်ပဲ။ ခု သည်ခရီးမှာလည်း သူက အသွားမောင်း၊ ကျွန်တော်က အပြန်မောင်း၊ သည်လို ခွဲတမ်းချပြီး စီးရတယ်။

“ငါသာ မောင်းရင် ခုလို ဖြစ်မှာ မဟုတ်ဘူး”

ပန်းပွင့်အသည်းနဲ့ သူငယ်ချင်းကတော့ လုပ်ပြီ။ ပြီးသွားတဲ့ ကိစ္စတစ်ခုကို ရင်ထဲမှာ အလုစိုက်ပန်းအိုးနဲ့ ထားချင်နေသေးတယ်။ “အေး… မင်းသာ မောင်းရင် ဒီလိုလည်း လွတ်လာမှာ မဟုတ်ဘူး” လို့ ကျွန်တော် ခပ်ငေါ့ငေါ့ ပြန်အော်ပြောလိုက်တယ်။

ပြဿနာက သိပ်ကြီးကျယ်လှတာ မဟုတ်ပါဘူး။ အပြန်ခရီး ကျွန်တော့်အလှည့်မှာ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်း စပိ(ဒ်)တင်ပြီး

မောင်းလာခဲ့တယ်။ လမ်းဘေးက ရွာကလေးတစ်ရွာရဲ့ အလွန်၊ ခပ်လှမ်းလှမ်း ကွေ့ကလေးမှာ ဈေးဗန်းခေါင်းရွက် မိန်းမတစ်ယောက်ကို ပွတ်တိုက်မိရော။ ဈေးသည်ကလည်း နမော်နမဲ့ လမ်းဖြတ်အကူး၊ ဆိုင်ကယ်ကလည်း အရှိန်ပြင်းပြင်းနဲ့ လမ်းကို ချိုးအကွေ့၊ ဘွားခနဲ တွေ့လိုက်တော့ ဘရိတ်အုပ်ဖို့ အချိန်မရတော့ဘူး။ လွတ်နိုင်သမျှ လွတ်အောင် လက်ကိုင်ကို ကစားပြီး ရှောင်မောင်းလိုက်ရတယ်။ ဈေးသည်မိန်းမ ကံကောင်းပါတယ်။ လူကို မိမိရရ မတိုက်မိဘူး။ လေဟပ်တဲ့ အရှိန်၊ လန့်ဖျပ်သွားတဲ့ အရှိန်နဲ့ ဈေးဗန်းတခြား၊ လူတခြား လမ်းပေါ် လွင့်စင်လဲကျ ကျန်ရစ်ခဲ့တယ်။ ဒဏ်ရာ ကြီးကြီးကျယ်ကျယ် မရနိုင်ပါဘူး။ ကျွန်တော်လည်း လီဗာကို ပိုမြှင့်ပြီး မောင်းပြေးခဲ့တာပေါ့။ ယာဉ်အသွားအလာ ပြတ်နေတာကိုက ကျွန်တော်တို့အတွက် ကံကောင်းတယ် ဆိုရမယ်။ “ဟော့ကောင်... ရပ်၊ ရပ်၊ ဟိုမှာ ဘာဖြစ်သွားသလဲ မသိဘူး”တဲ့။ ကိုင်း... ကြည့်။ သည်ကောင် ပန်းပွင့်အသည်းနဲ့ သူငယ်ချင်းလို့ နာမည်ရတာ ဆန်းသလား။ သူ့စကားများ နားထောင်မိရင် ခုလောက်ဆို... တုတ်တပြက်၊ ဓားတပြက် ရွာသားတွေကြားမှာ ကျွန်တော်တို့ နှစ်ယောက်ခမျာ ကြောင်တွေကြားက ကြွက်နှစ်ကောင်လို ဖြစ်နေရော့မယ်။

ခုတော့ ဘယ်သူမှလည်း မမြင်လိုက်ကြ။ ဈေးသည်ဆိုတာကလည်း ဆိုင်ကယ်နံပါတ် မှတ်မိဖို့ နေနေသာသာ၊ ဆိုင်ကယ် ဘာအမျိုးအစား၊ ဘာအရောင်မှန်းတောင် သိလိုက်မှာ မဟုတ်ဘူး။ ကျွန်တော် ဆုံးဖြတ်ချက် ဘယ်လောက် မှန်လိုက်သလဲ။ မိနစ်ပိုင်းအတွင်း လေးငါးမိုင်လောက် ခရီးပေါက်ခဲ့ပြီ။ အန္တရာယ် ကင်းပြီ။

အရှိန်လျှော့မယ် ကြံတုန်း “ဟော့ကောင်၊ စပိ(ဒ်) လျှော့တော့” တဲ့။ ဆရာ လုပ်နေပြန်ပြီ။ ကျွန်တော် သူ့ကို အရွဲ့တိုက်ချင်တာနဲ့ လီဗာကို ထပ်တင်လိုက်တယ်။ လီဗာကို ဆောင့်အတင်၊ မျက်နှာချင်းဆိုင်က လာနေတဲ့ ဆန်နီအပြာလေးကို ဗင်ကားအဖြူလေးက ကျော်အတက်၊ ကျွန်တော့် ဆိုင်ကယ်နဲ့ မျက်နှာချင်းအဆိုင်။ ကျွန်တော် လက်ကိုင်ကို လမ်းဘေး ဆွဲချလိုက်ရတယ်။

အဲဒါ ကျွန်တော့် နောက်ဆုံး သိတာပဲ။

***

ခဏလေးပဲ။ ခဏဆို ခဏကလေးပဲ။ ကျွန်တော် သတိရရချင်း ခေါင်းထောင်ကြည့်လိုက်တော့ လမ်းဘေး တာကျင်းထဲမှာ ဒီတီက။ ဒီတီအောက်မှာက သူငယ်ချင်း။ ဟဲ(လ်)မက်က မကျွတ်သေးဘူး။ ကျွန်တော်က ဘယ်လို ဘယ်လို လွင့်စင်လာတယ် မသိ။ တာကျင်းဘေးက ပြောင်းခင်းပေါ်က

လာတင်နေတယ်။ ကိုယ့်ကိုယ်ကို ပြန်စစ်ဆေးကြည့်တော့ အံ့သြစရာ။ ဘာဒဏ်ရာမှမရဘူး။

ဟို ကားနှစ်စင်းလည်း လစ်ပြေးကုန်ကြပြီ။ ကားနံပါတ် မပြောနဲ့၊ အကွခရာတောင် မမှတ်မိလိုက်ဘူး။

သူငယ်ချင်း ဘာဖြစ်သွားသလဲ။ ပန်းပွင့်အသည်းနဲ့ သူငယ်ချင်း၊ ဘာဖြစ်သွားသလဲ။ ဆိုင်ကယ်ကော ဘာဖြစ်သွားသလဲ။ သူတို့ဆီ ပြေးသွား။ ဆိုင်ကယ်ကို မ ဖယ်လိုက်တော့။ အား...ခနဲ သူငယ်ချင်းက အော်တယ်။ ဖူး... တော်သေးရဲ့။ သည်ကောင် မသေသေးဘူး။ သူ့ညာဘက် ပခုံးကအင်္ကျီ စုတ်ပြတ်သွားပြီး သွေးချင်းချင်း နီနေတယ်။ ခေါင်းက ဘာမှ ဖြစ်ပုံမရဘူး။ ဒါ အရေးကြီးဆုံးပဲ။ မေးစေ့ကွဲပြီး အဲဒီက သွေး တော်တော် ထွက်နေတယ်။ ရင်ဘတ်အပေါ် နီရဲ စိုရွှဲလို့။ သည်ကောင် မျက်လုံး အပြူးသားနဲ့ ကျွန်တော့်ကို ကြောင်ကြည့်နေတယ်။

"ဟေ့ကောင် ဘာဖြစ်သွားလဲ။ တို့ ဆိုင်ကယ်မှောက်တာ သိရဲ့လား" သည်ကောင် ရှုံ့မဲ့ပြီး ခေါင်းညိတ်ပြတယ်။ ဦးထုတ်ချွတ်မလို့ လက်ကို မြှောက်တော့ သူ့ညာဘက်လက်က မမြှောက်နိုင်ဘူး။

"အား... ကျွတ်... ကျွတ်... ပခုံးထဲက နာလိုက်တာကွာ" သည်ကောင် လက်မောင်းပဲ ကျိုးသွားသလား၊ ပခုံးဆစ်ပဲ ပြုတ်သွားသာလး မသိ။ တွဲထူပေးတော့လည်း မထနိုင်ပြန်ဘူး။ ညာဘက်ခြေထောက်က တရွတ်ဆွဲနေတယ်။ ကျွန်တော် ဂျိုင်းနှစ်ဖက်ကနေ မ ပြီး တာချင်းထဲက ဆွဲတင်၊ ပြောင်းခင်းအစပ်က မြက်ခင်းပေါ် လှဲသိပ်ပေးထားလိုက်တယ်။

ဆိုင်ကယ်ကို စစ်ဆေးကြည့်တော့ ရှေ့မီးလုံးကြီးနဲ့ ညာဘက်က နောက်ကြည့်မှန်ကော၊ အချက်ပြ မီးလုံးတွေပါ ကြေမွလို့။ တော်သေးရဲ့။ ဆိုင်ကယ်က နှိုးလို့ရသေးတယ်။

"ဆိုင်ကယ် အိုကေသေးတယ်။ မင်း ဘယ်လိုလဲ"

သူငယ်ချင်းက ခေါင်းယမ်းပြတယ်။ "ငါ့ ညာဘက်ပေါင် ကျိုးသွားပြီ ထင်တာပဲ။ မင်း စမ်းကြည့်စမ်းပါဦး" တဲ့။

ဟုတ်ပါရဲ့။ ဂျင်းဘောင်ဘီတောင် စုတ်ပြတ်ဖွာလန်ကြဲသွားတယ်။ ကျင်းနှုတ်ခမ်းနဲ့ ဆိုင်ကယ်ကြားမှာ ဖိညှပ်ပွတ်ဆွဲ ခံထားရပုံပဲ။ အဲသည် ပေါင်နေရာက အထိလည်း မခံနိုင်ဘူး။ လှုပ်လည်း မလှုပ်နိုင်ဘူး။

"မင်း ဆိုင်ကယ်ပေါ် ထိုင်လိုက်နိုင်မလား။ ဆိုင်ကယ်က

မောင်းလို့ရသေးတယ်”

“မဖြစ်ဘူး၊ မဖြစ်ဘူး။ အား… ကျွတ်… ကျွတ်…။ မင်း… ကားတစ်စင်းစင်းသာ ရအောင်တား”

ကျွန်တော် သူငယ်ချင်းပါးစပ်ထဲ ပီကေတစ်ခု ထည့်ပေးလိုက်တယ်။ သူက ထွေးထုတ်ပစ်တယ်။

“မဝါးနိုင်ဘူး၊ မေးရိုးထဲက နာတယ်ကွ”

ကျွန်တော်လည်း ပီကေဝါးရင်း ကားတွေ မျှော်ရတယ်။ နေကလည်း ပူလိုက်တာ၊ မွန်းလွဲချိန်ဟာ ကားပြတ်တဲ့ အချိန်လား မသိဘူး။ ပထမ ကိုယ်ပိုင်ကားလေးတွေ တားကြည့်ဖို့ စဉ်းစားထားတယ်။

တော်တော်ကြာမှ ကုန်တင်ကားကြီး နှစ်စင်း ဆက်တိုက်လာတယ်။ သွားပစေဦး။

ဟော… ဟိုင်းလပ် ကားတစ်စီး။ နောက်ကတော့ ပစ္စည်းတွေနဲ့။ တားတော့ တားတာပဲ။ ရပ်မပေးဘူး။ ခဏနေတော့ ဆန်နီ ဆူပါဆလွန်း တစ်စီး။ ရပ်မပေးဘူး။ ဆက်တိုက်ပဲ၊ ဆူပါရု(ဖ်)။ အရှိန်တောင် မလျှော့ဘူး၊ ဆက်မောင်းသွားတယ်။ တော်တော်ရိုင်းတဲ့ လူတွေပါလား။ သူငယ်ချင်းကို လှမ်းကြည့်တော့ နေသာသလိုလေး မှိန်းနေတယ်။

ဟော လူစီး ဟီးနိုးကြီးတစ်စင်း၊ မတားတော့ပါဘူးလေ။ သူ့နောက်မှာ ဗင်ကားအဖြူလေး တစ်စင်း။ လမ်းမ အလယ်ကောင်ထိ သွားရပ်ပြီး တားလိုက်တယ်။ အရေးထဲ လူနှစ်ယောက်နဲ့ LA ဆိုင်ကယ် တစ်စီးက ဝေါခနဲ… ပွတ်ရှောင်သွားသေးတယ်။ ဗင်ကားသမားကို အကျိုးအကြောင်း ပြော၊ သူငယ်ချင်းကို လက်ညှိုးထိုးပြပြီး အကူအညီတောင်းတော့ ကားသမားက စကား ဝဲတဲဝဲတဲနဲ့။ ပါးစပ်ကလည်း ငြင်း၊ ခေါင်းကလည်း တယမ်းယမ်းနဲ့။ အောက်ကျို့ပြီး တောင်းပန်မလို့ ပါးစပ်ဟကာ ရှိသေး၊ ဝူးခနဲ မောင်းထွက်သွားရော။

တောက် လူတွေမှာ အကြင်နာတရား၊ မေတ္တာတရား၊ ကိုယ်ချင်းစာစိတ်တွေ သည်လောက် ခေါင်းပါးနေကြပြီလား။ နေကလည်း ပူလိုက်တာ။ ရေကလည်း ငတ်။ ပီကေ ဝါးရတာတောင် တံတွေး မထွက်တော့ဘူး။ ခေါင်းထဲကလည်း တစစ်စစ်နဲ့ ကိုက်လာတယ်။ သူငယ်ချင်းခမျာလည်း မြက်ခင်းပေါ်မှာ ပက်လက်။ နေက ပူ၊ ဒဏ်ရာတွေက နာနဲ့ သည်ကောင် တော်တော် အနေခက်မယ်။

စိတ်ဓာတ်လည်း ကျ။ ဒေါသလည်း ထွက်လာပြီ။ နောက်ထပ် လာသမျှကားတွေ လက်တားလည်း ရပ်မပေးကြဘူး။ လက်ထဲမှာသာ သေနတ်

တစ်လက်ရှိရင် ကားသမား နားထင်တွေပြီး ခိုင်းမိမှာ အသေအချာပဲ။ အေး လေ၊ မင်းတို့ အလှည့်ပေါ့။ ကိုယ့်အလှည့်ကျမှ လောကကြီးကို အချဉ်ဖောက်ပစ်လိုက်ဦးမယ်။

လောလောဆယ်... သူငယ်ချင်းဆီ ပြေးရတယ်။ သည်ကောင် တော်တော် လေသံပျော့နေပြီ။ ရေက ငတ်၊ ခေါင်းက မူး၊ ဒဏ်ရာက နာ၊ မျက်စိတွေကလည်း ပြာဆိုပဲ။ တော်သေးရဲ့၊ ဒဏ်ရာတွေက သွေးတိတ်နေပြီ။ အနီးအနားမှာလည်း ရွာဆက်က ပြတ်။ လူစသူစလည်း မတွေ့ရ။ အားတင်းထားစမ်း သူငယ်ချင်း။

နောက်ဆုံးတော့ သူငယ်ချင်းကို လှည်းလမ်းကြောင်းကလေး နံဘေးက ထနောင်းပင် ပုပုလေးအောက်ကို ရွှေ့ပေးထားလိုက်ရတယ်။ မတတ်နိုင်တော့ဘူး။ အားပေးစကားတွေ တတွတ်တွတ်ပြောပြီး ထားပစ်ခဲ့ရတယ်။ ဆိုင်ကယ်နဲ့ အနီးဆုံး မြို့ကလေးကို သွားမယ်။ ပိုက်ဆံ ဘယ်လောက် ပေးရ၊ ပေးရ၊ ကားတစ်စင်း ရအောင် ငှားမယ်။ သူငယ်ချင်းကို ဆေးရုံ အမြန်ဆုံး ပို့ပေးရမယ်။

သူငယ်ချင်းက လေသံပျော့ကလေးနဲ့ မြန်မြန် ပြန်လာခဲ့ကွာ တဲ့။ အဆင်ပြေမှာပါ သူငယ်ချင်း။

***

အဆင်ပြေတယ်လို့ ပြောရမှာပါပဲ။ မြို့ကလေးကလည်း သိပ်မဝေး၊ အကူအညီ ပေးမယ့် (အငှားလိုက်မယ့်) ကားကလည်း အဆင်သင့်တွေ့တော့ တစ်နာရီလောက်ပဲ ကြာမယ်။ သူငယ်ချင်းဆီ ပြန်ရောက်လာတယ်။

အဲဒီ တစ်နာရီအတွင်းမှာ ဘာတွေက ဘယ်လို ဖြစ်ပျက်ကုန်တယ် မသိဘူး။ သူငယ်ချင်း မရှိတော့ဘူး။ မေးရမြန်းရအောင်ကလည်း လူရိပ် လူယောင် မမြင်။ သည်ကောင် သူ့ဟာသူ ထ သွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက် ခေါ်သွားလို့ ဖြစ်ရမယ်။ အသိ တစ်ယောက်ယောက်များ မြင်သွားတွေ့သွားပြီး အိမ်ပြန်ခေါ်သွားသလား။ ဆေးရုံပဲ တန်းပို့လိုက်ပြီလား။ ကျွန်တော်လည်း တော်တော် ဦးနှောက်စားသွားတယ်။ ဘာမှလည်း ခြေရာ လက်ရာ မကျန်ရစ်။ မသကာ စာတစ်စောင်လောက် ရေးထားခဲ့ပြီး ခဲနဲ့ ဖိထားခဲ့ဦး၊ ရတယ်။ တော်တော်ခက်တဲ့ ကောင်။

ကျွန်တော်လည်း ကားသမားနဲ့ ပြေလည်အောင် လုပ်ပြီး သူငယ်ချင်းအိမ် တန်းပြန်လာခဲ့တယ်။ သူငယ်ချင်းအိမ် ရောက်တော့ သည်ကောင် မရှိဘူး။ သည်သတင်းတောင် ကျွန်တော်ပြောမှ သိကြတာ။ တစ်အိမ်လုံး

ပျာယာခတ်သွားတာပေါ့။ အဲ... သူငယ်ချင်းအဖေ အန်ကယ်ကြီးကတော့ ခေါင်းအေးအေးပဲ။ ဆေးရုံတွေ ဖုန်းဆက်မေးတယ်။ သူငယ်ချင်း နာမည်နဲ့ အင်္ကျီဆင်တူကောင်လေးတစ် မလာဘူးတဲ့။ သူ့ မိတ်ဆွေ၊ အပေါင်းအသင်းတွေ လက်လှမ်းမီသမျှ ဖုန်းဆက်တန် ဆက်၊ ကျွန်တော်ကိုယ်တိုင် လိုက်မေးတန် မေး၊ ဘာ သတင်းအစအနမှ မရဘူး။

ပြဿနာက တစ်စတစ်စ ကြီးထွားလာပြီ။ တိမ်မယောင်နဲ့ နက်၊ လွယ်မယောင်နဲ့ ခက်လာတယ်။ ရဲကို လူပျောက်မှုနဲ့ တိုင်ချက်ဖွင့်ထားပါလား ပြောတော့ အန်ကယ်ကြီးက သဘောမတူပြန်ဘူး။ သူ့နည်းသူ့ဟန်နဲ့ ရှာမယ်တဲ့။ သည်ကောင် တစ်နည်းနည်းနဲ့ သူ့ဟာသူ ဆက်သွယ်လာမှာပါ တဲ့။ အန်ကယ်ကြီးကလည်း အေးစက်စက်နဲ့ တစ်မျိုးပဲ။

သည်လိုနဲ့ သတင်းလေး စုံစမ်းလိုက်၊ သူ့ဘက်က ဆက်သွယ်လာမလား စောင့်လိုက်၊ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ကြားခံပြီး ကြာလာလိုက်တာ သုံးလလောက်ကြာမှ သတင်းရတော့တယ်။ သူ့ကို ထားခဲ့တဲ့ နေရာနဲ့ ဆယ်မိုင်လောက် ဝေးတဲ့ ချောင်ကျကျ ရွာကလေးတစ်ရွာမှာ ရှိနေတယ် ဆိုပဲ။ သည်ကောင်က လူတစ်မျိုး၊ ခပ်ကြောင်ကြောင်ရယ်။ ဘာကြောင့်များ သည်လောက်ကြာကြာ ရွာကလေးမှာ သောင်တင်နေပါလိမ့်။ သတင်းလည်း သေချာရော။ အန်ကယ်ကြီးနဲ့ ကျွန်တော် သူ့ကို ပြန်ခေါ်ဖို့ အန်ကယ်ကြီး ကားနဲ့ပဲ ထွက်လာခဲ့ကြတယ်။

***

ကျွန်တော်တို့ကို မြင်တော့ သည်ကောင်က ပြုံးတယ်။ အံ့မယ် အေးအေး ဆေးဆေးလေးပဲ။ လမ်းလည်း လျှောက်နိုင်နေပြီ။ ထော့နဲ့၊ ထော့နဲ့တောင် မဖြစ်ဘူး။

ထင်ထားတာက ကျွန်တော်တို့ကို မြင်လိုက်ရင် ရုတ်တရက် အံ့သြသွား၊ အူယားဖားယား ပြေးလာပြီး ဝမ်းသာအားရ ဖက်လှဲတကင်း နှုတ်ဆက်လိမ့်မယ် ထင်ထားတာ။ ခုတော့ အေးတိအေးစက် အပြုံးနဲ့။

ကျွန်တော်တို့မှာ ကားကလေးကိုလည်း ရွာအရောက် ခဲရာခဲဆစ် မောင်းလာရသေး။ သူ ရှိနေတယ်ဆိုတဲ့ ယာခင်းထဲက တဲကလေး အရောက် မိုင်ဝက်လောက် လမ်းလျှောက်လာရသေး။ သူနဲ့တွေ့တော့ မန္တေးထွေးလိုက်တာ။

“လာ... သူငယ်ချင်း၊ လာ... အဖေ” ဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို တဲရှေ့က ကွပ်ပျစ်ကလေးပေါ် ထိုင်ခိုင်းတယ်။ ပြောပုံက ကြည့်ဦး။ “အဘ...

ညှော်သည့်တွေ လာတယ်” တဲ့။ အန်ကယ်ကြီးက သူ့သားကို မျက်မှောင်ကြုတ်ပြီး အကဲခတ်နေလေရဲ့။ ခဏနေတော့ ယာခင်းထဲက အဘိုးကြီးတစ်ယောက် ထွက်လာတယ်။ အသက် ၇၀ ကျော်လောက် ရှိပေမယ့် သန်တုန်းမြန်တုန်း ပုံစံပဲ။ ကွပ်ပျစ်ပေါ် ဝင်ထိုင်ပြီး၊ ခေါင်းပေါင်းဖြုတ်ပြီး ချွေးသုတ်နေတယ်။ တဲကလေးထဲကလည်း ကောင်မလေးတစ်ယောက် ထွက်လာတယ်။ အသက် ၁၇၊ ၁၈။ ညိုညိုတုတ်တုတ်နဲ့ တောသူရုပ်ကလေးပေါ့။ ရေနွေးကြမ်းနဲ့ ပဲကြော် လာချတယ်။ ပြီးတော့ တဲလေးထဲ ပြန်ဝင်သွားရော။

အန်ကယ်ကြီးကတော့ မျက်မှောင်တတွန့်တွန့်နဲ့ ပေါ့။ ပဟေဠိ တစ်ပုဒ်ကို အဖြေရှာသလို အားလုံးကို လိုက်ကြည့်နေတယ်။

“ဒါက ကျွန်တော့်အဖေ၊ သူက ကျွန်တော်နဲ့အတူ ဆိုင်ကယ်စီးခဲ့တဲ့ သူငယ်ချင်း”

“ဒါက ကျွန်တော့်ကို ကယ်ထားတဲ့ အဘ။ ခုနက ညီမလေးက အဘရဲ့မြေး”

သည်ကောင် တစ်ယောက်တည်း ဒိုင်ခံမိတ်ဆက်ပေးနေပြီး ဖြစ်ကြောင်းကုန်စင် သူပဲ ဒိုင်ခံ ပြောတော့တာပဲ။ သည်ကောင် ပြောပုံနဲ့ သူ့ဇာတ်လမ်းက ဗွီဒီယိုရိုက်ရင်တောင် ခပ်ကောင်းကောင်း။ ကျွန်တော် ထွက်သွားပြီး မကြာခင် သူလည်း သတိလစ်သွားရောတဲ့။ သူ သတိလစ်နေတုန်း အဘိုးကြီးက လှည်းနဲ့ ရောက်လာတာ။ လူငယ်တစ်ယောက်၊ ဒဏ်ရာဗရပွ၊ သွေးသံတရဲရဲနဲ့ သတိလစ်နေ၊ အဖော်လည်း တစ်ယောက်မှ မတွေ့တာနဲ့ လှည်းပေါ်ပွေ့တင်၊ ခု သည်ယာခင်းထဲက တဲလေးဆီ ခေါ်လာခဲ့တာ တဲ့။ တဲဆီရောက်တော့ သတိပြန်ရသတဲ့။ ကျွန်တော့်ကို သတိရပြီး ရွာထဲက လူတစ်ယောက်ကို လွှတ်၊ ကျွန်တော့်ကို စောင့်ပြီး ခေါ်ခဲ့ဖို့ ခိုင်းတော့ ညနေ မှောင်တဲ့အထိ စောင့်တာတောင် ကျွန်တော်က ပေါ်မလာဘူး တဲ့။ အမှန်က ကျွန်တော် သူ့ကို မတွေ့လို့ ပြန်သွားပြီးမှ ရွာကလူ ရောက်သွားပုံရတယ်။

ဒါနဲ့ပဲ သူလည်း ယာခင်းကလေးမှာ သောင်တင်၊ မြေးအဘိုးနှစ်ယောက်ရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ ကျန်းမာလာ။ ပခုံးဆစ် လွဲပြီး ပေါင်ရိုး အက်သွားတာလည်း တိုင်းရင်းဆေးနဲ့ပဲ ကောင်းသွားဆိုပဲ။

“တကယ်တော့ အဖေရာ ကျွန်တော်လည်း လူအမျိုးမျိုးနဲ့ တွေ့ကြုံဖူးခဲ့ပါပြီ။ လူသားတွေဟာ ပခုံးနှစ်ဖက်ကြားမှာ ခေါင်းပေါက်တာခြင်း တူပေမယ့်…”

ဆိုပြီး သည်ကောင် ဝတ္ထုတွေထဲကလို လေကြောရှည်မလို့ စကားစ စ တုန်း အန်ကယ်ကြီးက လက်ကာပြလိုက်တယ်။ ငါ့သား… မင်းစကားတွေ သိပ်များနေပြီ

တော်တော့… တဲ့။ တစ်ခါ အဘိုးကြီးဘက် လှည့်ပြီး

"ကိုင်း… ဘကြီး၊ ကျွန်တော်တို့မှာလည်း သိပ်အချိန်ရတာ မဟုတ်ဘူး။ ဘကြီးတို့ ကျေးဇူးဟာ တန်ဖိုး မဖြတ်နိုင်လောက်အောင် ကြီးတယ် ဆိုတာလည်း ကျွန်တော် သဘောပေါက်ပါတယ်။ သည်ကောင်ရဲ့ အသက်သခင်ဆိုလည်း ဟုတ်ပါတယ်။ သူ့ကို ပြုစုစောင့်ရှောက်ခဲ့ရတာ နည်းတဲ့ဒုက္ခ မဟုတ်ဘူး။ အိမ်ကို တစ်နည်းနည်းနဲ့ အကြောင်းကြားရင် ရသားနဲ့ သူများကို ဒုက္ခပေးတဲ့ကောင်။ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ကန်တော့တယ်လို့ သဘောထားပါ။ ကျွန်တော် ငွေသုံးသောင်း ကန်တော့ခဲ့ပါမယ်။ ကဲ… ဟေ့ကောင် အောက်ဆင်း၊ မင်းအဘကို ထိုင်ကန်တော့" ဆိုပြီး အန်ကယ်ကြီးက ငွေသုံးသောင်းကို အဘိုးကြီးရှေ့ချ၊ သူ့သားကို ထိုင်ကန်တော့ ခိုင်းတယ်။

အဘိုးကြီးက ခေါင်းတယမ်းယမ်းနဲ့။ အဘ နည်းနည်းလောက် ပြောပါရစေ ဆိုပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီး နှစ်ဖွာ၊ သုံးဖွာလောက် ဖွာနေလိုက်သေးတယ်။ ကောင်မလေးကလည်း မလှမ်းမကမ်းမှာ မယောင်မလည်နဲ့ ရပ်လို့။

ဗုဒ္ဓဘာသာအရ အဘတို့တစ်တွေဟာ သံသရာ ခရီးသွားတွေပါ တဲ့။ နိဗ္ဗာန် မရမချင်း သံသရာ ခရီးသွားတွေဟာ တွေ့ဆုံကြုံကြွဲ ဖြစ်မြဲမမွတာ ပါပဲတဲ့။ တွေ့တုန်း ကြုံတုန်းမှာ ကတညုတ၊ ကတဝေဒီ ဆိုသလို ကျေးဇူးကို မမေ့တာ၊ တတ်နိုင်သလောက် ကျေးဇူးပြုတာ သူတော်ကောင်း လက္ခဏာပါတဲ့။ အဘ သည်ကလေးကို ကျေးဇူးပြုခဲ့တာလည်း သံသရာတစ်ကွေ့က သူ့ရဲ့ကျေးဇူး ရှိလို့သာ ခုလို ဆပ်ခွင့်ကြုံလာတာပဲလို့ သဘောထားပြီး ဘာကိုမှ မမျှော်ကိုးတဲ့ စိတ်ရင်းနဲ့ စောင့်ရှောက်ခဲ့တာပါတဲ့။ သည်ငွေတွေကိုလည်း အလှူအတန်း တစ်ခုခု လုပ်လိုက်ပါ။ အဘ … သာဓုခေါ်ပါမယ် တဲ့။ အဘကတော့ ကတညုတ၊ ကတဝေဒီ ကျေးဇူးတာဝန်ကျေတဲ့ သံသရာ ခရီးသွားတစ်ယောက် ဖြစ်ရတာကိုပဲ ကျေနပ်ပီတိ ဖြစ်ရပါပြီတဲ့။ အဲသလို အဘိုးကြီးက ပြောပြီး ငွေတွေ လက်မခံဘူး။ ပြန်ပေးတယ်။

အန်ကယ်ကြီး ဆိုတဲ့ လူကလည်း တကယ့်လက်တွေ့ သမား၊ ပြတ်ပြတ်ပဲ။ လက်မခံဘူးဆိုမှတော့ နှစ်ခါ ထပ်မပေးဘူး။ ပိုက်ဆံတွေ အိတ်ထဲ ပြန်ထည့်တယ်။ ဒါဆိုလည်း ကျွန်တော်တို့ကို ခွင့်ပြုပါဦးတဲ့။ "ဟေ့ကောင်၊ လာ သွားစို့" ဆိုပြီး သူ့သားကို ခေါ်တယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရဲ့ ပန်းပွင့်အသည်းနဲ့ သူငယ်ချင်းလေ။ သူ့စကားကြောင့် အားလုံး အံ့အားသင့်ကုန်တယ်။

"လောလောဆယ်တော့ ကျွန်တော် မလိုက်နိုင်သေးဘူး အဖေ"တဲ့။ အန်ကယ်ကြီး စိတ်တိုသွားတာပေါ့။ သူ့သားကို မျက်မှောင်ကြုတ် ကြည့်၊ "သောက်ရူး"လို့ တစ်ခွန်းဆဲပြီး ချာခနဲ လှည့်ထွက်သွားတယ်။ သူငယ်ချင်း ဘယ်လိုများ ဆုံးဖြတ်လိုက်တာပါလိမ့်။ ကျွန်တော် သည်ကောင်ကြီးကို

ယာခင်းအစပ်နား ဆွဲခေါ်သွားပြီး ပြန်လိုက်ခဲ့ဖို့ အမျိုးမျိုး နားချတယ်။ မရဘူး။ တော်တော် ခေါင်းမာတဲ့ကောင် ဖြစ်နေပါရောလား။

“ဟေ့ကောင်၊ အဘပြောသလို သံသရာခရီးသွားတွေ၊ ကြုံထိုက်မှ ကြုံ၊ ဆုံထိုက်မှ ဆုံကြတယ်ဆိုတာ မင်းယုံလား” တဲ့။ သည်ကောင် ဘာကို ဆိုလိုတာပါလိမ့်။

“မင်း ဆိုင်ကယ်နဲ့ တိုက်ပစ်ခဲ့တဲ့၊ ဈေးဗန်းရော လူပါ လမ်းပေါ် လွင့်စင်ကျန်ရစ်ခဲ့တဲ့ ဈေးသည်လေးဟာ ခုနက ရေနွေးကြမ်း လာချတဲ့ အဘရဲ့ မြေးမလေးပဲ” တဲ့။

“ဟေ... ဟုတ်လား” တိုက်ဆိုင်မှုကိုတော့ ကျွန်တော် တကယ်ကို အံ့သြသွားတယ်။

“သူ့ကို တိုက်ခဲ့တဲ့ တရားခံဟာ မင်းနဲ့ငါပါလို့ ခုထိ ငါ ဝန်မခံရဲသေးဘူး။ ဖွင့်ပြောရဲတဲ့ သတ္တိ မရှိသေးဘူး။”

“ဘာပဲဖြစ်ဖြစ် ငါ့မှာ တာဝန်ရှိနေပြီ။ ငါ့အလှည့် ရောက်နေပြီ။ ဒါကြောင့်... လောလောဆယ်... ငါ... မလိုက်နိုင်သေးတာပဲ။ ဒီတစ်ခါတော့ ငါဟာ အဘပြောသလိုပေါ့ကွာ။ တာဝန်ကျေတဲ့ သံသရာ ခရီးသွားတစ်ယောက် ဖြစ်အောင် နေသွားဖို့ ငါ့ကိုယ်ငါ ဆုံးဖြတ်ထားတယ်။ Dutiful Trabeller ပေါ့ကွာ၊ ဟားဟား”

သူငယ်ချင်းက ကျေကျေနပ်နပ်ကြီး ရယ်မောနေတယ်။ကျွန်တော် သူ့ကို သဘောပေါက်လိုက်ပါပြီ။

သြော်...

ပန်းပွင့်အသည်းနဲ့ သူငယ်ချင်း သို့မဟုတ် Dutiful Traveller.

[ဟန်သစ်မဂ္ဂဇင်း၊ အမှတ်(၅၇)။ မတ်လ၊ ၁၉၉၅]

နာရီထဲက တံလျှပ်များ

နွေနေသည် ပူပြင်းလွန်းလှ၏။ မိုးကုတ်-မန္တလေး ကားလမ်း တစ်လျှောက်တွင် တံလျှပ်တို့သည် ရေအယောင် ဆောင်နေကြ၏။

လွန်ခဲ့သော ဆယ်စုနှစ် စွန်းစွန်း အချိန်က ကားလမ်းဘေး ဝဲယာရှိ ရွာကလေးများသည် လူနေ ကျဲပါးခြောက်သွေ့ခဲ့သော်လည်း ယနေ့အချိန်မှာတော့ ရွှေကျင်၊ ရွှေတူး၊ ရွှေကောက်၊ ရွှေဝယ်သည့် ရွှေတောစခန်း ကျေးရွာကြီးများအဖြစ် စည်ကား ဖွံ့ဖြိုးနေလေပြီ။

ကားလမ်းပေါ်ဝယ် ၃က/... နံပါတ် ဆန်နီ ဆူပါဆလွန်း ကားကလေးသည် တံလျှပ်များကို ထိုးခွဲကာ တရိပ်ရိပ် ပြေးသွားနေရာမှ တစ်ခုသော ကျေးရွာစခန်းကြီးက ဆေးခန်းကြီးတစ်ခုရှေ့မှာ ငြိမ်ခနဲ ထိုးရပ်လိုက်လေ၏။ ကားမောင်းသည့် ပုဂ္ဂိုလ်လေးသည် ဆေးခန်းထဲမှာ လူရိပ်လူယောင် မမြင်သဖြင့် တတီတီ ဟွန်းသံပေးလိုက်၏။

ဆေးခန်းတွင်း ဆရာဝန် နားနေခန်းထဲမှာ ရုပ်ပြကာတွန်း တစ်အုပ်ဖြင့် ဇိမ်ကျနေသော ပုဂ္ဂိုလ်သည်လည်း ဆေးခန်းရှေ့သို့ ကဗျာကယာ ပြေးထွက်လာခဲ့ရတော့၏။ အဖိုးတန် ကားတစ်စီး၊ ပြောင်ပြောင်လက်လက် ဝတ်စားဆင်ယင်ထားသည့် လူငယ်လင်မယားစုံတွဲကို မြင်တော့ မျက်မှောင် ကုတ်မိသွားသည်။

“ဘာကိစ္စလဲ ဟော့”

ဇိမ်ပျက်သွားသောကြောင့် ပုဂ္ဂိုလ်သည် သူ့လေသံနှင့် မျက်နှာပေး နည်းနည်း မာသွားသည်ကို ဂရုပြုမိလိုက်သော်လည်း သူ့နောင်တက နောက်ကျသွားပြီ။

“ဆေးထိုးချင်လို့ပါ ဒေါက်တာ”

တော်သေးရဲ့။ ယောကျ်ားဖြစ်သူက အသံ အနည်းငယ် ဝဲသယောင် ရှိသော်လည်း ပီပီသသ၊ ယဉ်ယဉ်ကျေးကျေးပင် ပြောလေသည်။ ဆေးထိုးချင်လို့ပါ ဒေါက်တာ ဆိုပဲ။

ဒေါက်တာသည် သဘောကျစွာ ပြုံးလိုက်၏။ အသံကိုလည်း တက်နိုင်သမျှ ချိုသာစေ၊ စကားလုံးကိုလည်း တတ်နိုင်သမျှ ခံ့ညားစေလျက်...

"အိုကေ၊ ရတာပေါ့။ လာ... လာ၊ ဘာဖြစ်သလဲ။ ခရီးပန်းလာကြတယ် ထင်တယ်"

"ဟုတ်တယ် ဒေါက်တာ။ ကျွန်တော်တို့ မိုးကုတ်က လာတာ။ မန္တလေးအထိ သွားရမှာ"

"အင်း ဆိုပါဦး။ ခု ဘယ်သူက ဘာဖြစ်လို့လဲ"

"သူက ခေါင်းမူးလို့တဲ့ ဒေါက်တာ။ အားဆေးပုလင်းကြီး သွင်းချင်လို့တဲ့။ အဲဒါ ဘယ်လောက်ကျမလဲ။ ဘယ်လောက်ကြာမလဲ"

"ဟာ လော်ပန်ကြီးကလည်း ဘယ်လောက်ကျမလဲတွေ မေးမနေပါနဲ့။ အကောင်းဆုံး လုပ်ပေးမှာပေါ့။ ကားကို အရိပ်အောက် ရွှေ့ထားလိုက်ပါလား။ ပုလင်းကြီး ချိတ်မှာဆိုတော့ သုံးနာရီလောက်တော့ ကြာမယ်လေ"

လော်ပန်လင်မယားသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ နောက်တော့ မိန်းမဖြစ်သူက လက်ကိုင်အိတ်ကြီးကို ပွေ့ပြီး ဆေးခန်းရှေ့ ထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။ ယောကျ်ားဖြစ်သူလည်း ကားကို နေရိပ်ရှိရာသို့ မောင်းရွှေ့နေလေ၏။

ဒေါက်တာ ပြုံးလိုက်သည်။ သူ့စည်းရုံးရေး အောင်မြင်သွားပြီ။ လော်ပန်ကြီးဟုသာ ခေါ်လိုက်ရသည်။ ပုဂ္ဂိုလ်လေးက သူနှင့် မတိမ်းမယိမ်း။ အသက် ၃၀ လောက်ပဲ ရှိဦးမည်။ အဖိုးတန် အဝတ်အစားတွေ ဝတ်ဆင်ထားသော်လည်း သူ့ဥပဓိရုပ်က မပြောင်ရောင်၊ မသားနား။ ခန္ဓာကိုယ်ကလည်း မထွားကြိုင်း၊ မဆူဖြိုး။ လူဗလံလေးမျှသာ။ နီစပ်စပ်မျက်နှာမှာ ဝက်ခြံပုန်းတွေက ထူနေလိုက်သေး။ သွားတွေကလည်း ကွမ်းစားလွန်းသောကြောင့် ဖြစ်မည်။ နီကျင်ကျင် ဖြစ်နေ၏။

ထိုင်ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေသော လော်ပန်ကတော် ကိုလည်း ကြည့်လိုက်ဦး။ အသက်ကတော့ ၂၀ ကျော်ကျော်လောက်ပဲ ရှိဦးမည်။ အကြေကောက်ဆံပင်က သန့်ရှင်းမှုနည်းသဖြင့် နီမွဲခြောက်သယောင်းပြီး ပြောင်းဖူးမွေးခြောက်လို ဖြစ်နေသည်။ မိတ်ကပ်၊ နှုတ်ခမ်းနီတွေကလည်း လိုသည်ထက် ပိုနေပုံရသည်။ သူ မိန်းမတွေ အလှပြင်ပုံကို အသေးစိတ် နားမလည်ပါ။ သို့သော် လိမ်းခြယ်ထားမှုက ကြည့်မကောင်းတာတော့ အမှန်ပင်။ အဖိုးတန် အဝတ်အစားနှင့် ရွှေငွေအချို့ ဝတ်ဆင်ထားသော်လည်း နဂိုရည် မရှိသည်က ထင်ရှားလှသည်။

ကေန္တ သည့်လင်မယား ပွပေါက်တစ်ခုခု တိုးထားသည်မှာ

သိပ်ကြာလှသေးပုံ မပေါ်။ ပိုင်ဆိုင်ထားသည့် ဥစ္စာဓနနှင့် သူတို့၏ အရောင်အဝါက လိုက်လျောညီထွေ မရှိလှ။ သည်လိုပါပဲလေ သူတို့လောက က ခု လမ်းဘေးရောက်နေသော်လည်း တော်ကြာ ရွှေပုံပေါ်မှာ ထိုင်ချင် ထိုင်ရတတ်တာမျိုးကလား။ သို့သော် လောပန်လေး ကားမောင်းပုံ၊ ကားရွှေ့ပုံတွေက အထူးပင် သေသပ် ကျွမ်းကျင်နေပြန်တော့ အကဲခတ်ရ ခက်လှသည်။ ဘာပဲဖြစ်ဖြစ်လေ သူ့ဟာသူ မနေ့တစ်နေ့ကပဲ ချမ်းသာ ချမ်းသာ၊ အရင်ဘဝကပဲ ချမ်းသာ ချမ်းသာ၊ လောလောဆယ် ကိုယ့်အပေါ်မှာ ယုံကြည်အားထားမှု အပြည့်ရှိဖို့နှင့် ကိုယ်တောင်းသည့် ဆေးဖိုးဝါးခ ရှောရှောရှူရှူ ပေးဖို့က အဓိက မဟုတ်ပါလား။

ဒေါက်တာလည်း လော်ပန်ကတော်လေးကို အားဆေးပုလင်း ချိတ်ဖို့ ထုံးစံအတိုင်း ပြင်ဆင် ဖျော်စပ်လေတော့၏။

ဒေါက်တာ အားဆေးပုလင်း ဖျော်စပ်နေစဉ် လော်ပန်လင်မယားကလည်း ဆေးခန်းတစ်ခုလုံးကို စေ့စေ့စပ်စပ် အကဲခတ်နေ၏။ လမ်းတုန်းက နာမည်ကြီးသည့် ဆေးခန်းကို မေးတိုင်း သည်ဆေးခန်းကိုပဲ လက်ညှိုးညွှန်ကြသည်။ ခုကျတော့လည်း လူနာတစ်ယောက်မျှ မရှိပါလား။ ပြီးတော့ ဆရာ ဝန်ကလည်း ကျောင်းဆင်းစ ဖြစ်ဟန်တူသည်။ နာမည်ဂုဏ်နှင့် မလိုက်၊ အသက်အရွယ် ငယ်လွန်းလှသည်။ ဆရာဝန်၏ ဥပဓိကိုလည်း သူတို့ သဘောမတွေ့လှ။ ဟိတ်ဟန် သေးနုတ်လှသည်။ တော်သေးရဲ့၊ ဆေးခန်း အဆင်အပြင်၊ ဆေးဗီရိုတွေကတော့ဖြင့် ခံ့ညားထည်ဝါ ပါပေ၏။ တီဗီတွေ၊ ပန်ကာတွေ၊ လျှပ်စစ်မီးလုံးတွေနှင့်။ ဆေးဗီရိုတွေထဲမှာလည်း ဘီပီအိုင်ဆေး၊ နိုင်ငံခြားဆေးတွေ စုံလင်လှသည်။ ဆရာဝန် ဥပဓိသည် အဓိက မဟုတ်။ ဆေး ကောင်းကောင်းကိုင်ဖို့၊ ရောဂါ မြန်မြန်ပျောက်ဖို့က အဓိက မဟုတ်ပါလား။

ရောဂါ မြန်မြန်ပျောက်ဖို့ဟုသာ ပြောရသည်။ သူ့မိန်းမ ဘာမျှ မဖြစ်မှန်း လော်ပန်လေးက သိနေပြန်သည်။ ခရီးဝေးဝေး ကားစီးရလို့ မူးတာကို ကြီးကြီးကျယ်ကျယ် အားဆေးပုလင်း သွင်းချင်သတဲ့။ ခါတိုင်းလိုသာ ဆိုလျှင်တော့ တစ်တစ်ခွခွ ပြောပစ်လိုက်မိမည်မှာ အသေအချာပင်။ သည်နေ့တော့ သူ့ဆန္ဒကို အစစ လိုက်လျောဖို့ ဆုံးဖြတ်ထားသည်။ ပြီးတော့ မယ်မင်းကြီးမ ပုလင်းချိတ်နေစဉ် သူလည်း အနားယူပြီး တစ်ခွက်တစ်ဖလား မော့ဖို့ စိတ်ကူးထားလေသည်။

“ကျွန်မကို သွေးချိန်ပေးပါဦး ဒေါက်တာ”

“ဗျာ”

“ဩော် သွေးပေါင်များ ကျနေမလားလို့ပါ။ ကျွန်မက သွေးပေါင်ကျရင် ဒီလိုပဲ မူးတတ်တယ် ဒေါက်တာရဲ့”

"ဟုတ်လား။ ရတယ်၊ ရတယ်၊ ချိန်ပေးမယ်လေ"

ဒေါက်တာသည် နားကျပ်နှင့် သွေးချိန်တိုင်း ကိရိယာကို တော်တော်ပင် ရှာယူနေရ၏။ သွေးပေါင် ချိန်ပေးလိုက်ပြီး

"ဟုတ်တယ်။ သွေးပေါင် တော်တော်လေး ကျနေတယ်။ အဲဒါကြောင့် မူးတာ။ ကိစ္စ မရှိပါဘူးလေ။ ပုလင်းကြီး ချိတ်လိုက်ရင် သွေးပေါင်ပြည့်ပြီး အမူးပြေသွားမှာပါ"

"ကိုင်း ကျွန်မ မပြောလား၊ သွေးပေါင်ကျနေတာ။ ပုလင်းကြီးသွင်းမှ ကောင်းမှာပါလို့"

လော်ပန်ကတော်က သူ့ယောက်ျားကို လှမ်းပြီး မျက်စောင်းထိုး၏။ လောက်ပန်လေးက ငါးသုံးလုံးခဲရင်း ပြုံးလို့သာနေသည်။ ဒေါက်တာ သွေးကြောရှာပုံ၊ ဆေးသွင်းပုံတွေက မြန်ဆန် သေသပ်လှသည်။ တော်တော် နာမယ် ထင်ထားတာ၊ နာလည်း မနာ။ လော်ပန်ကတော်လေးက ကျေနပ်စွာ ပြုံးလျက် အဝါရောင် အားဆေးပုလင်းကြီးကို ငေးကြည့်နေလေ၏။

ဒေါက်တာ နားကျပ်တွေ၊ သွေးပေါင်ချိန်တိုင်း ကိရိယာတွေ ပြန်လည် သိမ်းဆည်းနေစဉ် လော်ပန်ကလေးသည် ဖော်ရွေသော အပြုံးဖြင့် အနား ကပ်လာ၏။

"စိတ်မရှိနဲ့နော် ဒေါက်တာ။ ဒေါက်တာ သောက်တတ်သလား"

ဒေါက်တာ မျက်ခုံးပင့်သွား၏။ နောက်မှ ပြုံးစစ မျက်နှာဖြင့်–

"ဘီယာလောက်တော့ သောက်ပါတယ်"

"ဟုတ်ပြီ ဒေါက်တာရေ၊ နေပူကလည်း ပြင်းပါဘိသနဲ့။ ရေငတ်ပြေလေး လုပ်လိုက်ကြရအောင်။ ကျွန်တော့်မှာ အသင့်ပါလာပါတယ်"

လော်ပန်လေးက ကားထဲမှ ဘီယာသံဘူးတွေကော ရမ်ပုလင်းကြီးပါ တစ်ပွေ့တစ်ပိုက်ကြီး ယူချလာ၏။ ဒေါက်တာလည်း လေချဉ်တွေ တက်ပြီး ခံတွင်းတွေ စိုလာသည်။

"ဖန်ခွက်တော့ လုပ်ဦး၊ ဒေါက်တာ"

လော်ပန်လေးက သူ့ပစ္စည်းတွေ ဆေးခန်းထဲက စားပွဲပေါ်မှာ တည်ခင်း ပြင်ဆင်နေ၏။ ဒေါက်တာ နောက်ဖေးခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ ဖန်ခွက်နှင့် ဟင်းဘူးတွေ၊ အမြည်းတွေ ပါလာ၏။

“အာလူးကြော်ရယ်၊ ဝက်အူချောင်းကြော်ရယ်၊ မနက်က ဝယ်ထားတဲ့ ကိုက်လန်ကြော်ရယ်တော့ ရှိတယ်။ ဒါဆို အမြည်းရပါပြီနော်”

“ဟာ သိပ်ပြည့်စုံ သွားပြီပေါ့ ဒေါက်တာ။ ဒီထက် ကောင်းတာတောင် ဒီလောက် မကောင်းနိုင်တော့ဘူး”

“ဟား ဟား၊ ဟား ဟား”

လော်ပန်လေးနှင့် ဒေါက်တာလေး ပြိုင်တူပင် ရယ်မောလိုက်ကြလေ၏။

လော်ပန်လေးက ဘီယာနှင့်ရမ် စပ်ပြီး သောက်သည်။ ဒေါက်တာလေးက ဘီယာချည့်သောက်သည်။ သောက်လိုက်၊ စားလိုက်၊ ငါးသုံးလုံး ဖွာလိုက်၊ စကားတွေ ပြောလိုက်နှင့် ဝိုင်းက နှစ်ယောက်တည်းနှင့် စိုပြည်နေ၏။

“သိပ်လည်း မများစေနဲ့ဦးနော်၊ ခင်ဗျား မန္တလေးထိ ကားမောင်းရဦးမှာ”

“ရပါတယ် ဒေါက်တာရယ်။ မပူစမ်းပါနဲ့။ ကျွန်တော်က မွေးကတည်းက ကားမောင်းလာတာ။ ပြီးတော့ မွေးကတည်းက အရက်သောက်လာတာ ဟား... ဟား”

လော်ပန်လေးက နည်းနည်း ထွေလာတော့ ပိုပြီး ခင်မင်စရာ ကောင်းလာ၏။ ခုတင်ပေါ်က လူနာက လှမ်းပြီး မျက်စောင်းထိုးသည်။

“ဒေါက်တာ သူ့ကို သိပ်မသောက်စေနဲ့နော်။ သူက ကြွက်တွင်း။ သောက်မိရင် တော်ချင်တာ မဟုတ်ဘူး။ မူးပြီး မန္တလေး မသွားနိုင် ဖြစ်နေဦးမယ်”

“စိတ်ချပါ၊ ခင်ဗျား အမူးပြေတဲ့ အချိန် သူလည်း အမူးပြေသွားမှာပါ။ ဟဲ... ဟဲ”

ဒေါက်တာလည်း ဘီယာ တန်ခိုးဖြင့် အာသွက်၊ လျှာသွက် ဖြစ်လာလေ၏။

ဘယ်ဘဝက ရေစက်လည်း မသိ။ စကားကလည်း ပြောလို့ကောင်းလှသည်။ သို့သော် ထန်းရည်မူး ကျွဲခိုးပေါ် ဆိုသလို စကားအမှား မပါရအောင်၊ တစ်ဦးနှင့်တစ်ဦး ငြိုငြင်မှု မဖြစ်ရအောင် နှစ်ဦးစလုံးပင် သတိကလေးတွေတော့ ထားနေကြ၏။

“ကျွန်တော်က လိုင်းစုံ မကိုင်ဘူး။ အနီတစ်မျိုးပဲ ကိုင်တာ။ အနီတောင် အဲ... ဒေါက်တာ နားလည်အောင် ပြောရရင် ပတ္တမြားပေါ့ ဒေါက်တာ။ ကြိုက်တာတွေ့ရင် ဝယ်တယ်။ ကြိုက်ဈေးရရင် ရောင်းတယ်။ ကြိုက်ဈေးမရ သိမ်းထားလိုက်တာပဲ။ ကိုယ့်ငွေနဲ့ကိုယ် ဆိုတော့ အေးအေးဆေးဆေးပဲလေ”

"ဟုတ်တာပေါ့ဗျာ။ ခင်ဗျားတို့လောက က ငွေအရင်းအနှီး တောင့်လေ ပစ္စည်းကောင်း ကိုင်နိုင်လေ၊ အမြတ်ကြီးလေပဲလို့ ကျွန်တော် ကြားဖူးထားပါတယ်"

"ဒေါက်တာလည်း ဒီမှာ အဆင်ပြေတယ် မဟုတ်လား။ကျွန်တော် လမ်းတစ်လျှောက်လုံး စုံစမ်းလာတာ ဒေါက်တာဆေးခန်းပဲ လူပြောများတယ်။ ဒီနယ်မှာတော့ ဒေါက်တာတို့လည်း နာမည်တစ်လုံးရရင် သူဌေး မကဘူး၊ သူကြွယ်ပဲနော"

"အဆင်ပြေပါတယ်ဗျာ။ နာမည်ဆိုတာကတော့ စေတနာရယ်၊ အတတ်ပညာရယ်၊ ဆေးကောင်းဝါးကောင်း ကိုင်တာရယ် ဒီသုံးခုပါပဲ။ အဲ သူကြွယ်တော့ မဖြစ်သေးပါဘူးဗျာ"

"ဒါနဲ့ ဒေါက်တာ ကားဝယ်မယ်ဆိုရင် ကျွန်တော့်ကို ပြောနော်။ ပစ်ကပ်၊ ဆလွန်း လိုချင်တာပြော။ ကျွန်တော်က ကားလည်း ဝယ်ရောင်း လုပ်တယ်။ ရော့ ပတ္တမြား၊ ရော့ ကားပေါ့"

"ကျေးဇူးပါပဲဗျာ။ ဒါပေမယ့် ခင်ဗျားလို ၃/က… ဆူပါဆလွန်း နားတော့ မကပ်နိုင်သေးဘူးဗျ"

"ဟာ ဒေါက်တာကလည်း အချင်းချင်းတွေ ဒိုင်ရှိုနေပြန်ပါပြီ။ ဒီနားမှာ အမြတ်ခွန်ရုံး မရှိပါဘူးဗျ။ ဟား ဟား"

လော်ပန်ကလေးနှင့် ဒေါက်တာလေးသည် ကိုယ့်ဂုဏ် ကိုယ်ဖော်လိုက်၊ သူ့ဂုဏ် ကိုယ်ဖော်လိုက်ဖြင့် အတိုင်အဖောက် ညီနေစဉ်မှာပင် အားဆေးပုလင်းက ကုန်သွားလေ၏။

"ဒေါက်တာ မြန်မြန်လေး၊ ကျွန်မ အပေါ့ သွားချင်လှပြီ"

လော်ပန်ကတော် အိမ်သာသွားနေစဉ် လော်ပန်လေးက ဘယ်လောက်ကျသလဲ ဒေါက်တာဟု မေး၏။

ဒေါက်တာလည်း နှုတ်သွက် အာသွက်ပင်၊ ထုံးစံအတိုင်း ယူနေကျထက် နှစ်ဆ ပိုပြီး ပြောလိုက်၏။ လော်ပန်လေးကလည်း သွက်သွက်လက်လက်ပင် ငွေထုတ်ရှင်း၏။ အနည်းငယ် ပိုနေသော ငွေကိုပင် ပြန်မအမ်းပါနှင့်၊ ကျေးဇူးတင်ပါတယ် ဟု ပြောနေသေး၏။

"ဘယ့်နှယ်လဲ၊ အမူးပြေသွားပြီလား"

နောက်ဖေးက ထွက်လာသော လော်ပန်ကတော်ကို ဒေါက်တာက ဖော်ရွေသော အပြုံးဖြင့် မေးလိုက်၏။

“ကောင်းသွားပြီ ဒေါက်တာ။ ဒေါက်တာဆေးက အရမ်းကောင်းတာပဲ။ ဒါကြောင့်လည်း ဒေါက်တာ နာမည်ကြီးတာပဲကိုး။ ဒါထက် ကျွန်မ လူကော မူးများနေပြီလား”

“ခင်ဗျားလူက အရက်ကိုးမောင်း တိုက်တောင် မူးမယ့်လူစား မဟုတ်ဘူးဗျ။ ဟား... ဟား”

“ကဲ သွားမယ်နော် ဒေါက်တာ၊ ကျေးဇူးပဲ”

လင်မယား နှစ်ယောက်စလုံးပင် ပြိုင်တူ နှုတ်ဆက်ကာ ကားဆီသို့ သွားကြလေ၏။

ထိုအချိန်တွင် မန္တလေး မိုးကုတ် ခရီးသည်တင် ကားတစ်စီးသည် ဆေးခန်းရှေ့မှာ ရပ်နေ၏။ ကားခေါင်းခန်းမှ လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်တစ်ယောက် ဆင်းလာကာ လော်ပန်လင်မယားကို တစ်လှည့်၊ ဆူပါဆလွန်း တစ်လှည့် မျက်မှောင်ကုတ်ပြီး ကြည့်နေလေ၏။ တစ်စုံတစ်ရာ မေးမည့်ဟန် ပြန်ပြီးမှ ရပ်ကြည့်နေခြင်း ဖြစ်၏။

ဆေးခန်းထဲမှ ဒေါက်တာသည် မျက်လုံး မျက်ဆန် အပြူးသားဖြင့် တံခါးအကွယ်မှာ ပုန်းနေ၏။ ခရီးသည်တင်ကားလည်း ဆေးသေတ္တာနှစ်လုံးကို ချကာ မိုးကုတ်ဘက်သို့ ခရီးဆက်သွားလေ၏။ လော်ပန်လင်မယားလည်း “သွားမယ် ဒေါက်တာ” ဟု ပြိုင်တူအော်ပြီး ဆေးခန်းဘက် လက်ပြကာ မန္တလေးဘက်သို့ ခရီးဆက်သွားလေ၏။ ထိုအခါကျမှ ဆေးခန်းထဲက ဒေါက်တာသည် စပ်ဖြဲဖြဲဖြင့် အပြင်ထွက်လာ၏။

“ဟေ့ကောင်၊ မင်း ငါမရှိတုန်း ဘာတွေ လျှောက်လုပ်နေတာတုန်း။ သေတ္တာတွေ အထဲသွင်းလေကွာ”

ပုဂ္ဂိုလ်က အော်လိုက်တော့မှ ဒေါက်တာသည် ကမန်းကတန်းဖြင့် ဆေးသေတ္တာတွေကို သယ်ပိုးသွားလေ၏။ ပြီးမှ လက်နှစ်ဖက် နောက်ပစ်ပြီး သူ့ဆရာရှေ့မှာ ကုတ်ချောင်းချောင်း ပုံစံဖြင့် ရပ်လျက်...

“ခုနက အတွဲက လော်ပန်လင်မယား ဆရာ။ မိုးကုတ်က တဲ့။ ကျွန်တော့်ကို ဆရာဝန်ထင်ပြီး အားဆေးသွင်းခိုင်းတာ။ အဲဒါ ကျွန်တော်လည်း ဆရာ့ပုံစံအတိုင်း အားဆေးသွင်းပေးလိုက်တယ်။ ပိုက်ဆံလည်း ပိုတောင်းလိုက်တယ်၊ ဘီယာလည်း သောက်လိုက်ရတယ်။ အဟဲ...”

“ဟေ့ကောင်၊ တဟဲဟဲနဲ့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်မနေနဲ့။ ကွန်ပေါင်ဒါက ဆေးကုတယ် ဆိုပြီး ငါ့ဆေးခန်း နာမည် ပျက်နေဦးမယ်။ ပြီးတော့

အဲဒီ လင်မယားက ...”

ဆရာဝန်သည် စကားကို ဆက်မပြောတော့ဘဲ အတွေးတစ်ခု ရသွား၏။ အဲသည်လင်မယားသည် တကယ်တော့ လော်ပန်လင်မယား မဟုတ်ပေ။ မိုးကုတ်က သူ့မိတ်ဆွေ ရတနာကုန်သည်ကြီး၏ ဒရိုင်ဘာနှင့် အိမ်ဖော်လင်မယားသာ ဖြစ်၏။ သူ့မိတ်ဆွေကြီး၏ ကားကလေးကိုကော၊ သည်လင်မယားကိုပါ သူ ကောင်းကောင်း မှတ်မိသည်။ ဒရိုင်ဘာ လင်မယားက လော်ပန်လင်မယား ဂိုက်ဖမ်းပြီး မန္တလေး သွားကြတာကတော့ သူ့အကြောင်းနှင့်သူ ရှိပေမည်။ သူ့တပည့် ကွန်ပေါင်ဒါကတော့ လော်ပန်လင်မယား အစစ်ပဲ ထင်နေသည်။ အဲသည် လင်မယားက လော်ပန်အတု ကွ။ ဒရိုင်ဘာ လင်မယားကွ။ မင်းတို့အချင်းချင်း ခေါ်သည်နဲ့ ဆားသည် တွေ့မှ တွေ့တတ်ပလေ” ဟု ရယ်ပွဲဖွဲ့မလို့ စကား စပြီးမှ အတွေးတစ်ခု ပေါ်လာခြင်း ဖြစ်၏။

ပြီးခဲ့သည့် သုံးနာရီအတွင်းမှာ ဒရိုင်ဘာ လင်မယားသည် သူ့တပည့် ကွန်ပေါင်ဒါကို ဆရာဝန်အစစ်ဟု သတ်မှတ်ခဲ့သည်။ သူ့တပည့်ကလည်း ဆရာဝန်အစစ်၏ ခံစားမှုဖြင့် က ပြခဲ့သည်။ သရုပ်ဆောင်ခဲ့သည်။ တစ်ခါ သူ့တပည့်သည် ဒရိုင်ဘာ လင်မယားကို လော်ပန်လင်မယားအဖြစ် သတ်မှတ်ခဲ့သည်။ ဒရိုင်ဘာ လင်မယားကလည်း လော်ပန်လင်မယားအဖြစ် ခံစားမှု အပြည့်ဖြင့် က ပြခဲ့ကြသည်။ သရုပ်ဆောင်ခဲ့ကြသည်။ သည် သုံးနာရီ အချိန်ပိုင်းအတွင်း သည်နေရာ၊ သည်ဇာတ်လမ်းမှာ သူ့တပည့်လည်း ဆရာဝန် အစစ်အမှန် ဖြစ်ခဲ့သည်။ ဒရိုင်ဘာလင်မယားလည်း လော်ပန်လင်မယား အစစ်အမှန် ဖြစ်ခဲ့လေသည်။

ရှေ့ဆက်တွေးလိုက်လျှင် သူကကော။

ဆေးကျောင်းမှ ဘွဲ့ ရပြီး၊ ဆ-မ လက်မှတ်ရပြီး ကတည်းက သူ့ကိုယ်သူ ဆရာဝန်အစစ်ဟု ခံယူခဲ့သည်။ ပတ်ဝန်းကျင်ကလည်း ဆရာဝန်အစစ်ဟု သတ်မှတ်ခဲ့သည်။ ဒါသည် မှန်လှ ဒီတစ်ဘဝပေါ့။ အနှစ် ၃၀ လောက်ပေါ့။ သူ့မိတ်ဆွေ ရတနာကုန်သည်ကြီးသည်လည်း သူ့ကိုယ်သူ လော်ပန်ကြီး၊ သူဌေးသူကြွယ်ကြီးဟု ခံယူထားသည်။ ပတ်ဝန်းကျင်ကလည်း သည်အတိုင်း အသိအမှတ် ပြုထားသည်။ ဒါလည်း မှန်လှ ဒီတစ်ဘဝပေါ့။ အနှစ် ၃၀ လောက်ပေါ့။

၃ နာရီခန့် ဆေးခန်းကလေးထဲမှာ မှန်ကန်နေခြင်းနှင့် အနှစ် ၃၀ ခန့် လောကတစ်နေရာမှာ မှန်ကန်နေခြင်းသည် အနှစ်သာရအားဖြင့် ဘာများ ကွဲပြားထူးခြားသေးသနည်း။

ဆရာဝန်သည် ဘာစကားမျှ ထပ်မဆိုတော့ဘဲ ဆေးခန်းပေါက်သို့ သွားကာ ‘ဆေးခန်း ခေတ္တပိတ်သည်’ ဟူသော ဆိုင်းဘုတ်ပြားကလေးကိုသာ

ဆွဲဖြုတ်လိုက်လေတော့၏။

[ရွှေအမြုတေမဂ္ဂဇင်း၊ အမှတ်(၆၆)။ ဧပြီလ၊ ၁၉၉၅]

မျက်နှာသေ နှစ်ယောက်

သည်နေ့သည် ၁၉၉၅ ခုနှစ်၏ ပထမဆုံး ဥပုသ်နေ့ဖြစ်၏။ သည်နေ့မှာမှ သူ့ကို ဘဘကြီးက "မင်းကိစ္စတွေ ဘယ်လောက် အရေးကြီးကြီး၊ ပစ်ထားပြီး ငါ့ဆီ လာခဲ့" ဟု ခေါ်လိုက်တော့ သူ တော်တော်လေး အံ့သြသွားလေသည်။ ခါတိုင်းဆိုလျှင် "မင်းကိစ္စတွေ ဘယ်လောက် အရေးကြီးကြီး၊ ဥပုသ်နေ့ဆို ငါ့ဆီ မလာနဲ့" ဟု ဘဘကြီးက အမိန့်ထုတ်ထားခဲ့သည်။

ဘဘကြီးသည် ဥပုသ်နေ့တိုင်း ရှစ်ပါးသီလယူပြီး တစ်နေကုန် တတ်နိုင်သမျှ ဝစီပိတ် နေလာခဲ့သည်မှာ အသက် ၆၀ မှ ယခု အသက် ၇၀ အထိ ဆိုလျှင် ၁၀ နှစ် ရှိပြီ ဖြစ်၏။ ဥပုသ်နေ့ဆိုလျှင် စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဘာကိစ္စဝိစ္စမျှ မလုပ်တော့။ ယုတ်စွအဆုံး တယ်လီဖုန်းမျှပင် မကိုင်တော့။ သည်လောက် အဓိဋ္ဌာန်ပြင်းသည့် ဘဘကြီးက သည်နေ့မှာမှ သူ့ကို ခေါ်သည်ဆိုတော့ သူ အံ့သြသွားမည်ဆိုလည်း အံ့သြထိုက်ပါပေ၏။

သူသည် ဘဘကြီးအိမ်သို့ ရင်ခုန်စွာ သွားနေရင်း သူနှင့် ဘဘကြီး အကြောင်းကို တစ်လမ်းလုံး စဉ်းစားလာခဲ့၏။

ဘဘကြီးသည် အိမ်ထောင် နှစ်ဆက်ကျဖူးသည့် မုဆိုးဖိုကြီး ဖြစ်၏။ ပထမအိမ်ထောင်နှင့် သားသမီး မရ။ ဒုတိယအိမ်ထောင်နှင့်ကျမှ သားတစ်ယောက် ရသည်။ သူ့ထက် လေး ငါးနှစ်လောက် ကြီးမည် ထင်၏။ ထို တစ်ဦးတည်းသော သားက ဘိန်းဖြူစွဲကာ မိဘနှစ်ပါးစလုံးကို အမျိုးမျိုး နှိပ်စက်လေတော့၏။ နောက်ဆုံးတော့ သားလည်း ဆုံး၊ အမေဖြစ်သူလည်း သားစိတ်နှင့် ဆုံးကာ ဘဘကြီးတစ်ယောက်သာ ငုံးတိတိ ကျန်ရစ်ခဲ့ခြင်း ဖြစ်တော့၏။

ပထမအိမ်ထောင်ကို သူ မသိမီလိုက်သော်လည်း ဒုတိယအိမ်ထောင်၏ ဒုက္ခ၊ သောက ပရိဒေဝ မျိုးစုံကိုတော့ သူက အနီးကပ် တွေ့ကြုံ ဖေးမခဲ့ရလေသည်။ ယခုအခါမှာတော့ ဘဘကြီးခမျာ အိမ်ထောင်နှစ်ဆက်စလုံးက ထောက်ပြစရာ သွေးသားရင်းချာ မရှိတော့ဘဲ နှမကမွေးသည့် တူအရင်းအချာ သူတစ်ယောက်သာ ကျန်ရစ်နေခဲ့ခြင်း ဖြစ်လေသည်။ ပြီးတော့ ဘဘကြီးသည် ချမ်းသာကြွယ်ဝသည့် အထီးကျန် တစ်ကောင်ကြွက် အဘိုးကြီးလည်း ဖြစ်နေပြန်သည်။ ဘဏ်မှာ အိုစာမင်းစာ တုံးလုံးစာအတွက် သိန်း ၂၀ အပ်ထားသလို လက်ရှိလုပ်ကိုင်နေသည့် သူပိုင် ပွဲရုံကလေးကလည်း လည်ပတ်ငွေ သိန်း ၃၀ မက ရှိလေသည်။ ဒါတောင် လက်ရှိနေထိုင်သည့် အိမ်၊ ခြံ၊ တိုက်၊ ကား ပစ္စည်းတန်ဖိုးများ မပါသေးပေ။

ဘဘကြီးသေလျှင် ထိုအမွေတွေ မည်သူ ရမည်နည်း။

ထိုမေးခွန်းသည် ဘဘကြီး၏ အသိမိတ်ဆွေ အားလုံး၊ စီးပွားရေး လုပ်ဖော်ကိုင်ဖက် အားလုံး၊ ယုတ်စွအဆုံး စကားတစ်ခွန်းတစ်စ နားစွန်နားဖျား ကြားမိသူအားလုံး စိတ်ဝင်စားသည့် မေးခွန်းကြီး ဖြစ်နေလေတော့၏။

ဘဘကြီးနှင့် သွေးအနီးဆုံးဆို၍ သူတစ်ဦးတည်းသာ ရှိရာ ထိုအမွေအားလုံး သူပင် သိမ်းကျုံးရလိမ့်မည်ဟု အားလုံးက ထင်ကြေးပေးကြလေသည်။

သူ နှုတ်ခမ်းထောင့်စွန်းကလေးတွေ ကုပ်သွားအောင် ပြုံးမိရ၏။ ဘဘကြီးအကြောင်း သူအသိဆုံး မဟုတ်ပါလား။ ဘဘကြီးလည်း တစ်ဦးတည်းသမား၊ သူလည်း လူပျိုလူလွတ် တစ်ဦးတည်းသမား ဖြစ်နေပါလျက် တူအရင်း ခေါက်ခေါက်ကို သူ့အိမ်မှာ ခေါ်မထား၊ အပြင်မှာ တိုက်ခန်း ငှားပေးထားသည်။ ဘဘကြီး စကားကလည်း ပြတ်သည်။ “မင်းက လူငယ်၊ လူပျို လူလွတ်။ အပေါင်းအသင်း စုံမယ်၊သောက်မယ်၊ စားမယ်၊ ပျော်ပါးမယ်။ ငါ့အိမ်မှာ ထားလို့ မဖြစ်ဘူး၊ လွတ်လွတ်လပ်လပ် နေရအောင် ငါ တိုက်ခန်း ငှားပေးထားမယ်” ဆိုကာ တိုက်ခန်း ငှားထားပေးရုံမက တီဗီ၊ ကက်ဆက်၊ ရေခဲသေတ္တာ ပြည့်စုံအောင် ထားပေးသည်။ အသွားအလာ လွယ်ကူဖို့ မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ပေးထားသည်။ အထွေထွေ အသုံးစရိတ် တစ်လ ငါးထောင် ပေးသည်။ ဒါကိုက အလွန်ကောင်းနေပြီ မဟုတ်ပါလား။

သူ့ဘက်က ပြန်ပေးရတာ ဘာမှ မပြောပလောက်။ ပွဲရုံလုပ်ငန်းကို ဝိုင်းဝန်းကူညီ။ (တကယ်လုပ်နေသော မန်နေဂျာ၊စာရေး၊ ပွဲစား၊ အလုပ်သမားတွေက အပြည့်အစုံ ရှိနှင့်ပြီ ဖြစ်၏။) သူ့အနေနှင့် ပွဲရုံကို ရံဖန်ရံခါ လာ။ ဝိုင်းကူလုပ်။ ဟိုမြို့ သည်မြို့ ခိုင်းလျှင် သွား။ ဟိုရုံး သည်ရုံး ခိုင်းလျှင် သွား။ ဘဘကြီး ခရီးထွက်လျှင် အဖော်လိုက်ပေး။ သည်လောက်ပဲ ဖြစ်၏။ သည်ကြားထဲ ဘောက်ဆူးပေးတာက ရသေးသည်။

သည်လို သည်လို တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေမှတော့ ထိုင်နန်းကို မျက်စောင်းထိုးကြည့်လျှင်ပင် အလွန် မိုက်မဲရာ ကျပေလိမ့်မည်။ သူ့ကို ဘွဲ့ရသည်အထိ ပညာသင်ပေး။ ခုလို အထက်တန်းကျကျ နေနိုင်အောင် ထောက်ပံ့နေမှတော့ သူ့ဘက်က ကျေနပ်နေသင့်ပြီ။ ပြီးတော့ သူ့နဂိုစိတ်ရင်းကိုက သူသည် လောဘကြီးသူတစ်ယောက် မဟုတ်မှန်း သူ့ကိုယ်သူလည်း သိသည်။ ဘဘကြီးလည်း သိသည်။ သူနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းဖူးသူတိုင်းလည်း သိကြပေသည်။

ပြီးတော့ ဘဘကြီးသည် အသက် ၆၀ နောက်ပိုင်း ဘာသာရေး ကို အလွန်ပင် ကိုင်းရှိုင်းလာခဲ့၏။ စီးပွားရေးထက် တရားဓမ္မဘက် စိတ်ပိုညွတ်လာပုံ

ရလေသည်။ ဆင်းရဲဒုက္ခ သံဝေဂဖြင့် တရားကျခဲ့လေသလား။ ချမ်းသာသုခ လိုတိုင်းရသဖြင့် အနှစ်မဲ့သည့် သဘောကို တရားကျခဲ့လေသလား။ ပတ်ဝန်းကျင် အပေါင်းအသင်းမျိုးစုံကြောင့်ပဲ မျက်စိတစ်ထောင် နားတစ်သောင်းဖြင့် တရားကျခဲ့လေသလား။ တရားကျသွားပုံ ရတာကတော့ အမှန်ပင်။

ခု နောက်ပိုင်း ၁၀ နှစ်မှာ ဘဘကြီး လောဘ သိပ်ကြီးတာ၊ ဒေါသ သိပ်ကြီးတာ၊ မာန သိပ်ကြီးတာမျိုး သူ မတွေ့ဖူးတော့ပေ။ သူ့ငွေ သူ့အမွေတွေ မသေခင် ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များသို့ လှူဒါန်း ကုသိုလ် ပြုသွားလိမ့်မည်ဟု သူက အသေအချာ ခန့်မှန်းထားလေသည်။ ထိုကြောင့် အမွေတွေအာလုံး သူ ရလိမ့်မည်ဟု ထင်ကြေးပေးခံရတိုင်း သူ ပြုံးမိရခြင်း ဖြစ်တော့၏။

သည်ထဲကမှ သူ့ကို စာချုပ်စာတမ်းနှင့်တကွ အများထင်သလို အမွေတွေ ပုံပေးခဲ့လျှင်တော့...

သူသည် မျက်နှာပေါ်က အပြုံးကော စီးလာသည့် ဆိုင်ကယ်ကိုပါ ဘရိတ်အုပ်လိုက် ရလေ၏။ ဆိုင်ကယ်က ဘဘကြီး၏ ခြံတံခါးရှေ့ ရောက်နေပြီ။

***

ကမ္ဘာပေါ်မှာ သည်လိုထူးဆန်းသော စကားမျိုး၊ သည်လိုထူးဆန်းသော စာချုပ်စာတမ်းမျိုး၊ သူတစ်ဦးတည်းသာ တွေ့ကြုံဖူးလိမ့်မည် ထင်သည်။

တိုက်ထဲဝင်သွားတော့ ဘဘကြီးက အသင့်စောင့်နေသည်။ ဝစီပိတ် နေတတ်သည့် ဘဘကြီးသည် သည်နေ့တော့ဖြင့် စကားတွေ တော်တော် ပြောပါ၏။ ပြောင်းပြန်ပင်၊ သူက ဝစီပိတ် ဖြစ်နေသည်။ အံ့သြနေရတာနှင့်၊ စိတ်လှုပ်ရှားနေရတာနှင့် စကားတွေ အကုန်လုံး မကြားမိ၊ မမှတ်မိတော့။

"မင်း အိမ်ထောင်ပြုဖို့ အစီအစဉ် ရှိနေပြီလား" မေးတော့ သူ ခေါင်းခါပြမိသည်။

"မင်းဘဝ ကြီးပွားချမ်းသာရေးအတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း တစ်ခုခု ထူထောင်ဖို့ အစီအစဉ် ရှိနေပြီလား" မေးတော့လည်း သူ့မှာ တုဏှိဘာဝေ။

"ငါ့ဆီက မင်း ဘာလိုချင်သလဲ၊ ဘယ်လောက် လိုချင်သလဲ" မေးတော့လည်း သူသည် ဝစီပိတ်။ တကယ့်ကို သူဘက်က ပြန်ဖြေစရာစကား

တစ်ခွန်းတလေမျှ အဆင်သင့် မဖြစ်ခဲ့။

"မင်းကို ဒီ ၉၅ ခုနှစ်ထဲမှာ အမွေတွေ လွှဲပြောင်းပေးတော့မယ်" ဆိုမှ မျက်လုံးပြူးကျယ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့၏။

"ဒါပေမယ့်..."

"ဒါပေမယ့်" ဆိုသော စကားနောက်မှာတော့ သူသည် ကမ္ဘာပေါ်မှာ အထူးဆန်းဆုံးသော စကားကို ကြားရလေတော့၏။ ၁၉၉၅ ခုနှစ် တစ်ဝက်အတွင်းမှာ အပြုံးအမဲ့ မရှိသော လူကြီးလူကောင်း နှစ်ယောက်ကို ရအောင် ရှာရမတဲ့။ ထိုလူနှစ်ယောက် အသိသက်သေရမှ အမွေတွေအားလုံး (သို့ မဟုတ်) တစ်စိတ်တစ်ဒေသ စာချုပ်ပြီး ပေးမည် တဲ့။ ထို အသိသက်သေ နှစ်ယောက်ကို နှစ်တစ်ဝက်အတွင်း ရအောင် မရှာနိုင်လျှင် (သို့မဟုတ်) သက်သေကို စိတ်တိုင်းမကျလျှင် သူ့ပိုင်ဆိုင်မှု အားလုံးကို လှူဒါန်းပြီး သူကတော့ လူဝတ်ကြောင်ကို စွန့်တော့မည်ဟု ပြောလေသည်။ "ငါ ပြောတဲ့ အဓိပ္ပာယ်ကို သဘောပေါက်ရဲ့လား" မေးတော့ သူ့မှာ ဝစီပိတ်။ သူ့မျက်နှာမှာလည်း အံ့ဩနားမလည်သည့် အမူအရာတွေ ပေါ်နေပါလိမ့်မည်။

"အပြုံးအမဲ့ မရှိတဲ့မျက်နှာ ဆိုတာ ဝမ်းသာလည်း မပြုံး၊ ဝမ်းနည်းလည်း မမဲ့၊ အလိုကျလည်း မပြုံး၊ အလိုမကျလည်း မမဲ့တဲ့ မျက်နှာမျိုး၊ No Emotional Face. No Facial Expression. မြန်မာလို လွယ်လွယ်ပြောရရင် 'မျက်နှာသေ' ပေါ့ကွာ။ အဲသည့် မျက်နှာသေနှစ်ယောက်ကို ရှာတွေ့ရင် သူတို့ကို သက်သေထားပြီး မင်း ငါ့ဆီက အမွေတွေ လာယူလှည့်ပေတော့။ ဒါပေမယ့် အလောသုံးဆယ်လည်း မရှာပါနဲ့။ ဒီလိုလူမျိုးက ရှာတိုင်းလည်း တွေ့ချင်မှတွေ့တာ၊ မရှာဘဲလည်း တွေ့ချင်တွေ့တတ်တာ။ သွားလာလှုပ်ရှား ပေါင်းသင်း ဆက်ဆံရင်းနဲ့ မင်းပတ်ဝန်းကျင်ထဲက လူတွေကို သတိကလေးနဲ့ စောင့်ကြည့် အကဲခတ်ပြီး ရှာပေါ့ကွာ။ အမြန်ဆုံး တွေ့ပါစေလို့ ငါ ဆုတောင်းလိုက်ပါတယ်" ဟု ပြောလေသည်။ သူ့မှာ အံ့ဩလို့ မဆုံးတော့။

မျက်နှာသေ

မျက်နှာသေ နှစ်ယောက်...

မျက်နှာသေ နှစ်ယောက်...

ဘဘကြီး ခြံထဲက ပြန်ထွက်လာတော့ သူ့နားထဲမှာ 'မျက်နှာသေ နှစ်ယောက်' ဟူသော စကားတစ်ခွန်းသာ ပဲ့တင်ထပ်နေတော့၏။

***

“မောင်ရင့်ကို ဒီနှစ်ထဲမှာပဲ အဘိုးကြီးက အမွေတွေ အကုန်လွှဲပေးတော့မယ်ဆို…”

မနက်အစောကြီး ပွဲရုံကိုအလာ မန်နေဂျာကြီးက လှမ်းမေးလိုက်သော ပဋိသန္ဓာရစကား ဖြစ်၏။ သူ တော်တော် အံ့သြသွားသည်။ မနေ့က ကိစ္စသည် သည်နေ့ မနက်အစောကြီးမှာ သတင်းပြန့်နေပြီပဲ။ ဘဘကြီး အိမ်က တစ်ယောက်ယောက် နားစွန်နားဖျားကြားပြီး သတင်းဖြန့်လိုက်ခြင်း ဖြစ်မည်။ အစတော့ သူ ကောင်းကောင်း ရှင်းပြဦးမလို့ စိတ်ကူးမိသေး၏။ နောက်တော့ မနာလိုသည့် ဝေဒနာအပေါ်မှာ စပ်စုချင်သည့် ဟန်ဆောင်ပြုံးဖြင့် ဖုံးကွယ်ထားသည့် ပြုံးမဲ့မဲ့ မျက်နှာကြီးကို သတိထားမိတော့ သူ ခေါင်းယမ်းပြပြီး လှည့်ထွက်လာခဲ့လေသည်။

ပွဲရုံနားက လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ပြန်တော့လည်း ပွဲရုံစာရေးလေးက ကွန်ကရက်ကျူလေးရှင်း လာလုပ်နေသည်။ စာရေးလေး မျက်နှာက ခွက်ထဲက လက်ဖက်ရည်ထက်ပင် ချိုနေ၏။ “အာစရိ… အမွေတွေရရင် မန်နေဂျာကြီးကို ထုတ်ပစ်လိုက်ဗျာ။ အလကား ငတိကြီး၊ ဒိတ်အောက်နေပြီ။ ဘာ စီးပွားရေးလာဘ်မှ မမြင်ဘူး” ဟုလည်း သူများကို ချောက် တွန်းနေသေး၏။ “ကျွန်တော့်ကို မန်နေဂျာခန့်ပါလား” ဟု စာရေးလေး ဆက်မပြောခင် လက်ဖက်ရည်ဖိုး ရှင်းပေးပြီး သူ ထ လာခဲ့လေသည်။

ဆိုင်ထောင့်က တစ်ခုသော စားပွဲဝိုင်းမှာ ဘဘကြီး၏ ပွဲရုံနှင့် ပြိုင်ဘက်ပွဲရုံက ပိုင်ရှင်နှင့် ပွဲစားတစ်သိုက် သူ့ကို လိုက်ကြည့် အကဲခတ်နေကြ၏။ သူတို့ နှုတ်ခမ်းထောင့်စွန်းများမှာ မထေ့တထေ့ အပြုံးလေးတွေ တွဲလဲ ခိုနေ၏။ သူတို့ကတော့ တစ်မျိုး။ အမွေလွှဲခြင်း၊ အမွေဆက်ခံခြင်းများကို စိတ်ဝင်စားပုံ မပေါ်။ နောက်တက်လာမည့် ပြိုင်ဘက်ကို ဘယ်လို အလဲထိုး အနိုင်ယူပစ်လိုက်မယ် ဟူသော စိတ်ကူးရှည် နည်းဗျူဟာကို ကျေနပ်နေသော ထေ့ပြုံးများ ပြုံးနေကြခြင်း ဖြစ်၏။ သူ မသိချင်ယောင်ဆောင်ပြီး လက်ဖက်ရည်ဆိုင်က ထွက်လာခဲ့သည်။

ကားပွဲစားတန်း ရောက်တော့လည်း သူ့မှာ သည်မေးခွန်းကိုပဲ ဖြေနေရသည်။ (သူက ဆိုင်ကယ်ပွဲစား၊ ကားပွဲစား အလုပ်ကိုလည်း ကြုံလျှင် ကြုံသလို လုပ်တတ်ပါသေး၏။)

“ကိုယ့်လူ… ဒီကားလေး ဆွဲထားလိုက်ပါလား၊ ဗိုက်နာ ဝမ်းကိုက် ဖြစ်နေတာ။ ငွေစင်ကိုသာ ချေနိုင်ရင် ကိုယ့်လူအတွက် အများကြီး ကျန်မယ်”

သူသည် ဝယ်ရောင်းသမား မဟုတ်။ ပါးစပ်သာ စိုက်နိုင်သည့် လေပွဲစားမှန်း သိပေလျက် အချင်းချင်း လာတွန်းနေသေးသည်။ ထိုသူ၏ ပြုံးပြီးဖြီး မျက်နှာက သူ့ကို တကယ် အထင်ကြီးသွားတာလား၊ တမင် လာရိနေတာလား၊ သူလည်း ခေါင်းအခဲခံပြီး စဉ်းစားမနေတော့ပေ။ ပွဲစားတန်းမှာ ကြာကြာနေချင်စိတ် မရှိတော့ဘဲ ကိုယ့်တိုက်ခန်းကိုယ် ပြန်လာခဲ့လေ၏။

တိုက်ခန်းရောက်တော့ ရေအေးအေး တစ်ခွက်သောက်၊ ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ ဘယ့်နှယ်... ထိုင်နေ အကောင်းသား၊ ထ သွားမှ အကျိုးမှန်းသိ ဆိုသလို နဂိုအတိုင်းနေ အကောင်းသား၊ အမွေရတော့မယ် ဆိုတာမှ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ပိုတွေ့နေရသည်။

မျက်နှာသေနှစ်ယောက်ကို သတိထားကြည့်မယ် ဆိုကာမှ မနာလို ဝန်တိုသော၊ အထင်ကြီး အားကျသော၊ သာရာပေါင်း ညာစား လုပ်ချင်သော အပြုံးအမဲ့ မျက်ခွက်တွေချည်း တွေ့ နေရပါလား။

"ငါ့တူ ထမင်းလာမစားလို့ ချိုင့်လာပို့တာ ဟေ့"

သူ ထမင်းလခ ပေးစားနေသည့် ထမင်းဆိုင်ပိုင်ရှင် အဒေါ်ကြီးသည် အသံမပေး တံခါးမခေါက်ဘဲ ဧည့်ခန်းထဲအထိ ရောက်လာ၏။ သူ အိပ်ခန်းထဲက စိတ်တိုတိုဖြင့် ထွက်လာခဲ့ရသည်။ ခါတိုင်း သူ ဆိုင်သွားစားနေကျ။ သွားမစားလည်း သည်လို တကူးတက ထမင်းချိုင့် လာမပို့စဖူး။ ခုမှ ထူးထူးခြားခြား။

"ကျွန်တော် ရင်ပြည့်နေလို့ လာမစားတာပါ"

"ကိုင်း... ထင်သားပဲ... ကြည့်၊ အဲဒါကြောင့် သမီးက တတွတ်တွတ် ပြောနေတာ၊ အမေ့တူ နေမှကောင်းရဲ့လား မသိဘူးတဲ့။ အမေကိုယ်တိုင် ချိုင့်သွားပို့ပါဆိုလို့ လာခဲ့ရတာ မောင်ရေ။ နေမကောင်းရင်လည်း ပြောမှပေါ့ကွယ်၊ ငါ့တူက တစ်ကောင်ကြွက်၊ ဖြစ်မိရင် ဘယ်သူမှ ပြုစုမယ့်သူ ရှိမှာ မဟုတ်ဘူး။ မင်း ညီမကဆို တစ်မနက်လုံး လည်ပင်းတရှည်ရှည်နဲ့"

သူ့သမီး၏ ရဲတင်းရုပ်ပျာသော အမူအရာ၊ ကြာပါသော အပြုံးတို့ကို မျက်စိထဲက မြင်ယောင်လာ၏။ အခန်းထဲမှာလည်း အဒေါ်ကြီး၏မျက်နှာ သကာတွေ လောင်းထားသဖြင့် ယင်ကောင်တွေ ဝင်လာကြတော့မည်။

"ကဲ... အဒေါ် ချိုင့်ကို ပြန်သာယူသွားပါတော့။ ကျွန်တော် ဆန်ပြုတ် သောက်ပြီးပါပြီ၊ ညနေလည်း ထမင်းလာမပို့ပါနဲ့"

"အမလေး... ဆန်ပြုတ်ဆိုလည်း ပြုတ်ပေးမှာပေါ့ကွယ်၊ မင်းနှယ် အားနာစရာ မဟုတ်တာ အားနာနေပြန်ပါပြီ။ ဒါနဲ့ စကားမစပ်... မင်းကို

မင်းဘကြီးက အမွေတွေ လွှဲပေးတော့မယ်ဆိုတာ ဟုတ်သလား၊ သိန်းနှစ်ရာလောက် ရှိတယ်ဆို…”

“ဟုတ်တော့ ဟုတ်တယ်။ သိန်းနှစ်ရာတော့ မဟုတ်ဘူးဗျ၊ သိန်းလေးရာ”

အံ့သြ ပြူးကျယ်သွားသည့် မျက်လုံးနှင့် ပါးစပ်ကို ပြန်ပိတ်ရမှာ မေ့နေသော အဒေါ်ကြီးအား အခန်းအပြင်ဘက်အထိ တွဲပို့ပေးလိုက်ပြီး သူ တံခါးကို ဆွဲပိတ်ကာ ကန့်လန့်ချလိုက်လေတော့၏။

***

တံခါးပေါက်ကို တွန်းဖွင့်လိုက်သည်။ မြောက်ပြန်လေအေးအစား အပူငွေ့ပါသည့် လေပွေလေရူးတချို့ အခန်းထဲ မျက်စိလည်ပြီး ဝင်လာသည်။ ဘာလိုလိုနှင့် နွေဦးပေါက်တော့မှာပါလား။

သူ အဒေါ်ကြီး ထမင်းဆိုင်သို့ ထမင်းသွားမစားတော့ဘဲ ကြုံသလို စားလာခဲ့သည်မှာ ၃ လ တိုင်ခဲ့ပြီ။ အပေါင်းအသင်း မိတ်ဆွေများနှင့် ခပ်ခွာခွာ နေလာခဲ့သည်မှာလည်း ၃ လ တိုင်ခဲ့ပြီ။ ဒါကိုပင် ဆင်စမ်းသည့် မျက်မမြင်တွေက အမွေစား အမွေခံ စာချုပ်ချုပ်ဖို့ လုံးပန်းနေသည်။ စီးပွားရေးလုပ်ငန်းကြီးတစ်ခု လုပ်ဖို့ ခြေပုန်းခုတ်နေသည်ဟု ထင်ကြ မြင်ကြ စွပ်စွဲနေကြပြန်၏။

သူကလည်း သူပင်။ ပွဲရုံနှင့် ဘဘကြီးဆီကိုပင် အရောက်ကျဲနေ၏ မျက်နှာသေနှစ်ယောက်ကို အပြင်းအထန် မြေလှန်ရှာနေပြီဟု ဘဘကြီးက ထင်ကောင်းထင်မည်။ ဘဘကြီးကလည်း တော်တော်ခက်သည်။ အမွေတွေ ပေးချင်ပေး၊ မပေးချင်လည်း နေပေါ့။ ခုတော့ ပဟေဠိတစ်ပုဒ် ဇွက်သလို ဝင်္ကပါထဲ ဝင်စေပြီး ထွက်ပေါက်ရှာခိုင်းသလို။ မပြုံးမမဲ့သည့် မျက်နှာသေ နှစ်ယောက်ကိုမှ သက်သေအဖြစ် လိုချင်သတဲ့။

မပြုံးမမဲ့သည့် မျက်နှာသေကို ရှာဖွေနေပါတယ်ဆိုမှ အပြုံးအမဲ့တွေချည်း တွေ့နေရသည်။ လူတွေဟာ ပြုံးရလျှင် ပြုံးမည်။ မပြုံးရလျှင် မဲ့မည်။ မဲ့ရလျှင် မဲ့မည်။ မရလျှင် ပြုံးမည်။

သူကိုယ်တိုင်ပင် မနက်ခင်း တံခါးပေါက်ကို တွန်းဖွင့်လိုက်သည့် အချိန်မှစ၍ ည တံခါးပေါက်ကို ဆွဲပိတ်၊ ကလန့်ချလိုက်သည့် အချိန်အထိ ပြုံးလိုက် မဲ့လိုက်နှင့်ပဲ အချိန်တွေ ကုန်လာခဲ့သည် မဟုတ်ပါလား။

တစ်ခါ ကြည့်ဦး…။

အရောင်းအဝယ် တည့်ကာ မြက်မြက်ကလေး စားလိုက်ရသဖြင့် အောင်ပွဲခံ ညစာဝိုင်းမှာ အားရပါးရ ရယ်မောကြသော ပွဲစားများ၏ ရယ်မောသံ။

စာမေးပွဲ အောင်သဖြင့်၊ ရာထူး တိုးသဖြင့်၊ ဗေဒင်ဆရာက အကောင်းတွေချည်း ဟောလိုက်သဖြင့် ကျေနပ်အားရ သဘောကျသည့် ရယ်မောသံ။

နောက်ဆုံး… လူရွှင်တော် ပြက်လုံးကိုပင် သဘောကျ မဆုံးဘဲ ဝါးလုံးကွဲ ရယ်မောလိုက်ကြသည့် တဒင်္ဂ ရယ်မောသံ။

ရယ်မောသံ…

ရယ်မောသံ…

မျက်နှာ မြေဆီလွှာမှ အပြုံးသည် အစို့အညှောက်ကလေးဖြစ်လျှင် ရယ်မောခြင်းက အသီးအပွင့်များ ဖြစ်လိမ့်မည်။ အပြုံးက အစ၊ ရယ်မောခြင်း အဆုံး ထိုမျက်နှာဖုံးနှင့် လူများကို သူ ငြီးငွေ့လှပါပြီ။

တစ်ခါ ကြည့်လိုက်ဦး…။

စိတ်တိုင်း မကျ၊ မျက်နှာ ရှုံ့စောင်း၊ အမုန်းပွားခြင်း။ အံကြိတ်၊ တောက်ခေါက်၊ ဒေါသဖြစ်ခြင်း။ ပူပန်ကြောင့်ကြ သောကဖြစ်ခြင်း။ ကြိတ်မနိုင် ခဲမရ ငိုကြွေး ပူဆွေးရခြင်းများသည်လည်း မဲ့ခြင်း အစိုအညှောက်မှ ဝေစည်လာသော အကိုင်းအခက် အသီးအပွင့်များပင် မဟုတ်ပါလား။

ရည်မှန်းချက် ပျက်စီးလို့ တွေဝေမှိုင်ငေးနေသူ။ စီးပွားရေး ပျက်စီးလို့ မွဲပြာကျသွားသူ။ သီလ ပျက်စီးလိုသူများ တံတွေးခွက် ပက်လက်မျောသူ။ ဥပဒေကျင့်ဝတ် ပျက်စီးလို အချုပ်ထဲ၊ ထောင်ထဲ ရောက်သွားသူ။ ကျန်းမာရေး ပျက်စီးလို့ ဆေးရုံ (သို့မဟုတ်) မြေကြီးထဲ ရောက်သွားသူတွေ အားလုံး… အားလုံးပင် အခမဲ့မှ စ၍ ငိုကြွေးခြင်းမှာ အဆုံးသတ်ကြသည် မဟုတ်ပါလား။

သူအပါအဝင် သူ့ပတ်ဝန်းကျင်။ သည့်ထက်မက ပြောရလျှင် ဟောသည် လူသားတွေ အားလုံးသည် ပြုံးခြင်း မဲ့ခြင်းနှင့် စက္ကန့်မလပ် ဘယ်သူ ကင်းနိုင်ကြလိုလဲ။ အပြုံးအမဲ့ ကင်းသည့် မျက်နှာသေနှင့်လူ ဘယ်သူလဲ။ ဘယ်မှာ ရှိနိုင်သလဲ။

သည်အမွေလေးတစ်ခု အတွက်ဖြင့် သူ့မှာ ပြုံးခဲ့ မဲ့ခဲ့ရသည့် နေ့တွေ၊ ပြုံးခဲ့ မဲ့ခဲ့ရသည့် ညတွေ၊ အကြား မလပ်ခဲ့။ သည်အမွေလေးတစ်ခု အတွက်ကြောင့် သူနှင့်

ပတ်သက်နေသူတွေ အားလုံး ပြုံးခဲ့ မဲခဲ့ရသည့် နေ့တွေ၊ ညတွေ များလှပြီ။

ကိုယ့်အတွက်နှင့် ပြုံးကြ မဲ့ကြရ။ သူများအတွက်နှင့် ပြုံးကြ မဲ့ကြရ။ မွေးကတည်းက ပြုံးကြ မဲ့ကြရခဲ့သည်မှာ အကြားမလပ် အနားမရဘဲ သေသည်အထိ ပြုံးပြီး မဲ့ပြီး သေကြရမည် မဟုတ်ပါလား။ သြော်....ဒုက္ခ ကြီးလေစွတကား။

ရယ်ကြ ငိုကြသည့် လူတို့ထုပ္ပတ် လူတို့ဇာတ်ကို သူ သနားသလိုပင် ဖြစ်လာ၏။

သူကော...။

အမွေတွေ ဘာမှန်း မသိခင်ကလည်း ပြုံးခဲ့ မဲ့ခဲ့ ရယ်ခဲ့ ငိုခဲ့ ပြီးပြီ။ အမွေတွေ ရမလျှင်လည်း ပြုံးရ မဲ့ရ ရယ်ရ ငိုရဦးမည်။ အမွေတွေ ရလာပြန်လျှင်လည်း အပြုံးအမဲ့ အရယ်အငို ဇာတ်သည် အဆုံးသတ်ပါဦးမည်လား။

တစ်သံသရာလုံး အပြုံးအမဲ့ အရယ်အငိုဇာတ် ခင်းခိုင်းဦးမည်မှာ မြေကြီးလက်ခတ် မလွဲတည်း။

အပြုံးအမဲ့ ဇာတ်ထဲက ရုပ်သေးရုပ် လောကသားတွေ အထဲမှာ မျက်နှာသေ ဆိုတာသည်...

တစ်နေ့လုံး တွေးတော... တစ်ညလုံး တွေးတောပြီး နံနက် အရုဏ်အတက်မှာတော့ သူ့ခေါင်းထဲ လက်ခနဲ ဖြစ်သွားလေ၏။ ဘဘကြီးဆီ သူ သွားမည်။

"လာဟေ့... ထိုင်ကွာ"

***

ဥပုသ်နေ့ပေမင့် ဘဘကြီးသည် သူ့ကို ညှော့ခံစကား ပြောပါ၏။

"ဘယ်လိုလဲဟေ့... မျက်နှာသေနှစ်ယောက် ရှာတွေ့ပြီလား"

ဝစီပိတ် ဘဘကြီးသည် သူ့ကတိ သူမမေ့။ တွေ့ တွေ့ ချင်းပင် မေးဖော်ရ၏။ သူက တုဏှိဘာဝေ။

"အချိန်တွေ ကျန်ပါသေးတယ်လေ၊ ဖြည်းဖြည်း ရှာဦးပေါ့။ ဒါမျိုးက သွားရင်း လာရင်း ပြောရင်း ဆိုရင်း ပေါင်းသင်းဆက်ဆံရင်း သတိလေးနဲ့

စောင့်ကြည့်မှ တွေ့ရတတ်တာမျိုးကလား”

“ကျွန်တော် ရှာဖို့ မလိုတော့ဘူး… ဘဘကြီး”

“ဘာပြုလို့တုန်းကွ၊ လောကကြီးမှာ မပြုံး မမဲ့တဲ့ မျက်နှာသေမျိုး မရှိဘူးလို့ မင်း ငြင်းချင်လို့လား”

“ကျွန်တော် မငြင်းပါဘူး၊ ရှိလည်း ရှိနိုင်ပါတယ်။ ရှာဖို့ မလိုတော့ဘူးလို့ ပြောရတာက ဘဘကြီးရဲ့ အမွေတွေကို ကျွန်တော် မလိုချင်တော့လို့ပဲ”

ဘဘကြီးသည် အတန်ကြာမျှ ငြိမ်ကျသွားကာ သူ့ကို အကဲခတ်နေ၏။ ပြီးတော့ ခေါင်း တဆတ်ဆတ် ညိတ်နေပြန်၏။ နောက်ဆုံးမှ တိုးတိုးလေး “သာဓု” သုံးကြိမ် ခေါ်လေသည်။

နှစ်ဦးသား ရှေ့ဆက် စကားပြောစရာ မရှိတော့ပြီ။

သူကော ဘဘကြီးပါ ပြိုင်တူ ရပ်လိုက်ကြ၏။ နှုတ်ဆက်သည့်သဘော တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတော့…

နှစ်ယောက်စလုံးပင် မျက်နှာသေများ ဖြစ်နေကြလေ၏။

[မဟေသီမဂ္ဂဇင်း၊ အမှတ်(၁၂၈)။ ဇူလိုင်လ၊ ၁၉၉၅]

နောက်ဆုံးမျက်မှန်

ကျွန်တော့်မှာ မျက်မှန်နှစ်လက် ရှိသည်။ တစ်လက်သည် ရှေးဘောင်အမျိုးအစား အစိမ်းရောင် မျက်မှန်ဖြစ်၍ တစ်လက်မှာ ဈေးပေါသည့် အနက်ရောင် ကော်ကိုင်းမျက်မှန်ကြီး ဖြစ်၏။

မျက်မှန်နှစ်လက်စလုံး နေကာမျက်မှန်များချည့် ဖြစ်လေသည်။ ကျွန်တော်သည် ပါဝါမျက်မှန်ပါ တပ်ချင်သဖြင့် မျက်စိကျွမ်းကျင်သူ သုံးလေးယောက်ကို ပြကြည့်ဖူးသော်လည်း သူတို့အားလုံးက “မျက်စိ ကောင်းသည်၊ ပါဝါမျက်မှန် တပ်ဆင်ရန် မလို” ဟု တညီတညွတ်တည်း မှတ်ချက် ပေးကြလေသည်။

ထို့ကြောင့် ယခုအချိန်အထိ ထို နေကာမျက်မှန် နှစ်လက်ကိုပဲ တစ်လှည့်စီ တပ်ဆင်နေရဆဲ ဖြစ်ပါသည်။

မနက် မိုးလင်းလို့ သွားတိုက်၊ မျက်နှာသစ်ပြီးလျှင် ကျွန်တော် မျက်မှန်တပ်ပါသည်။ မျက်မှန်နှစ်လက်ကို ဘီးနှင့် မှန်နှင့်အတူ အိပ်ရာဘေးက စားပွဲလေးပေါ်မှာ ထားသည့်အကျင့် ရနေသည်မှာ ကြာပြီ။ တစ်ခါတစ်ရံ ခေါင်းဖြီးပြီးမှ မျက်မှန်တပ်သည်။ တစ်ခါတစ်ရံ မျက်မှန်တပ်ပြီးမှ ခေါင်းဖြီးသည်။ တစ်ခါတစ်ရံ ခေါင်းမဖြီးဘဲ မျက်မှန်တပ်သည်။ မနက်မိုးလင်းသည်နှင့် ခေါင်းမဖြီးဘဲ နေချင်နေမည်။ မျက်မှန်မပါဘဲ မနေတတ်တော့။

ထိုမျက်မှန်နှစ်လက်သည် ကျွန်တော့်အဖို့မှာတော့ ခါးဝတ်ပုဆိုးနှင့် အတူတူပင် ဖြစ်၏။

မိုးလင်းမိုးချုပ် မျက်မှန်မဖြုတ်ဘဲ နေသည့်အတွက် တစ်စုံ တစ်ယောက်က လှောင်ပြောင်လာလျှင် ကျွန်တော် ရှက်သွားလိမ့်မည် မဟုတ်ပါ။ တစ်စုံတစ်ယောက်က ကဲ့ရဲ့လာလျှင် ကျွန်တော် ဒေါသ ဖြစ်သွားလိမ့်မည် မဟုတ်ပါ။ တစ်စုံတစ်ယောက်က ချီးမွမ်းလာလျှင်လည်း ကျွန်တော် သိပ်ပြီး အောက်ခြေလွတ်သွားလိမ့်မည် မဟုတ်ပါ။

ကျွန်တော်သည် ကလေးဘဝတုန်းကချည့် မျက်မှန်ချစ်သူတစ်ယောက် ဖြစ်ခဲ့၏။ ပွဲဈေးတန်း လမ်းလျှောက်လျှင် ဘာအရုပ်မျှ မပူဆာဘဲ၊ မျက်မှန်ကိုပဲ တန်းတန်းစွဲ လက်ညှိုးထိုးသည်ဟု အမေက ပြောဖူးသည်။ ပလပ်စတစ်၊ ကျွဲကော်၊ ဂျပ်စက္ကူ တစ်ခုခုဖြင့် လုပ်ထားသည့် မျက်မှန်သာ ဝယ်ပေးလိုက်၊ မချွတ်တမ်း တပ်ဆင်ထားတတ်သည်ဟု အမေက ပြောပါသည်။

ဟုတ်မည်၊ ကျွန်တော် ကလေးဘဝက ရိုက်ထားသည့် ခတ်ပုံတော်တော်များများသည် မျက်မှန်ကလေးများနှင့်ချည့် ဖြစ်၏။ ဆိုင် မဆိုင်တော့ မသိပါ။ ယခု တီဗွီထဲက မျက်မှန်ကြော်ငြာသော ကလေးလေးပုံကို မြင်တိုင်း ကျွန်တော်၏ ကလေးဘဝကို လွမ်းနေတတ်ပါသည်။

ဆိုင် မဆိုင်တော့ မသိပါ။ ကျွန်တော် လူပျိုပေါက်ဘဝ၊ ကျွန်တော် ပထမဆုံး ချစ်ခဲ့ဖူးသူသည် မျက်မှန်ကလေးနှင့် ဖြစ်ပါသည်။ အလှတပ်သည့် နေကာမျက်မှန် မဟုတ်ပါ။ တကယ်ကို မျက်စိအားနည်းသဖြင့် တပ်ထားရသည့် ပါဝါမျက်မှန်ကလေး ဖြစ်၏။ မျက်မှန်ကလေးနှင့် သူ့မျက်နှာကို မြင်ရတိုင်း ကျွန်တော့်ရင်သည် ကြည်နူးမှုဖြင့် သိမ့်သိမ့် ခုန်နေတတ်၏။ တစ်ခါတစ်ရံ မျက်မှန်ချွတ်ထားသည့် သူ့မျက်နှာကို မြင်ရလျှင် ကျွန်တော် ရင်မခုန်ပါ။ အရုပ်ဆိုးသည်ဟုပင် ထင်မိသေး၏။ မျက်မှန်ကို ချစ်တာလား၊ မျက်နှာကို ချစ်တာလား ကိုယ့်ဟာကိုယ် မကွဲပြားခဲ့။ သေသေချာချာ တွေးကြည့်မှ မြင်နေကျ ‘မျက်မှန်ကလေးနှင့်မျက်နှာ’ ကို ချစ်တာမှန်း သဘောပေါက်တော့သည်။

ကျွန်တော်သည် မျက်မှန်များကို သဘောကျသလို မျက်မှန်နှင့် လူများကို ရိုးရိုး သာမန်မျက်နှာနှင့် လူများထက် ပိုပြီး စိတ်ဝင်စားပါသည်။ မျက်မှန်နှင့် လူတစ်ယောက်ကို တွေ့လိုက်လျှင် စေ့စေ့စပ်စပ် မဟုတ်တောင်မှ (ကြည့်ခွင့်မရတောင်မှ) အမှတ်ထင်ထင်လေးတော့ ကြည့်လိုက်မိသည်ချည့် ဖြစ်၏။ ထိုသူ တပ်ထားသည့် မျက်မှန်အမျိုးအစား၊ ပုံသဏ္ဌာန်၊မှန်၏ အရောင်၊ ကိုင်းပုံစံနှင့် အရောင်၊ ထိုမျက်မှန်နှင့် ထိုသူ၏ မျက်နှာကျ လိုက်ဖက်မှု ရှိ မရှိ… စသည်ဖြင့် ဝေဖန်ရေး လုပ်နေမိတတ်ပါသည်။

ထိုထက်ပို၍ အခွင့်သာလျှင်တော့ မျက်မှန်နောက်ကွယ်က မျက်လုံးများ၏ အကြည်ခတ်၊ အမြင်ခွန်အား၊ မှန်ကို ဖြတ်သန်းလာသော အမြင်အာရုံအပေါ် မျက်လုံးများ၏ သိမှု၊ ထိုအာရုံအပေါ်မှာ ထိုသူ၏ တုံ့ပြန်မှု… စသည်ဖြင့် အတွေးဆန့်နေ မိတတ်ပါသည်။

ယခုအချိန်မှာတော့ ကျွန်တော်သည် မျက်မှန်များကို သဘောကျရာ၌ မျက်စိမကောင်းသဖြင့် တပ်ရသည့် ပါဝါမျက်မှန်များထက် မျက်စိအကောင်း အပေါ်မှာ ဖုံးအုပ်တပ်ဆင်ထားသည့် ရောင်စုံ နေကာမျက်မှန်များကို ပိုပြီး စိတ်ဝင်စားနေပါသည်။ နေကာမျက်မှန်ကို အရောင်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံ တပ်ဆင်ရန် ဆန္ဒရှိသော်လည်း ယခုအချိန်အထိတော့ အစိမ်းရောင် ရောဘင် မျက်မှန်နှင့် အနက်ရောင် ကော်ကိုင်းမျက်မှန် နှစ်လက်ကိုပဲ တစ်လှည့်စီ တပ်ဆင်နေရဆဲ ဖြစ်၏။

မျက်မှန်နှစ်လက်ကို တစ်လှည့်စီ တပ်ဆင်နေသည် ဆိုသော်လည်း

ကျွန်တော့်စိတ်က မမှန်။ တစ်ခါတစ်ရံ ရှောင် မျက်မှန်ကိုပဲ တစ်လ ကိုးသီတင်း မချွတ်တမ်း တပ်ဆင်နေတတ်၏။ ထိုအခါ ကော်ကိုင်း မျက်မှန်သည် စားပွဲကလေးအပေါ်မှာ ဖုန်တက်နေတော့၏။ တစ်ခါတလေကျတော့လည်း ကော်ကိုင်းမျက်မှန်ကြီးကို စွဲစွဲမြဲမြဲ တပ်နေရာ ရှောင်မျက်မှန်ခမျာ တစ်လှည့် ဖုန်တက်ရပြန်လေ၏။ တစ်ခါတလေကျတော့လည်း မျက်မှန်နှစ်လက် သူမသာ၊ ကိုယ်မသာ တန်းတူအခွင့်အရေး ရကြလေသည်။

ကျွန်တော့်စိတ်သာ မဟုတ်၊ လူတွေ စိတ်ကလည်း မမှန်ကြ။ တချို့က ကျွန်တော့်ကို ရှောင်မျက်မှန်နှင့် လိုက်သည်ဟု ပြောကြ၏။ တချို့က ရှောင်မျက်မှန်နှင့် အလွန် အကြည့်ရ ဆိုးသည်ဟု ပြောကြပြန်သည်။ တချို့က ကော်ကိုင်းမျက်မှန်နှင့် လိုက်သည်ဟု ပြောကြ၏။ တချို့က ကော်ကိုင်းမျက်မှန်နှင့် အလွန် အကြည့်ရဆိုးသည်ဟု ပြောကြပြန်သည်။ တစ်ခါတလေ ကျတော့လည်း လူတစ်ယောက်တည်းကိုက သည်နေ့ ရှောင်မျက်မှန်နှင့် လိုက်သည်ဟု ပြောခဲ့ပြီး နောက်တစ်နေ့ကျ ရှောင်မျက်မှန်နှင့် မလိုက်၊ ကော်ကိုင်းနှင့်မှ လိုက်သည်ဟု ပြောပြန်လေ၏။

ကျွန်တော်၏ မျက်မှန်နှစ်လက်အပေါ် ရွေးချယ်ခြင်းသည် သူတို့ အကြိုက်၊ သူတို့ ဝေဖန်ရေးနှင့် ပတ်သက်ခြင်း ရှိ မရှိ၊ သူတို့ဩဇာ ပါ မပါ ကျွန်တော် တစ်ခါမှ မတွေးမိခဲ့ဖူးပါ။ သူတို့ အကြိုက်ကို လိုက်ပြီး တပ်ဆင်နေတာလား၊ သူတို့အကြိုက်ကို ဆန့်ကျင်ဖီလာပြုပြီး တပ်ဆင်နေတာလား၊ ကျွန်တော် တစ်ခါမျှ မတွေးမိခဲ့ဖူးပါ။ ဝေဖန်ခံရပြီးမှ ပြုလုပ်ခြင်းနှင့် ပြုလုပ်ပြီးမှ ဝေဖန်ခံရခြင်းကလည်း ကာလရှည်ကြာ ကြိမ်ဖန်များလာတော့ လုံးလည်လိုက်နေပြီ ဖြစ်ရာ ကျွန်တော်လည်း ဦးနှောက်အခြောက်ခံပြီး မတွေးတော့ပါ။

နောက်တစ်ခု မသေချာတာက အလင်းရောင်ရှိနေလို့၊ အမြင် အာရုံတွေ ရှိနေလို့၊ လူတွေ ရှိနေလို့ ကျွန်တော် မျက်မှန်တပ်နေတာလား။ အလင်းရောင် မလို၊ အမြင်အာရုံတွေ မလိုဘဲ၊ လူတွေမလိုဘဲ ကျွန်တော့် ဗီဇကိုက တပ်ချင်လို့ တပ်နေတာလား။ အဲသည်လိုလည်း ကျွန်တော် သေသေချာချာ မတွေးတောခဲ့ဖူးပါ။

ဘာပဲဖြစ်ဖြစ်... သည် နေကာမျက်မှန်နှစ်လက်နှင့် ကျွန်တော်ကတော့ အထာကျ အရိုးစွဲခဲ့ပြီ။ ရှောင်အစိမ်းရောင်နှင့် ဆိုလျှင် ကျွန်တော်၊ ကော်ကိုင်းအနက်နှင့် ဆိုလျှင် ကျွန်တော်ဟု ပတ်ဝန်းကျင်က လက်ခံထားသလို ကျွန်တော်ကလည်း ပတ်ဝန်းကျင်ကို ရှောင်အစိမ်း သို့မဟုတ် ကော်ကိုင်းအနက်က တစ်ဆင့်ပဲ လက်ခံတတ်တော့သည့်အကျင့် ဖြစ်နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။

သို့သော် မနေ့ကတော့..

မနေ့က…

ကျွန်တော် အိပ်ရာမှ ထကာစက အကောင်း ဖြစ်၏။ သွားတိုက်၊ မျက်နှာသစ်ပြီးတော့လည်း အကောင်းဖြစ်၏။ ခေါင်းဖြီးဖြီး ရေဘင်မျက်မှန်ကို ကောက်တပ်လိုက်မှ ချက်ချင်းဆိုသလို အမြင်အာရုံ မှုန်ဝါးလာကာ မျက်ရိုးတွေ ကိုက်လာတော့၏။ မျက်ရည်ပူတွေ ကျလာ၏။ ခေါင်းကိုက်ပြီး ဇက်ကြောပါ တက်လာလေတော့၏။

မျက်မှန်ကို ချက်ချင်း ချွတ်ပြီး မျက်ရည်ပူတွေ သုတ်ရသည်။ မျက်နှာ ထပ်သစ်သည်။ မျက်စိကို ရေအေးအေးနှင့် ဆေးသည်။ ဝေဒနာ သက်သာသွားသလို ရှိ၏။ ခဏနားပြီး ရေဘင်ကို မတပ်တော့ဘဲ ကော်ကိုင်းမျက်မှန် ပြောင်းတပ်ဖို့ စဉ်းစားမိသည်။ လူကလည်း မျက်မှန်တပ်နေကျဆိုတော့ မျက်မှန်မပါလျှင် မနေတတ်။ မျက်မှန်မပါလျှင် ဦးခေါင်းမှာ မျက်နှာမပါသလိုကြီး ခံစားရသည်။ မျက်စိတွေ၊ မျက်တောင်မွေးတွေ၊ နှာခေါင်းရိုးတွေကလည်း သည်အတိုင်း မနေတတ်ကြတော့။ အလင်းရောင်စူးစူး ဒဏ်ကို မခံနိုင်။ လေပြင်းပြင်းတိုးသည့် ဒဏ်ကို မခံနိုင်။ ဖုန်နည်းနည်း ထူသည့် ဒဏ်ကို မခံနိုင်။ နှာခေါင်းရိုးနှင့် နားရွက်တွေကလည်း ပေါ့ဟာဟာ ဒဏ်ကြီးကို မခံနိုင်။ ကိုယ့်စိတ် ကိုယ်နှိုက်ကိုက မျက်မှန်မပါဘဲ ပတ်ဝန်းကျင်ကို လက်ခံရမှာ ဝန်လေးနေသည်။

ဒါနဲ့ပဲ ကော်ကိုင်းမျက်မှန်အနက်ကို ပြောင်းတပ်ကြည့်လိုက်သည်။ အံ့သြစရာ။ ရေဘင်တုန်းကလိုပင် မျက်ရိုးတွေကိုက်၊ မျက်ရည်ပူတွေကျ၊ ခေါင်းကိုက်၊ ဇက်ကြောတက်လာပြန်၏။ ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွားသည်။ မျက်မှန်တပ်လာတာ ကြာပြီ။ သည်လို တစ်ခါမျှ မဖြစ်ဖူးခဲ့။ မျက်မှန်နှစ်လက်စလုံး ယူကာ ထိတ်လန့် တုန်လှုပ်စွာဖြင့် မျက်စိကျွမ်းကျင်သူထံ သွားခဲ့ရသည်။

မျက်စိကျွမ်းကျင်သူက သူ တတ်ကျွမ်းသည့် အတတ်ပညာမျိုးစုံ အပြင် ကွန်ပျူတာ အကူအညီပါယူလျက် အမျိုးမျိုး စစ်ဆေး၏။ ဘက်ပေါင်းစုံမှ စမ်းသပ် ရောဂါရှာဖွေ၏။ ဘာရောဂါမျှ မတွေ့။ မျက်စိ၊ မျက်ကြော၊ သုံးဆယ့်နှစ်ကောဋ္ဌာသ အကုန် အကောင်း။ ခွဲစိတ် ပြုပြင်စရာ မလို။ ဆေးထိုး ဆေးစားစရာ မလို။ မျက်စဉ်းခတ်စရာ မလို။ ဆေးမျက်မှန်၊ ပါဝါမျက်မှန် တပ်စရာ မလို။ နေကာမျက်မှန် ပြောင်းတပ်ချင်လျှင် ပြောင်းတပ်။ မတပ်ချင်လျှင် သည်အတိုင်းနေ ဟု အကြံပေးလိုက်လေသည်။

ကျွန်တော်လည်း မျက်မှန်နှစ်လက်ကို အိတ်ထဲထည့်၊ ဝတ်လစ်စလစ် မျက်နှာကြီးဖြင့် စိတ်ပျက်လက်ပျက် ပြန်လာခဲ့ရတော့၏။ မျက်စိထဲ အလင်းရောင် စူးစူးတွေက တိုး၊ လေက တိုး၊ ဖုန်းတွေ သဲတွေ ဝင်။ နှာခေါင်းရိုးနှင့်

နားရွက်မှာလည်း ပေါ့ဟာဟာကြီးနှင့် တစ်လမ်းလုံး ဒုက္ခရောက်လာ၏။

အိမ်ပြန်ရောက်မှပဲ မျက်နှာသစ်၊ အခန်းကို အလုံပိတ်၊ အမှောင်ချ၊ ခေါင်းမြီးခြုံ အိပ်လိုက်မှ နေသာထိုင်သာ ဖြစ်သွားတော့သည်။

နောက်နေ့၊ နောက်နေ့များမှာ မျက်မှန်ပြဿနာကြောင့် ကျွန်တော့်မှာ အခန်းထဲက အပြင် မထွက်ရဲလောက်အောင်ပင် ဖြစ်နေ၏။ သည်ကြားထဲ တည့်လိုတည့်ငြား၊ အခြား အခြားသော နေကာမျက်မှန်များ ဝယ်တပ် လာခဲ့သည်မှာ တော်တော်များပြီ။ မျက်မှန်ဒီဇိုင်းနှင့် မှန်အရောင်သာ ပြောင်းလဲသည်။ ဝေဒနာက မပြောင်းလဲ။

ကျွန်တော်နှင့် ကမ္ဘာပေါ်မှာ ရှိသမျှ နေကာမျက်မှန်များ အားလုံးနှင့် မတည့်တာကတော့ သေချာနေပြီ။ သည်အတိုင်း ဝတ်လစ်စလစ် မျက်နှာကြီးနှင့်လည်း ကျွန်တော့်မှာ မနေတတ်။ ငယ်နုစဉ်ကတည်းက အရိုးစွဲလာသည့် မျက်မှန်တပ်သည့် အကျင့်ကြီးက ကျွန်တော့်ကို ကောင်းကောင်းကြီး ဒုက္ခ ပေးနေပြီ။

မျက်မှန်တစ်လက်ကတော့ တပ်ကို တပ်မှ ဖြစ်မည်။

“လာဗျို့၊ ခင်ဗျားကို မျှော်နေတာ”

မျက်မှန်ဆိုင်က လူသည် ကျွန်တော့်ကို မြင်သောအခါ အလွန်အမင်း ဝမ်းသာသွားပုံ ရလေသည်။ ဝမ်းသာပေမပေါ့၊ သူ့ဆိုင်က နေကာမျက်မှန် အတော်များများ ကျွန်တော် ဝယ်ထားပြီးပြီကိုး။ သူ့ဆိုင် လာသာ လာခဲ့ရသော်လည်း မျှော်လင့်ချက် သိပ်မရှိလှ။ သူ့ဟာသူ ဘယ်လို နောက်ဆုံးပေါ် နေကာမျက်မှန်ကြီးပဲ ဖြစ်ဖြစ် နောက်ဆုံးတော့ ဒီပုတ်ထဲက ဒီပဲတွေပဲ ဖြစ်ဖြစ်နေသည်။

“ခင်ဗျားအတွက် မျက်မှန်အသစ်တစ်လက် ရထားတယ်ဗျ”

ကျွန်တော် ပခုံး တွန့်ပြလိုက်၏။ အရင်တစ်ခေါက်ကလည်း ဒီစကားပဲ သူ ပြောခဲ့သည်။

“ဒီမှာ တပ်ကြည့်စမ်းပါဦး”

ကျွန်တော် သူ့လက်ထဲက မျက်မှန်ကို ဆွဲယူပြီး စိတ်မပါ့တပါဖြင့် တပ်ကြည့်လိုက်သည်။

“မှန်တို့၊ ကိုင်းတို့၊ ဘောင်တို့ ကြည့်ဦးလေဗျာ”

“မလိုပါဘူးဗျာ... အဓိက က ဟိုဝေဒနာတွေ မပေါ်ဖို့ပဲ မဟုတ်လား”

သူလည်း ကျွန်တော့်အကြောင်း သိနေပြီမို့ ဘာမျှ မပြောတော့ပေ။ ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြီး ကြည့်နေလေ၏။

၅ မိနစ်…

၁၀ မိနစ် …

နာရီဝက်…

၁ နာရီ…

ဟား ဟုတ်လှချည်လား။ အမြင်လည်း မဝါး၊ မျက်ရိုးလည်း မကိုက်၊ မျက်ရည်ပူလည်း မကျ၊ ခေါင်းကိုက် ဇက်ကြောတက်လည်း မဖြစ်တော့။ ဝေဒနာဆိုးတွေ မပေါ်တော့ပြီ။ စိတ်ချမ်းသာလို့လား မသိ၊ ခေါင်းက ပိုပြီး ကြည်လာ၏။

ကျွန်တော်သည် မျက်မှန်ကလေးကို လှည့်ပတ်ကိုင်တွယ် ပွတ်သပ်ရင်း သဘောကျမဆုံး ဖြစ်နေမိတော့၏။

"ဒါ ဘာအမျိုးအစားလဲ၊ အရောင်နဲ့ ဖိုတိုဂရေး မပါတာတော့ သေချာတယ်။ ပါဝါတွေ၊ ဆလင်ဒါတွေများ ပါသလား"

"နိုးနိုး၊ ရိုးရိုးမျက်မှန်ပါပဲဗျာ"

"ဝမ်းသာလိုက်တာဗျာ။ ဒီမျက်မှန်နဲ့ ကျွန်တော်နဲ့ တည့်သွားပြီ။ ကိုင်း ပြော၊ ဘယ်လောက် ပေးရမှာလဲ"

"အလကား မတ်တင်းလေ…၊ ခင်ဗျားအတွက် မေတ္တာလက်ဆောင် ပေါ့ဗျာ။ ယူသာ သွားပေတော့"

"ဟာ… အားနာစရာဗျာ။ ဒါနဲ့ မှန်က ဘာအမျိုးအစားတုန်းဗျ"

မျက်မှန်ဆိုင်ရှင်က ချက်ချင်း မဖြေ၊ ပြုံးလို့သာ နေ၏။ မရမက မေးတော့မှ သူ ဖြေသည်။ သူ့အဖြေ ကြားလိုက်တော့ ကျွန်တော် မျက်လုံးပြူး သွားသည်။

"အဲဒါ ကိုင်းအဟောင်းကြီးထဲ ရိုးရိုး မှန်ကြီး ထည့်ပေးထားတာ"

[မြားနတ်မောင် မဂ္ဂဇင်း၊ အတွဲ(၄)၊ အမှတ် (၁၀)။ ဩဂုတ်လ၊ ၁၉၉၅]

မိတ်ကပ်နှင့် လူ

"ဘဘကြီး ထတော့လေ" ဟု အိမ်ဖော်မလေး ခင်ထွေးရီသည် သူ့ခန္ဓာကိုယ်ကြီးကို ထူမပြီး နှိုးတော့ နံနက် ၅ နာရီ ခွဲနေပြီ။

ဦးလူတင်သည် အိပ်ရာမှ ဆတ်ခနဲ ထ၊ အခန်းထဲမှ လှစ်ခနဲ ထွက်၊ မျက်နှာ ကပျာကယာ သစ်၊ စနိုးကို ကဗျာကယာ လိမ်း၊ နံနက်ခင်း လမ်းလျှောက်ထွက်လျှင် ဝတ်နေကျဖြစ်သော ဝတ်စုံကို ကောက်ဝတ်ကာ တိုက်ပေါ်မှ ဆင်းလာခဲ့၏။

"ဒီမနက် နည်းနည်းအေးတယ်။ အပေါ်အင်္ကျီ ဝတ်သွားပါလား" ဟု ခင်ထွေးရီ လှမ်းပြောတော့ သူလက်ကာပြလိုက်သည်။ "နွားနို့နဲ့ ငုံးဥသာ အသင့်ပြင်ထား" ဟု ပြောပြီး "နင့် ဘွားဘွားကြီး နိုးပြီလား" ဟု မေးလိုက်တော့ "ထုံးစံအတိုင်း အိပ်ကောင်းတုန်း" ဟု ခင်ထွေးရီက မဲ့ကာ ရွဲ့ကာ ဖြေသည်။ အင်း... ဒါကြောင့်လည်း ဒီခန္ဓာကိုယ် အတ္တဘောကြီးက တစ်နေ့ တခြား ဝ၊ သွေးတွေတိုးပြီး မောမောနေတာပေါ့ဟု မှတ်ချက်ချပြီး ခြံထဲက ထွက်လာခဲ့လေ၏။

ခါတိုင်းဆို မြို့ထိပ် ဘုန်းကြီးကျောင်းနာရီစင်ကြီးက ဒင်...ဒင်... နှင့် ၅ နာရီ ထိုးလျှင် ဦးလူတင် လမ်းပေါ်ရောက်နေပြီ။ ရင်ကိုကော့၊ လက်ကို လွှဲ၊ ခြေလှမ်းကျဲကျဲဖြင့် လမ်းလျှောက်နေပြီ။ အဲဒီအချိန် လမ်းလျှောက်ရသည်မှာ စိတ်ချမ်းသာစရာ ကောင်းလှ၏။ ကားသွား ကားလာလည်း ရှင်း၊ နံနက်ခင်း ဈေးသည်တွေလည်း မရှိသေး။ သည်နေ့တော့ နာရီဝက် နောက်ကျသွားသဖြင့် လမ်းပေါ်မှာလည်း လူစသူစတွေ တွေ့နေရပြီ။ မြို့ကြီးသွားမည့် ဈေးသည်တချို့ပင် ကားမှတ်တိုင်မှာ ကားစောင့်နေကြပြီ။

တွေ့သည့် လူတိုင်းကပင် သူ့ကို နှုတ်ဆက်ကြ၏။ ဦးလူတင်သည် သည်မြို့မှာတော့ လူကုံထံ ဖြစ်၏။ ဘုရားတကာ၊ ကျောင်းတကာ ဖြစ်၏။ မြို့မိ မြို့ဖ စာရင်းဝင်၊ မြို့မျက်နှာဖုံး ဖြစ်၏။ သူ့ကို မသိသူ မရှိ။

"ဦးလူတင် ဒီနေ့ နောက်ကျနေပါလား" ဟု လမ်းသွယ်လေးထဲမှ လမ်းပေါ်ဆင်းလာသည့် အဘိုးကြီးတစ်ယောက်က သူ့ကို နှုတ်ဆက်နေပြန်သည်။ ရက်ကန်းရုံပိုင်ရှင် သူဌေးဦးရွှေဘော် ဖြစ်၏။ နံနက်ခင်း လမ်းလျှောက်လျှင် သူနှင့် ဆုံသည့်အခါ ဆုံသည်။ မဆုံသည့်အခါ မဆုံ။

"ဪ... ဦးရွှေဘော်ပါလား၊ ခင်ဗျားလည်း နောက်ကျနေသကိုး။ လာလေ၊ တံတားအထိတော့ ရောက်အောင် လျှောက်ကြဦးစို့"

ဦးလူတင်သည် ဦးရွှေဘော်ကို တံထားအထိ လျှောက်ဖို့ အဖော်စပ်လိုက်၏။ ဦးရွှေဘော်နှင့်အတူ လျှောက်လျှင်တော့ သူ့ကို စောင့်ကာ စောင့်ကာ လျှော်ရတော့မည်။ ဦးရွှေဘော်သည် ဝဝပုပု၊ ဗိုက်ရွှဲရွှဲနှင့် လမ်းလျှောက်နှေးသူဖြစ်၏။

သူတို့မြို့၏ အရှေ့ဘက်ခြမ်းတွင် အင်းကြီးကို ဖြတ်ဆောက်ထားသည့် ရေးဟောင်း သစ်သားတံတားရှည်ကြီး ရှိ၏။ သူတို့လို လူကုံထံတွေက မြို့အနောက်ဘက်ခြမ်း၊ ကားလမ်းဘေး ဝဲယာတွင် အနေများသည်။ ထို့ကြောင့် မြို့နောက်ဘက်ဖျားမှ မြို့အရှေ့ဖျား တံတားကြီးဆီသို့ အရုဏ်ကို မျက်နှာပြုပြီး လမ်းလျှောက်ရသည်မှာ ကြည်နူးစရာ တစ်မျိုးပင် ဖြစ်နေ၏။

အရုဏ် အလင်းတန်းများက သူတို့မျက်နှာပေါ်သို့ ဖြာကျစ ပြုနေပြီ။ စနိုးပါးပါး လိမ်းထားသည့် ဦးလူတင်၏ မျက်နှာသည် အရုဏ်အလင်းတန်းများအောက်မှာ တင်းရင်း ဝင်းဝါပြီး ခံ့ညား ကျက်သရေ ရှိလှ၏။

ဦးရွှေဘော်သည် မိမိထက် သုံးနှစ်ခန့်ကြီးသော ဦးလူတင်၏ ခြေလှမ်းများကို အပြေးကလေး အမီလိုက်ရင်း ဦးလူတင်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ကာ ရင်တွင်းမှာ မြုံထားသည့် စကားတစ်ခွန်းကို ပြောလိုက်လေတော့၏။

“ဦးလူတင်တို့များဗျ၊ အရွယ်နဲ့ မလိုက်အောင်ကို သွက်လက်နုပျိုနေတော့တာပဲ။ မေးမယ်၊ မေးမယ်နဲ့ မေးချင်နေတာ ကြာပြီ။ ဘာဆေးတွေများ မှီဝဲနေတုန်း၊ နှစ်ယောက်တည်း တွေ့တုန်း ပြောစမ်းပါဦးဗျာ”

“ဩော… ဦးရွှေဘော်ရယ်၊ ခင်ဗျားလည်း ယောဂီတစ်ယောက်ပဲ။ ဒီရုပ်ကြီးကို ပြုပြင်နေတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးပဲ ရှိတယ်။ ကံကို ခဏထားဗျာ။ စိတ်က စ ပြောရရင် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဗျာပါဒ ဒီလို အကုသိုလ်စိတ်ကို မမွေးနဲ့ဗျာ။ အရာရာကို ယောနိသော မနသိကာရနဲ့ နှလုံးသွင်းနိုင်အောင် ကြိုးစား။ ဒီခန္ဓာကိုယ်ကြီးနဲ့ ဥတုနဲ့ သပ္ပာယ ဖြစ်အောင်နေ။ ဒီခန္ဓာကိုယ်ကြီးနဲ့ သင့်တင့်တဲ့ အာဟာရ ကို မှီဝဲ။ (ထိုခဏ၌ ဦးလူတင်၏ စိတ်သည် နွားနို့၊ ငုံးဥနှင့် ခင်ထွေးရီထံသို့ ဒိုင်းခနဲ ပြေးသွားလိုက်သေး၏။ နောက်မှ ဦးရွှေဘော်ထံ ပြန်ရောက်လာသည်။) အဓိကဖြစ်တဲ့ ကံ၊ ကံ၏ အကျိုးကိုတော့ ခင်ဗျားလည်း ယုံကြည်ပြီးသားပဲလေ။ ဒါ ဘုရားပေးတဲ့ ဆေးပဲပေါ့ဗျ”

“ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်တော့ ခုချိန်ထိ စိတ်၊ ဥတုနဲ့ အာဟာရကို မချင့်နိုင်သေးဘူး။ သူ့အလို လိုက်နေရတာ ချည်းပဲ။ ကံကိုတော့ ဦးလူတင်ကို ဘယ်သူမှ ယှဉ်နိုင်မယ် မထင်ဘူး။ အတိတ်ဘဝ ကုသိုလ်ကံတွေကလည်း အကျိုးပေး၊ လက်ရှိဘဝ ကုသိုလ်ကံတွေကလည်း

အကျိုးပေးနဲ့။ ခု ခင်ဗျား ကျွန်တော့်ထက် ငါးနှစ်လောက် ငယ်တယ် ပြောရင် အားလုံးက ယုံကြမှာပဲ”

ဦးလူတင်သည် တဟဲဟဲနှင့် သဘောခွေ့သွားလေ၏။ သူ့အတွက် သည်းခြေကြိုက် စကားများထဲတွင် နုပျိုသည် ဟူသော စကားသည် ထိပ်ဆုံးက ပါ၏။

“ဦးရွှေဘော်လည်း မာပါတယ်ဗျာ၊ တော်ရုံတန်ရုံ ကျန်းမာရေးနဲ့ ကျွန်တော့်ခြေလှမ်းကို မီအောင် လျှောက်နိုင်ဖို့ မလွယ်ဘူးနော်”

အဘိုးကြီးနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ချီးမွမ်းကြရင်း တံတားကြီးခြေရင်း အင်းစပ်သို့ ရောက်လာကြလေ၏။ အင်းပြင် စိုက်ခင်းများကို ဖြတ်သန်းတိုက်ခတ်လာသော နံနက်ခင်း လေကောင်း လေသန့်များကို ရှူသွင်း၊ ရှူထုတ် လေ့ကျင့်ခန်း လုပ်ကြပြီး ပြန်လှည့်လာကြ၏။

ဦးရွှေဘော်က အင်းစောင်းမှာ ရေနွေးကြမ်းအိုးနှင့်အတူ ဘူးသီးကြော် စားဖို့ ဖိတ်မန္တက ပြုသော်လည်း ဦးလူတင် ငြင်းလိုက်သည်။

ယခုအချိန်ဆိုလျှင် ခင်ထွေးရီသည် မိတ်ကပ်တွေ ဖွေးနေအောင် လိမ်းလျက် နွားနို့နှင့် ငုံးဥကို အသင့်ပြင်ပြီး သူ့ကို စောင့်မျှော်နေမည် မဟုတ်ပါလော။

***

ဦးလူတင် လမ်းလျှောက်က ပြန်လာပြီး ဂုဏ်တော်ပုတီးစိပ်၊ အသံကျယ်ကျယ်ဖြင့် ဘုရားရှိခိုး၊ မေတ္တာပို့၊ ကြေးစည်ထုပြီး အမျှဝေတော့မှ ထုံးစံအတိုင်း အဘွားကြီး နိုးလာသည်။ အဘွားကြီး သောက်နေရသည့် သွေးကျဆေးနှင့် စိတ်ငြိမ်ဆေးများသည် အမြဲပင် အဘွားကြီးကို အိပ်ရာထ နောက်ကျစေ၏။

“ဟော့… မင်းမျက်နှာ နည်းနည်း အစ်နေသလိုပါပဲလား။ နေကောင်းရဲ့လား” ဦးလူတင်က ကရုဏာသံဖြင့် မေးလိုက်၏။

“ကောင်းပါတယ်၊ အိပ်ရာထ မျက်နှာအစ်တာ ထုံးစံပဲဟာ။ ရှင်ရော နွားနို့ သောက်ပြီးပြီလား”

“မသောက်ရသေးဘူး၊ မင်းကို စောင့်နေတာ။ ဒါနဲ့ ဒီနေ့ ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရေးကော်မတီ အစည်းအဝေး ရှိတယ်။ အစည်းအဝေးပြီးရင်

ဆရာဝန်ကြီးကို တစ်ခါတည်း ပင့်ခဲ့မယ်လေ။ သွေးလေး ဘာလေး ချိန်ကြည့်၊ check up လုပ်ရတာပေါ့”

“နေပါစေရှင်၊ ဒုက္ခ မရှာပါနဲ့။ ကျွန်မ နေကောင်းပါတယ်”

သည်မြို့၏ ကျန်းမာရေး၊ လူမှုရေး၊ ပရဟိတလုပ်ငန်းတွေ အတူ လက်တွဲလုပ်နေရသဖြင့် မြို့နယ်ဆရာဝန်ကြီးနှင့် ဦးလူတင် အလွန်ပင် ရင်းနှီးလေသည်။ ပြီးတော့ ဆရာဝန်ကြီးသည် သူတို့၏ မိသားစုဆရာဝန် ဖြစ်၏။

“ဒုက္ခမရှာပါနဲ့ ဆိုတဲ့စကား မပြောစမ်းပါနဲ့ကွယ်၊ ဒီအိမ်မှာ မင်းနဲ့ငါ နှစ်ယောက်ပဲ ရှိတာ၊ သားသမီးတွေ မြေးတွေက အဝေးမှာ။ ငါ နေမကောင်းရင် မင်းပြုစု၊ မင်း နေမကောင်းရင် ငါပဲ ပြုစုရမှာ မဟုတ်လား”

အဘွားကြီး မျက်နှာသစ်ပြီး ဦးလူတင်နှင့် စားပွဲမှာ ထိုင်တော့ နွားနို့၊ ငုံးဥ ကော်ဖီနှင့် ဘီစကွတ်များ ခင်ထွေးရီက အသင့် ပြင်ထားပေးပြီးပြီ။

လင်မယားနှစ်ယောက် ကော်ဖီ သောက်ရင်း ရှယ်ယာဝင်ထားသည့် စီးပွားရေးကိစ္စ၊ ငွေတိုးချေးထား အပေါင်ခံထားသည့် ကိစ္စ၊ သားသမီးတွေဆီက ထောက်ပံ့ငွေ အရောက်နောက်ကျသည့် ကိစ္စ စသည်ဖြင့် ထုံးစံအတိုင်း ပြောကြဆိုကြသည်။

“ဒါနဲ့ စကားမစပ် မျက်နှာချင်းဆိုင်တိုက်က ဒရိုင်ဘာ မောင်တောက် အမှုစီရင်ချက် ချလိုက်ပြီ တဲ့”

အဘွားကြီးက ခင်ထွေးရီ မကြားစေရန် လေသံတိုးတိုးဖြင့် ပြောလိုက်ခြင်းဖြစ်၏။ မောင်တောက်သည် ခင်ထွေးရီနှင့် ဘာလိုလို ဖြစ်ခဲ့ဖူးသူ ဖြစ်၏။

ဦးလူတင်က စိတ်ဝင်စားသော်လည်း စိတ်ဝင်စားဟန် မပြ။ နွားနို့ကို တဖူးဖူး မှုတ်သောက်နေ၏။

“ထောင်ကျတာ ဘယ်နှစ်လ ဆိုလားပဲ။ သိပ်တော့ မများဘူး။ ဘယ့်နှယ်ရှင် ကိုယ့်ကျေးဇူးရှင် ကားပစ္စည်း ဖြုတ်ခိုးပြီး ရောင်းစားရတယ်လို့။ သားရေပေါ်အိပ် သားရေနားစား။ မှတ်လောက်သားလောက် ဖြစ်သွားအောင် များများ ချရမှာ”

“မင်းမလဲကွာ၊ အလကားနေရင်း ဗျာပါဒ ပွားနေ။ သူ့ အကုသိုလ်နဲ့သူ ဖြစ်သွားတာ ဥပေက္ခာတရားနဲ့ နေမှပေါ့”

“အမလေး ရှင်ကတော့ ဘုရားဖြစ်မယ့် အုတ်နီခဲကြီးကိုး။ ကျွန်မတို့ကတော့ မနေနိုင်ပေါင်၊ ဝမ်းသာတာ ဝမ်းသာတာပဲ။ မကောင်းတာ လုပ်တဲ့လူ ဆိတ်ကွယ်ရာ မရှိ ဆိုတာ မှန်လိုက်လေ”

ဦးလူတင် သောက်လက်စ နွားနို့ပင် သီးသွားလေ၏။

***

ဦးလူတင်တို့ လင်မယား ကော်ဖီသောက်ပြီးသည့် အချိန်မှာ အောက်ထပ်တွင် ဧည့်သည်တွေ ရောက်နေကြောင်း ခင်ထွေးရီက လာပြောသည်။ ဘယ်သူတွေလဲဟု မေးတော့ ကိုကျော်ခင်နှင့် လူစိမ်းတစ်ယောက်ဟု ဖြေသည်။

ကိုကျော်ခင်ဆိုတော့ ငွေတိုးချေးမည့်ကိစ္စ ဖြစ်ပုံရသည်။ ကိုကျော်ခင်သည် မြို့ထဲမှာ ချည်ဆိုးဆေးနှင့် ရက်ကန်းပစ္စည်းများ ရောင်းသည့်ဆိုင် ဖွင့်ထားသူ ဖြစ်၏။ အစက ဦးလူတင်ထံမှပင် ငွေတိုးချေးကာ လုပ်ငန်းစခဲ့ရသည်။ ခုတော့ ကြွေးကြေသည့်အပြင် သူ့ဆိုင်က တော်တော်ပင် အရင်းအနှီး တောင့်တင်းနေပြီ။ ကိုကျော်ခင်သည် ဦးလူတင်၏ ကျေးဇူးကို မမေ့။ ယုံကြည်စိတ်ချရသည့် ငွေတိုးချေးမည့် သူများကို ဦးလူတင်ထံ ခေါ်ခေါ် လာတတ်၏။ ကျေးဇူးရှင်ကို ကျေးဇူးဆပ်သည့် သဘောပင်။

ဦးလူတင် အောက်ဆင်းလာတော့ ထုံးစံအတိုင်း ကိုကျော်ခင်က ပွဲစားလုပ် မိတ်ဆက်ပေးသည်။ ငွေချေးမည့်သူက ကြက်နှင့် ဝက်မွေးမြူရေးကို အကြီးအကျယ် လုပ်ချင်၍ သူ့အိမ်နှင့် ခြံကို အပေါင်ထားကာ ငွေလာချေးခြင်း ဖြစ်၏။

ဦးလူတင်က ၁၅ ကျပ်တိုး၊ ငွေချေးမည့်သူက ၁၀ တိုးနှင့် ဈေးညှိမရ ဖြစ်နေကြလေသည်။

“အန်ကယ်က မော်ကျော်ခင် ခေါ်လာလို့သာ သူ့မျက်နှာနှင့် အကူအညီ ပေးရမှာ။ ငါ့တူလုပ်မယ့် လုပ်ငန်းက အန်ကယ်တို့ မျက်စိနဲ့ ကြည့်ရင်တော့ အကုသိုလ် လုပ်ငန်းပဲ။ အန်ကယ် ထုတ်ချေးလိုက်တာကိုက အကုသိုလ်ကို အားပေးရာ ကျနေတယ်။ ဒါပေမယ့် ငါ့တူဆီက ရမယ့်အတိုးကို အန်ကယ် တစ်ပြားမှ ကိုယ်ကျိုး မသုံးဘူး။ ကုသိုလ်လုပ် လှူဒါန်းပစ်မှာ။ အန်ကယ်လည်း ကုသိုလ်ရ၊ မင်းလည်း ကုသိုလ်ရတာပေါ့ကွယ်။ မောင်ကျော်ခင်တို့လည်း သိပါတယ်လေ။ ရပ်ရေး ရွာရေး၊ သာရေး နာရေးမှာ အန်ကယ်ရှေ့တန်းက လှူဒါန်းလာတာ။ ဒီကုသိုလ်တွေရဲ့ အဖို့ဘာဂ မင်းလည်း ရသွားတာပေါ့ကွယ်”

ကိုကျော်ခင်ကလည်း ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ဟု ခေါင်း တညိတ်ညိတ်နှင့် ထောက်ခံ၏။ နောက်ဆုံးတော့ ၁၅ ကျပ် တိုးဖြင့်ပင် ဈေးတည်သွားလေသည်။ သည်နေ့အဖို့တော့ ဦးလူတင်အတွက် အိပ်ရာက နိုးကတည်းက မင်္ဂလာတွေချည်း ဖြစ်နေတော့၏။

နေ့လည် ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရေး ကော်မတီအစည်းအဝေးမှာ ကမ္ပည်းထိုးမည့် အလှူတစ်ခုခုတော့ လုပ်လိုက်ဦးမှဟု ဦးလူတင် စဉ်းစားထားလေသည်။

***

ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရေး ကော်မတီ အစည်းအဝေးသည် ဦးလူတင်ကို ချီးမွမ်း ဂုဏ်ပြုသံများဖြင့် အောင်မြင်စွာ ပြီးဆုံးသွားလေ၏။

ဦးလူတင်သည် အာပေါင်အာရင်းသန်သန်ဖြင့် တင်ပြ ဆွေးနွေး ခဲ့ရသဖြင့် မောနေလေပြီ။ လူကြီးတွေ အားလုံး ပြန်ကုန်ပြီ ဖြစ်သော်လည်း ဦးလူတင် မပြန်နိုင်သေး။

"ဦးလူတင် တော်တော် မောသွားပြီလား၊ အားဆေးလေး ဘာလေး ယူသွားဦးလေ"

ဆရာဝန်ကြီးကလည်း ဦးလူတင်ကို အထူးပင် ကျေးဇူးတင်နေ၏။

"အားဆေးတော့ မယူတော့ပါဘူး ဆရာရယ်၊ အိမ်မှာလည်း ဆရာ ပေးထားတဲ့ ဆေးတွေ ရှိပါသေးတယ်။ ဒါနဲ့ ဟိုတလောက ဆရာထိုးပေးလိုက်တဲ့ ဆေးလေး ကျွန်တော် မခေါ်တတ်ဘူး။ အဲဒါ တော်တော် နေလို့ကောင်းတယ်။ အဲဒါမျိုး ထိုးလို့ဖြစ်ရင် ထိုးသွားချင်တယ်"

"သြော်… Testoronကို ပြောတာလား၊ ရပါတယ်ဗျာ။ ထိုးသွားပေါ့"

ဆရာဝန်ကြီးသည် ဦးလူတင်ကို ဖော်ရွေ သဘောကောင်းစွာဖြင့်ပင် Testoron တစ်လုံး ထိုးပေးလိုက်လေ၏။

"ကျေးဇူးတင်ပါတယ် ဆရာ။ နက်ဖြန် ဂေါပက အစည်းအဝေးကျမှ တွေ့ကြဦးစို့ရဲ့"

ဦးလူတင်သည် ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး လူငယ်လေး တစ်ယောက်လိုပင် သွက်လက်ပေါ့ပါးစွာ ပြန်လာခဲ့လေ၏။ သူကိုယ်တိုင် မောင်းသည့် သူ့ကိုယ်ပိုင်ကားကလေးကလည်း သွက်လက်ပေါ့ပါးစွာပင် လမ်းပေါ်မှာ ပြေးနေလေ၏။

တိုက်ရှေ့ ပေါ်တီကိုအောက် ရောက်မှ ကားကို အရှိန်လျှော့

ဘရိတ်အုပ်လိုက်ရသည်။ တိုက်တံခါးဝက ဇနီးသည် အဘွားကြီးကို မြင်မှ သူ့မျက်နှာပေါ်က အပြုံးကိုလည်း အရှိန်လျှော့ ဘရိတ်အုပ်လိုက်ရ၏။ အဘွားကြီး၏ ရောဂါအကြောင်း ဆရာဝန်ကြီးနှင့် ဆွေးနွေးဖို့ တစ်ချိန်လုံး သူ မေ့လျော့နေခဲ့သည်။ သည်အတွက် ဆီလျော်သော ဆင်ခြေတစ်ခုခု သူ ပေးမှ ဖြစ်တော့မည်။ သူ့မျက်နှာက ထိုအတွေးဖြင့် လေးနက် တည်ကြည် သွားလေ၏။

“ဘဘကြီး ထဦး၊ ထဦး။ ဘွားဘွားကြီး လိုက်ရှာနေပြီ”

ခင်ထွေးရီက ထိတ်လန့်တကြား လှုပ်နှိုးသဖြင့် သူ ငေါက်ခနဲ ထထိုင်လိုက်သည်။

ဦးလူတင်သည် အခန်းထဲမှ ဒရောသောပါး ပြေးထွက်ကာ စာကြည့်ခန်းထဲသို့ အမြန်ဝင်လိုက်၏။ စာကြည့်မီးအုပ်ဆောင်းကို ဖွင့်ကာ တွေ့ရာ စာအုပ်တစ်အုပ်ကို လှန်လှောနေလိုက်၏။ လက်တွေက ကတုန်ကယင်။

“ဩော်... ရှင်က ဒီရောက်နေတာကိုး။ ကျွန်မ အော်ခေါ်နေတာ မကြားဘူးလား”

“မကြားလိုက်ဘူးကွာ၊ ဒီမှာ စာအုပ်ထဲ စိတ်ရောက်နေတာကိုး။ ဘာလဲ၊ အိပ်မပျော်ပြန်ဘူးလား”

“အိပ်ပျော်ပါတယ်။ အိပ်ပျော်လို့မှ အိပ်မက်ဆိုးတွေ မက်ပြီး လန့်နိုးလာတာ။ အိပ်မက်အကြောင်း ပြောမလို့ ကြည့်လိုက်တော့ ဘေးမှာ ရှင်က မရှိဘူး။ ဒါနဲ့ လိုက်ရှာနေတာ”

“အေးကွာ၊ ငါလည်း အိပ်မပျော်လို့ စာလာကြည့်နေတာ။ နက်ဖြန် ဂေါပက အစည်းအဝေးအတွက်လည်း ပြောစရာလေးတွေ စဉ်းစားနေတာ။ ကိုင်းပါ... ပြောစမ်းပါဦး။ မင်း ဘာအိပ်မက်တွေများ မက်နေလို့တုန်း”

ဦးလူတင်၏ အသံက စောစောနှင့် မတူတော့။ အတော်ပင် တည်ငြိမ်သွားလေပြီ။

“အိပ်မက်ထဲမှာလေ... ရှင့်မျက်နှာ၊ ရှင့်မျက်နှာက အရေခွံတွေ အဖတ်လိုက်၊ အဖတ်လိုက် ကွာကျနေတာတဲ့။ အရေခွံအောက်က အသားတွေ ဆိုတာလည်း ပုပ်သိုး ရိရွဲပြီး ညိုမည်းနေတာပဲ။ တချို့နေရာက လောက်တွေတောင် တွယ်နေတာ။ ရွစိ ရွစိနဲ့။ ကျွန်မလည်း လန့်အော်ရင်း နိုးလာရော။ ခုထိ အော်ဂလီဆန်နေတုန်း။ ခုထိ ရင်ထဲမှာ လှပ်လှပ် လှပ်လှပ်နဲ့”

“မင်း အိပ်မက်ကလည်းကွာ ကြံကြံဖန်ဖန်။ အပ်မက်ထဲ လောက်တက်ရင်

စီးပွားတက်သတဲ့ ကွ။ ဟား... ဟား... ဟား။ ကဲ... ကဲ ရေသောက်ပြီး ပြန်အိပ်ကြစို့”

ဦးလူတင်၏ ရယ်မောနှစ်သိမ့်သံက ခြောက်ကပ်ကပ်ကြီး ဖြစ်နေ၏။ သူသည် အဘွားကြီးကို ကျောခိုင်းပြီး အခန်းထောင့်က ရေအိုးစင်ဆီသို့ ထလာခဲ့၏။ ရေတစ်ခွက်ကို သူက အလျင် သောက်လိုက်ရလေသည်။

ထိုညက မိုးလင်းသည်အထိ ဦးလူတင် အိပ်မပျော်တော့။ ခါတိုင်းဆို ဆေးသောက်ပြီးပါက အဘွားကြီးသည် ညလုံးပေါက် အိပ်ပျော်နေစမြဲ။ သည်ညကျမှ အိပ်မက်မက်ပြီး လန့်နိုးရတယ်လို့။ တော်သေးရဲ့၊ စာကြည့်ခန်းထဲ သူ အရောက်မြန်ပေလို့သာပေါ့။

သူ့အိပ်မက်ကလည်း ကြက်သီးထစရာ၊ ချွေးပြန်ချင်စရာ။ မနက် မိုးလင်းလို့ မျက်နှာသစ်၊ စနိုးလိမ်းပြီးသည်အထိ ကြက်သီးထ မပြေသေး၊ ရင်အခုန် မငြိမ်သေး။ မျက်နှာကလည်း ချွေးစေးတွေ ခဏခဏ ထွက်နေသည်။ လက်ကိုင်ပဝါဖြင့် သုတ်လေ ထွက်လေ။

စိတ်မပါသဖြင့် သည်မနက် လမ်းလျှောက်မထွက်တော့။ ဂုဏ်တော် ပုတီးလည်း မစိပ်ဖြစ်တော့။ ဘုရားရှိခိုး၊ အမျှဝေတာကိုပင် အသံမတုန်အောင် မနည်း ထိန်းနေရသည်။ ကြေးစည်ထုသည့် အချိန်အထိ အဘွားကြီးက မနိုးသေး။

နံနက်ခင်း စားပွဲဝိုင်းမှာ တစ်ယောက်တည်း ငိုင်တိုင်တိုင် ဖြစ်နေသည်။ နွားနို့နှင့် ငုံးဥကလည်း ပါးစပ်ထဲမှာ အရသာမပေါ်။ ခဏနေလျှင် ဂေါပက အစည်းအဝေး သွားရဦးမည်။

သူ့မှာ မျက်နှာနှင့် လည်ကုပ်က ချွေးတွေ သုတ်လို့ မဆုံးတော့။ မှန် ထကြည့်တော့ မျက်နှာက လျော့ရိလျော့ရဲနှင့်။ ဝဝင်း ပြည့်တင်းသည့် မျက်နှာက မွဲပြာပြာ မဲ့တဲ့တဲ့ ဖြစ်နေသည်။ အဘွားကြီး၏ အိပ်မက်ကို သတိရတော့ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ အစည်းအဝေးကလည်း အရေးကြီး။ မြို့မျက်နှာဖုံးတွေ လူစုံတက်စုံ လာကြမည်။ ဗွီဒီယိုတွေ၊ မှတ်တမ်းတင် ဓာတ်ပုံတွေလည်း ရိုက်ကြလိမ့်ဦးမည်။ အစည်းအဝေး ဩဝါဒ စကားပြောရမည့် အထဲမှာ သူပါသည်။

“ခင်ထွေးရီ နင့်မှာ လိမ်းရင် လိမ်းမှန်း မသိသာတဲ့ မိတ်ကပ်မျိုး မရှိဘူးလား”

“ရှိတာပေါ့။ အသားလှ မိတ်ကပ်လေ၊ အောက်ခံမိတ်ကပ်လို့လည်း ခေါ်တယ်။ လိမ်းရင် လိမ်းထားမှန်း မသိသာဘူး”

“အေး... အဲဒါ ငါ့ကို မြန်မြန်ပေးစမ်း”

ဦးလူတင်သည် ခင်ထွေးရီပေးသည့် မိတ်ကပ်ကို မျက်နှာ၊ လည်ပင်းနှင့်

လည်ကုပ်ပါမကျန် လိမ်းလိုက်သည်။ မှန်ကို ရှုထောင့်မျိုးစုံက ကြည့်၏။

ခင်ထွေးရီ ပြောသလိုပင် မိတ်ကပ်က လိမ်းလို့ လိမ်းထားမှန်း မသိသာ။ မျက်နှာ ဖွေးမနေ။ နဂို အသားအရေကို ပြည့်တင်း စိုပြည်စေ၏။ ချွေးလည်း မထွက်တော့။ လျှော့ရီ လျော့ရဲ မွဲပြာပြာလည်း မဖြစ်တော့။ မှန်ထဲက သူ့မျက်နှာသည် နဂိုကလိုပင် ပြည့်တင်း ဝင်းဝါ နုပျိုနေ၏။ ဦးလူတင် အားရပါးရ ပြုံးလိုက်သည်။

ရုပ်အကျႌ ကော်လာကတုံး၊ ရင်ဖုံး တိုက်ပုံ အဖြူ၊ ပိုးလုံချည်အကွက် ကျဲကျဲဖြင့် ကျက်သရေရှိရှိ ဝတ်ဆင်ကာ အစည်းအဝေး ကျင်းပမည့်နေရာသို့ ကြီးစွာသော ဣန္ဒြေဖြင့် ထွက်လာခဲ့လေ၏။

သူ့မျက်နှာ မိတ်ကပ်လိမ်းထားသည်ကိုတော့ ခင်ထွေးရီမှတစ်ပါး အခြား မည်သူမျှ သိလိမ့်မည် မဟုတ်ပါချေ။

[ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊

အတွဲ(၁၁)၊ အမှတ်(၈၀)။ အောက်တိုဘာလ၊ ၁၉၉၅]

ရောဂါနှင့် လူ

ကျွန်တော် သည်မြို့ကလေးသို့ လက်ထောက်ဆရာဝန်အဖြစ် ရောက်လာတော့ ခင်မောင်ညွန့်ကို ချက်ချင်း သတိရလိုက်သည်။

သည်မြို့ကလေးသည် ကျွန်တော်နှင့် သူစိမ်းတစ်ရံဆ ဖြစ်နေ၏။ ကျွန်တော် ကြီးပြင်း ကျင်လည်ခဲ့သော အရပ်ဒေသများနှင့် မိုင်ပေါင်းများစွာ ကွာလှမ်းသော မြို့ကလေး။ ကျွန်တော်၏ အသိမိတ်ဆွေ မပြောနှင့်၊ ကျွန်တော့်မိတ်ဆွေ၏ မိတ်ဆွေများပင် မရှိ။ သို့သော် ခင်မောင်ညွန့် တစ်ယောက်တော့ ခြွင်းချက် ဖြစ်သည်။

ခင်မောင်ညွန့်သည် သည်မြို့ချက်မြှုပ်၊ သည်မြို့သား စစ်စစ် ဖြစ်၏။ ကျွန်တော်နှင့် ဒေသကောလိပ်မှာ ဆုံခဲ့ကြသည်။ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။ နောက်တော့ သူက ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ရောက်သွား၊ ကျွန်တော်က ဆေးကျောင်းရောက်ပြီး ကွဲကွာသွားသည်မှာ ကျောင်းသက် (၇) နှစ်၊ လုပ်သက် (၅)နှစ် ပေါင်းလျှင် (၁၂)နှစ် ရှိသွားပြီ။ ၁၂ နှစ်အတွင်း လူချင်းလည်း မတွေ့မိ၊ စာချင်းလည်း မဆက်သွယ်ဖြစ်၊ သတင်းစကားလည်း မကြားရနှင့်။ ခု သူ့မြို့ရောက်မှ သူ့ကို သတိရခြင်း ဖြစ်တော့၏။

ခင်မောင်ညွန့် သည်မြို့ မှာ ရှိသေးသလား။ ဘွဲ့ရ ဝန်ထမ်းဘဝနှင့် တာဝန်ကျရာအရပ် လှည့်ပတ်သွားနေရပြီလား။ စီးပွားရေးလုပ်ငန်း တစ်ခုခုဖြင့် အဆင်ပြေရာ ဒေသမှာ အခြေကျနေပြီလား။ အိမ်ထောင်ကျပြီး မိန်းမ၏ ဇာတိမြို့ရွာမှာ ကျောက်ချနေပြီလား။ ကျွန်တော် ဘာတစ်ခုမှ မသိ။ မြို့ခံလူတွေကို မေးမြန်းစုံစမ်းကြည့်ရန်သာ ရှိတော့သည်။

***

ကျွန်တော့်မှာ ရောက်စ တစ်ရက် နှစ်ရက်အတွင်း ခင်မောင်ညွန့်ကို မတွေ့အားသေး။ လုပ်ငန်းကိစ္စ၊ ရုံးကိစ္စ၊ နေထိုင်စားသောက်ရေး ကိစ္စများဖြင့် အလုပ်ရှုပ်နေခဲ့၏။

သို့သော် ခင်မောင်ညွန့်သတင်းကတော့ ကြားနေရပါပြီ။ သူက ထင်ထင်ရှားရှားကြီး မဟုတ်လှသော်လည်း သူ့ကြီးတော်က သည်မြို့မှာ

နာမည်ကြီးပုဂ္ဂိုလ် ဖြစ်နေ၏။ မြို့မျက်နှာဖုံး၊ ချမ်းသာကြွယ်ဝသည်။ မြို့၏ စီးပွားရေးလုပ်ငန်း တော်တော်များများမှာ ပါဝင်ပတ်သက်နေသည်။ သူ့ကြီးတော် သတင်းကို ပြုံးပြီး ပြောသူတွေ ရှိသလို မဲ့ရွဲ့ပြီး ပြောသူတွေလည်း ရှိသည်။Famous လား၊ Notorious လား။ ပျော်ပျော်နေတတ်သည့် မြို့နယ် ဆရာဝန်ကြီးကတော့ Famo-notorious ဗျ ဟု စကားလုံး အသစ်ထွင်ပြီး ပြောသည်။

ကျွန်တော့်သူငယ်ချင်း ခင်မောင်ညွှန့်ကိုတော့ အဘွားကြီး၏ တူ။ အဘွားကြီး၏ အမွေစား အမွေခံ၊ အဘွားကြီး၏ လုပ်ငန်းမန်နေဂျာ၊ အဘွားကြီး စိတ်တိုင်းမကျလေသမျှ အနီးကပ် အဆူအငေါက်ခံ သတ္တဝါအဖြစ် အမျိုးမျိုး နာမည်တပ် တံဆိပ်ကပ်ကြလေသည်။

ကျွန်တော်က သူ့ဆီ သွားဖို့ စိတ်ကူးနေဆဲမှာပင် ဆေးရုံဝင်းထဲက ကျွန်တော့်အိမ်သို့ သူက အလျင် ပေါက်ချလာ၏။

“ဟ ကောင်ကြီး၊ အသက်ရှည်ဦးမယ်။ ခုပဲ မင်းဆီ လာမလို့ စိတ်ကူးနေတာ”

၅(က) လစ်မစ်တက် ဆလွန်းကားနှင့် လာတာဆိုတော့ ဒီကောင် တော်တော် ထောင်နေပြီ ဖြစ်၏။ လူကတော့ နည်းနည်း ရင့်သွားတာက လွဲရင် ကျောင်းသားတုန်းကအတိုင်း ပိန်ပိန်ပါးပါး၊ သွက်သွက်လက်လက်ပင် ရှိသေး၏။

“ငါက မြို့ခံပဲ၊ ငါက လာရမှာပေါ့ကွာ။ မင်း စ ရောက်တဲ့နေ့ ကတည်းက သတင်းရတယ်။ ခုမှ လာနိုင်တာကိုပဲ ခွင့်လွှတ်။ ငါက အလုပ်များတယ်ကွ။ ဟဲ... ဟဲ”

“ကြားပါ့ဗျာ၊ ကြားပါ့။ ကိုယ့်သူငယ်ချင်း အလုပ်တွေက များ၊ ကြီးပွား တိုးတက်နေတယ်ဆိုတဲ့ သတင်း။ ဒါနဲ့ မင်းကြီးတော်ကြီးရော နေကောင်းရဲ့လား”

“အေးနော်၊ ငါ့ကြီးတော်အကြောင်း မင်းက စမေးတာ။နောက်မှ ကြီးတော်ကြီး ဆိုပြီး ကြောက်ပါပြီဗျ မလုပ်နဲ့။ ဟား... ဟား”

ခင်မောင်ညွှန့်နှင့် စကားပြောရသည်မှာ ပျော်စရာကောင်းသည်။ ဒီကောင်ကြီးက အာဝဇ္ဇန်း အင်မတန်ကောင်းသူ ဖြစ်၏။ ခဏတွင်းမှာပင် သူ့အိမ်တွင်းရေး၊ ကိုယ့်အိမ်တွင်းရေး၊ သည်မြို့ကလေးအကြောင်း၊ အထူးသဖြင့် သူ့ကြီးတော်ကြီးအကြောင်း စုံတကာစေ့အောင် ပြောဖြစ်သွားသည်။ သူ့အိမ်ကိုလည်း ရောက်ဖူးစေရန်၊ သူ့မိသားစုနှင့် မိတ်ဆက်ပေးရန် ကျွန်တော့်ကို ညနေစာ ထမင်းစား လာဖိတ်ခြင်း ဖြစ်၏။အထူးသဖြင့် သူ့ကြီးတော်ကြီးနှင့် ကျွန်တော့်ကို တွေ့စေဟန်တူသည်။

သူက ကျွန်တော့်ကို မိသားစုလိုက် ပြောင်းရွှေ့လာသည် ထင်နေသည်။

ကျွန်တော်က ဇနီးနှင့် ကလေးများကို ယောက္ခမထံ အပ်ထားခဲ့ပြီး တစ်ယောက်တည်း အလျင်လာခဲ့ခြင်း ဖြစ်၏။အနည်းငယ် အခြေကျမှ လှမ်းခေါ်မည်။

သူကတော့ ကျွန်တော့်မိသားစုကို ချက်ချင်း ခေါ်လိုက်ရန်သာ တိုက်တွန်းနေသည်။ အစစ အဆင်ပြေရန် သူ့တာဝန်ထားပါ တဲ့။ ညနေ ဆေးခန်းဖွင့်ဖို့ကိုလည်း နေရာနှင့်တကွ မိတ်များများရအောင် စည်းရုံးပေးဖို့အထိ တာဝန်ယူသွားသည်။

ခင်မောင်ညွန့်ကား ကျွန်တော် ထင်ထားသည်ထက်ပင် အားကိုးဖို့ ကောင်းနေတော့၏။

***

ကျွန်တော်သည် ခင်မောင်ညွန့်တို့ အိမ်သို့ မိတ်ဖြစ်ဆွေဖြစ် ညစာစား သွားခဲ့ခြင်းအကြောင်း ပြန်စဉ်းစားမိတိုင်း ရယ်ရအခက်၊ ငိုရအခက် ဖြစ်နေရ၏။ သူ့ကြီးတော်ကြီးသည် တကယ်ကို နာမည်ကြီးထိုက်ပါပေ၏။ တိုက်တာ၊ ခြံမြေ စီးပွားရေးလုပ်ငန်းများကို ခန့်မှန်းကြည့်ရုံမျှဖြင့် အဘွားကြီး၏ ဦးနှောက်ကို ချီးမွမ်းမိရပေသည်။

သို့သော်...

ထမင်းစားဖို့ လက်ဆေးနေကာမှ အဘွားကြီးက သူ့ရင်သားကို လှန်ပြတော့ ကျွန်တော့်မှာ ထမင်းပဲ ဆက်စားရမလိုလို၊ သူ့ရင်သားက ချုပ်ရိုးဟောင်းကြီးကိုပဲ ထ ကြည့်ရတော့မလိုလို ဖြစ်သွားရ၏။ ခင်မောင်ညွန့် အထိန်းကောင်းလို့သာ တော်တော့သည်။ ဒါတောင် ထမင်းစားရင်းလည်း သည်အကြောင်း ချူသံပါအောင် ညည်းညူနေတော့၏။ ခင်မောင်ညွန့်နှင့်တကွ ဆရာဝန်တွေကို အပြစ်တင်နေလိုက်သေးသည်။ တစ်ချက် တစ်ချက် အဘွားကြီး ငိုနေတာလားဟုပင် ကျွန်တော် တွေးနေမိသည်။ အဘွားကြီး၏ ရောဂါကို ခင်မောင်ညွန့် ကြိုပြောထားလို့သာ ကျွန်တော့်မှာ ရေလိုက်၊ ငါးလိုက် ရှင်းပြ ဖြေဆိုနိုင်ခြင်း ဖြစ်တော့၏။

အပြန် အိမ်လိုက်ပို့တော့ ခင်မောင်ညွန့်က ကျွန်တော့်ကို စပ်ဖြဲဖြဲနှင့် ကွန်ဂရက်ကျူလေးရှင်း လုပ်သည်။

"မင်း တော်တယ် သူငယ်ချင်း၊ ငါ့ကြီးတော်ကြီးက တော်တော် ချေးများ

(ဂျီးများ)တာ။ ကြီးတော်ကြီး မဟုတ်ဘူး။ ဂျီးတော်ကြီးကွ။ ဒီမြို့က ဆရာဝန်တွေ တစ်ယောက်မှ သူ့ဒဏ် မခံနိုင်ဘူး။ မင်းကို တစ်ခါတွေ့ရုံနဲ့ Family Doctor ခန့်လိုက်တာ မင်း ဂုဏ်ယူပေတော့။ ဟဲ... ဟဲ”

“သူ့ရောဂါက သူ ထင်နေသလို ကင်ဆာ မဟုတ်နိုင်ပါဘူးကွာ။ ရင်သားမှာ အကျိတ်ဖြစ်တိုင်း ကင်ဆာမဟုတ်ဘူးကွ။ Benign Tumour ဆိုတာမျိုး ရှိသေးတယ်။ ခွဲထုတ်လိုက်ရင် ပြီးသွားတာပဲ။ ခက်တာက ကုသချက် မှတ်တမ်းတွေနဲ့ Biopsy Report အဘွားကြီးဆီမှာ မရှိတာဘဲ။ ခွဲပေးတဲ့ ဆရာဝန်ကြီးကလည်း ဆုံးသွားပြီဆိုတော့ လမ်းစပျောက်ကရော။ ပြန်ပြီး Check Up လုပ်ဖို့ တိုက်တွန်းမလို စဉ်းစားသေးတယ်။ လောလောဆယ် မပြောချင်သေးတာနဲ့”

“မပြောလိုက်နဲ့ဦးကွာ။ မီးလောင်ရာ လေပင့် ဖြစ်သွားမယ်။ ခွဲထားတာ ၇ နှစ် ကျော်သွားပြီ။ ဘာမှ မဖြစ်သေးပုံထောက်ရင် ကင်ဆာ မဟုတ်ဘူးဆိုတာ ငါလည်း ရိပ်မိပါတယ်။ အဲဒီတုန်းက ခွဲပေးတဲ့ ဆရာဝန်ကြီးက လောလောဆယ် ကင်ဆာမဟုတ်ဘူး။ ဒါပေမယ့် မကြာမကြာ Check Up လုပ်ပါ ဆိုတဲ့ စကားကိုပဲ ကင်ဆာပါဆိုပြီး သူ့ဟာသူ တစ်ထစ်ချ စွဲနေတာ။ ခေါင်းဆောင်လုပ်ပြီး ဖုံးဖိထားတာ ငါတဲ့ကွာ။ အခက ပြဿနာ အဲဒါပဲကွ”

“အေး အဘွားကြီး တစ်ဝက်လောက် ပိန်ကျသွားတယ် ဆိုတာ မကောင်းဘူး။ ငါ စစ်ဆေး ကြည့်ရသလောက် မဆိုးပေမယ့် Check Up ကတော့ လုပ်ကို လုပ်ရမှာ။ Benign ကနေ Malignancy ဘက် ကူးသွားတတ်တယ်”

“အဘွားကြီး ပိန်တာ ဆိုက်ကိုပါကွာ။ ခွဲပြီးကတည်းက အစားပျက်၊ အအိပ်ပျက်နဲ့ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတွေမှာလည်း ဟိုတုန်းကလို မတက်ကြွတော့ဘဲ လူတွေနဲ့ အဆက်ပြတ်နေတာ ၇ နှစ်ရှိပြီ ဥစ္စာ၊ ပိန်မှာပေါ့”

ခင်မောင်ညွန့် ပြောတာလည်း ဖြစ်နိုင်သည်။ သူက တစ်သက်လုံး အတူ နေလာတဲ့သူ။ ကျွန်တော်က မနေ့တစ်နေ့ကမှ တွေ့ရခြင်း ဖြစ်၏။ ညရောက်တော့ ခင်မောင်ညွန့်စကားက ပိုမှန်သွားသည်။ ထိုနေ့ညက အိပ်ကောင်းနေတုန်း ညဉ့် ၂ နာရီလောက်မှာ ခင်မောင်ညွန့် ကားဟွန်းတီးပြီး လာနှိုးသည်။ အဘွားကြီးက ဖွတ်ခေါ်ခိုင်းလို့ ဆို၏။ သူကတော့ အားနာနေသည်။

လိုက်သွားတော့ အဘွားကြီးက ခုတင်ပေါ်မှာ အော်ဟစ်ညည်းညူ လူးလိမ့်နေသည်။ စမ်းသပ်ကြည့်တော့လည်း ဘာမျှ မဟုတ်လှ။ အနက်ဂျက်ဆင် တစ်လုံးထိုး၊ ဒိုင်ယာဇီပင်တိုက်။ ခဏတစ်ဖြုတ် စကားထိုင်ပြောပြီး ပြန်လာခဲ့ရသည်။

အပြန်မှာ ခင်မောင်ညွန့်က စပ်ဖြဲဖြဲနှင့် ပခုံးတွန့်ပြ၏။

***

မှတ်မှတ်ရရ အဘွားကြီးသည် ကျွန်တော့်လူနာဖြစ်ပြီး ၆ လ အတွင်းမှာ–

(တစ်) လေ့ကားပေါ်က တစ်ခါ လိမ့်ကျ၏။ (နှစ်) ဝမ်းလျှော ဝမ်းပျက် နှစ်ကြိမ်ဖြစ်၏။ (သုံး) ပုရွက်ဆိတ်အုံပေါ် ခြေထောက်ချမိပြီး ပုရွက်ဆိတ်တွေ ဝိုင်းကိုက်ခံရတာ တစ်ခါဖြစ်၏။ (လေး) သူတို့အခေါ် ပင့်ကူ ရှပ်သည်ဟု ခေါ်၏။ ပင့်ကူ အကိုက်ခံရတာ တစ်ခါ ဖြစ်၏။ (ငါး) တစ်ကိုယ်လုံး ယားယံပြီး အင်ပြင်ထ၊ အဖျားတက်၊ ချမ်းတုန်လာတာ တစ်ခါ ဖြစ်၏။ (ခြောက်) ခြေသလုံးကို သံပြား ရှပြီး ငါးချက် ချုပ်ပေးလိုက်ရတာ တစ်ခါ ပါသည်။

ဖြစ်သမျှ ရောဂါအားလုံးသည် အသက်အန္တရာယ် စိုးရိမ်ရလောက်သည့် ရောဂါများ မဟုတ်သော်လည်း ဖြစ်လေသမျှ ကျွန်တော် ဂရုတစိုက် ကုသပေးခဲ့ပါသည်။ ဝမ်းလျှောတုန်းကလည်း သိပ် အခြေအနေ မဆိုးသော်လည်း ကျွန်တော် သူတို့အိမ်မှာ စောင့်အိပ်ပြီး ပုလင်းချိတ်၊ ဆေးထိုး၊ ဆေးတိုက် ဂရုတစိုက် လုပ်ပေးခဲ့သည်။ ခြေသလုံးကို ချုပ်ရတုန်းကလည်း ထုံဆေးထိုးပြီး ကျကျနန ချုပ်ပေးခဲ့ရာ အဘွားကြီးက အလွန်ပင် သဘောကျနေ၏။ ကျွန်တော်လည်း တဖြည်းဖြည်းနှင့် အဘွားကြီး အထာကို သဘောပေါက်လာရာ သူရယ်မောရအောင် နောက်ပြောင်တတ်လာသည် အထိ ဆက်ဆံရေး တိုးတက်လာ၏။

အဘွားကြီးသည် ရောဂါထူသော်လည်း ခြောက်လအတွင်းမှာ ကိုယ် အလေးချိန်တိုး ဝဖြိုးလာ၏။ သိသိသာသာ လန်းဆန်း စိုပြည်လာ၏။ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး ကိစ္စများကိုလည်း စိတ်ပါဝင်စားလာ၏။

အဘွားကြီး လန်းဆန်းစိုပြည်လာသလို ကျွန်တော့် ဆေးခန်းကလေးလည်း တိုးတက်စိုပြည် လာပါ၏။ မိသားစုကို အတူ ခေါ်ထားနိုင်ပြီ။ ခြောက်လအတွင်းမှာ မျက်နှာသစ် ကျွန်တော့် ဆေးခန်းက မြို့ခံ လက်ဟောင်း ဆေးခန်းများနှင့် တန်းတူ လူနာမိတ်တွေ ရလာသည်။ သုံးပုံ နှစ်ပုံသည် အဘွားကြီး မျက်နှာ၊ အဘွားကြီးနှင့် ခင်မောင်ညွန့် ကြော်ငြာပေးမှုကြောင့် ဖြစ်သည်ကိုတော့ အထူးပြောစရာ မလိုတော့ပါ။ အဘွားကြီးက ကျွန်တော့်ကို အတော် အထင်ကြီးနေသည်။ သူ ကိုးကွယ်သည့်၊ မြို့မှာ ဩဇာတိက္ကမရှိသော ဘုန်းတော်ကြီးကိုပင် ကျွန်တော်နှင့် ကုစေသည်။ (ဩဇာတိက္ကမ ကြီးမားသော ဘုန်းတော်ကြီးနှင့် ချမ်းသာကြွယ်ဝသော မြို့မျက်နှာဖုံးကို ကပ်မိသည်နှင့် ကျွန်လူတွေကို အလိုလို စည်းရုံးပြီးသား ဖြစ်သွားတော့၏။)

အဘွားကြီး၏ မိတ်ဆွေများကလည်း အဘွားကြီး ကျန်းမာရေး

တိုးတက်လာသဖြင့် ဝမ်းသာနေကြသည်။ ဝမ်းအသာဆုံးမှာ ခင်မောင်ညွန့်တို့ မိသားစု ဖြစ်လိမ့်မည် ထင်သည်။ ဆူတာ၊ အော်တာ၊ ငေါက်တာတွေ မရှိ။ အဘွားကြီး စားဝင်အိပ်ပျော် လာတော့၊ အဘွားကြီး ပြုံးပျော်ရွှင်လန်း လာတော့ ဝမ်းသာကြပေလိမ့်မည်။

အဘွားကြီး ကိုယ်နှိုက်က ညည်းနေကျ သူ့ 'ကင်ဆာကြီး'ကို မေ့နေပြီ ဖြစ်၏။ ခု နောက်ပိုင်းရက်များ အတွင်းမှာ အဘွားကြီး ရောဂါဟောင်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ညည်းတွားသံ ကျွန်တော် ထပ်မကြားရတော့ပါ။

***

ထိုနေ့ညက ခင်မောင်ညွန့်တို့လည်း တော်တော် မူးနေသည်။ ကျွန်တော်လည်း တော်တော် မူးနေခဲ့သည်။

"ဟေ့ကောင် ခင်မောင်ညွန့်၊ မင်းကိုယ်မင်း လည်လှပြီ ထင်မနေနဲ့၊ ငါသိတယ်နော်...။ အဘွားကြီး ရောဂါ အသေးအမွှားတွေ ဟိုဟာ ဖြစ်လိုက်၊ ဒီဟာ ဖြစ်လိုက်နဲ့ ဖြစ်နေတာ မင်းပယောဂ မကင်းဘူး။ ဟုတ်တယ် မဟုတ်လား"

"ဟား... ဟား... သူငယ်ချင်းရာ၊ မင်းတာဝန်က ဖြစ်လာတာ ပျောက်အောင် ကုပေးဖို့ပဲ မဟုတ်လား။ အေးလေ ပျောက်အောင် ကုပေးလို့လည်း ကြီးတော်ကြီးလည်း ကျန်းမာစိုပြည်၊ သူငယ်ချင်းလည်း ချမ်းသာ စိုပြည်၊ အာလုံး အိုကေ"

"တော်စမ်းကွာ ခင်မောင်ညွန့်၊ ငါတို့ ဆရာဝန်တွေဟာ ဖြစ်လာမှ ကုပေးရုံ မဟုတ်ဘူးကွ။ မဖြစ်အောင် ကြိုတင်ကာကွယ်လို့ ရတာတွေကိုလည်း ကာကွယ်ပေးဖို့ တာဝန်ရှိတယ်။ ပြီးတော့ အဘွားကြီးရဲ့ အဓိက ရောဂါကို ပြန်ပြီး Check Up လုပ်ဖို့"

"ဟို... ဟိုး သူငယ်ချင်း၊ မေ့နေတာ မေ့ပါစေလားကွာ၊ ကျော်ဟိန်း ပြောသလို ဒီအတိုင်းပဲ ကောင်းပါတယ်။ ဟုတ်လား၊ ရော့... ရော့ သောက်လိုက်"

သူရော ကျွန်တော်ပါ ခေါင်းစိုက်သွားကြတော့၏။

သည့်နောက်မှာ ကျွန်တော့်စိတ်သည် တအုံ့နွေးနွေး၊ မသိုးမသန့် ဖြစ်နေတော့၏။ အဘွားကြီး ပြုံးပျော်နေတာ မြင်ရလည်း ကျွန်တော် မပျော်။ အဘွားကြီး မိတ်ဆွေတွေ ပြုံးနေ၊ ပျော်နေကြတာ မြင်ရလည်း ကျွန်တော် မပျော်။ ကျွန်တော့်ဆေးခန်း လူနာများပြီး၊ ဝင်ငွေ ကောင်းလာတာကိုပင် ကျွန်တော် မပျော်။

ကျွန်တော်သည် ခင်မောင်ညွန့်၏ ကုထုံးကြီးထဲမှာ ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သက် နေမိပြီလဲ။ ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သက် နေရဦးမှာလဲ။ အဓိက ရောဂါကြီးကို မသိကျိုးကျွံပြုပြီး အာဂန္တု ရောဂါလေးတွေကို ကုသပေးလိုက်၊ ပျောက်သွားလိုက်၊ ပျော်လိုက်ကြနှင့် ဘဝကို လိပ်ပြာသန့်ပြီလား။ တာဝန်ကျေပြီလား။ ကျေနပ်နေပြီလား။

ခင်မောင်ညွန့်သည် ကျွန်တော် ပြောခဲ့ဖူးသလို တခ်ဏုပ္ပတ္တိဉာဏ်၊ ဇဝနဉာဏ် အင်မတန်ကောင်းသူ ဖြစ်၏။ အဘွားကြီး သူ့ရောဂါဟောင်းကို သတိမရခင် ရောဂါအသစ်ကလေးတစ်ခု ဖြစ်လာဦးမည်။ ကျွန်တော့်ကို ကုခိုင်းဦးမည်။

ထိုအခါ ကျွန်တော်သည်...။

[သရဖူမဂ္ဂဇင်း၊ အမှတ်(၁၉)။ မတ်လ၊ ၁၉၉၆]

မြင်းခွာသံ

ကျွန်တော့်ဘဝတွင် မြင်းခွာသံကို ပထမဆုံး စွဲစွဲထင်ထင် ဖြစ်မိသည်မှာ ကျွန်တော် သုံး၊ လေးနှစ်သား အရွယ် ကလေးဘဝတုန်းက ဖြစ်ပါသည်။

မှတ်မှတ်ရရ အဖေသည် ကျွန်တော့်ကို လက်ဆွဲလျက်၊ အမေက ကျွန်တော့်အောက်က ကျွန်တော့်ညီ (နို့စို့ကလေး) ကို ခါးထစ်ခွင်ချီလျက် ကျွန်တော်တို့ မိသားစု ရွှေကြက်ယက်ဘုရားပွဲသို့ အလည်သွားကြပါသည်။ ပွဲဈေးတန်းထဲ လျှောက်လည်ကြရင်း အဖေက ကျွန်တော်ကြိုက်တဲ့ အရုပ်ကို ပြ၊ ဝယ်ပေးမယ် ဟု ပြောပါသည်။ ကျွန်တော်က ကြိုးဆွဲပြီး ကလို့ရသော သစ်သားမြင်းရုပ်ကလေးကို လက်ညှိုးထိုးခဲ့ပါသည်။

အိမ်ရောက်တော့ အဖေက "ရွှေဘိုမြင်းရယ်လေ၊ ခြေသံ၊ ခွာသံ ပြင်းတယ်လေ့လေ၊ ခွပ် ခွပ်၊ ခွပ် ခွပ်" ဟု ဆိုကာ ကြိုးဆွဲပြပါသည်။ မြင်းကလေးက ခြေလေးချောင်း မြောက်ကြွ၊ မြောက်ကြွဖြင့် က ပါသည်။ ကျွန်တော် သဘောကျလိုက်သည့် ဖြစ်ခြင်း။ "ရွှေဘို ညင်းရယ်ရေ၊ ချီသံ၊ ခွာတံ ကျင်းတယ် ရေ… ရေ။ ခွပ် ခွပ်၊ ခွပ် ခွပ်" ဟု ကိုယ့်ဟာကိုယ်ဆို၊ ကိုယ့်ဟာကို ကြိုးဆွဲဖြင့် တစ်နေကုန် မမောနိုင်၊ မပန်းနိုင်။ ထမင်းမေ့၊ ဟင်းမေ့။ အိပ်ပျော်နေရင်းပင် ခွပ် ခွပ်၊ ခွပ် ခွပ်နဲ့ ပါးစပ်က ယောင်သည် ဟု အမေက ပြောဖူးသည်။

တစ်နေ့… အဖေက ကျွန်တော် မြင်းကို သဘောကျမှန်းသိတော့ မန္တလေးမှ သစ်သားမြင်းရုပ်ကြီးတစ်ခု ဝယ်လာပါသည်။ မြင်းရုပ်ကြီးကို ထမ်းပြီး အဖေ အိမ်ထဲဝင်လာတော့ ကျွန်တော့်မှာ အံ့ဩဝမ်းသာလို့ မဆုံးတော့။ မြင်းရုပ်ကြီးမှာ ခွစီးလျှင် ရှေ့နောက်ယိမ်းထိုးလို့ရအောင် ပြုလုပ်ထားရာ လည်ပင်းကို ဖက်ပြီး လှုပ်ပေးလိုက်လျှင် (ထိုစဉ်က) တကယ် မြင်းစီးနေရသည်ဟုပင် ထင်ရပါသည်။ သို့သော် ပါးစပ်ကတော့ ခွပ် ခွပ် ခွပ် ခွပ်နှင့် အော်ပေးရပါသေးသည်။

"အဖေ့ မြင်းက ခြေသံလည်း မမြည်ဘူး" ဟု ပြောရာ "မြင်းက အရုပ်ပဲ သားရဲ့။ ဘယ် မြည်မှာတုန်း၊ သားက အော်ပေါ့၊ မြင်းက ဖြည်းဖြည်း စီးရင် ခွပ်ခွပ် ခွပ်ခွပ် နဲ့ မြည်တယ်။ အပြေးစီးရင် တစ်ဂလုတ် တစ်ဂလုတ်လို့ မြည်တယ်။ သား မြင်းက တအားပြေးနေတာ။ အော်ကြည့်စမ်း၊ တစ်ဂလုတ်… တစ်ဂလုတ်လို့" ဟု အဖေက မြှောက်ပေးပါသည်။

ကျွန်တော် မြင်းကို တအားမောင်းပါသည်။ ကျွန်တော့်မြင်းကလည်း ခွာသံပြင်းပြင်းဖြင့် တအား ပြေးပါသည်။

"တစ်ဂလုတ်… တစ်ဂလုတ်"

***

ကျွန်တော် ကျောင်းနေသည့်အရွယ် ရောက်တော့…။

ကျွန်တော့်အိမ်နှင့် ကျောင်းက သိပ်မဝေးလှပါ။ အိမ်နီးချင်း သူငယ်ချင်းများနှင့်အတူ ခြေကျင်သွားလျှင်လည်း ရပါသည်။ အဖေက စက်ဘီးဖြင့် လိုက်ပို့ပေးလည်း ရပါသည်။ သို့သော် ကျွန်တော်က ခြေကျင်လည်း မသွားချင်၊ စက်ဘီးလည်း မစီးချင်၊ မြင်းလှည်း စီးချင်နေပါသည်။ မြင်းခွာသံ တခွပ်ခွပ်ကို နားထောင်ပြီး မြင်းလှည်းစီးရသည့် အရသာကို စွဲလမ်းနေပါသည်။

ထိုအခါ အဖေသည် အဝေးမှ ကျောင်းသားများကို လခနှင့် အကြိုအပို့ လုပ်သည့် ဖယ်ရီမြင်းလှည်းကို အိမ်နီးပါလျက် မြင်းလှည်းခ အတူပေးပြီး စီးစေပါသည်။ ကျောင်းသွားကျောင်းပြန် မြင်းခွာသံ တခွပ်ခွပ်ကို နားထောင်ရင်း ကျွန်တော် ကလေးဘဝ ကျောင်းသွားရသည်မှာ ပျော်စရာ ကောင်းခဲ့ပါသည်။

အတန်း အနည်းငယ် ရလာတော့ ကျွန်တော် ပန်းချီဆွဲတတ် (အရုပ်ရေးတတ်) လာပါသည်။ ကျွန်တော်ဆွဲသည့် ပန်းချီများသည် မြင်းရုပ်အမျိုးမျိုး ဖြစ်မှာကိုတော့ အထူးပြောစရာ မလိုတော့ပါ။ မြင်းရုပ်ဆွဲတိုင်းလည်း မြင်းခြေထောက် အောက်မှာ "ခွပ်ခွပ် ခွပ်ခွပ်" တို့၊ "တစ်ဂလုတ် တစ်ဂလုတ်" တို့ ခွာသံကို စာဖြင့် ရေးထိုးဖို့လည်း ဘယ်တော့မှ မမေ့ခဲ့ပါ။

သည်ထက် အတန်းကြီးလာတော့ ရုပ်ရှင်ကြည့်တတ်လာပါသည်။ ကျွန်တော်တို့ငယ်စဉ်က ဗွီဒီယို မပေါ်သေးပါ။ ဗွီဒီယိုရုံတွေ မရှိသေးပါ။ နေ့ပွဲရုပ်ရှင် ကြည့်ချင်လျှင် ကျောင်းပြေးပြီး ကြည့်ရပါသည်။ ကျွန်တော်သည် အမြဲ ကျောင်းပြေးတတ်သော ကျောင်းသားဆိုး မဟုတ်ခဲ့ပါ။ သို့သော် ရွှေဘတို့၊ ကျော်ဆွေတို့ မြင်းစီးတဲ့ ကားမျိုး ဆိုလျှင်တော့ ကျွန်တော် ကျောင်း ပြေးပါတော့သည်။ လက်ကိုင်ပဝါ (မာဖလာ) ကို ပါးစပ်မှာ စည်း၊ ဦးထုပ် ဆောင်း၊ ဘောင်းဘီရှည် ပွပွဖြင့် မြင်းကို တအား ဒုန်းစိုင်းသော ရွှေဘ၏ စတိုင်သည် ကျွန်တော့်ရင်ကို လှုပ်ကိုင် ခါယမ်းခဲ့ပါသည်။ လူဆိုးတွေနှင့် လိုက်တမ်းပြေးတမ်း လုပ်နေသော ရွှေဘ၏ မြင်းခွာသံနှင့်အပြိုင် ကျွန်တော့် နှလုံးခုန်သံ ပြင်းထန်ခဲ့ပါသည်။

နောက်ပိုင်း ကျွန်တော်ဆွဲသော မြင်းရုပ်များ ကျောပေါ်မှာ ဦးထုပ်၊ မာဖလာ၊ ဘောင်းဘီရှည် ပွပွနှင့် လူရုပ်များ တိုးလာပါသည်။ ထိုအရုပ်များကို ရွှေဘပုံဟု

အမည် ထိုးပေးရပါသေးသည်။ သူငယ်ချင်းများက တကယ်တူတာကွ ဟု အားပေးခဲ့ကြပါ၏။

နောက်ပိုင်း သည့်ထက် တစ်ဆင့်တက်လာပြီး နိုင်ငံခြား ကောင်းဘွိုင်ကားများကို ကျွန်တော် ကြည့်တတ်လာပါသည်။စောင်ကြီးခြုံ ဆေးပြင်းလိပ်ခဲပြီး မထုံတတ်သေး မျက်နှာနှင့် ကလင့်အိ(စ်)ဝု(ဒ်)၊ သူစီးသော မြင်းထွားကြီးများကို နှစ်ခြိုက်စွဲလမ်း ရပြန်ပါသည်။ နိုင်ငံခြား ကောင်းဘွိုင်ကားတွေက နည်းပညာ မြင့်မားလှသဖြင့် မြင်းပြေးပုံ၊ မြင်းခြေကျပုံ၊ မြင်း ခွာသံ၊ အနီးရိုက်ချက်၊ အဝေးရိုက်ချက်များသည် ကျွန်တော့်အတွက် ရင်သပ်ရှုမော အံ့သြမဆုံးတော့ပေ။

ကျွန်တော် တကယ့်မြင်းတစ်ကောင် ဝယ်ပေးဖို့အထိ အဖေ့ကို ပူဆာဖူးပါသည်။ အဲသည်အထိတော့ အဖေက အလိုမလိုက်ခဲ့ပါ။ တစ်သက်နှင့် တစ်ကိုယ် ရှင်ပြုနေတုန်းကပဲ မြင်းကျောကုန်းပေါ် ထိုင်ခဲ့ဖူးပါသည်။

***

ကျွန်တော် အထက်တန်းကျောင်းသား ဖြစ်လာတော့ ဖယ်ရီမြင်းလှည်း မစီးတော့ပါ။ စက်ဘီးဖြင့် လွတ်လွတ်လပ်လပ် သွားရသည့် ကျောင်းသားကြီး ဘဝကို ပိုမို သဘောကျ၍ ဖြစ်ပါသည်။

ပြီးတော့...

ကျွန်တော်သည် အချစ်နှင့်ပတ်သက်ပြီး စောစီးစွာ ရင်ခုန်တတ်ခဲ့ပါသည်။ မြင်းလှည်း အတူတူ စီးနေရသော ကျောင်းသွားဖော် ကောင်မလေးသည် ပါးဖောင်းဖောင်း၊ မျက်လုံးဝိုင်းဝိုင်း၊ ကျစ်ဆံမြီးလေး တစ်ခါခါဖြင့် ကျွန်တော့် မျက်စိထဲ တဖြည်းဖြည်း လှ လှလာပါသည်။ မြင်းလှည်း အတူတူ စီးရင်း ကျွန်တော့်ရင်ခုန်သံသည် ကျွန်တော်တို့ကို တင်ဆောင်ရုန်းကန်နေသော မြင်းခွာသံထက် ပိုပြီး ဆူညံနေသည် ထင်ပါသည်။

ကျွန်တော်သည် သူကလေးနှင့် ပတ်သက်ပြီး ရင်ခုန်သံကို သိုဝှက် မြိုသိပ်ရန် တစ်ကြောင်း၊ မြင်းလှည်း အတူစီးရန် ရှက်လာသည်က တစ်ကြောင်းကြောင့် စက်ဘီးသို့ ပြောင်းခဲ့ရခြင်းလည်း ဖြစ်ပါသည်။

သို့သော် သူကလေး လိုက်ပါလာမည့် မြင်းလှည်း၏ မြင်းခွာသံ ကိုတော့ နေ့စဉ် မျှော်နေမိတတ်ပါသည်။ ထိုမြင်းခွာသံကို ကျွန်တော့် နှလုံးသားဖြင့် အလွတ်ရ

မှတ်မိနေသည်ဆိုလျှင် ပိုသည် ဆိုကြမည်။ ကျွန်တော်ကတော့ တကယ်ပင် မှတ်မိနေပါသည်။ ကျွန်တော့်အိမ်နား သူတို့မြင်းလှည်း နီးလာလျှင်၊ မြင်းခွာသံကို ကြားလိုက်ရလျှင် ကျွန်တော် ဂဏှာမငြိမ်တော့ပါ။ ထမင်းကို ကပျာကယာစား၊ လွယ်အိတ်ကို စက်ဘီးမှာချိတ်ပြီး မြင်းလှည်း ဖြတ်အသွားကို ရင်ခုန်စွာ စောင့်စားနေမြဲ ဖြစ်၏။ မြင်းလှည်း လွန်သွားမှ မလှမ်းမကမ်းက စက်ဘီးဖြင့် လိုက်ရပါသည်။

သူကလေးသည် မြင်းလှည်းနောက်ဆုံးနေရာမှာ အမြဲထိုင်တတ်၏။ ထိုအပြုအမူသည် မတော်တဆ မဟုတ်။ တမင် နေရာယူထားတာဟု ကျွန်တော့်နှလုံးသားက သိနေပါသည်။ မြင်းလှည်း နောက်ဆုံးနေရာမှာ ထိုင်ရင်း မျက်လုံးဝိုင်းဝိုင်းကလေးကို တစ်ချက်တစ်ချက် ဝင့်၍ ဝင့်၍ ကျစ်ဆံမြီး တုတ်တုတ်ကလေးကို တစ်ချက် တစ်ချက် ခါ၍ ခါ၍ ကြည့်လိုက်တိုင်း ကျွန်တော့်ရင်မှာ တဒိုင်းဒိုင်းဖြင့်...။ အမှန်ပင် ကျွန်တော့် ရင်ထဲမှ အချစ်မြင်းခွာသံက သူတို့မြင်းလှည်း၏ မြင်းခွာသံထက် ပိုပြီး ဆူညံပြင်းထန်ခဲ့ပါသည်။

ကျွန်တော် သူကလေးကို ဖွင့်ဟ ပြောဆိုဖို့အထိလည်း သတ္တိမရှိခဲ့ပါ။ ကျွန်တော်တို့ အထက်တန်းကျောင်းသား ဘဝတုန်းက သည်လို ဖွင့်ဟဖို့ အရေးသည် အလွန် စွန့်စားရသော မဟာတော်လှန်ရေးကြီးတစ်ရပ် ဖြစ်၏။ ဉာဏ်ကောင်းပါလျက် စာမတော်ဟု အပြောခံရခြင်းမှာ သူကလေးကြောင့် ဖြစ်ပါသည်။ သို့မဟုတ် ကျွန်တော်၏ အချစ်မြင်းခွာသံများကြောင့် ဖြစ်ခဲ့ပါသည်။

ကျွန်တော် သူကလေးနှင့် ဖူးစာ မဆုံခဲ့ရပါ။ သူကလေး ဘယ်ဆီရောက်လို့ ဘာတွေ ဖြစ်နေသည်ကိုလည်း မသိတော့ပါ။ သို့သော် မြင်းလှည်းခွာသံ တခွပ်ခွပ် ကြားရတိုင်း သူကလေးအား သတိရ လွမ်းဆွတ်သည့် ဒဏ်ကို နှစ်အတန်ကြာသည်အထိ ခံစားခဲ့ရပါသည်။

ကျွန်တော့် နှလုံးသားမှာ အချစ်သည် ပုံမှန်ထက် စောစီးစွာ ပူနွေးနိုးကြားလာပြီး ပုံမှန်ထက် စောစီးစွာ အေးစက် သေဆုံးသွားသည်ဟု ပြောရမည်လား မသိပါ။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝမှာ အချစ်ကို ရှာဖွေမတွေ့ရှိတော့ပါ။ ကျွန်တော့်နှလုံးသားမှာ နိုင်ငံရေး ရေစီးကြောင်းကြီးက အားကောင်းစွာ စီးဆင်းနေပြီ ဖြစ်၏။ ထိုရေစီးကြောင်းကြီးကပဲ အခြား အခြားသော အရာအားလုံးကို ဒိုက်သရိုက်များပမာ သိမ်းကျုံး တိုက်စား ပစ်လိုက်ပါသည်။

နယ်ချဲ့ စစ်ပုလိပ်များ၏ မြင်းခွာသံအောက်မှာ ရေတိမ်နစ်ခဲ့ရသော ဗိုလ်အောင်ကျော်ကို ကျွန်တော် ကရုဏာပွား အားကျခဲ့သည်။

"မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်..." ဆိုသော သခင်ဗဟိန်း၏ ကြုံးဝါးသံကို ကြက်သီးထ အားကျခဲ့သည်။

ဦးခေါင်းထဲမှာ၊ ရင်ထဲမှာ၊ နှလုံးသားထဲမှာ နိုင်ငံရေး မြင်းခွာသံတွေပဲ တော်လည်း ပဲ့တင်ထပ်နေသည်။ မြည်ဟိန်း ဆူညံနေသည်။ လက်ဝဲအယူအဆများကသာ ကျွန်တော့် တစ်ကိုယ်လုံးကို လွှမ်းခြုံထားခဲ့၏။ ပစ္စည်းမဲ့ တော်လှန်ရေး၊ မာ့ကဲ(စ်)၊ လီနင်၊ စတာလင်၊ မော်၊ စိုး...။

ကျွန်တော့် နှလုံးသားမြင်းရိုင်းကို အနီရောင် ဆိုးလိုက်ပြီ။ အနီရောင် မြင်း...။ ခွာသံသည် "ခွပ် ခွပ် ခွပ်" မဟုတ်တော့။ "ရဲ ရဲ ရဲ" ဖြစ်သွားပြီ။

သည်လိုနှင့် ယုံကြည်ချက်တစ်ခုအတွက် ကျွန်တော် ကျောင်းပညာကို စွန့်လွှတ်ခဲ့သည်။ မိတ်ဆွေသူငယ်ချင်းများကို စွန့်လွှတ်ခဲ့သည်။ မိဘဆွေမျိုးများကို စွန့်လွှတ်ခဲ့သည်။ယုံကြည်ချက်အတွက် အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးဟု ကျွန်တော် ကြွေးကြော်ခဲ့ပါသည်။

***

ယုံကြည်ချက်အတွက် ကျွန်တော် အသက်မစွန့်ခဲ့ရပါ။ သို့သော် နှစ်အတန်ကြာ သီးခြားကမ္ဘာထဲမှာ နေဖူးခဲ့ပါသည်။

ကိုယ့်ရှေ့က မြင်းတွေ၊ ကိုယ်နှင့်အပြိုင် မြင်းတွေ၊ ကိုယ့်နောက်က မြင်းတွေ ခေတ်ဆိုတဲ့ ကွင်းပြင်ကျယ်ကြီးမှာ ခွာသံ အမျိုးမျိုးဖြင့် ပြေးလွှား ခုန်ပေါက်၊ သွားလာ၊ ရုန်းကန်နေကြစဉ်မှာ ကျွန်တော်ကတော့ ခွာသံမဲ့ ခြေစုံရပ် နေခဲ့ပေ၏။

အတိတ်က ခွာသံတွေကို ပြန်လည် တွေးတောကြည့်လိုက်တော့ ပျော်ရွှင်ကြည်နူးခဲ့ရသည့် အဖြူရောင် ခွာသံတွေ၊ ရင်ခုန် လွမ်းမောခဲ့ရသည့် ပန်းနုရောင် ခွာသံတွေ၊ တက်ကြွ မာန်ပြင်းခဲ့ရသော အနီရောင်ခွာသံတွေ၊ နာကြည်းခံပြင်းခဲ့ရသည့် အနက်ရောင် ခွာသံတွေ...။

ခွာသံတွေ...

ခွာသံတွေ...

သူများ ခွာသံတွေကို နားစွင့်ကြည့်လိုက်ပြန်တော့လည်း တချို့ တွန်းထိုးရုန်းကန် ဟောဟဲဆိုက်လို့၊ တချို့ အသားကျ ပြေးလို့၊ တချို့ ကြောကြော့ မော့မော့ အလှပြေးလို့၊ တချို့ တိမ်တိုက်ထဲက နတ်မြင်းပျံလို လေဟုန်စီးလို့...။

ခွာသံတွေ...

ခွာသံတွေ...

"ခင်ဗျားဘဝမှာ ဖိစီးမှု တော်တော် များခဲ့သလား။ stress and strain ပေါ့ဗျာ"

ဆရာဝန်လေးစကားကြောင့် ကျွန်တော် ပစ္စုပ္ပန်တည့်တည့်သို့ ပြန်ရောက်လာပါသည်။ ကျွန်တော် အသက်ကြီးပြီ။ ကျွန်တော် ကျန်းမာရေး မကောင်းတော့ပါ။ ယခု မျက်နှာစိမ်း ဆရာဝန်လေးနှင့် ပြသနေရခြင်း ဖြစ်ပါ၏။

"ဘာဖြစ်လို့လဲ ဆရာ"

"ခင်ဗျားမှာ သွေးတိုး ရှိနေတယ်။ ပြီးတော့ နှလုံးခုန်သံကလည်း ပုံမှန် မဟုတ်ဘူး။ ဂဲလော့ရစ်သမ် (Gallop Rhythm) ကြားနေရတယ်"

"ခင်ဗျာ"

"ဪ... ဂဲလော့ရစ်သမ်ဆိုတာ နှလုံးခုန်သံက မြင်းပြေးသလို၊ မြင်းခွာသံလို အသံ သုံးသံ ကြားနေရတာကို ပြောတာပါ။ ပုံမှန်ရှိရမယ့် နှစ်သံထက် တစ်သံ ပိုနေတယ်။ ဒါ နှလုံးရောဂါ တစ်ခုခုလို စဉ်းစားရမယ့် အချက်ပဲ။ သမားတော်နဲ့ ပြကြည့်ပါလား။ အီးစီဂျီတွေ ဘာတွေ တိုင်းကြည့်၊ ရောဂါ စောစောသိ၊ စောစောကုတော့ အသက်ရှည်တာပေါ့ဗျာ"

"ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော် ပြကြည့်ပါ့မယ် ဆရာ"

ဆေးခန်းက ထွက်လာတော့ ကျွန်တော့်ရင်ထဲ လှိုက်နေသည်။ ငှားလာသည့် မြင်းလှည်းပေါ် တက်လိုက်တော့ ခြေထောက်တွေက လေးလံနေသည်။ ခေါင်းကလည်း တစစ်စစ် ကိုက်လို့၊ မြင်းလှည်းကလေးက ကျွန်တော့် ခန္ဓာကိုယ်ကြီးကို သယ်ဆောင်ပြီး လမ်းမပေါ်မှာ တခွပ်ခွပ်နှင့် ပြေးနေပြီ။ ကျွန်တော့် နားထဲမှာတော့ ဆရာဝန်စကားပဲ ကြားနေသည်။

ခင်ဗျား ဘဝမှာ ဖိစီးမှု တော်တော် များခဲ့သလားတဲ့။

ခင်ဗျား နှလုံးခုန်သံဟာ ပုံမှန် မဟုတ်ဘူး တဲ့။

(Gallop Rhythm) မြင်းခွာသံလို နှလုံးခုန်သံမျိုး တဲ့။

မြင်း...ခွာ...သံ... တဲ့။

ချောင်းဟန့်သံ

လည်ချောင်းတစ်လျှောက် ကင်းခြေများတစ်ကောင် တက်လာသလိုမျိုး ရွစိရွစိ ယားကျိ ယားကျိနှင့် အခံရ ခက်လှသည်။ တံတွေးတွေ ဂလု ဂလုနှင့် မျိုချနေရသော်လည်း ဝေဒနာသည် သက်သာမသွား။ ပျောက်မသွား။ တစ်ကိုယ်တည်း ကြားလောက်ရုံ တအင်းအင်းနှင့် ခံတွင်း ရှင်းကြည့်တာလည်း မရ။ အားရပါးရ ချောင်းဟန့်လိုက်ရလျှင် လည်ချောင်းထဲ ယားယံ ကပ်ငြိ ပိတ်ဆို့နေတာတွေ ချက်ချင်း အနေချောင်သွားမည်ကို သိသော်လည်း လွတ်လွတ်လပ်လပ် မဟပ်နိုင်သေး။ ပတ်ဝန်းကျင်ကို ကြည့်ရသေးသည်။ အခြေအနေ ကောင်းပြီထင်မှ အားရပါးရ ချောင်းဟန့်ချလိုက်သည်။

"အဟမ်း အဟမ်း အဟမ်း"

***

သည်ဝေဒနာ၊ သည်အကျင့်ကြီး ဘယ်အချိန်က ကျွန်တော့် ခန္ဓာကိုယ်ထဲ ခိုးဝင် ပုန်းအောင်းနေခဲ့သည် မသိ။ ယခုအချိန်မှာတော့ ကျွန်တော့်မှာ အနုကြမ်းစီး ခံရသလိုမျိုး ခံစားနေရပါပြီ။

ဝေဒနာသည် ဗြုန်းဒိုင်းကြီး ကောက်ကာငင်ကာ ရောက်လာသည်တော့ မဟုတ်ပါ။ ပထမ လည်ချောင်းကလေး ယားတယ်ဆိုရုံ၊ အာခြောက်တယ် ဆိုရုံမျှလောက်ပင်။ တံတွေးမျိုချလိုက်လျှင် ဝေဒနာ ပျောက်ကင်းသွား၏။ ရေ သို့မဟုတ် ရေနွေး တစ်ခုခု မျိုချလိုက်လျှင်လည်း ပျောက်၏။ တစ်နေ့ ဘယ်နှစ်ခါဖြစ်လို့ တံတွေး ဘယ်နှစ်ခါ မျိုရတယ် ဆိုတာကိုတော့ မမှတ်မိတော့ပါ။ ခန္ဓာကိုယ်၏ ဝေဒနာနှင့် တုံ့ပြန်မှုသည် အသိစိတ်မဲ့စွာ လွတ်လွတ်လပ်လပ် ဖြစ်ပွားနေခဲ့သည်ဟု ဆိုရပါမည်။

ထိုသို့ ထိန်းချုပ်မှုမဲ့ လွတ်လပ် အပြုအမူတစ်ခုသည် စွဲမြဲသော အကျင့်တစ်ခုဆီသို့ ဦးတည်နေမှန်း အစက ကျွန်တော် မသိခဲ့။ သိမိ၊ သတိ ထားမိသည့် အချိန်မှာတော့ နောက်ကျသွားခဲ့ပြီ။

နောက်ပိုင်း လည်ချောင်းယားလာသောအခါ၊ တစ်ဆို့ဆို့ ဖြစ်လာသောအခါ တံတွေး မျိုချရုံ၊ ရေသောက်ရုံနှင့် မသက်သာတော့။ အာရုံ မပြေတော့။

တစ်ကိုယ်တည်း ကြားလောက်ရုံ ခံတွင်းရှင်းလိုက်ရမှ၊ ချောင်းဟန့်သံမျိုး ပြုလိုက်ရမှ သက်သာရာ ရတော့၏။ အာရုံ ပြေတော့၏။ သည့်အခြေအနေ အထိလည်း ကျွန်တော့်အတွက် ပြဿနာ မရှိသေးပါ။ အလုပ်လုပ်ရင်း၊ စကားပြောရင်း၊ သွားရင်းလာရင်း ခန္ဓာကိုယ်က သူ့ဟာသူ ဖြေရှင်းနေခြင်း ဖြစ်၏။ တစ်ခါတစ်ရံ ကျွန်တော်ပင် မသိလိုက်။ သတိမထားမိလိုက်။ (အကျင့်ဖြစ်နေပြီ ဟုတော့ ဆိုနိုင်ပါသည်။)

တဖြည်းဖြည်းနှင့် ချောင်းဟန့်သံက ဒီဂရီ တိုးလာ၏။ တစ်ကိုယ်ကြားမှ နှစ်ကိုယ်ကြားသံလောက် ဖြစ်လာ၏။ နှစ်ကိုယ်ကြားသံလောက် ချောင်းဟန့်မှ သက်သာရာရ၏။ သို့သော် ပြဿနာ မဟုတ်သေး။ ချောင်းဆိုးတာလည်း မဟုတ်။ သလိပ်ဟပ်တာလည်း မဟုတ်။ နှုတ်ခမ်းစိ၊ ပါးစပ် ပိတ်လျက် အသံထွက်ရုံကလေး ချောင်းဟန့်တာဆိုတော့ ပတ်ဝန်းကျင် အတွက်လည်း အနှောင့်အယှက် မဖြစ်ပါ။ သိပင် မသိကြပါ။

သို့သော် ချောင်းဟန့်သံကတော့ ကျွန်တော် သတိကွယ်ရာမှာ တစ်စတစ်စ အတင့်ရဲ ကျယ်လောင်လာတော့၏။ နှုတ်ခမ်းစိ၊ ပါးစပ်ပိတ် “အဟွန်း” မှ နှုတ်ခမ်းဖွင့်၊ ပါးစပ်ဟ “အဟမ်း” အထိ ဖြစ်လာ၏။ ‘မသိမသာ’ မှ ‘သိသိသာသာ’ ဖြစ်လာ၏။ ပထမဆုံး သိသိသာသာ ဖြစ်သည့် နေ့ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါသည်။

ထိုနေ့က ကျွန်တော်တို့ ရုံးမှာ (ကျွန်တော်သည် စာရေးကြီး အဆင့်ရှိ ရုံးဝန်ထမ်းတစ်ဦး ဖြစ်ပါ၏။) ဦးစီးမှူး အပြောင်းအလဲ မိတ်ဆက်ပွဲ လုပ်ပါသည်။ ပြောင်းသွားသော ဦးစီးမှူး မမ နေရာတွင် အစားဝင်လာသော ဦးစီးမှူး ‘ဆရာ’ က နှုတ်ခွန်းဆက် မိန့်ခွန်းခြွေပါသည်။ နောက်တန်း တစ်နေရာမှာ ထိုင်ရင်း ကျွန်တော်က ဝေဒနာကို အားရပါးရ ပါးစပ်ဟ ဖြေရှင်းနေဆဲ…

“ဟိုနောက်က တဟမ်းဟမ်းနဲ့ ချောင်းဟန့်နေတဲ့ ပုဂ္ဂိုလ် ဘာပြောချင်လို့လဲ။ ထပါ၊ ပြောပါ” ဟု ကျွန်တော့်ကို လက်ညှိုးထိုးပြီး ခပ်ဆတ်ဆတ် ပြောလေသည်။

ကျွန်တော်လည်း ထိတ်ထိတ်ပျာပျာ မတ်တပ်ရပ်ပြီး –

“ဘာမှ ပြောစရာ မရှိပါဘူး ဆရာ။ ချောင်းဟန့်တာက အကျင့်ပါ နေလို့ပါ” ဟု ဖြေလိုက်ရာ ဝါးခနဲ ပွဲကျသွားပါသည်။

“ရှင် တော်တော်နောက်တဲ့လူ”၊ “ခင်ဗျား တော်တော် နောက်တယ်ဗျာ” ဟု အစည်းအဝေးပြီးတော့ ကျွန်တော့်ကို ဝိုင်းပြောကြပါသည်။ ဦးစီးမှူး ကိုယ်တိုင်က “ဒီရုံးမှာ ဒီလူက လူပြက်လား” မေးသည်ဟု ကြားရပါသည်။

ထိုနေ့က ကျွန်တော့် ခန္ဓာကိုယ်ထဲ ခိုးဝင်နေသော အကျင့်ဆိုးကြီး လူပုံအလယ်မှာ လက်ပူးလက်ကြပ် မိသောနေ့ပင် ဖြစ်ပါ၏။ ပတ်ဝန်းကျင်ကို အနှောင့်အယှက် ပေးလာပြီ ဖြစ်သော အကျင့်ကြီးကို ကျွန်တော် ကြိုးစား နှိပ်ကွပ်ပါသည်။ ခက်တာက ဖိလေ ကြွလေ၊ နှိပ်ကွပ်လေ ရုန်းထလေ ဆိုသလို သတိထားနေကာမှ လည်ချောင်းက ပိုယားသည်။ ပိုပြီး ချောင်းဟန့်ချင်သည်။ တစ်ယောက်တည်း နေချိန်မှာ ပြဿနာ မရှိ။ လူတောထဲမှာ ဆိုလျှင် ရုပ်ပျက်ဆင်းပျက် နိုင်လှသည်။ လက်ကိုင်ပဝါနှင့် ဖွတ် ဖိပြီး တခွီးခွီး ဖြစ်နေတာကို အိမ်သာထဲ အမြန် ပြေးဝင်ရတာတို့၊ လူရှင်းတဲ့ နေရာ ခပ်သွက်သွက် သွားပြီး ချောင်းဟန့်ပစ်ရတာမျိုးတွေ ဖြစ်လာသည်။

ပြဿနာ ဖြစ်ချင်သော တစ်နေ့…

လက်နှိပ်စက် စာရေးမလေး ဦးစီးမှူး အခန်းထဲအဝင်၊ အခန်းဘေးမှာက စာရေးတွေ၊ စားပွဲတွေ ကိုယ်စီနှင့်။ ကိုယ့်အကြောင်း ကိုယ်သိနေသော ကျွန်တော်က ကောင်မလေး အခန်းထဲ ရှိနေချိန် ချောင်းမဟန့်မိအောင် ကြိုတင်ပြီး ချောင်းဟန့်လိုက်သည်။ ကောင်မလေးက မျက်စောင်းထိုး၏။ ကျန်တဲ့ စားရေးတွေက ပြုံးစိပြုံးစိ၊ ကိုယ့်ဝေဒနာနှင့် ကိုယ်မို့ ကျွန်တော်ကတော့ ဂရုမစိုက်နိုင်အား။ အလုပ်တွေ ဖိလုပ်ရင်း နောက်ထပ် လည်ချောင်းမယားခင် ကောင်မလေး ပြန်ထွက်လာပါစေ ဟု ဆုတောင်းနေရသည်။ သို့သော် ဆုတောင်းကား မပြည့်။ အခန်းထဲမှာ ဦးစီးမှူးနှင့် ကောင်မလေးကလည်း စကားမပြတ်သေး။ လည်ချောင်းထဲက ကင်းခြေများတစ်ကောင် တက်လာသလို ရွစိရွစိနှင့် မခံနိုင်အောင် ယားလာတော့၏။ တံတွေး မျိုချလည်း မရ။ တိုးတိုးလေး ခံတွင်းရှင်းတာလည်း မရ။ စားပွဲပေါ်က ရေ မော့သောက်တာလည်း မရ။ အာရုံစိုက်လေ ပိုယားလေ၊ ထိန်းထားလေ ပိုပြီး ချောင်းဟန့်ချင်လာလေ။ ထိန်းမရတော့။ ကျွန်တော် နေရာက ထသွားမှ ဖြစ်တော့မည်။ စားပွဲက အထမှာပဲ "အဟမ်း" ဟူသော ချောင်းဟန့်သံကြီးသည် မိုးခြိမ်းသလို ကျွန်တော့်ပါးစပ်က ထွက်သွားတော့၏။

မရှေးမနှောင်းပင် ဦးစီးမှူး၏ ဆင်နားရွက်တံခါး ဝုန်းခနဲ ပွင့်လာကာ…

"ခင်ဗျား ဘာသဘောလဲ။ ဒါ ရုံးဗျ၊ တာဝန်ချိန်ဗျ၊ လူကြီး လူကောင်းတွေ အလုပ်လုပ်နေကြတာ။ ကလေကချေဆန်ဆန် အပြောင်အပျက်တွေ မလုပ်ပါနဲ့"

ဦးစီးမှူးသည် အလွန်ပင် ဒေါသထွက်နေပုံရ၏။ မျက်နှာကြီး နီမြန်းပြီး တစ်ကိုယ်လုံး ဆတ်ဆတ် ဆတ်ဆတ် တုန်နေသည်။ ကျွန်တော့မှာလည်း နေရာက ထပြီးသားမို့ ကုန်းကုန်းကွကွကြီး ဖြစ်နေသည်။ ကြောက်တာရော အားနာတာပါ ပေါင်းပြီး ဘာက စပြောရမှန်း မသိ။

“မ မဟုတ်ပါဘူး ဆရာ။ အ အကျင့်ပါနေလို့ပါ။ ခုကို အပြင်ထွက်”

“တော်ဗျာ၊ ခင်ဗျား နှစ်ခါရှိပြီ၊ သုံးခါ အထိတော့ သည်းမခံနိုင်ဘူး”

ဦးစီးမှူးသည် သူ့ဒေါသသူ ပြန်ပြီး ထိန်းသွား၏။ သူ ဆွဲထိုးလည်း ကျွန်တော် ခံရုံပင်၊ သူ ကြမ်းကြမ်းတမ်းတမ်း ပြောလည်း ခံရုံပင်။ သို့သော် သူ့ဒေါသသူ ချုန်းအုပ်နိုင်သွား၏။ ကျွန်တော်ကသာ…။

ထိုနေ့က အဖြစ်အပျက်မှာ ဘယ်သူမှ ကျွန်တော့်ဘက်က မရှိ။ ကျွန်တော့်ကို နားမလည်ကြ။ ခင်မင်ရင်းနှီးသူတွေက ဖြောင်ပင် ဝေဖန်ရှုတ်ချ၏။ မရင်းတရင်း မိတ်ဆွေတွေက ခပ်တန်းတန်း ဖြစ်ကုန်သည်။ သူစိမ်းတွေကတော့ တမင်ပင် ဝေးဝေးက ရှောင်ကြတော့၏။

သည်လို အလုပ်ခွင်မှာ နာနာကျင်ကျင် ဖြစ်ခဲ့ရသဖြင့် ဝေဒနာကြီးကို ထိန်းထားနိုင်ပြီလား မမေးနှင့်၊ ပိုလို့တောင် ဆိုးလာချေသေး၏။ သတိထားလေ ဆွပေးသလို ဖြစ်လေ။ ထိန်းချုပ်ထားလေ ပေါက်ကွဲချင်လေ။ ကျွန်တော် အတတ်နိုင်ဆုံးတော့ သတိနှင့် နေပါသည်။ ကျွန်တော့်ဝေဒနာက ပြင်းပြင်းထန်ထန် နှိပ်ကွပ်ထားလို မရ။ တစ်ချက်တစ်ချက် ပေါက်ကွဲခွင့် ပေးထားလျှင် အခါကျဲ နေတတ်ပါသည်။ စိတ်ပိုင်းအရကော ရုပ်ပိုင်းအရပါ နေသာထိုင်သာ ရှိပါသည်။ ထိုကြောင့် တစ်ယောက်တည်း ရှိနေချိန်မှာ သို့မဟုတ် ချောင်းဟန့်သံအတွက် ပြဿနာ မတက်လောက်သည့် ပတ်ဝန်းကျင်မှာ ကျွန်တော် အားရပါးရ ချောင်းဟန့်နေရပါသည်။

ဒါတောင် ကားမှတ်တိုင်မှာ ချောင်းဟန့်မိ၍ ရည်းစားစုံတွဲတွေက မျက်စောင်းထိုးတာ၊ စတိုးဆိုင်ကြီးတွေမှာ ချောင်းဟန့်မိ၍ အရောင်းစာရေးမတွေက ဘုတောလွှတ်တာ၊ အန္တရာယ် မရှိလောက်ဘူး ထင်ပြီး ချောင်းဟန့်မိရာက သူ့ဟာသူ မလုံမလဲ ကိစ္စတစ်ခုခု ရှိနေသော သူများ၏ ရန်သတ္တရု ပြုတာကို ခံနေရပါသည်။

အဆိုးဆုံးကတော့ ကျွန်တော် အိမ်ငှားနေသော အိမ်ရှင်အန်တီကြီးနှင့် ပြဿနာတက်ရခြင်း ဖြစ်၏။ အန်တီကြီးက သားနှစ်ယောက်အမေ မုဆိုးမ ဖြစ်၏။ သားအကြီးက ကျွန်တော့်ထက် နည်းနည်းလောက်ပဲ ငယ်မည်။ သားတွေ အိမ်ထောင်ကျကုန်တော့ သားအကြီးက မွေးသည့် မြေးကလေးတစ်ယောက်နှင့် နေသည်။ အိမ်တစ်ခြမ်းကို ကျွန်တော့်အား ငှားသည်။

ကျွန်တော် သူတို့မိသားစု အားလုံးနှင့် ဆက်ဆံရေး အဆင်ပြေပါသည်။ အိမ်မှာ ဘယ်လောက်ပဲ ချောင်းဟန့် ချောင်းဟန့်၊ ပြဿနာ မတက်ခဲ့ပါ။ အဲသည်နေ့ကလည်း ရုံးသွားခါနီးမို့ အန္တရာယ် ကြိုတင် ဖြေရှင်းထားသည့် အနေနှင့် အားရပါးရ ချောင်းဟန့်နေမိခြင်း ဖြစ်ပါသည်။ အန်တီကြီး ခြေသံပြင်းပြင်း

နင်းလာသည်အထိ ကျွန်တော် သဘောမပေါက်သေး။ ချောင်းဟန့်ကောင်းတုန်း။

“ဘာသဘောလဲကွယ်၊ မင်းဟာက လွန်လွန်းလာပြီ”

“ခင်ဗျာ၊ ကျွန်တော် ဘာလုပ်မိလို့လဲ အန်တီ”

“ဒီမယ် အဲဒါ ငါ့မောင် သုံးဝမ်းကွဲတော်တယ်။ ခမျာ ရိုးရိုးသားသား ဝင်ထွက်နေတာ၊ မင်းက လှောင်သလို ပြောင်သလို တဟာမ်းဟမ်းနဲ့၊ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ လာရဲတော့ဘူး တဲ့၊ ပြန်သွားပြီ။ ဒါ မင်းတရားခံပဲ”

“ဟာ အန်တီ ကျွန်တော် ဒါတွေ လုံးဝ မသိရိုး အမှန်ပါ။ ဒီလူ့ကိုလည်း မသိပါဘူး။ သိဦးတော့ ကျွန်တော်နဲ့မှ မဆိုင်တာ၊ ခုဟာက အကျင့်ပါနေ...”

“အို တော်ပြီ တော်ပြီ။ ဒီလို ရိုင်းပျတဲ့လူမျိုး ငါ့အိမ်မှာ ဆက်မထားနိုင်ဘူး၊ မင်း အိမ်ရှာပါ။ လကုန်ရင် ပြောင်းတော့။ ဒါပဲ”

အန်တီကြီး ဘာကြောင့် သည်လောက် ဒေါထွက်သွားသလဲ။ ချောင်းဟန့်သံက အိမ်မှ နှင်ချလောက်သည်အထိ အနှောင့်အယှက် ဖြစ်သွားသလား။ သူ မကြိုက်မှန်းသိရင် ဘယ် အခုလို အားရပါးရ ချောင်းဟန့်ပါမလဲ။ ခုတော့ ဘာမှ ရေရေရာရာ မသိရခင်မှာပင် ကျွန်တော် အိမ်ပေါ်မှ ဆင်းခဲ့ရပါသည်။

***

“ဖြစ်ကြောင်းရယ်ကုန်စင် ရာဇဝင်ကတော့ အဲဒါပါပဲ ဆရာ။ ကျွန်တော် ရိုးရိုး ဆရာဝန်နဲ့လည်း ပြပြီးပြီ။ လည်ချောင်း အထူးကုနဲ့လည်း ပြပြီးပြီ။ ဓာတ်မှန်ရိုက်၊ သလိပ်စစ်၊ လည်ချောင်းကို မှန်ပြောင်းနဲ့ကြည့်၊ ဘာရောဂါမှ မရှိဘူးတဲ့။ နောက်ဆုံး ဆရာ့ဆီ လမ်းညွှန်လိုက်လို့ ရောက်လာတာပါပဲ”

စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးသည် ကျွန်တော် ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်၏။ ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

“အေးဗျာ၊ ခင်ဗျားဟာက စိတ်ရောဂါအဆင့်ထိ မရောက်သေးပါဘူး။ အကျင့်ပါနေတာပဲ။ အကျင့်ဆိုတာက မွေးရာပါ မဟုတ်ဘူးလေ။ ကိုယ့်ဟာကိုယ် လက်ခံထားမိတဲ့ အမူအကျင့်တစ်ခုကို ကိုယ့်ဟာကိုယ်ပဲ စွန့်ပစ်ရမှာ။ ကိုယ့်ကိုယ်ကို ကုရမှာ။ ဘယ်သူမှ ဝင်ကုပေးလို့ မရဘူး။ အဲဒီတော့…

“ဒီအကျင့်ဟာ ပတ်ဝန်းကျင်အတွက် မကောင်းဘူး၊ ငါ့အတွက်လည်း

မကောင်းဘူးလို့ ဒီလို ကိုယ့်စိတ်ကိုယ် ပြင်ဆင်နိုင်ရင် ဒီအကျင့်ကို ငါ မပျောက် ပျောက်အောင် ဖျောက်မယ်၊ အများနည်းတူ နေမယ်လို့ ဆုံးဖြတ်ချက်ချ၊ သန္နိဋ္ဌာန်ချပါ။ အဲဒီလို စိတ်ကို ပြင်ဆင်ဆုံးဖြတ် လိုက်ရင် ခင်ဗျားရဲ့ အကျင့်ကြီး ပျောက်သွားပါလိမ့်မယ်။ ကျွန်တော် အကြံပေးသလို စမ်းကြည့်ပါ။ ဟုတ်လား”

ကျွန်တော် ဆရာဝန်ကြီး ရုံးခန်းက ထွက်လာတော့ ခြေလှမ်းတွေ သွက်နေပါသည်။ ခေါင်းထဲမှာလည်း ပေါ့ပါးကြည်လင်နေသည်။ ဆရာဝန်ကြီး ပြောတာ သဘာဝကျပါ၏။ ပတ်ဝန်းကျင်အတွက်လည်း အနှောင့်အယှက်ဖြစ်၊ ကိုယ့်အတွက်လည်း အန္တရာယ်ဖြစ်စေတဲ့ အကျင့်ကြီးကို ဟိုယ့်ဟာကိုယ်ပဲ ကြိုးစားဖျောက်ဖျက် ပစ်ရမယ်။

သို့သော် ကြိုးစားဖျောက်ဖျက်လို့ မရခင် ကျွန်တော့် အကျင့်ကြီးနဲ့ မလုံမလဲ လောကကြီး ဘယ်လောက်ထိ ပြဿနာတက်ကြဦးမည်လဲ မသိ။

အခုကို လည်ချောင်းထဲက ယားနေပါသည်။

[ပန်းဝေသီ မဂ္ဂဇင်း၊

အမှတ်(၉၆)။ ဩဂုတ်လ၊ ၁၉၉၆]

ပုလဲနဲ့ ပတ္တမြား တစ်လှည့်စီ စားတဲ့သူ

ကျွန်တော် ပြောမယ်ဗျာ။ (သူများတွေ ဘယ်လိုပဲ ပြောထားထားပေါ့။) လောကကြီးမှာ သက်ရှိရယ်၊ သက်မဲ့ရယ်ဆိုပြီး နှစ်မျိုး ရှိသဗျ။ ကြီးကြီးကျယ်ကျယ် ပြောရရင် လောကကြီးနှစ်ပါးပေါ့ဗျာ။ အဲဒီ လောကကြီးနှစ်ပါးမှာ သက်ရှိလောက က သစ္စာမရှိဘူး။ သက်မဲ့လောက က သစ္စာရှိတယ်။ သစ္စာရှိတယ်ဆိုတာ အမြဲးမျိုး မပြောင်းလဲဘဲ မျက်နှာမလိုက် မှန်ကန်တည့်မတ်တာကို ပြောတာပါ။

ဒီလိုဗျာ…

'အချိန်' ဆိုတာကို သက်မဲ့လောကထဲ ထည့်ရမှာပေါ့နော။ တစ်နှစ် လို့ သတ်မှတ်ထားတဲ့ အချိန်ကို ကျွန်တော်က ၃၆၅ ရက်တိတိ စိတ်ရှည်လက်ရှည် စောင့်ခဲ့ရတယ်။ ကျွန်တော့်ကို သနားလှချည်ရဲ့ ဆိုပြီး အချိန်ဟာ တစ်နှစ်ကို ရက်ပေါင်း ၃၀၀ လောက်နဲ့ လျှော့ချ မပစ်လိုက်ဘူး။ ကျွန်တော့်ကို ဒုက္ခရောက်အောင်ဆိုပြီး အမြင်ကတ်ကတ်နဲ့ ရက်ပေါင်း ၄၀၀ အထိလည်း အချိန်ဆွဲ မနေဘူး။ ၃၆၅ ရက် ကွက်တိပဲ။

ဒီလိုဗျာ…

ကျွန်တော်ဟာ လူတစ်စုကို တွေ့ဖို့ တစ်နှစ်တိတိ စောင့်ဆိုင်းခဲ့ရတယ်။ ပြည့်ပြည့်စုံစုံ ပြောရရင် ကျွန်တော်က 'ဝေဒနာအထူးကု သမားတော်ကြီးများ အဖွဲ့' နဲ့ ပြသကုသဖို့ ငွေတစ်သိန်းတိတိ ကြိုတင်ငွေသွင်းပြီး တိုကင်ယူတာ၊ အဲဒီ ငွေသွင်းတဲ့ နေ့ကနေ တစ်နှစ်တိတိပြည့်မှ ကျွန်တော့်အလှည့် ကျမတဲ့။ ကျွန်တော် ငွေတစ်သိန်း သွင်း၊ တိုကင်ယူပြီး တစ်နှစ် စောင့်ခဲ့ရတယ်။ ကျွန်တော် တိုကင်ယူပြီး ထွက်လာတော့ တိုကင်ပေးတဲ့လူ (ပုဂ္ဂလိကဝန်ထမ်း) က သူ့ကို တစ်သောင်းပေးရင် တစ်လစောပြရအောင် လုပ်ပေးမတဲ့။ နှစ်သောင်းပေးရင် နှစ်လစောပြရအောင် တတ်နိုင်တယ် တဲ့။ တစ်သိန်းနှစ်သောင်းများ ထပ်ပေးလိုက်ရင် ဒီကနေ့ ပြခွင့်ရတဲ့ လူနာကို မေ့လဲအောင်ရိုက်ပြီး ကျွန်တော့်ကို လူစားသွင်းပေးမယ့် သဘောရှိတယ်။ အဲဒါကြောင့် လူတွေ အဲ… သက်ရှိလောကကြီး သစ္စာမရှိဘူးလို့ ပြောတာပေါ့။ ကျွန်တော့်မှာ ငွေပိုငွေလျှံ ရှိနေရင် ကျွန်တော်လည်း တစ်လ နှစ်လ လောက်တော့ သစ္စာမဲ့မိမှာ သေချာတယ်။ ခုတော့ ငွေမရှိတော့လို့ "တော်ပါပြီဗျာ၊ စည်းကမ်းအတိုင်းပဲ စောင့်ပါမယ်" လို့ သစ္စာရှိချင်ယောင်ဆောင်ပြီး ထွက်လာခဲ့ရတယ်။

အချိန် သစ္စာရှိလိုက်ပုံကတော့ ခုနက ပြောခဲ့သလို ၃၆၅ ရက် ကွက်တိပဲ။

ကျွန်တော့်မှာသာ စောင့်နေတုန်းက တစ်နှစ်ဆိုတာကြီးကို ကြာတယ် ထင်လိုက်၊ ကနေ့ စောင့်တဲ့ရက် ရောက်လာပြန်တော့လည်း တစ်နှစ်ဆိုတာလေးကို မြန်တယ် ထင်လိုက်နဲ့၊ အမျိုးမျိုး ပြောင်းလဲနေတာ။ အချိန်ကတော့ အပြောင်းအလဲ မရှိ၊ သစ္စာ သမာဓိ အပြည့်နဲ့ပဲ။

သူတို့ ချိန်းတဲ့ အချိန်ထက် ၂ နာရီလောက် စောပြီး ကျွန်တော် ဆေးခန်းကို လာခဲ့ပါတယ်။ တစ်လမ်းလုံး သွားသတိ၊ စားသတိနဲ့ ကျီးကန်းတောင်းမှောက် ကိုယ့်ကိုယ်ကို စောင့်ရှောက်လိုက်ရတာလည်း မပြောပါနဲ့တော့။ ငွေတစ်သိန်းနှစ်သောင်းနဲ့ သစ္စာမဲ့မယ့်လူတွေ ဒီကမ္ဘာမြေပေါ်မှာ ဒုနဲ့ဒေး မဟုတ်လား။

ဆေးခန်းကိုရောက်တော့ တိုကင်ပေးတဲ့လူ သူ့အခန်းမှာ ရောက်နှင့်နေပြီ။ တော်တော် ဝီရိယကောင်းတဲ့ ဝန်ထမ်းပဲ။ ကျွန်တော့်ကို မမြင်ဘူး။ ငုံ့ပြီး ငွေတွေ ရေနေတယ်။ အရာရာကို စက်နဲ့ဖြေရှင်းပြီး ငွေကျမှ လက်နဲ့ သေသေချာချာ ပွတ်ပြီး ရေတွက်နေတာ ကြည့်ပြီး ကျွန်တော် လက်ခုပ်လက်ဝါးတီး ရယ်ပစ်လိုက်ချင်တယ်။ အနှောင့်အယှက် ဖြစ်မှာစိုးလို ပြုံးရုံ လောက်ပဲ ပြုံးနေလိုက်ရတယ်။ သူနဲ့ မျက်နှာချင်းဆိုင်လူက ကျွန်တော့်လို လူနာပဲလား၊ ကိုယ်စားလှယ်ပဲလား မသိဘူး။ ငွေသွင်းပြီး တိုကင်ယူဖို့ စောင့်နေတာတော့ သေချာတယ်။ အဲဒီလူဟာ တကယ်ပဲ သူ့ရှိတာ ပေးတာလား၊ ငွေလက်ခံတဲ့ လူကို နှိပ်စက်ချင်လို့လား မသိဘူး။ ကျပ်တန်၊ ငါးကျပ်တန်နဲ့ ဆယ်တန်တွေချည့်ပဲ။ အမြီးပြန် ခေါင်းပြန် မညီမညာထပ်ပြီး သားရေကွင်းနဲ့ စုစည်းထားတော့ စက်နဲ့ရေလို့ ဘယ်ရတော့မလဲ။ ဒီဆေးခန်းကလည်း အရာရာ ခေတ်ရှေ့ပြေးနေပြီးမှ ဒေါ်လာတို့၊ F.E.C. တို့၊ ဘဏ်ထုတ်တို့နဲ့မှ လက်ခံသည်လို့ စည်းကမ်း မသတ်မှတ်ဘဲ ဘယ့်နှယ်ကြောင့် ပေးသမျှ လက်ခံနေပါလိမ့်။ အင်းလေ... ဒါလည်း ရောင်းအားမြှင့်နည်းတစ်မျိုး ဖြစ်ချင် ဖြစ်မှာပေါ့။

ငွေရေတဲ့ လူကတော့ ခေါင်းကို မဖော်နိုင်ဘူး။ ကြမ်းပြင်ပေါ်မှာလည်း ပီနံအိတ်တွေနဲ့ ရှိသေး။ ဒီလိုလူမျိုး နှစ်ယောက်ဆိုရင် ငွေရေတဲ့လူဟာ ပြုံးပြုံးလေးနဲ့ သတိလစ်သွားမှာ သေချာတယ်။ တိုကင်ယူမယ့် ပုဂ္ဂိုလ်ကတော့ အေးအေးဆေးဆေးပဲ။ ဘေးက ကြည့်ရတာ အသက် ၅၀ လောက်တော့ ရှိပြီ ထင်ပါရဲ့။ ကုတ်အင်္ကျီနဲ့၊ ပုဆိုးအကွက်နဲ့၊ ဆေးတံနဲ့ဆိုတော့ ဦးစံရှားကိုတောင် သွားသတိရလိုက်သေး။ ဒါပေမယ့် ဒီလူက ဗိုက်ရွှဲကြီးနဲ့။ ဆေးတံအိုးကို စားပွဲမှာ တဒေါက်ဒေါက် ခေါက်ပြီး ဆေးခါချနေလိုက်သေးတယ်။ ပြီးတော့မှ ဆေးအသစ်ထည့်၊မီးညှိပြီး စိမ်ပြေနပြေ ဖွာနေလေရဲ့။ ငွေရေတဲ့ လူဘက်တောင် မီးခိုးတွေ မှုတ်ထုတ်နေလိုက်သေး။ ဟိုလူကတော့ ငွေကလွဲရင် ဘာမှ သတိထားမိပုံ မပေါ်ဘူး။ တရှုပ်ရှုပ်နဲ့ ရေနေလိုက်တာ စောစောစီးစီး ချွေးပြန်နေပြီ။

ကျွန်တော်လည်း ခံတွင်းချဉ်လာတာနဲ့ စီးကရက်တစ်လိပ် ပါးစပ်မှာတပ်ပြီး ဆေးတံသမားဆီက မီးခြစ်တောင်းရတယ်။ အဲဒီအခါကျမှ ငွေရေနေတဲ့လူ ကျွန်တော့်ကို မြင်သွားတယ်။ ရေလက်စ ငွေစက္ကူတစ်ထုတ် ပြီးအောင် ရေပြီးမှာ ကျွန်တော့်ကို မေးဆတ်ပြတယ်။ ဘာကိစ္စလဲဆိုတဲ့ သဘောပေါ့။ တစ်နှစ်ကြာသွားတော့ ကျွန်တော့်ကို ဒီလူ မမှတ်မိတော့ဘူး။ ဒါမှမဟုတ် တစ်နှစ်အတွင်းမှာ ကျွန်တော့်ရုပ်ရည်ဟာ သူ မမှတ်မိနိုင်လောက်အောင် အိုစာပြောင်းလဲသွားတာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ငွေက လွှဲရင် ဒီလူဟာ ဘာကိုမှ မမှတ်မိတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော်လည်း လေကုန်ခံပြီး စကားပြောမနေတော့ဘူး။ စီးကရက်ခဲရင်း အိတ်ကပ်ထဲက တိုကင်ကို ဆွဲထုတ်၊ သူ့မျက်နှာနား ကပ်ပြလိုက်တယ်။

ဩော်... ဒီနေ့ ခင်ဗျားအလှည့်ကိုးတဲ့။ ကြက်တူရွေးလေသံနဲ့...။ ဧည့်ခန်းက ထိုင်စောင့်ပါလား။ ၂ နာရီလောက်နေမှ သမားတော်ကြီးတွေ လာမယ်တဲ့။ ကျွန်တော့်ကို သက်သောင့်သက်သာ စောင့်စေချင်လို့ပဲလား။ သူတို့ အချိန်ကို အရောင်းအဝယ် လုပ်ကြဦးမှာမို့လား မသိ။ ဧည့်ခန်းကို လက်ညှိုးထိုးပြတယ်။ ဆိုဖာတွေ ဘာတွေနဲ့ တော်တော် သားသားနားနားပါပဲ။ ကျွန်တော်လည်း ဧည့်ခန်းက ပိုကောင်းမယ် ထင်တာနဲ့၊ ပြီးတော့ ကျွန်တော့် စီးကရက်ဟာ ဟိုလူကြီး ဆေးတံနဲ့ အလဲထိုး ခံနေရတာမို့ မှန်တံခါးကြီးကို တွန်းပြီး ဧည့်ခန်းထဲ ဝင်လိုက်တယ်။

သူက ဒီနေ့ အလှည့်ကျတဲ့ လူလေလို့ ပြောသံတော့ ကြားလိုက်ရတယ်။ မှန်တခါးကြီး ပိတ်သွားတာနဲ့ နောက်ထပ် အသံ မကြားရတော့ဘူး။ ကျွန်တော် သူတို့ကို စပ်စုမနေတော့ပါဘူး။ တစ်သိန်းနှစ်သောင်း ပေးပြီး ကျွန်တော့်နေရာ အစားဝင်မလာရင် ပြီးတာပဲ။ ဆိုဖာမှာ သက်တောင့်သက်သာ ထိုင်ရင်း စီးကရက်ကို မှုတ်ပြီး ဖွာနေလိုက်တယ်။ လက်ထဲမှာ ဆေးတံအဘိုးကြီးရဲ့ ဂက်စ်မီးခြစ်ကလေး ပါလာတယ်။ ထွက်ပေးရမှာ ပျင်းတာနဲ့ အိတ်ထဲ ထည့်လိုက်တယ်။ နောက်ထပ် စီးကရက် သောက်ချင်လာရင် အလွယ်တကူလည်း ဖြစ်တာပေါ့။ သူလည်း မီးခြစ်တစ်လုံးနဲ့ ဘာမှ ဖြစ်သွားမှာ မဟုတ်ပါဘူး။ ဆိုဖာပေါ် ခေါင်းလှန်မှီရင်း စီးကရက်မီးခိုးတွေ မျက်နှာကြက်ဆီ မှုတ်ထုတ်၊ စဉ်းစားခန်း ဝင်နေမိတယ်။

ဒီလိုဗျာ...

ကျွန်တော်ဟာ ခံစားတတ်တဲ့ လူတစ်ယောက်ပါ။ ခံစားတတ်တယ် ဆိုတာ လူသားတွေရဲ့ ဂုဏ်အင်္ဂါတစ်ရပ်၊ မွေးရာပါ အရည်အချင်း၊ လူသားဖြစ်ခြင်း မှတ်ကျောက်လို့တောင် ပြောကြပါတယ်။ အနုပညာခံစားမှုဆိုရင် လူသားရဲ့ အမြင့်မားဆုံး ဂုဏ်အရည်အသွေးလို့တောင် ပြောကြသေးရဲ့...။ ကျွန်တော်လည်း လက်ခံပါတယ်၊ မခံစားတတ်တဲ့ လူဟာ လောကကြီးမှာ လူဖြစ်လာပေမယ့်

လူဖြစ်ကျိုး မနပ်ဘူးဆိုတာ သဘောပေါက်ပါတယ်။

ဥပမာ… ကျွန်တော့်သူငယ်ချင်း "မြင့်လွင်" ဗျာ။

မြင့်လွင်ဟာ မခံစားတတ်တဲ့ လူတစ်ယောက်ဗျ။ သူနဲ့ ကျွန်တော်ဟာ တစ်မြို့တည်းသားချင်းလည်း ဖြစ်၊ အထက်တန်းကျောင်းကနေ တက္ကသိုလ်ရောက် ဘွဲ့ရသည်အထိ တစ်တန်းတည်းသားချင်းလည်း ဖြစ်၊ ခု ပုဂ္ဂလိက ဆောက်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ဝင်တော့လည်း အတူတူ ဆိုတော့ သူ့အကြောင်း အကုန်သိတာပေါ့။

ဒီကောင် မခံစားတတ်ဘူးဆိုတာ ရုပ်ပိုင်းဆိုင်ရာကော၊ စိတ်ပိုင်းဆိုင်ရာပါ ခံစားမှု အားနည်းနေတာ။ အထင်ရှားဆုံး လက်တွေ့ ဥပမာ တစ်ခုကတော့ ဒီကောင့်စိတ်ဟာ ဘယ်လောက်များ ခံစားမှု အားနည်းသလဲ ဆိုရင် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ဘဝတုန်းက ဒီကောင့်အမေ ဆုံးတယ်ဗျာ။ အဲဒါ သံကြိုးစာ မဖတ်ခင်ကလည်း ဒီမျက်နှာပဲ၊ ဖတ်ပြီးတော့လည်း ဒီမျက်နှာပဲ။ ကျွန်တော့်မှာသာ သူ့အစား ငိုလိုက်ရတာ။ တချို့က ကျွန်တော့်အမေ သေတယ်တောင် ထင်ကြတယ်။ ဝမ်းသာစရာဆိုလည်း ဒီအတိုင်းပဲ။ ဝမ်းသာရမှန်း မသိတဲ့ကောင်။ နောက်ဆုံးနှစ် စာမေးပွဲကို မြင့်လွင်ဟာ ဂုဏ်ထူးတွေနဲ့ အောင်တာ။ အောင်စာရင်းကြည့်နေတဲ့ သူ့မျက်နှာဟာ သူ့အမေဆုံးတုန်းက သံကြိုးစာဖတ်တဲ့ မျက်နှာအတိုင်းပဲ။

ကျန်တဲ့ အသေးအဖွဲ့ကတော့ ပြောလို့ကို ဆုံးမှာ မဟုတ်တော့ဘူး။ ဒီကောင်ဟာ ရုပ်ရှင် မကြည့်ဘူး။ သီချင်း နားမထောင်ဘူး။ စာ မဖတ်ဘူး။ စာမဖတ်ဘူးဆိုတာ ဝတ္ထု၊ ကဗျာ စတဲ့ ရသစာတွေကို ပြောတာပါ။ သုတစာပေကိုတော့ ဖတ်တယ်။ စိတ်လည်း ဝင်စားတယ်။ ဒါကြောင့် ဒီကောင် ကျောင်းစာမှာ တော်ပြီး ဂုဏ်ထူးနဲ့ အောင်ခဲ့တာပေါ့။ ကုန်ကုန်ပြောရရင် ဒီကောင်ဟာ ဆန့်ကျင်ဘက် လိင်အပေါ်မှာတောင် စိတ်ဝင်စားမှု မရှိဘူး။ သူ မိန်းမရှာစိတ် ပေါက်နေတာလား၊ ယောက်ျားဘဝ လူဖြစ်ရှုံးနေတာလား ဆိုတော့လည်း မဟုတ်ဘူး။ ယောက်ျား ပီပီသသပဲ။ သူ့ဟာက စိတ်မဝင်စားတာ သက်သက်ပဲ။ ခံစားချက် မရှိတာ သက်သက်ပဲ။ အရာရာမှာ သူများနည်းတူ မခံစားနိုင်တာ သက်သက်ပဲ။

ဒီကောင်ဟာ အဆောင်မှာ ထမင်းစားရင်လည်း ဒီလောက်ပဲ။ ဟော်တယ်တက်ပြီး အကောင်းဆုံး ဆိုတာတွေ စားလည်း ဒီလောက်ပဲ။ သူ့အဖို့တော့ ဘာမှ မထူးဘူး ပြောတာပဲ။ ဟုတ်တော့ ဟုတ်တယ်။ သံပရာ ချဉ်ချဉ်သောက်တဲ့ မျက်နှာ၊ အရက်သောက်တဲ့ မျက်နှာ၊ ငရုတ်သီး အတောင့်လိုက် ဝါးစားတဲ့ မျက်နှာ၊ တစ်ထေရာတည်းပဲ။ အနားကပ်ပြီး ဗျောက်ဖောက်လည်း လန့်တတ်တဲ့ အကောင် မဟုတ်ဘူး။ တချို့က ဒုက္ခခံပြီး စတန့်ထွင်နေတယ် ထင်ကြတယ်။ ဘယ် ဟုတ်မလဲ။

ဒီကောင့်မှာ ဒါ... တကယ်ကို ဖြစ်နေတာ။

ရုပ်ပိုင်းဆိုင်ရာကလည်း ခပ်ထုံထုံကြီး။ ထိခိုက်ဒဏ်ရာရလို့ ကွဲပြဲလာလို့ အရက်ပျံထည့်လည်း မလှုပ်ဘူး။ ထုံဆေး မပါဘဲ အစိမ်းချုပ်လည်း မလှုပ်ဘူး။

ဆရာဝန်ကတောင် သူရဲကောင်းပဲလို့ ချီးမွမ်းယူရတယ်။ (မှတ်မှတ်ရရ သူ့ကို ချုပ်တုန်းက ဘေးက ရပ်ကြည့်နေတဲ့ ကျွန်တော်က မူးလဲသွားသေးတယ်။) တပင်ရွှေထီးခေတ် သူရဲကောင်း ရွေးတုန်းကများ ဒီကောင် ပါခဲ့ရင် ထိပ်ဆုံးကနေရမှာ။ အပူအအေးဒဏ် ခံနိုင်တာလည်း မပြောနဲ့တော့။ အိုက်ရင် မီးလှုံ၊ ပုဆိုးခြုံ၊ ချမ်းရင် ရေချိုး၊ နှင်းတောတိုးမယ်ဆိုတဲ့ ကောင်မျိုး။ စိတ်ရောကိုယ်ပါ မထုံတတ်သေးကြီး ဆိုတော့ လောကကြီးဟာ ဒီကောင့်အတွက် အဓိပ္ပာယ်မဲ့သလို ဖြစ်နေတယ်။ သို့မဟုတ် ဒီကောင်ဟာ လောကကြီးအတွက် အဓိပ္ပာယ်မဲ့သလို ဖြစ်နေတယ်။

သူလည်း လူသားတစ်ယောက်ပဲ။ သူများနည်းတူ ချစ်ချင်၊ မုန်းချင်၊ ဝမ်းသာချင်၊ ဝမ်းနည်းချင်တာပေါ့။ စိတ်ဆိုးချင်၊ ဒေါသထွက်ချင်၊ ခွင့်လွှတ်ချင်၊ သနားချင်တာပေါ့။ ချိုချင်၊ ခါးချင်၊ ဆိမ့်ချင်၊ စပ်ချင်တာပေါ့။ ပူချင်၊ အေးချင်၊ နာချင်၊ ကောင်းချင်တာပေါ့။ ဒါတွေအားလုံး သူများနည်းတူ မခံစားရတော့၊ မခံစားနိုင်တော့ သူ့ကိုယ်သူ မှုမမှန်တော့ဘူး ဆိုတာ ဒီကောင် ရိပ်မိလာတယ်။ အမျိုးမျိုး ကြိုးစားကြည့်ရင်း၊ ကုရင်း သရင်း၊ မေးရင်း မြန်းရင်းနဲ့ အခု ကျွန်တော်ပြမယ့် ဆေးခန်းမှာ ဒီကောင် ပြဖြစ်သွားတာ။

မြင့်လွင်ကြီး ပြတုန်းက ရှစ်သောင်း ပေးရတယ်။ ရှစ်လ စောင့်ရတယ်။ သမားတော်အဖွဲ့က ကွန်ပျူတာတွေ၊ ခေတ်မီ စက်ကိရိယာတွေ၊ လေဆာရောင်ခြည်တွေနဲ့ စမ်းသပ်သတဲ့။ အမျိုးမျိုး စမ်းသပ်တွက်ချက် အဖြေထုတ်ပြီးမှ ရောဂါနာမည် သတ်မှတ်ပြီး သူ သောက်ရမယ့်ဆေး (၅) နှစ်စာ ထုတ်ပေးလိုက်တယ်။ ဆေးလုံးကလေးတွေက အနီရောင် တောက်တောက်ကလေးတွေ။ သေးသေးလေးပါ။ သောက်ရလွယ်ပုံပါပဲ။ တစ်ညမှ တစ်လုံး၊ မှန်မှန်သောက်နေရုံပဲတဲ့။

ဆေးစွမ်းက ချက်ချင်း မပြဘူး။ ဖြည်းဖြည်းချင်းကျမှ သိသာလာတာတဲ့။ ခု ဆေးသောက်သက် ၂ နှစ် နီးပါးမှာ ဒီကောင် မိန်းမ ယူနိုင်ပြီ။ ကာရာအိုကေတက်ပြီး သုံးတတ် ဖြုန်းတတ်နေပြီ။ လုပ်ငန်းခွင်မှာ ပြုံးပြရမယ့် သူကို ပြုံးပြပြီး မျက်နှာကြောတင်းရမယ့်သူကို တင်းပြနေတတ်ပြီ။ ကျိုးကျိုးနွံနွံ ပြောရမယ့်သူကို ကျိုးနွံပြီး ငေါက်ရမယ့်သူကို ငေါက်တတ်နေပြီ။ တိုက်ခန်းနဲ့၊ တီဗွီနဲ့၊ ရေခဲသေတ္တာနဲ့၊ မော်တော်ဆိုင်ကယ်နဲ့ ဟန်ကျနေပြီ။ လင်မယားနှစ်ယောက် ရုပ်ရှင်ကြည့်လိုက်၊ ပြဇာတ်ကြည့်လိုက်၊ ဈေးဝယ် ထွက်လိုက်၊ အိုဂျီ ဆေးခန်းတွေ သွားလိုက်နဲ့ ပြုံးပြုံး

ပြုံးပြုံးနဲ့ ဟန်ကျနေပြီ။ ဟန်အကျဆုံးကတော့ ဒီကောင် ကဗျာတွေ ဖတ်ပြီး ကဗျာတွေ စပ်နေပြီ ဆိုတာပဲ။

အတိုချုံးပြောရရင် ဒီကောင့်အတွက် လောကကြီးဟာ အဓိပ္ပာယ် ရှိသွားပြီ။ လောကကြီးအတွက် ဒီကောင်ဟာ အဓိပ္ပာယ် ရှိသွားပြီ။ လောကကြီးမှာ ဒီကောင် နေပျော်သွားပြီ။ ဒီကောင် ရှစ်လစောင့်ပြီး ရှစ်သောင်း ပေးခဲ့ရတာ တန်သွားပြီ။ ဆေးလုံးနီနီလေးတွေ တကယ် အစွမ်းထက်တယ် ဆိုတာ ကျွန်တော် လက်ခံလိုက်ပြီ။

ကျွန်တော်က သူနဲ့ ပြောင်းပြန်။ မြင့်လွင် ဖြစ်ခဲ့တာနဲ့ ဆန့်ကျင်ဘက် ပြောင်းပြန်။ ကျွန်တော်က ခံစားတတ်တယ်။ အလွန်ပဲ ခံစားတတ်တယ်။ ခံစားချက်တွေ သူတကာထက် ပိုနေတယ်။ သိပ်အဆိုးဝါးကြီး မဟုတ်လို့သာ လူထဲ သူထဲ ဣန္ဒြေမပျက် နေနိုင်တာ။ လုပ်ငန်းခွင်မှာ ဣန္ဒြေမပျက် လုပ်နိုင်တာ။ သိပ် ဆိုးဆိုးဝါးဝါး မဖြစ်အောင်လည်း သတိကို အင်မတန် ထားရတယ်။ ဒါတောင် တစ်ချက်တစ်ချက် လွတ် လွတ် သွားတယ်။

မြင့်လွင်အမေ ဆုံးတုန်းက ကျွန်တော် နေ့ရော ညပါ ငိုငိုနေမိတာ ရက်မလည်မချင်းပဲ။ ခုနစ်ရက်တိတိပဲ။ ကျွန်တော့်အမေသာဆို ၇ နှစ်လောက် ငိုနေမှာလား မသိ။ ကျန်တာတွေလည်း အကုန် မြင့်လွင်နဲ့ ပြောင်းပြန်ချည်း ပါပဲလေ။ အရက်ကြိုက်တယ်။ စီးကရက် ကြိုက်တယ်၊ လောင်းကစား ဝါသနာပါတယ်၊ ရည်းစားများတယ်၊ ရည်းစားက ဖြတ်သွားရင် အိပ်ရာထဲ ခုနစ်ရက်လောက် ဗုန်းဗုန်းလဲရော၊ နောက်တော့ အဟောင်းကို မေ့ပြီး အသစ်ကို ချစ်ချင်လာပြန်ရော။ ပွဲလမ်းသဘင်လည်း ကြိုက်တယ်။ ကျောင်းကပွဲတွေမှာဆို ကျွန်တော် အမြဲ သီချင်းဆိုနေကျ၊ ကျောင်းစာထက် အပြင်စာ ဝတ္ထု၊ ကဗျာ၊ မဂ္ဂဇင်းတွေ ပိုပြီး ဖတ်တော့ ကျောင်းစာ ညံ့တော့တာပေါ့။ ကျောင်းစာနဲ့ ပတ်သက်ရင် မြင့်လွင်ကိုပဲ အမြဲ ဆရာတင်ခဲ့ရတယ်။ ဝတ္ထုဖတ်တဲ့ အခါများ အလွမ်းဝတ္ထုဆို တကယ် ငိုမိတာ။ ဟာသဝတ္ထုဆိုလည်း မျက်ရည်ထွက်အောင် ရယ်တာ။ သည်းထိတ်ရင်ဖို မှုခင်းဝတ္ထုတွေဆို ဒူးတုန်နေပြန်ရော။ ပြီးတော့ ကျွန်တော်က တစ္ဆေလည်း ကြောက်တတ်တယ်။ အဆောင်တုန်းကဆို ညမထွက်ရဲတာနဲ့ ဆီးအိုး အခန်းထဲ ထားအိပ်ရတာ။

ဒါမျိုးတွေပေါ့လေ...။ တဖြည်းဖြည်းနဲ့ ပိုဆိုးလာတယ် ထင်တာပဲ။ အစက ကျွန်တော်က မသိမသာ၊ မြင့်လွင်က သိသိသာသာ။ ခုနောက်ပိုင်း ကျွန်တော်က သိသိသာသာ ဖြစ်လာတယ်။ မြင့်လွင်ကြီးက ဆေးစားလို့ လူကောင်း ဖြစ်နေပြီ။ သူ့ကို အားကျပြီး သူ တိုက်တွန်း လမ်းညွှန်တာနဲ့ပဲ ကျွန်တော် ဒီဆေးခန်းကို ရောက်လာရတာ။ မြင့်လွင်တုန်းက ရှစ်သောင်း ပေးပြီး ရှစ်လ စောင့်ရတာ။ ကျွန်တော့်အလှည့်ကျ တစ်သိန်းပြီး တစ်နှစ် စောင့်ရမတဲ့။ ကုန်ဈေးနှုန်း တက်လို့တဲ့။

လူဦးရေ များလာသလို လူနာကလည်း များလာလိုပါတဲ့။ စက်ကိရိယာတွေကလည်း အရည်အသွေး ပိုကောင်းလာပါသတဲ့။ တိုကင်ပေးတဲ့ လူက ပြောတယ်။ သမားတော်တွေကော အရည်အသွေး ပိုကောင်းလာပါသလား လို့ ကျွန်တော် မမေးလိုက်တော့ပါဘူး။ သမားတော်အဖွဲ့က တစ်နေ့မှ လူနာတစ်ယောက်ပဲ ကြည့်တယ်။ မြင့်လွင်ကြီး ရောဂါ ပျောက်သွားတာလည်း လက်တွေ့ ဆိုတော့ ကျွန်တော် တိုကင် ယူခဲ့ပါတယ်။ ငွေတစ်သိန်းတိတိ သွင်းပြီး စာရင်းပေးခဲ့ပါတယ်။ တစ်နှစ်တိတိ စိတ်ရှည်လက်ရှည် စောင့်ခဲ့ပါတယ်။ ခု ကျွန်တော့်အလှည့် ရောက်လာပါပြီ။ သူတို့ဧည့်ခန်းထဲ ရောက်နေပါပြီ။

စီးကရက်တွေလည်း များကုန်ပြီ၊ သမားတော်တွေ ရောက်မလာကြသေးဘူး။ ငွေရေတဲ့ လူကလည်း ငွေတွေပဲ ရေနေတုန်း။ ဦးစံရှား ဝဝကြီးက ဆေးတံကို နောက်တစ်ဆုံ ထည့်ပြီး မီးခြစ်ကို ဟိုစမ်း ဒီစမ်း လုပ်နေတယ်။ ကျွန်တော် မီးခြစ် ထွက်ပေးမယ်လို့ ထရပ်လိုက်တော့ အိတ်တစ်အိတ်ထဲက မီးခြစ်တစ်လုံး ရသွားပြီး မီးညှိနေပြန်တယ်။ ဒီလူ... အိတ်ထဲ မီးခြစ် ဘယ်နှစ်လုံး ဆောင်ထားသလဲ မသိဘူး။ သူကလည်း မေ့တတ်လို့လား၊ ကျွန်တော့်လို လူတွေပဲ များနေလို့လား၊ ဘာပဲဖြစ်ဖြစ် ဒီလူဟာ အမြော်အမြင် ရှိတဲ့ လူတစ်ယောက်ပဲ။ ကျွန်တော် ဆိုဖာပေါ် ပြန်ထိုင်မလို့ လုပ်နေတုန်း သမားတော်အဖွဲ့ ထင်တာပဲ၊ ဂျူတီကုတ် အဖြူကြီးတွေ ဝတ်ပြီး အုပ်စုလိုက် ဝင်လာကြတယ်။ စုစုပေါင်း ခြောက်ယောက်။

***

လူနာစမ်းသပ်ခန်းက စမ်းသပ်ခန်းနဲ့ မတူဘူး။ အနောက်တိုင်း ရုပ်ရှင်ထဲက နျူကလီးယား လက်နက်တွေ လျှို့ဝှက်သိုလှောင်ထားတဲ့ ခန်းမကြီးလိုလို၊ သိပ္ပံသုတေသန ခန်းမကြီးလိုလိုနဲ့။ ကျွန်တော်တို့ တိုင်းပြည်မှာ ဒီလောက် ဆန်းကြယ်တဲ့ ဌာနမျိုး၊ အဆောက်အဦမျိုး ရှိမယ် မထင်ခဲ့ဘူး။ အင်ဂျင်နီယာဖြစ်တဲ့ ကျွန်တော်တောင် စက်ကိရိယာတွေကို ကြည့်ပြီး နလပိန်းတုံး တစ်ယောက် ဖြစ်သွားတယ်။

စားပွဲကြီးရဲ့ ထိပ်မှာ ပုဂ္ဂိုလ်သုံးယောက် ထိုင်နေတယ်။ ကွန်ပျူတာလို့ ယူဆရတဲ့ စက်တွေအနားမှာက ပုဂ္ဂိုလ်နှစ်ယောက်။ နောက်ဆုံး တစ်ယောက်ကတော့ ကျွန်တော့်ကို ဧည့်ခန်းထဲကနေ ဒီအခန်းထဲ ခေါ်လာတဲ့ လူပေါ့။ ပုဂ္ဂိုလ်ကြီး သုံးယောက်နဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ကျွန်တော့်ကို ထိုင်ခိုင်းပြီး သူက ဘေးနားမှာ ရပ်နေတယ်။ သူကပဲ ခြေစုံရပ် ဦးညွှတ်ပြီး

“တိုကင်နံပါတ် ၁၂၅၅၅ စမ်းရန် အသင့်” လို့ သတင်းပို့လိုက်ပါတယ်။

အင်ဂျင်နီယာ တစ်ယောက်ပဲ။ ဂဏန်းသင်္ချာ တတ်ပါသေးတယ်။ တစ်နှစ်ကို ၃၆၅ ရက်၊ တစ်နေ့ တစ်ယောက်၊ ရက်ပျက်မရှိ ကြည့်ထားတယ်။ တစ်နှစ် ၃၆၅ ယောက်၊ ဆယ်နှစ်ဆို ၃၆၅၀၊ ဒီဆေးခန်းဖွင့်တာ ဆယ်နှစ် မပြည့်သေးဘူး။ တိုကင်နံပါတ်က တစ်သောင်းကျော်နေပြီ ဆိုတော့ ။ အင်းလေ… တိုကင်ကို ‘တစ်’က မစဘဲ ‘တစ်သောင်း’က စ တော့ကော ဘယ်သူ ဘာပြောမလဲ။

“ကိုင်း… စမ်းသပ်မှု မစခင် INTRO လုပ်လိုက်ကြရအောင်”

စားပွဲထိပ် အလယ်ပုဂ္ဂိုလ်က စကား စ လိုက်တယ်။ ကျွန်တော်လည်း အတွေးစဉ်တွေ ဖြတ်ပြီး သူ့ကို ကြည့်လိုက်ရတယ်။ နဖူးပြောင်ပြောင်၊ မျက်စိမှေးမှေး၊ မေးစိနှစ်ထပ်နဲ့။ ကျွန်တော်တို့နဲ့ လက်ရှိ အလုပ်လုပ်နေတဲ့ ကန်ထရိုက်သူဌေးနဲ့ ရုပ်က ခပ်ဆင်ဆင်။ အသက် ၆၀ နီးပါးတော့ ရှိမယ် ထင်တယ်။

“ကျွန်တော်က အထွေထွေကု ဆရာဝန်ပါ၊ ကျွန်တော့် ညာဘက်က ပုဂ္ဂိုလ်ကတော့ ဦးနှောက်နဲ့ အာရုံကြော ခွဲစိတ်ကု သမားတော်ကြီးပါ”

ခွဲစိတ်ကု သမားတော်ကြီးက ခေါင်းတစ်ချက် ညိတ်ပြတယ်။ သူကတော့ အသက် ၅၀ လောက်ပဲ ရှိဦးမယ်။ ဒါပေမယ့် အရွယ်တင်တယ်။ လည်တိုင်တုတ်တုတ်၊ မျက်နှာလုံးလုံး၊ နှာခေါင်းပွပွဲ၊ နှုတ်ခမ်းထူထူနဲ့။ ကြွက်သားတွေက ဂျူတီကုတ်အောက်ကနေ ရုန်းထွက်မတတ် တောင့်တင်း သန်မာလှပါတယ်။ သူ့ကို အသားမည်းလိုက်ရင် လက်ဝှေ့ကျော် မိုက်တိုင်ဆန်နဲ့ ညီအစ်ကိုဆို ယုံလောက်တယ်။

“ဘယ်ဘက်က ပုဂ္ဂိုလ်ကတော့ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးပါ”။ သူကတော့ မလှုပ်ဘူး။ မျက်ခုံးဖြူဖြူ ထူထူကြီး နှစ်ခုကို တွန့်ပြီး မျက်ပေါက်ကျဉ်းကျဉ်းကလေးနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ အတွင်းအား ထည့် ကြည့်နေတာလား။ Will Power နဲ့ ကြည့်နေတာလား။ သူမှ သိမှာပဲ။ အသက်က သူ အငယ်ဆုံးပဲ။ ၄၀ လောက်ပဲ ရှိဦးမယ်။ ဒါပေမယ့် မျက်ခုံးဖြူဖြူ၊ ပိန်ပိန်ပါးပါး၊ အရိုးဝေါက်ဂက်နဲ့ဆိုတော့ အဘိုးကြီးအိုပုံ ပေါက်နေတယ်။ တရုတ်သိုင်းကားက သိုင်းလောက ဥသျှောင်၊ မျက်ခုံးဖြူ အဘိုးကြီး ပုံစံမျိုးပေါ့။

“ဟိုပုဂ္ဂိုလ် နှစ်ယောက်ကတော့ ကွန်ပျူတာပညာရှင်နဲ့ ခေတ်ခွဲခန်း ပညာရှင်တွေပါ”။ ကျွန်တော် လှည့်ကြည့်မနေတော့ဘူး။

“လူကြီးမင်းရဲ့ ဘေးမှာ ရပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ အစစ အရာရာ လိုသလို ကူညီ လုပ်ကိုင်ပေးသွားမယ့် အထွေထွေ ဝန်ထမ်းပါ”

ကျွန်တော် မော့ကြည့်ပြီး ပြုံးပြလိုက်တယ်။ ပုဂ္ဂိုလ်က ငုံ့တောင် မကြည့်ဘူး။ စက်ရုပ်အာနိုး ပုံစံမျိုးနဲ့ တောင့်တောင့်ကြီး ရပ်လို့။

“ကဲ… စမ်းသပ်မှုတွေ မစခင် History Taking ခေါ်တာပေါ့။ လူကြီးမင်းရဲ့ ဝေဒနာရာဇဝင် အတ္ထုပ္ပတ္တိကို ယူလိုက်ကြရအောင်…”

အလယ်က ပုဂ္ဂိုလ်က ပြောလိုက်တယ် ဆိုရင်ပဲ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်တယ်။ ကွန်ပျူတာ ပညာရှင်က ခလုတ်တွေ ဟိုနှိပ် ဒီနှိပ်နဲ့ လုပ်ငန်း စ နေပြီ။

“နာမည်နဲ့ အသက်ကို ပြောပါ”

“လွင်မြင့်၊ ၃၅ နှစ်”

“အလုပ်အကိုင်နဲ့ ပညာအရည်အချင်း…”

“အင်ဂျင်နီယာ၊ B.E.(Mechanical)”

“ဟုတ်ပြီ… ကိုလွင်မြင့်၊ ကိုလွင်မြင့် ဒီကို လာရတဲ့ အကြောင်းရင်း၊ ကျွန်တော်တို့ဆီ လာပြရတဲ့ အကြောင်းရင်း Chief Complaints… အဲ… အချုပ်အချာ ဝေဒနာဟာ ဘာလဲ၊ တစ်ခွန်းတည်းနဲ့ ကြိုးစား ဖြေကြည့်ပါလား”

“အဲ… အင်း”

“ဖြေပါ ကိုလွင်မြင့်”

“မြင့်လွင်နဲ့ ပြောင်းပြန်ဗျ”

ဘေးမှာ တောင့်တောင့်ကြီး ရပ်နေတဲ့ အာနိုးက ခွိခနဲ ရယ်တယ်။

“အပြောင်အပြက်တွေ မပြောနဲ့လေ ကိုလွင်မြင့်၊ ခင်ဗျားအတွက် အချိန်ဟာ တစ်သိန်းတန်တယ် ဆိုတာ သိသားနဲ့”

“တကယ်ပါဗျာ။ အပြောင်အပျက်ပြောတာ မဟုတ်ပါဘူး။ ဒီမှာပဲ ကုသ ပျောက်ကင်းသွားတဲ့ ကျွန်တော့်သူငယ်ချင်း မြင့်လွင်၊ သူ့ တိုကင်နံပါတ် ကျွန်တော် မှတ်မိတယ်။ ၅၅၅၂၊ သူ့ရောဂါ ခင်ဗျားတို့ မှတ်တမ်းမှာ ရှိမှာပေါ့။ တစ်ခွန်းတည်း ဖြေရရင် ကျွန်တော့်ဝေဒနာက သူ့ဝေဒနာနဲ့ ပြောင်းပြန်ဗျ”

သမားတော်တွေ တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြတယ်။ တိုးတိုးတိုးတိုးနဲ့ တိုင်ပင်ကြပြီး ကွန်ပျူတာပညာရှင်ကို နံပါတ် ၅၅၅၂ ရဲ့ မှတ်တမ်း ပြန်ရှာခိုင်းတယ်။ ချက်ချင်းပဲ ကွန်ပျူတာက အဖြေထုတ်ပေးတယ်။

သုံးယောက်သား ခေါင်းချင်းဆိုင် ကြည့်ကြပြီး အလယ်ပုဂ္ဂိုလ်ကြီးကပဲ...

"ဩော်... ကိုလွင်မြင့်က ခံစားမှု လွန်ကဲနေတယ် ဆိုပါတော့။ ကဲ... ဘယ်လိုလွန်ကဲတယ်၊ ဘယ်လောက် လွန်ကဲတယ်ဆိုတာ ကလေးဘဝကနေ ခုချိန်ထိ ခင်ဗျားစိတ်ထဲက သိသိသာသာ၊ ထင်ထင်ရှားရှား ဖြစ်ခဲ့တာတွေ ပြောပေတော့ဗျာ"

အဲဒီ အချိန်မှာပဲ၊ ဘေးနားက ပုဂ္ဂိုလ် ဘယ်အချိန်က ထွက်သွားပြီး ဘယ်ချောင်က ယူလာတယ် မသိဘူး။ ကော်ဖီခွက်တွေ အငွေ့တထောင်းထောင်းနဲ့ ကျွန်တော်ရှေ့ တစ်ခွက်၊ သမားတော်ကြီး သုံးယောက်ရှေ့ တစ်ခွက်စီ ချပေးတယ်။

"အချိန်ရပါတယ်။ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး ပြောပါ။ အရေးကြီးတာကတော့ အရေးကြီးတာတွေ ကျန်မနေဖို့ အရေးကြီးတယ်"

ဖွီး... မြန်မာစာ တယ်ညံ့ပကလား။ ဒါမှမဟုတ် မော်ဒန်မြန်မာစာကို သုံးလိုက်တာ များလား။ အရေးကြီးတာကတော့ ကော်ဖီပူပူလေး အရင်သောက်လိုက်ဖို့က အရေးကြီးတယ်။ ကျွန်တော် ကော်ဖီ သောက်လိုက်တယ်။ ကောင်းလိုက်တဲ့ ကော်ဖီ။ စီးကရက် သောက်ချင်လာပြန်ရော။ အိတ်ထဲက စီးကရက်ဘူးကို ထုတ်ပြီး သောက်မယ်လုပ်တော့ တစ်လိပ်မှ မကျန်တော့ဘူး။ ဘေးက ပုဂ္ဂိုလ်က စီးကရက်တစ်ဘူး ထုတ်ပေးတယ်။ လိုသလို ကူညီပေးသွားမယ်ဆိုတာ တယ်မှန်ပါကလား။ ကျွန်တော် သောက်နေကျ အမျိုးအစားပဲ။ ဖောက်တောင် မဖောက်ရသေးဘူး။ ကျွန်တော် စီးကရက်တစ်လိပ် ထုတ်ပြီး ဦးစံရှားရဲ့ မီးခြစ်နဲ့ မီးညှိ၊ အားရပါးရ ဖွာပြီးမှ စကား စလိုက်တယ်။

ဒီလိုဗျာ...

***

ကျွန်တော် အစက ကိုယ့်ကိုယ်ကို ဒီလောက် မှတ်ဉာဏ်ကောင်းလိမ့်မယ် လို့ မထင်ဘူး။ ဒီလောက် အပြောကောင်းလိမ့်မယ် လို့လည်း မထင်ခဲ့မိဘူး။ ခုတော့ ကလေးဘဝကနေ ဒီနေ့အထိ စီကာပတ်ကုံး ပြောလိုက်တာ၊ စီခြောက်ဆယ် နှစ်ခွေစာလောက် ရှိလိမ့်မယ်။ ကော်ဖီလည်း နောက်ထပ် နှစ်ခွက်တောင်းရတယ်။ စီးကရက်လည်း တစ်ဘူးလုံး ပြောင်ရောပဲ။ ကျွန်တော့် ရာဇဝင် အတ္ထုပ္ပတ္တိကတော့ ကွန်ပျူတာမှတ်ဉာဏ်ထဲ ဝင်သွားရောပေါ့။

သူတို့ပြောတဲ့ History Taking ပြီးတဲ့အခါ သမားတော်ကြီးက အထွေထွေ

စမ်းသပ်စစ်ဆေးမှု လုပ်ပါတယ်။ ခေတ်ခွဲခန်း ပညာရှင်နဲ့ ကွန်ပျူတာ ပညာရှင်တို့က တောက်လျှောက် ကူညီ မှတ်တမ်းတင်နေကြတယ်။ အထွေထွေကလည်း တော်တော့ကို အသေးစိတ်တယ်။ ဆီး၊ ဝမ်း၊ သွေး၊ X-Rays, E.C.G., Ultra Sound နဲ့ ကျွန်တော် မသိတာတွေရောဘဲ။

ကြားထဲမှာ ခဏ အနားပေးတယ်။ မိုက်တိုင်ဆန်နဲ့ တူတဲ့ ဦးနှောက်နဲ့ အာရုံကြော ခွဲစိတ်ကု သမားတော်ကြီးက ပိုပြီးတောင် အသေးစိတ်သေးတယ်။ တော်တော်လည်း စိတ်ရှည်တယ်။ လူကို ဂွမ်းစနဲ့ တို့ကြည့်၊ အပ်နဲ့ ဆွကြည့်၊ ရေနွေးနဲ့ ပက်လိုက်၊ ရေခဲရေနဲ့ ပက်လိုက်နဲ့။ အစတော့ နောက်နေတယ် အောက်မေ့တယ်။ ထူးထူးဆန်းဆန်း နားရွက်နား ကပ်ပြီး ကြေးစည်ထုပြတာ ပါသေးတယ်။ ကြေးစည် တုန်ခါသံ ကြားတော့ အမျှဝေချင်စိတ် မပေါက်ဘဲ ခွေးလို အူချင်လာတယ်။ လည်ချောင်းထဲမှာ ကျလိ ကျလိနဲ့ မနည်းကို အောင့်အည်းနေရတယ်။ ခွေးကို ပြန်ရော။ မိုက်တိုင်ဆန်က ခေါင်းတညိတ်ညိတ်နဲ့ သဘောကျနေတယ်။

နောက်တော့ ကျွန်တော့်ကို လုံးတီးချွတ်ခိုင်းပြီး ခါးမှာ ပိတ်ပါးလေး ပတ်၊ မသာအခေါင်းလိုလို ဘာလိုလို ရှည်မျောမျော သတ္တုသေတ္တာထဲ ဝင်အိပ် ခိုင်းတော့တာပဲ။ သေတ္တာက ဆုံလည်နဲ့ဗျ။ မှောက်လိုက်၊ လှန်လိုက်၊ ထောင်လိုက်၊ စောက်ထိုးဖြစ်သွားလိုက်နဲ့ ချာလပတ်ကို လည်နေတာပဲ။

နောက်ဆုံးတစ်ဆင့် ကျန်သေးတယ်တဲ့ဗျာ။ ကျွန်တော့်ကို ခေါင်းတုံး ရိတ်ရမတဲ့။ ကျွန်တော် ရိပ်မိလိုက်ပြီ။ မိုက်တိုင်ဆန်ဟာ ကျွန်တော့်ဦးရေကို ခွာတော့မယ်။ ကျွန်တော့် ဦးခေါင်းခွံကို လွှနဲ့ တိုက်တော့မယ်။ ကျွန်တော့် ဦးနှောက်တွေကို ဓားနဲ့ ပါးပါးလှီးတော့မယ်။ ကံမကောင်းရင် ကျွန်တော့် ဦးနှောက်တွေ ခန္ဓာဗေဒ ပြခန်းထဲ ရောက်သွားနိုင်တယ်။ ဘယ်... ဒီလို အဖြစ်ခံနိုင်လိမ့်မတုံး။ ကျွန်တော် အကြောက်အကန် ငြင်းတာပေါ့။ မြင့်လွင်ကြီးတုန်းက မခွဲမစိတ်ရဘူးလို့ ကျွန်တော် သိထားတာ။ အဲဒီကျမှ သူတို့က ရှင်းပြတယ်။ လုံးဝ မခွဲစိတ်ပါဘူး တဲ့။ လေဆာရောင်ခြည်နဲ့ လေ့လာစူးစမ်း၊ ဦးနှောက်ကို ပြုပြင်ပေးရမှာမို့ ခေါင်းတုံး ရိတ်ခိုင်းတာပါတဲ့။ ဒါနဲ့ ရိတ်ဗျာလို့ ပြောလိုက်တော့ အာနိုးက ခေါင်းပေါ်ကို ဟဲလ်မက်တစ်လုံး ဆောင်းပေးလိုက်တယ်။ ယားကျိ ယားကျိနဲ့ ဟဲလ်မက်လည်း ချွတ်လိုက်ရော ဦးရေကို အေးခနဲ ဖြစ်သွားတယ်။ အဲဒီ ပြောင်နေတဲ့ ခေါင်းတုံးကို ဆီတစ်မျိုးနဲ့ စိမ်ပြေနပြေ ထပ်သုတ်ပြီး လေဆာရောင်ခြည် သေနတ်နဲ့ တရစပ် ပစ်တော့တာပဲ။ မိုက်တိုင်ဆန်လက်ချက်နဲ့ ဘယ်အချိန် အသက်ထွက်သွားမလဲ ဘုရားတ နေရတယ်။

ကြားထဲမှာ ခဏ အနားပေးတယ်။ စိတ်ရောဂါအထူးကု ဆရာဝန်ကြီး၊ မျက်ခုံးဖြူအဘိုးကြီး အလှည့်ရောက်တဲ့ အခါမှာတော့ ကျွန်တော်

တော်တော်လေးကို ခြေကုန်လက်ပန်း ကျနေပြီ။ ကော်ဖီနဲ့ စီးကရက် ထပ်တောင်းမလို့ စဉ်းစားသေးတယ်။ သိပ်များနေလို့ အားနာတာနဲ့။ ပြီးတော့ ဒီတစ်ယောက်ပြီးရင် ဝဋ်ကျွတ်ပြီဆိုတော့ သည်းခံပြီး နေလိုက်ပါတယ်။

တော်သေးရဲ့၊ မျက်ခုံးဖြူ အဘိုးကြီးက ဟိုပုဂ္ဂိုလ်နှစ်ယောက်လို Action ဦးစား မပေးဘူး။ Dialogue သမားဗျ။ မျက်နှာချင်းဆိုင်ပြီး သူမေးတာ ဖြေနေရုံပဲ။ စကားပြောရုံ သက်သက်ပဲ။ နောက်တော့ ကျွန်တော့်ကို ခုတင်တစ်ခုမှာ ပက်လက်အိပ်ခိုင်းတယ်။ အိပ်မွေ့ချ စိတ်ညှို့ပြီး မေးမလို့နဲ့ တူပါရဲ့။ ဘယ့်နှယ်ဗျာ... တစ်နေကုန် သေချင်စော်နံအောင် ပင်ပန်းလာတာ။ ခုနက ခေါင်းတုံး ဆီလူးတုန်းကတောင် မှေးခနဲ ငိုက်သွားသေးတာ။ မွေ့ရာနဲ့၊ ခေါင်းအုံးနဲ့ အကျအန အိပ်ရတော့ သူ အိပ်မွေ့ မချရသေးဘူး၊ ကျွန်တော် အိပ်ပျော်သွားရော။ အဲဒါ ထပ်နှိုးတယ်ဗျာ။ ပြီးမှ အိပ်မွေ့ ပြန်ချတယ်။ အဲဒီလိုကျမှ မေးလို့ရတယ်နဲ့ တူပါရဲ့။ ဘာတွေမေးလို့ ဘာတွေဖြေတယ်တော့ မမှတ်မိဘူး။ သူ နှိုးလို့သာ နိုးလာရတယ်။ အိပ်ရေးက မဝချင်သေးဘူး။ ထပ် အိပ်ချင်သေးတယ်။

အံမယ်... ဒီလိုတော့လည်း သဘောကောင်းသဗျား။ အိပ်ချင် အိပ်ပါတဲ့။ သူတို့ Ulinical meeting ထိုင်ရဦးမတဲ့။ Final Diagnosis ရရင် ဆေး ဖော်စပ်ရဦးမှာတဲ့။ ဆေးက အသင့် မရှိသေးဘဲကိုး။ ရောဂါသိပြီးမှ ဖော်စပ်ရမှာဆိုပဲ။ ဓာတ်ခွဲခန်းမှာ ချက်ချင်း ဖော်စပ်ပြီး အပြန်မှာ တပါတည်း ပေးလိုက်မှာပါရော။

တိုတိုပြောရရင်ဗျာ... ကျွန်တော် ၂ နာရီကျော်လောက် အိပ်ပျော်ပြီး နိုးလာတာနဲ့ သူတို့ Meeting ထိုင်၊ Diagnosis ရ၊ ဆေးဖော်စပ်ပြီးတာနဲ့ အံကိုက်လောက်ပဲ။ ကျွန်တော့်ကို သောက်ဆေး ၅ နှစ်စာ ပေးလိုက်တယ်။ မြင့်လွင်တုန်းကလိုပဲ တစ်ည တစ်လုံးသောက်ရမယ်တဲ့။ ဒါပေမယ့် ကျွန်တော့်ဆေးက မြင့်လွင် ဆေးလို အနီရောင် မဟုတ်ဘူး။ အဖြူရောင် တောက်တောက်ကလေးတွေ။

ကျွန်တော်လည်း ခေါင်းတုံးပြောင်ကြီးနဲ့ ဆေးပုံးကြီးထမ်းပြီး ပြန်လာခဲ့ရော။

***

ကျွန်တော့်ဆေးကပဲ ပိုပြီး အစွမ်းထက်လို့လား။ ကျွန်တော့်ရောဂါကပဲ ပိုပြီး နုလို့လား မသိဘူး။ မြင့်လွင်က ၂ နှစ်လောက် နီးပါးလောက် ဆေးသောက် ပြီးမှ မိန်းမ ယူနိုင်တာ။ ကျွန်တော်က ခြောက်လနဲ့ မိန်းမ ယူနိုင်ခဲ့တယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်ရဲ့ သမီးပေါ့။

အစကချည့် ကျွန်တော် သူ့ကို ချစ်နေခဲ့တာပါ။ ဒါပေမယ့် သူက လှလွန်းတော့ ကျွန်တော် မစ ရဲခဲ့ဘူး။ ဘာမှ မဖြစ်သေးခင်ကတောင် သူများတွေကြည့်ရင် ကျွန်တော် ဒေါသထွက်နေတာ။ ကိုယ့်ရည်းစားများ ဖြစ်ခဲ့ရင် ဆွေ့ဆွေ့ခုန်နေမှာ အမှန်ပဲ။ ကိုယ့်မယားများ ဖြစ်ခဲ့ရင် သေချာပေါက် ထသတ်မိတော့မှာ။ ဒါကြောင့် မစဘဲ နေခဲ့တာ။ ခုတော့ အဆင် ပြေသွားပါပြီ။ လင်မယားနှစ်ယောက် အိုဂျီဆေးခန်းကို ပြုံးပြုံး ပြုံးပြုံးနဲ့ သွားနေပြီဆိုရင် သဘောပေါက်တော့။ သူများတွေ ဝိုင်းကြည့်လည်း ဒေါသမထွက်တဲ့အပြင် ရင်ကော့ပြီးတောင် နေလိုက်သေးတယ်။

ဆေးစွမ်းကတော့ တကယ် ထက်တယ်ဗျာ။ ကျွန်တော် ကြော်ငြာပေးနေတာ မဟုတ်ပါဘူး။ တစ်နှစ်စောင့်ပြီး တစ်သိန်းပေးခဲ့ရတာ တကယ်ကို တန်တာပါ။ ကျွန်တော် အရက်မသောက်တော့ဘူး။ လောင်းကစား မလုပ်တော့ဘူး။ အလွန်ကြိုက်တဲ့ စီးကရက်တောင် ပြတ်သွားပြီ။ ဒုက္ခခံပြီး ဖြတ်ရတာ မဟုတ်ဘူး။ တကယ့်ကို ဆန္ဒ မရှိတော့တာ။ အပျော်အပါးတွေ လျှော့ပြီး လုပ်ငန်းခွင်မှာ တည်တည်ငြိမ်ငြိမ်နဲ့ အလုပ်တွေ ကြိုးစားနေတော့ အားလုံးက အံ့ဩနေကြတယ်။ ကျွန်တော့် မိန်းမကို အပြုအပြင် ကောင်းတယ်ဆိုပြီး ချီးမွမ်းလို ချီးမွမ်း၊ ယောက္ခမတွေကို သမက်ရ ကံကောင်းတယ်ဆိုပြီး ချီးမွမ်းလို ချီးမွမ်းနဲ့။ အမှန်ကတော့ ဆေးလုံးဖြူဖြူကလေးတွေကို ချီးမွမ်းရမှာ သူတို့ မသိကြဘဲကိုး။

အဲဒီ အချိန်တွေကတော့ တကယ့်ကို ပျော်စရာကောင်းတဲ့ အချိန်တွေပါဗျာ။ ကျွန်တော့်အဖို့တော့ လောကကြီးဟာ နေ့တစ်မျိုး၊ ညတစ်မျိုး မရိုးနိုင်အောင် လှပနေတော့တာပဲ။ မှတ်မှတ်ရရ ကျွန်တော်တို့ မိသားစုနဲ့ မြင့်လွင်တို့ မိသားစု ပေါင်းပြီး ငပလီကို အပန်းဖြေ အပျော်ခရီး ထွက်လိုက်ကြသေးတယ်။

***

ငပလီ အပျော်ခရီးဟာ ကျွန်တော့်ရဲ့ နောက်ဆုံး ပျော်ရွှင်ခြင်းပဲဗျ။ ငပလီက ပြန်လာပြီးမှ ကျွန်တော့်စိတ်တွေဟာ တစ်မျိုး ဖြစ်လာတယ်။ ဘယ်အရာကိုမှ သိပ်ပြီး စိတ်ဝင်တစား မရှိတော့ဘူး။ ဖွယ်ဖွယ်ရာရာ ချက်ကျွေးလည်း မြိန်မြိန်ရှက်ရှက် မစားနိုင်။ မိသားစု လက်ဖက်ရည်ဝိုင်းမှာ ရယ်စရာ ပြောလည်း မရယ်မပြုံးနဲ့။ ငူတူတူ ငိုင်တိုင်တိုင်ကြီးဆိုတော့ ယောက္ခမကြီးတွေက ဘာများ စိတ်ညစ်စရာ ရှိလို့လဲ ဆိုပြီး မိန်းမကို မေး၊ မိန်းမကလည်း ကလေးတစ်ယောက် ရပြီးကတည်းက သူ့ကို စိတ်ကုန်သွားပါပြီ ဆိုပြီး ငိုတိုင်လို တိုင်နဲ့ ပြဿနာတွေ တက်လာတယ်။ ဒါပေမယ့် တခြား ဘယ်မိန်းကလေးမှလည်း စိတ်မဝင်စား။

အပျော်အပါး လောင်းကစားဆိုလည်း လုံးဝ ကင်း၊ မကောင်းသတင်းလည်း တစ်ခုမှ မထွက်။ အလုပ်ခွင်မှာ တည်တည်ငြိမ်ငြိမ် ခန့်ခွဲနေတော့ သူတို့လည်း အကဲခတ်ရ ခက်နေကြပုံ ရပါတယ်။

ကျွန်တော်ကတော့ ရိပ်မိနေပြီ။ ကျွန်တော့်ဆေးတွေ အစွမ်းပိုပြနေပြီ။ အာနိသင် ပိုပြနေပြီ ဆိုတာ။ ဒါနဲ့ မြင့်လွင်ကြီးကို အကဲခတ်ကြည့်ပြန်တော့ မြင့်လွင်ကြီးလည်း ကျွန်တော့်အတိုင်းပဲ။ အချိုးတွေ သိသိသာသာ ပြောင်းလာတယ်။ ဒီကောင် အရက်သောက်၊ လောင်းကစား၊ မိန်းမပွေတဲ့ သတင်းတွေ ကြားလာရတယ် လုပ်ငန်းခွင်မှာ ဒေါသဖြစ်လိုက်၊ စိတ်တိုလိုက်၊ ငိုလိုက်၊ ရယ်လိုက်တွေ ဖြစ်လာတယ်။

တလောက သူ့မိန်းမ အိမ်လာပြီး မြင့်လွင် ဆိုးတဲ့အကြောင်းတွေ လာတိုင်တယ်။ မြင့်လွင် အချိုးပြောင်းနေတာတွေ လာပြောတယ်။ ကျွန်တော် မထုံတတ်သေး လုပ်နေတော့ မိန်းမနဲ့ တွတ်ထိုးကြပြန်ရော။ "အောင်မလေး အိမ်က ရေခဲတုံးကြီးကတော့ ပြောင်းပြန်တော်ရေ၊ ခုပဲ တောထွက်တော့မယ့် အတိုင်းပဲ" လို့ မိန်းမအသံလည်း ကြားရော ကျွန်တော်လည်း လက်ဖက်ရည်ဆိုင် ထွက်လာခဲ့ရော။

သြော် ဒါနဲ့ မြင့်လွင် ကဗျာတွေဖတ်၊ ကဗျာတွေ စပ်တဲ့အကြောင်း ပြောဖူးတယ်နော်။ ဒီကောင့်ရဲ့ ပထမဆုံး ကဗျာပေါင်းချုပ် အောင်မြင်တယ်ဗျာ။ စာပေလောက က ဝိုင်းပြီး ချီးမွမ်းကြတယ်။ မဂ္ဂဇင်းတွေမှာ နေရာ ရလာတယ်။ ဒါပေမယ့် ဒုတိယ ကဗျာပေါင်းချုပ်ကျ ဥမ္မတ္တကပစ္စည်း (ကဝိပစ္စည်း မဟုတ်တော့လို့ နေမှာပေါ့) ဆိုပြီး ဝိုင်းပြီး ဝေဖန်တာ ခံနေရတယ်။ မဂ္ဂဇင်းတွေကလည်း လက်လှန်ကုန်တယ်။ ခုတော့ ဒီကောင် ကဗျာမရေးတော့ဘူး။ စာရွက်ပေါ်မှာ ချရေးရင် သူ့ရဲ့ ခံစားချက်၊ သူ့ရဲ့ အနုပညာတွေကို ဝေါဟာရ၊ ဘာသာစကား၊ စကားလုံးတွေက သင်းကွပ်ပစ်လိုက် သတဲ့။ ဒါကြောင့် စိတ်ကူးထဲမှာပဲ လွတ်လွတ်လပ်လပ် ရေးတော့သတဲ့။ ဒါ တော်တော်လေး သိသိသာသာ ဖြစ်လာပြီဆိုတဲ့ လက္ခဏာပဲ။

အသိသာဆုံးကတော့ နယ်က ကျွန်တော့်အမေ ဆုံးတဲ့ ကြေးနန်းရတဲ့ နေ့ကပဲ။ ကြေးနန်းစာဖတ်ပြီး ကျွန်တော်က ဘယ်လိုမှ မဖြစ်ဘဲ၊ မခံစားရဘဲ မြင့်လွင်ကြီးက လှိမ့်လှိမ့်ပြီး ငိုလိုက်တာ ရှိုက်ကြီးတငင်နဲ့။ တကယ့်သိုလ်တုန်းက သူ့အမေဆုံးလို့ ကျွန်တော်ငိုခဲ့ရတာ ပြေးပြီး သတိရလိုက်တယ်။ သေချာပါပြီ။ မြင့်လွင်နဲ့ ကျွန်တော်ဟာ ရောဂါပြောင်းပြန် ဖြစ်ကုန်ကြပြီ။

မြင့်လွင်နဲ့ ကျွန်တော် ဆေးပုံးကိုယ်စီထမ်းပြီး ဆေးခန်း ပြေးခဲ့ကြတယ်။ တိုကင်ပေးတဲ့လူကို မြင်တော့ အံ့သြသွားတယ်။ တိုကင်ပေးတဲ့လူက အရင်လူ မဟုတ်တော့ဘူး။ ကျွန်တော် မှတ်မိတာပေါ့။ ဆေးတံသောက်တဲ့ ဦးစံရှား

ဗိုက်ရွဲကြီးဗျ။ မီးခြစ်တွေ ဆောင်ထားတဲ့ အမြော်အမြင်ရှိတဲ့ လူကြီးဗျ။ အကြောင်းစုံ မေးမြန်းကြည့်တော့ အဲဒီနေ့က တိုကင်ပေးတဲ့လူ ငွေတွေ ရေရင်း မူးလဲကျပြီး အသက်ထွက်သွားတာတဲ့။ အဲဒီလူ နေရာမှာ ဦးစံရှားကြီးက အစားရအောင် ယူလိုက်တာတဲ့။

"ခင်ဗျားကော ငွေရေရင်း သေမှာ မကြောက်ဖူးလား" မေးတော့ ဆေးတံကြီးခဲပြီး လက်ညှိုးထိုးပြတယ်။ အလေးချိန်တဲ့ ကတ္တားကြီး။ ကတ္တားနဲ့ ချိန်ယူ၊ ကတ္တားနဲ့ပဲ သွင်းသတဲ့။ မှားမှာ မကြောက်ဖူးလား မေးတော့ "မှားလေ ကောင်းလေပေါ့" တဲ့။ သူ့ဆေးတံမှာ စိန်စီထားတာ တွေ့တော့ ကျွန်တော်လည်း ပါးစပ်ပိတ်သွားရော။

ဒါနဲ့ ကျွန်တော်တို့ ပြဿနာကို ပြောပြရတယ်။ ဦးစံရှား ခေါင်းမာသဗျ။ တိုကင် ထပ်ယူရမတဲ့။ နှစ်နှစ်စောင့်ပြီး နှစ်သိန်းစီ ကျမတဲ့။ ကတ္တားနဲ့ ချိန်ယူမှာတဲ့။ မြင့်လွင်ကြီးက ဦးစံရှားကို ဆွဲထိုးမယ် လုပ်နေလို့ ကျွန်တော် မနည်း ဆွဲခေါ်ခဲ့ရတယ်။

ကျွန်တော်နဲ့မြင့်လွင် အချင်းချင်း တိုင်ပင်ညှိနှိုင်းပြီး ဆေးချင်း ပြောင်းသောက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သူ သောက်နေကျ ဆေးလုံးနီနီလေးတွေ ကျွန်တော် သောက်တယ်။ ကျွန်တော် သောက်နေကျ ဆေးလုံး ဖြူဖြူလေးတွေ သူ သောက်တယ်။ ကျွန်တော်တို့ စိတ်ကူး ဒါမှမဟုတ် ကျွန်တော်တို့ ကုထုံး တော်တည့်မှန်ကန်သွားတယ်လို့ ဆိုရမှာပဲ။ လပိုင်း အတွင်းမှာပဲ နှစ်ယောက်စလုံး ပုံမှန် ပြန်ဖြစ်လာကြတယ်။

သူလည်း မိသားစုမှာ၊ ပတ်ဝန်းကျင်မှာ အဆင်ပြေသွားပြီ။ ကျွန်တော်လည်း မိသားစုမှာ၊ ပတ်ဝန်းကျင်မှာ အဆင်ပြေသွားပြီ။ ဒီနှစ် ပြီးကျရင် ပေလီကို အပန်းဖြေထွက်ဖို့တောင် တိုင်ပင်ထားပြီးပြီ။

တကယ်လို့ အချိုးတွေ ပြောင်းလာရင်။ အာရုံခံစားမှုတွေ ပြောင်းလာရင် ဆေးလုံး ပြောင်းသောက်ကြဖို့ပဲ။ ဘာမှ အခက်အခဲ မရှိတော့ဘူး။ ၅ နှစ် ပြည့်ရင် ဆေးပြန်ထုတ်ဖို့ လက်မှတ်ကလည်း ရှိပြီးသား။

ကျွန်တော်တို့ နှစ်ယောက်စလုံး ပြဿနာကို အလွယ်ဆုံးနည်းနဲ့ ဖြေရှင်းလိုက်နိုင်ကြပြီ။ မိသားစုတွင်းမှာလည်း အဆင်ပြေ၊ ပတ်ဝန်းကျင်မှာလည်း အဆင်ပြေနဲ့ လောကကြီးမှာ အဓိပ္ပာယ်ရှိစွာ နေလို့ ထိုင်လို့ ရပါပြီ။

ဒါပေမယ့်…

ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ မပြောပလောက်တဲ့

ရောဂါအသစ်တစ်ခု ဖြစ်နေကြတယ်။ အဲဒါကတော့ လူမြင်သမျှ ဒီလူ ဆေးအဖြူ သောက်နေသလား၊ ဆေးအနီ သောက်နေသလား၊ အဖြူနဲ့အနီ တစ်လှည့်စီ သောက်နေသလား ဆိုတဲ့ သံသယပဲ။

[မဟာမဂ္ဂဇင်း၊

အတွဲ(၁)၊ အမှတ်(၁၁)။ ဧပြီလ၊ ၁၉၉၇]

အခြေအနေ

[၁]

ငှက်သမားသည် ငှက်ဦးက စူးကို ကမ်းခြေ သောင်မြေမှာ အားစိုက်ပြီး ဖိသွင်းလိုက်၏။ ပိုပြီး နက်နက်ဝင်သွားစေရန် ခြေဖြင့် ဖိနင်းလိုက်သေးသည်။ အနောက်ဘက်ကို လှမ်းကြည့်တော့ နေလုံးသည် စစ်ကိုင်း တံတားခုံးပေါ် မေးတင်တော့မည်။ ဒါဆို ညနေ ၅ နာရီ ထိုးသွားပြီ။

ငှက်သမားမှာ နာရီ မရှိချေ။ သူတစ်ပါးကိုလည်း ဘယ်အချိန် ရှိပြီလဲဟု မေးလေ့မေးထ မရှိ။ ငှက်သမားသည် နှုတ်နည်းသူ ဖြစ်၏။ သူ့အတွက် 'နေ'သည်သာ နာရီဖြစ်၏။ ရွှေကြက်ယက် ငှက်ဆိပ်မှ အနောက်ဘက်ကို လှမ်းကြည့်မည်။ ခုလို နေလုံး တံတားခုံးပေါ် မေးတင်တော့မည် ဆိုလျှင် ၅ နာရီ ဝန်းကျင်။ တစ်နေ့တာအတွက် သူ လုပ်ငန်းသိမ်းချိန် ဖြစ်၏။

ခတ်တက် နှစ်ချောင်းကို ခတ်ကွင်းမှ ဖြုတ်နေစဉ် ဂေ့ခနဲ လေတက်လာသည်။ နောက်တော့ တဂေ့ဂေ့နှင့် လေတက်တော့၏။ အရက်ဆိုင်ကို ပြေးဖို့ ခန္ဓာကိုယ်က အချက်ပြနေပြီ။ တဂေ့ဂေ့နှင့် လေတက်ချိန်သည် ၅ နာရီ ဝင်းကျင်။ တစ်နေ့တာအတွက် သူ လုပ်ငန်းသိမ်းချိန် ဖြစ်၏။ သူ့အတွက် 'လေ' သည်လည်း နာရီဖြစ်၏။

တက်နှစ်ချောင်း ထမ်းပြီး ကမ်းပေါ်တက်အလာ ခရီးသည်နှစ်ဦးက သူ့ကို ငှားသည်။ စစ်ကိုင်းဘက် ပို့ပေးပါတဲ့။ ကောင်မလေးက တော်တော် လှသည်။ ဗွီဒီယို မင်းသမီးများလား မသိ။ ညနေ နေရောင်ထဲမှာ၊ မြစ်ပြင်နှင့် သဲသောင်၏ ရောင်ပြန်အလင်းထဲမှာ မျက်နှာကလေးက ရွှေရောင်ဝင်းဝင်း တောက်နေသည်။ သို့သော် မျက်နှာခင်းက မရွှင်ပျ။ ညှိုးငယ်နေသယောင် ရှိသည်။ ဘေးက အဒေါ်ကြီးကတော့ အမေလား၊ အဒေါ်လား မသိ။ ဝဝဖိုင့်ဖိုင့်နှင့်။ သူ့မျက်နှာလည်း ညှိုးနေသည်။ ရွှေကြက်ယက်ဘုရား သဲသောင်ကမ်းစပ်နှင့် ဧရာဝတီမြစ်ပြင်၊ စစ်ကိုင်းတံတား၊ စစ်ကိုင်းတောင်နှင့် ဘုရား များ၊ ဒါတွေမြင်လျှင် ဒေသခံ မဟုတ်ပါက နှစ်သက် သဘောကျသည့် အပြုံးတွေ ရွှန်းစိုးလာကြစမြဲ။ ခုတော့...

ငှက်သမားသည် သည့်ထက်ပိုပြီး အတွေးခေါင်မနေ၊ ခေါင်းယမ်းပြီး တခြားငှက် သွားငှားဖို့ ပြောလိုက်၏။ အဒေါ်ကြီးက သူ့ကိုပဲ ဇွတ်ပေ ငှားနေသည်။ ထိုးစံထက် ပိုပေးပါမည် တဲ့။ သူလည်း နောက်ဆုတ်သွားစေရန်၊ ဒီအချိန်ဆို

တစ်ယောက် တစ်ရာ၊ နှစ်ယောက် နှစ်ရာရမှဟု မတန်တဆဈေး ပြောလိုက်၏။ အဲဒါကို အဒေါ်ကြီးက ပေးပါမည်တဲ့။ ငှက်သမားလည်း သူ့ စကားနှင့်သူ မငြင်းသာတော့။ ပြီးတော့ နှစ်ရာဆိုတဲ့ ငွေသည် နည်းနည်းနောနော မဟုတ်၊ များများရတော့ များများ သောက်ရတာပေါ့ ဟု သဘောပိုက်လိုက်၏။ သူ ခတ်တက်နှစ်ချောင်း ထမ်းပြီး ငှက်ဆီ ပြန်လှည့်လာရသည်။

ငှက်ပေါ်က ထိုင်ခုံပျဉ်ပြားကို အဝတ်စုတ်ဖြင့် သုတ်ပေးပြီး ခရီးသည် နှစ်ယောက်ကို ထိုင်ခိုင်းနေစဉ်မှာ လူငယ်တစ်ယောက် ရောက်လာ၏။ နေကာမျက်မှန်နှင့်၊ တီရှပ်နှင့်၊ အရပ်မြင့်မြင့် အသားဖြူဖြူ ဆိုတော့ သူလည်း ဗွီဒီယို မင်းသားလား မသိ။ စစ်ကိုင်းဘက် ကူးလျှင် လိုက်ပါရစေတဲ့။ အမှန်ကတော့ အမျိုးသမီး နှစ်ယောက်က အပြတ်ငှားပြီးပြီပဲ။ သူတို့ သဘောမတူလျှင် တင်လို့မရ။ သို့သော် အမျိုးသမီး နှစ်ယောက်က ဘာမျှမပြော။ မကန့်ကွက်။ လှည့်တောင်မကြည့်။ သူလည်း တစ်ယောက်အပိုရ နည်းလားဆိုပြီး ရတယ်လေဟု ပြောလိုက်တော့ ငှက်ပေါ်ကို သွက်သွက်လက်လက် တက်ပြီး ကောင်မလေးနှင့် မျက်နှာချင်းဆိုင် ငှက်နံ့ပေါ်မှာ ထိုင်လိုက်၏။ နေကာမျက်မှန်နှင့် ဆိုတော့ ကောင်မလေးကို ငမ်း မငမ်း မသိနိုင်၊ ငမ်းလည်း သူနှင့် မဆိုင်ပေ။

ငှက်သမားက အားဖြင့် ဖိစိုက်ထားသည့် သံစူးကို အားဖြင့် ပြန်နုတ် နေစဉ်မှာပင် ကင်မရာတစ်လုံးကို လွယ်လျက် ပိန်ပိန်ပါးပါး လူရွယ်တစ်ယောက် ပေါက်ချလာပြန်သည်။ လျှာတိုးဦးထုပ်နှင့်၊ ဘောင်ဘီရှည် ပွပွနှင့်။ သူ့ကိုတော့ ဘုရားပွဲတော်ရက်များမှာ မျက်မှန်းတန်းမိသလိုလို ရှိသည်။ သူက ဘိုးတော် ချက်ချင်း ပြန်လာမှာလား ဟု မေးသည်။ အေးပေါ့ကွ ဟု တင့်ဝေ့ဝေ့ လေတက်နေသည့်ကြားမှ ပြောလိုက်တော့ အသွားအပြန် လိုက်ခဲ့မယ်ဆိုကာ ငှက်ပေါ် တက်သွားလေ၏။ ခုနက လူငယ်နှင့် မျက်နှာချင်းဆိုင် ငှက်နံ့မှာ ထိုင်သည်။

ငှက်သမားလည်း ငှက်ဦးကို ဆွဲကွေ့၊ တစ်ချက် နှစ်ချက် စ အခတ်မှာပင် “ဟိုး ဟိုး ငှက်ဆရာ၊ စစ်ကိုင်းလား၊ လိုက်ဦးမယ်” ဟု ဆိုကာ လူတစ်ယောက် သောင်ပြင်တစ်လျှောက် ပြေးဆင်းလာ၏။ ငှက်သမားလည်း မထူးတော့ဟု တွေးကာ ဆက်မခတ်ဘဲ ရပ်ပေးထားစဉ် ထိုသူသည် ဒူးခေါင်းလောက်ထိ ရေထဲ ပြေးဆင်းလာပြီး ငှက်ဦးထိပ်သို့ လွှားခနဲ ခုန်တက် လိုက်လေ၏။

ငှက်သမားလည်း ခရီးသည် ငါးယောက်ကို တင်ပြီး စစ်ကိုင်းဘက် အားသွန် ခတ်လေတော့၏။ ခါတိုင်းလို ကွေ့ပတ် မခတ်တော့ဘဲ မြန်မြန် ရောက်ချင်ဇောဖြင့် မြစ်ကို တည့်တည့်ဖြတ်ကူးလေ၏။

အမှန်ကတော့ သူသည် စစ်ကိုင်းဘက်သို့ စက်လှေဖြင့် ပြန်ဖို့ စီစဉ်ထားပြီး ဖြစ်၏။ သူ့ ကုန်ပစ္စည်းတွေ ချနေသည့် စက်လှေကို မစောင့်ချင်တာကလည်း တစ်ကြောင်း၊ ကောင်မလေးသည် သိပ်လှနေတော့ ငှက်ဖြင့် လိုက်လာခဲ့ခြင်း ဖြစ်၏။

သူသည် စစ်ကိုင်းမြို့သား စစ်စစ်ဖြစ်ပြီး စစ်ကိုင်းတစ်ခွင်က မိန်းမလှ တော်တော်များများကို သတိထားမိခဲ့သော်လည်း သည်ကောင်မလေးကိုတော့ တစ်ခါမျှ မမြင်ဖူးခဲ့ချေ။ နေရောင်ဖြင့် ဆလိုက်ထိုးထားသည့် ကောင်မလေးမျက်နှာကို နေကာမျက်မှန် အကာအကွယ်ဖြင့် ကြည့်နေရသည်ကိုပင် အားမရနိုင်အောင် ဖြစ်မိ၏။ နုနယ်လှသည့် မျက်နှာဝင်းဝင်းကလေးကို ကြည့်ပြီး ဆယ်တန်းလား၊ တက္ကသိုလ်ကျောင်းသူလားပင် ခွဲခြားရ ခက်သည်။ ဘာလို့များ မျက်နှာကလေးက ညှိုးနေတာလဲ မိန်းကလေးရယ်၊ စာမေးပွဲများ မဖြေနိုင်လို့လား။

ဟိုဘက်ကမ်း ရောက်လျှင်တော့ သူ သိချင်တာတွေ အားလုံး သိရမည်ဟု သူက သေချာပေါက် တွက်ထား၏။ ဟိုဘက်ကမ်းမှာ သူ့ကား ရှိသည်။ သူ မွန်မွန်ရည်ရည်ပင် မိတ်ဆက်မည်၊ အကူအညီပေးမည်၊ သွားလိုသည့် နေရာကို ကားဖြင့် လိုက်ပို့ပေးမည်။ သည့်နောက်မှာတော့။ သည်လို ဇာတ်လမ်းမျိုးတွေ ကခဲ့ရလွန်းလို့ သူ့မှာ ဒိုင်ယာလော့တွေကော၊ အက်ရှင်တွေပါ ထပ်နေပြီ။ ငှက်ပေါ်မှာတော့ သူက ဣန္ဒြေကြီး တစ်ခွဲသားဖြင့် လိုက်လာခဲ့၏။ စကားတစ်ခွန်းမျှ မဟသေး။ မျက်စိကသာ မျက်မှန်နောက်မှာ ပုန်းအောင်းပြီး ချောင်းမြောင်းကြည့်ရှု နေခဲ့လေသည်။

သူ ကြံ့ကြံ့ဖန်ဖန် စိတ်ကူးယဉ် ကြည့်လိုက်သေး၏။ တစ်ခါမျှ မကြုံဖူးခဲ့သော ဇာတ်လမ်းမျိုး။ မပြောကောင်း မဆိုကောင်း ငှက်မှောက်လျှင် သို့မဟုတ် ကောင်မလေးများ တစ်နည်းနည်းဖြင့် ရေထဲ လိမ့်ကျသွားလျှင် သူ ဒိုင်ဗင်ထိုးပြီး ဆယ်လိုက်မည်။ ကယ်တင်ရှင်ကြီးဆိုပြီး သူ့ကို ကျေးဇူးတင်၊ မိတ်ဆွေဖြစ်၊ ထိုနောက်... ထို့နောက်တော့...။ ကြံ့ကြံ့ဖန်ဖန် သူ့အတွေးသူ သဘောကျပြီး ပြုံးမိတော့မလိုလို ဖြစ်သွား၏။

[၃]

ခတ်ပုံဆရာသည် ကင်မရာလွယ်ရင်း တစ်လမ်းလုံး စဉ်းစားလာခဲ့၏။ ရွှေကြက်ယက် ဘုရားဖူးသည့် ဧည့်သည်တစ်စုကို ဓာတ်ပုံလိုက်ရိုက်ပေးရင်း သူတို့ အေးအေးဆေးဆေး ရှုခင်းတွေ ကြည့်နေကြသည့် အချိန်မှာ ကောင်မလေးကို သတိထားမိလိုက်ခြင်း ဖြစ်၏။ ၁၆ နှစ်၊ ၁၇ နှစ် အရွယ်၊ ပျိုမျစ်နုနယ် ချစ်ချင်စဖွယ်

မျက်နှာလေး။ ဖြူဝင်းသော အသားအရေနှင့် သွယ်လျသော်လည်း အချိုးအစားကျသော ကိုယ်လုံးကလေး။ သူကတော့ ဓာတ်ပုံဆရာပီပီ ကင်မရာရှုထောင့်ကပဲ ကြည့်မိ၊ စဉ်းစားမိခြင်း ဖြစ်၏။

ခက်တာက ကောင်မလေး မျက်နှာမှာ ပြုံးခြင်း၊ ရယ်ခြင်းကို တစ်ခါမျှ မတွေ့ရသေးခြင်းပင် ဖြစ်၏။ ပြုံးရယ်လိုက်လျှင် သွားစွယ်လေးတွေများ ဖွေးခနဲ ပေါ်လာမလား။ ပါးချိုင့်ခွက်ကလေးပဲ မြင်ရမလား။ ခုလို ရွှေရောင်တောက်နေသည့် ညနေခင်းမှာ ဘာမျှ မလိမ်းမခြယ်ဘဲ နဂိုရည်လှပြီး နဂိုသွေး ကြွနေသည့် ကောင်မလေးကို ပြုံးချိုသည့် မျက်နှာ၊ ရွှန်းလက်သော မျက်လုံးကလေးများဖြင့် အမိအရ ဓာတ်ပုံ ရိုက်ယူလိုက်နိုင်ပါက...

'ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့' ဟူသော ခေါင်းစဉ်ဖြင့် စီးပွားရေးကုမ္ပဏီ တစ်ခုက ဓာတ်ပုံပြိုင်ပွဲ ဝင်ကြဖို့ ဖိတ်ခေါ်ထားသည်မှာ ပိတ်ရက်နီးလာပြီ။ သူ့မှာ ပုံကောင်းကောင်းရယ်လို့ ဟုတ်တိပတ်တိ မရသေး။ သူ့ဟာသူ သဘာဝအလျောက် ပြုံးစရာရှိလို့ ပြုံးတာနှင့် ကင်မရာမင်းက ပြုံးခိုင်းလို့ ပြုံးတာ အပြုံးချင်း မတူ။ အသက်ဝင်တာချင်း မတူ။ သူတောင် ဒီလောက် သိနေမှ အကဲဖြတ်လူကြီးများ ဆိုလျှင် ပြောစရာ မရှိပြီ။

ကောင်မလေး၏ နဂိုအပြုံးလေးများ တွေ့ရနိုးနိုးဖြင့် ငှက်ပေါ်လိုက်ပါလာခဲ့သည်။ သည်အရွယ်လေးတွေက လှပသည့် သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့လျှင် အင်မတန် သဘောတွေ့၊ မနောခွေ့ ရွှင်မြူးတတ်ကြသည်။ ကောင်မလေး ရွှင်မြူးလာပါက သူ့ကင်မရာကို အသင့်ပြင်ပြီး ရှုခင်းကြည့်တာလိုလို ဘာလိုလိုနှင့် ဓာတ်ပုံ ရိုက်ယူလိုက်ဖို့ ရည်ရွယ်ထားပြီး ဖြစ်၏။ ပြီးမှ အကြောင်းစုံ ရှင်းပြ တောင်းပန်မည်။ မော်ဒယ် ဝါဒနာပါသည့် ကောင်မလေးမျိုးဆိုလျှင် သဘောတောင် ကျနေလိမ့်ဦးမည်။ အခြေအနေ ကောင်းပါက ပုံ တော်တော်များများ ရိုက်ဖို့အထိ သူက ရည်ရွယ်ထား၏။

ခုတော့ ကောင်မလေးသည် ပြုံးဖို့ဆိုတာ ဝေလာဝေး၊ မျက်နှာလေး ငေးတိငေးတိုင်ဖြင့် အဆွေးမင်းသမီးစတိုင် ဖမ်းလာတော့ သူ့ရည်ရွယ်ချက်တွေလည်း ရေစုန်မျောပြီ။ ငှက်ပေါ်က လူတွေကလည်း နှုတ်နည်း လိုက်ကြတာ။ တကယ်ဆို ရှုခင်းအကြောင်း၊ သကြံ့န်အကြောင်း ဘာညာတွေ စကားပြောကြ၊ မိတ်ဖွဲ့ကြ၊ ပြုံးကြ ရယ်ကြဖို့ ကောင်းသည်။ ခုတော့ သူကပဲ စကားစရ မလိုလို၊ အဒေါ်ကြီးပဲ ကောင်မလေးကို ဂလိထိုးခိုင်းရ မလိုလိုဖြင့် ဓာတ်ပုံဆရာ ဦးနှောက်စားနေ၏။

သို့သော် သတိဟူသည် ပိုသည်မရှိ။ သည်အရွယ်က လေတိုက်တာ၊ သစ်ရွက်လှုပ်တာတောင် ရယ်တတ်သည့် အရွယ်ဆိုတော့ ဘယ်အခါပဲ ပြုံးပြုံး၊

ဘယ်အခါပဲ ရယ်ရယ်၊ အခွင့်အရေး လက်မလွတ်ရအောင် ကင်မရာကိုတော့ အသင့်အနေအထားဖြင့် ကိုင်ထားရလေ၏။

[၄]

ငှက်ဦးမှာ ခုန်တက် လိုက်ပါလာသော ပုဂ္ဂိုလ်သည် ခါးပိုက်နှိုက် အလစ်သုတ်သမား ဖြစ်၏။

သူသည် ခွင်ကောင်းတွေ့ပြီ အထင်ဖြင့် မန္တလေးမှ စစ်ကိုင်းသွားမည့် ဒိုင်နာကားပေါ် တက်လိုက်လာခဲ့၏။ သားကောင်ကို ကျားချောင်းသလို ချောင်းရင်း၊ ချောင်းရင်း အမရပူရကို ကျော်ပြီး ရွှေကြက်ယက် ကားဂိတ်အထိ ရောက်လာသည်။ အလုပ် မဖြစ်သေး။ သည်မှာပဲ သူ့ကို သိနေသော နယ်ထိန်း ပြည်သူ့ရဲတစ်ဦး ကားဆီ လာနေသည်ကို သူ လှမ်းမြင်လိုက်သည်။ နယ်ထိန်းက သူ့ကို မမြင်။ သူသည် နယ်ထိန်း မမြင်အောင် လှစ်ခနဲ ခုန်ဆင်းပြီး ကိုယ်ယောင်ဖျောက်လိုက်၏။ ပြီးခဲ့သည့်လက အလုပ်ဖြစ်ထားတာလေးတွေ အပေါ်မှာ နောက်ကျောမလုံ။ အထူးသဖြင့် သည်နယ်ထိန်းကို သူ ကြောက်သည်။

ကားဂိတ်မှ ရထားသံလမ်းကို ဖြတ်ပြီး ရွှေကြက်ယက် ဆိပ်ကမ်း ဘက်ဆီသို့ သူ ပြေးခဲ့သည်။ နောက်လှည့်မကြည့်တော့။ ရွှေကြက်ယက် ဆိပ်ကမ်းဘက် ကူးပြီး စစ်ကိုင်းတောင်ခြေက မိတ်ဆွေထံမှာ ခေတ္တ ခိုနေမည်ဟု စိတ်ကူးထားသည်။ ကံကောင်းထောက်မစွာ စစ်ကိုင်းသွားမည့် ငှက်တစင်းက အဆင်သင့်။ ထွက်စတောင် ပြုနေပြီ။ သူ သောင်စပ်သို့ ဒရောသောပါး ပြေးဆင်းပြီး ငှက်ပေါ် ခုန်တက် လိုက်ပါလာခဲ့သည်။ ငှက်ပေါ်ရောက်မှ အမောပြေတော့၏။

ငှက်ပေါ်က ခရီးသည်တွေကို အကဲခတ်ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်နှင့် မိန်းမကြီး တစ်ယောက်၊ သားအမိလား မသိ၊ အတူတူ ထိုင်နေသည်။ ညာဘက် ငှက်နံမှာ ကင်မရာလွယ်လျက် လူလတ်ပိုင်းအရွယ် တစ်ယောက်၊ ဘယ်ဘက် ငှက်နံမှာ ရှိုးကောင်းကောင်း ရုပ်ဖြောင့်ဖြောင့် လူငယ်တစ်ယောက်။

သည်လေးယောက်မှာ ကောင်မလေးကို သူ စိတ်ဝင်စားနေသည်။ တိတိကျကျ ပြောရလျှင် ကောင်မလေး လည်ပင်းက ရွှေဆွဲကြိုးကို သူ စိတ်ဝင်စားနေသည်။ တစ်ကျပ်သားကုံး ဖြစ်လိမ့်မည်ဟု သူ အတတ်သိသည်။ ဆွဲဖြုတ် လုပြေးဖို့ကတော့ မလွယ်။ ငှက်သမား အပါအဝင် ယောကျ်ားသား သုံးယောက် အနီးကပ် ရှိနေသည်။ အရေးထဲ သကောင့်သား သုံးယောက်

မျက်လုံးတွေက ကောင်မလေးဆီက မခွာ။ ခပ်စိမ်းစိမ်း နေကြပုံ ထောက်လျှင် တစ်ဖွဲ့တည်းတော့ မဖြစ်နိုင်။ ငှက်ပေါ်ကျမှ တွေ့ကြသည့် ခရီးသည်များ ဖြစ်ပုံရသည်။ ခဏလေး တွေ့ခိုက်တောင် သဲကြီးမဲကြီး ငမ်းနေသော ထိုနှစ်ကောင်ကို စိတ်ထဲက ဆဲရေးနေမိ၏။

သူ စဉ်းစားထားတာ တစ်ခုတော့ ရှိသည်။ စစ်ကိုင်းဘက် ရောက်လို့ ငှက်ကမ်းကပ်လျှင် သူက ငှက်ဦးထိပ်ကဆိုတော့ ဦးဆုံးဆင်းပြီး ငှက်ဦးကို ထိန်းကိုင်ပေးထားမည်။ သကောင့်သား နှစ်ယောက်က အရင် ဆင်းလိမ့်မည်။ ယောကျ်ားသားတွေဆိုတော့ သွက်သွက်လက်လက်ပင် ကမ်းပေါ် ခုန်တက်ပြီး လိုရာစခန်း ကြွမြန်းကြပေရော့။

ငှက်နောက်ပိုင်းမှာ ထိုင်နေသော မိန်းမသား နှစ်ယောက်ကတော့ ဖြည်းဖြည်းပဲ လှုပ်ရှားကြလိမ့်မည်။ လုံချည် ပြင်ဝတ်တာတို့၊ အင်္ကျီ ဆွဲဆန့်တာတို့လောက်တော့ အနည်းဆုံး အလုပ်ရှုပ်ကြဦးမည်။ “ဖြည်းဖြည်းဆင်း အန်တီ၊ ဖြည်းဖြည်းဆင်း ငါ့ညီမ” ဟု သတိပေးရင်း ကောင်မလေးအဆင်းမှာ ငှက်ဦးကို မသိမသာ လှုပ်ခါပေးလိုက်မည်။ ကောင်မလေး ထိတ်လန့်တကြား ကမ်းစပ်မှာ လဲကျ၊ သူက အပြေးအလွှား ဖေးမကူညီ၊ စက္ကန့်ပိုင်းအတွင်းမှာ ရွှေဆွဲကြိုးက သူ့လက်ထဲ ရောက်လာမည်။

ခါးပိုက်နှိုက်သည် တရှိုက်ရှိုက်နှင့် လေချွန်နေလေ၏။

[၅]

ခတ်တက်က ရေပြင်ကို ရုပ်မိသွားသောအခါ ရေမြွှာရေပန်းကလေးများ ထလာပြီး နေခြည်အပက်မှာ တလက်လက် တောက်ပ လာတတ်၏။ တစ်ခါတစ်ရံ ကောင်မလေး၏ နားသယ်ဆံစကလေးများကိုပင် ရေမှုန်ကလေးတွေက လာပြီး ကလူကျီစယ်၏။ သို့သော် ကောင်မလေးကတော့ ဘာကိုမျှ သတိမထားနိုင်၊ မကြည်နူးနိုင်။ အချစ်ဟူသော အပူမီး လောင်မြိုက်ခြင်း ခံနေရသဖြင့် စိတ်ရောကိုယ်ပါ ညှိုးနွမ်းနေလေသည်။

ဘာကြောင့် ‘မောင့်’ကို သူတို့ ရွာပြန်လွှတ်လိုက်ကြတာလဲ။ အဆင့်အတန်း မတူဘူးဆိုတာ ဘာနဲ့ တိုင်းတာကြတာလဲ။ အရင်ကတော့ သူတို့ပဲ ရိုးသားတယ်၊ ကြိုးစားတယ်ဆိုပြီး ချီးမွမ်းခန်းတွေ ဖွင့်ခဲ့ကြသည်။ သူမနှင့် ချစ်နေပြီဆိုမှ အလုပ်မှာ သစ္စာမရှိဘူးဆိုကာ ရွာပြန်ခိုင်းလိုက်ကြသည်။ သူမကိုလည်း မောင်နှင့် လုံးဝ အဆက်အသွယ် ပြတ်သွားစေရန် စစ်ကိုင်းတောင်က သီလရှင် ချောင်တစ်ချောင်မှာ

ပို့ထားကြတော့မည်။ သူမ လုံးဝ လက်မခံနိုင်သူ လူစိမ်းတစ်ယောက်နှင့် အတင်း ပေးစားကြလိမ့်ဦးမည်။

သူမကတော့ ပြောမပြတတ်လောက်အောင် ချစ်ရသည့် အချစ်ဦး မောင့်ကို တစ်စက္ကန့်ကလေးမျှ မေ့မရပါ။ မောင့်ကို မေ့ပစ်ပြီး တခြားယောက်ျား တစ်ယောက်နှင့် တစ်သက်လုံး အတူနေသွားရမည့် ကိစ္စကြီးသည် သူမအတွက် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ အဖြစ် မခံနိုင်ပါ။ "ဒီဘဝ မပေါင်းရလည်း နောင်ဘဝပေါ့ မောင်ရယ်" ဟု အကြိမ်ကြိမ် ရှိုက်ငင် ရေရွတ်ခဲ့ရသည့် သစ္စာတိုင်တွေ ခုတော့ဖြင့် ပြည့်လာတော့မည်။

ရွှေကြက်ယက်နှင် စစ်ကိုင်းကြား ဧရာဝတီ၏ အလယ်ကောင် တည့်တည့် ရေအနက်ဆုံးနေရာ ရောက်လျှင် ငှက်ပေါ်မှ ခုန်ချပြီး ကံဆိုးလှသည့် ဘဝကို အဆုံးသတ်လိုက်တော့မည် ဟု ကောင်မလေးက ကျိတ်ပြီး ဆုံးဖြတ်ထားလေသည်။ ထို့ကြောင့်လည်း သူမကို ယက္ခဂုမ္ဘဏ်ထက် လုံခြုံအောင် စောင့်ကြပ်နေသော အန်တီကြီး၏ နံဘေးမှ မသိမသာ ခွာရင်း ငှက်နံရံဆီ တရွေ့ရွေ့ ဖင်ရွေ့လာခဲ့ရာ ငှက်နံနှင့် တင်ပါးပင် ထိကပ်နေပြီ။ တစ်ချက် တစ်ချက် ငှက်ပေါ်မှ ကုန်းပြီး လက်ခုပ်ကလေးဖြင့် ရေခပ်သယောင် ပြုကြည့်၏။ လွယ်လွယ်လေးပဲ။ မြစ်လယ်ရောက်လျှင် ရေဆော့ သလိုလိုနှင့် အသာလေး လိမ့်ချလိုက်ရုံပါပဲ။

နောက်ဘဝပေါ့ မောင်ရယ်။

[၆]

ငှက်သမားက ခတ်အား ကောင်းလှသည်။ ရေကလည်း သိပ်မစီးတဲ့အချိန်။ လေကလည်း ငြိမ်နေဆိုတော့ ငှက်သည် ရေပေါ်မှာ လျှောခနဲ၊ လျှောခနဲ ပြေးနေ၏။ မြစ်အလယ်ကိုပင် ကျော်လာခဲ့ပြီ။

ကောင်မလေး၏ ရင်သည် တဒိတ်ဒိတ် ခုန်နေ၏။ ငှက်ဦးက ပုဂ္ဂိုလ်သည် အားလုံးကို ကျောပေးပြီး စစ်ကိုင်းဘက် ငေးမျှော်ကာ လေချွန်နေဆဲ။ ကောင်မလေး ကုန်းပြီး ရေကို ဆော့ကစားယောင် ပြုလိုက်သည်။ ဖိနပ်ကိုလည်း မသိမသာ ချွတ်ထားလိုက်ပြီ။ နေကာမျက်မှန်နှင့်လူက မျက်မှန်ကို ချွတ်ပြီး လက်ကိုင်ပဝါဖြင့် ပွတ်နေ၏။ ခေတ်ပုံဆရာသည် သူ့ကင်မရာကြီးကို လွယ်ထားရတာ ညောင်းလာသည့် ပုံစံမျိုးဖြင့် လက်ထဲ ပြောင်းကိုင်လိုက်၏။ ကောင်မလေးသည် နှုတ်ခမ်းကို တွန့်ကွေးပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

ဖြုန်းဆို...

အရှိန်ဖြင့် ပြေးနေသော ငှက်သည် မြင်းပတတ်ရပ်သလို တုံ့ခနဲ ရပ်သွား၏။ ခါတိုင်းလို ကွေ့ပတ်ခဲ့လျှင် အကောင်းသား။ အမြန်လိုမှ အနှေးတွေ့ပြီ။ ငှက် သောင်တင်သွားပြီ။ ငှက်သမား စိုးရိမ်ပူပန်သွား၏။ ငှက်သည် သောင်ပြင်က ကျောက်စရစ်ခဲဖြင့် ပွတ်ဆွဲပြီး ဆွေးနေသည့် ငှက်ကြမ်းပြင် ပေါက်သွားပြီလား မသိ။ ငှက်သမားသည် ကဗျာကယာ ခုန်ဆင်းပြီး ငှက်ဦးက ကြမ်းခင်းကို လှန်ကြည့်လိုက်၏။ ထင်သည့် အတိုင်းပါပဲ။ ငှက်ထဲသို့ ရေတွေ ပလုံစီ ထပြီး ဝင်နေပြီ။ မကြာခင် ငှက်သည် သောင်ပြင်မှာ ဖင်ထိုင်သွားတော့မည်။

ငှက်သမားသည် အခြေအနေကို ခရီးသည်များသို့ မလွှဲမရှောင်သာ ကြေညာလိုက်ရလေ၏။

"ငှက်က သောင်တင်ပြီး ဗိုက်ပေါက်သွားတယ်။ ဆက်သွားလို့ မရတော့ဘူး"

[ကလျာမဂ္ဂဇင်း၊

အမှတ်(၁၄၇)။ မေလ၊ ၁၉၉၇]

ကျွဲ

ခုလို… တစ်ဆောင်းသစ်ပြီ ဆိုမှဖြင့်…။

'ဦးခင်မောင်မောင်' မနက်တိုင်း လမ်းလျှောက်ထွက်ပါတယ်။ သူ လမ်းလျှောက်တာက ကျန်းမာရေးအတွက် မဟုတ်ပါဘူး။ ဆောင်းဟေမာန်ရဲ့ ငွေနှင်းမှုန်မှုန်ကို ချစ်လို့၊ မြောက်ပြန် လေအေးအေးကို ချစ်လို့၊ တက်သစ်စ နေခြည်နွေးနွေးကို ချစ်လို့ပါ။

ပြီးတော့ စပို့ရှပ်နဲ့၊ ဘောင်းဘီရှည်နဲ့၊ ခြေအိတ်နဲ့၊ ကင်းဘတ်ရှူးနဲ့ စတိုင်ကျကျ လမ်းလျှောက်ရတာကို သဘောကျလို့ပါ။

ကျန်းမာရေးအတွက်နဲ့တော့ဖြင့် ဦးခင်မောင်မောင်ဟာ လမ်း လျှောက်စရာ မလိုတဲ့ ဒေါင်ဒေါင်မြည်ပါ။ အသက် ၅၀ ကျော်ပေမယ့် နုပျိုစိုလန်းတဲ့ ငှက်ပျောပင်ကြီးလိုပါပဲ။

ဒါကိုပဲ ဦးခင်မောင်မောင်က အမြဲဂုဏ်ယူနေတာပါ။ အိမ်မှာဆို အိမ်မှာမို့၊ လမ်းမှာဆို လမ်းမှာမို့၊ ရုံးမှာဆို ရုံးမှာမို့ သူ ကျန်းမာရေး ကောင်းတဲ့အကြောင်း စပ်မိတိုင်း ကြွားလေ့ရှိပါတယ်။ သူများက ချီးမွမ်းလာရင်လည်း တဟဲဟဲနဲ့ သဘောကျလို့ မဆုံးတော့ဘူး။

မနက်စောစော ၅ နာရီလောက် လမ်းလျှောက်ထွက်တော့ လမ်းပေါ်မှာ သူ့လို လမ်းလျှောက်နေသူတွေ ရှိနေကြပြီ။ အရပ်ထွားထွား ခြေလှမ်းကျဲကျဲနဲ့ဆိုတော့ တစ်ယောက်ပြီးတစ်ယောက် ကျော်တက်လာခဲ့တယ်။ တစ်ယောက် ကျော်တက်ပြီးတိုင်း သူ့ရင် တစ်ခါကော့ပြီး လာလိုက်တာ နောက်ဆုံး သူ လမ်းလျှောက်တဲ့ စတိုင်က ကော့ကော့ မော့မော့ကြီးကို ဖြစ်နေတော့တယ်။

လူတိုင်းက သူ့ကို နှုတ်ဆက်ကြပေမယ့် သူကတော့ ပြန်ပြီး ပြုံးပြရုံ၊ လက်ပြရုံလောက်ပဲ။ သည်လို မြို့သေးသေးက နည်းနည်းပါးပါး အရာရှိတွေထဲမှာ သူက တစ်ဦးအပါအဝင် ဆိုတော့ သူ့ကို မသိသူ မရှိဘူးလေ။ အားလုံးကို ပြန်နှုတ်ဆက်၊ တုံ့ပြန်စကား ပြောနေရရင် ခရီးဖင့်မယ်။ လေကုန်မယ်။ ပြီးတော့ ဟိုဟာ၊ ဒီဟာ အကူအညီ တောင်းတာတွေလည်း ပါလာမယ်။ အဲဒါကြောင့် ဦးခင်မောင်မောင် အားလုံးကို လက်ပြ ကျော်ဖြတ်လာခဲ့တယ်။

သတ်မှတ်နေရာကို ရောက်တော့ အသက်ရှူ လေ့ကျင့်ခန်းကလေး ဘာကလေး လုပ်ပြီး ပြန်လှည့်လာခဲ့တယ်။ အပြန်မှာတော့ မြောက်လေနဲ့ ငွေနှင်းကို

အရသာခံရင်း ဖြည်းဖြည်းပဲ လျှောက်လာခဲ့တော့တယ်။ အရှေ့ဘက်မှာလည်း နေခြည်ရဲရဲက နှင်းထုရဲ့ အဖြူရောင် အမှောင်ကို ထိုးခွဲစ ပြုနေပြီ။

ဖြည်းဖြည်း လျှောက်တာတောင်မှ ဝဝပုပု မိုက်စူစူ လူတစ်ယောက်ကို ဦးခင်မောင်မောင် မီလာသေးတယ်။ မြေတိုင်းစာရေးကြီးပေါ့။

“ဘယ်လိုလဲ စာရေးကြီးရဲ့၊ ကိုယ့်ဗိုက်ကို မသယ်နိုင်တော့ဘူးလား”

သည်တစ်ခါတော့ စည်ပိုင်းကြီးလိမ့်သလို လမ်းလျှောက်နေတဲ့ စာရေးကြီးကို နောက်ချင် ပြောင်ချင်တာနဲ့ ဦးခင်မောင်မောင်ကပဲ စပြီး ပဋိသန္ထာရ ပြုလိုက်တယ်။

“ဟုတ်ပါ့ဗျာ။ ဆရာဝန် ခိုင်းလို့၊ ရောဂါပျောက်ချင်လို့သာ လျှောက်လာရတယ်။ မောလိုက်တာ မပြောပါနဲ့တော့”

“နေစမ်းပါဦး၊ ခင်ဗျားက ဘာရောဂါဖြစ်နေလို့တုံး”

“သွေးတိုးပေါ့ဗျာ။ ၅၀ ကျော်လာရင် ခင်ဗျားတို့၊ ကျွန်တော်တို့လို ရုံးသမားတွေအဖို့ သွေးတိုးဟာ တိုက်ပုံအင်္ကျီတစ်ထည်လိုပဲဗျ”

“အံမယ်… ခင်ဗျား ဥပမာက လှ လှသေးတော့၊ ဒါပေမယ့် ကျုပ်ကိုတော့ ဆွဲမထည်နဲ့ဗျို့။ ကျုပ်က တိုက်ပုံ မဝတ်ဘူး။ ဒီမယ်လေ စပို့ရှပ်ပဲ ဝတ်တယ်။ ဟဲ… ဟဲ…။ သွားမယ်နော်…။ ဖြည်းဖြည်း လိုက်ခဲ့ပေတော့ တိုက်ပုံ ဆရာကြီးရေ့”

ဦးခင်မောင်မောင် မြေတိုင်းစာရေးကြီးရဲ့ တိုက်ပုံအင်္ကျီ ဥပမာကို သဘောကျပြီး ပြုံးလက်စ တန်းလန်းမှာ “ဆရာ လမ်းလျှောက်ပြန်လာတာလား” ဆိုပြီး တစ်ရပ်ကွက်တည်းသား ကုန်စုံရောင်းတဲ့ ကောင်လေးက စက်ဘီးပေါ်က ဆင်းပြီး တရိုတသေ နှုတ်ဆက်တယ်။

“အေးကွ”လို့ မျက်နှာပိုးသတ်ပြီး ဖြေလိုက်တော့ “ကောင်းတယ် ဆရာ… လမ်းလျှောက်တော့ သွေးတိုး မြန်မြန် ပျောက်တာပေါ့” တဲ့။ ဦးခင်မောင်မောင် ပြန်ပြောမလို့ ပါးစပ်ပြင်နေတုန်း စက်ဘီးက ခပ်လှမ်းလှမ်း ရောက်သွားပြီ။

ဦးခင်မောင်မောင်ဟာ လမ်းလျှောက်ပြီးရင် အိမ်တန်းမပြန်ဘူး။ အထက ကျောင်းနားက မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး ချဉ်ငန်စပ်တစ်ပွဲ အမြဲ စားလေ့ရှိတယ်။ သူ ဝင်ထိုင်လိုက်ရင်ကို မုန့်ပြင်တဲ့ ကောင်လေးက သူ့အကြိုက် တစ်ခါတည်း တန်းပြင်ပြီးသား။ ဒီနေ့ သူ ဝင်ထိုင်တော့ မုန့်ပြင်တဲ့ ကောင်လေးက ကရုဏာလေသံလေးနဲ့ ပြောတယ်။

“ချဉ်စပ်ကလေး ဆရာ၊ အငန် လျှော့ပေးထားတယ်”

"ဟေ… ဘာလို့ အငန် လျှော့ရတာတုံး"

"ဆရာ့မျက်နှာက အစ်နေတာ။ သွေးများ တက်နေသလားလို့။ သွေးတိုးက အငန်နဲ့ မတည့်ဘူးလေ… ဆရာရဲ့"

"ဟာ… ဒီကောင်၊ ငါ ဘယ်တုန်းကမှ သွေးတိုး မရှိဘူးကွ။ ပေးစမ်း ငံပြာရည်ပုလင်း…"

ဦးခင်မောင်မောင် စိတ်ပေါက်ပေါက်နဲ့ ငံပြာရည်တွေ ထည့်လိုက်တာ ခါတိုင်းထက် ပိုငန်သွားတယ်။ စားမကောင်းတော့ဘူး။ ကျွဲမြီးတိုတိုနဲ့ ထလာခဲ့တယ်။ မုန့်ဟင်းခါး စားပြီးရင် ထုံးစံအတိုင်း မလှမ်းမကမ်းက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်တယ်။ စားပွဲထိုးကောင်လေးရဲ့ နှုတ်ခွန်းဆက် စကားက တိုနေတဲ့ ကျွဲမြီးကို အရင်းက တိခနဲ နေအောင် ဖြတ်ချလိုက်သလိုပါပဲ။

"ဟာ… ဆရာသမား မျက်နှာတွေက အစ်လို့၊ သွေးတက်နေသလား" တဲ့။

"ဟေ့ကောင်… မင်းနဲ့ ဘာဆိုင်တုံး။ သွားစမ်း လက်ဖက်ရည် ယူခဲ့" လို့ ငေါက်ပစ်လိုက်တယ်။ ငေါက်သာ ငေါက်ရ၊ မျက်နှာကိုတော့ လက်ကိုင်ပဝါနဲ့ ပွတ်မိနေပြီ။

အိမ်ပြန်ရောက်ရောက်ချင်း ဦးခင်မောင်မောင် မှန်ပြေးကြည့်တယ်။ သူ့မျက်နှာ အရင်တုန်းကလိုပါပဲ။ ဘာမှ မပြောင်းလဲပါဘူး။ လူကလည်း သွက်သွက်လက်လက်ပါ။ ပို သေချာအောင် မိန်းမနဲ့သမီး အော်ခေါ်လိုက်တယ်။

"ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်းဟေ့။ ရောင်နေသလား၊ အစ်နေလား။ ဘာ ထူးခြားနေသလဲ"

သားအမိနှစ်ယောက် ပျာပျာသလဲ ဖြစ်သွားတာပေါ့။ မိန်းမကဆို မျက်နှာကို လက်ညှိုးနဲ့ ဖိကြည့်၊ နှိပ်ကြည့်နဲ့။

"ဘာမှ မဖြစ်ပါဘူးရှင်။ လန့်များ လန့်ပါရဲ့၊ တော်က ဘာဖြစ်လာလို့တုံး"

ဦးခင်မောင်မောင် ခုမှပဲ သက်ပြင်းချလိုက်နိုင်တယ်။ ဒါ… အသေချာဆုံး ထောက်ခံချက်ပဲ။ မိန်းမတွေဟာ… ကိုယ့်ယောကျ်ားရဲ့ မျက်နှာကို အလွတ်အရဆုံး ပုဂ္ဂိုလ်ပဲ မဟုတ်လား။

"ဘာမှ မဖြစ်ပါဘူးကွာ။ လူတွေက ငါ့ကို မျက်နှာ အစ်နေတယ်၊ သွေးတိုး ရှိလားလို့ မေး မေး နေကြလို့ပါ"

"အို... အဖေကလည်း သွေးတိုးရှိရင် ဇက်ကြောတက်တာတို့၊ ခေါင်းမူးတာတို့ ဖြစ်မှပေါ့။ ပြီးတော့ အဖေ သွေးချိန်ထားတာ ဘာကြာသေးလို့တုံး။ ဆရာဝန်က ပုံမှန်ပဲလို့ ပြောထားတဲ့ ဥစ္စာ"

မိန်းမနဲ့သမီး ဝိုင်းပြီး အားပေးမှပဲ ဦးခင်မောင်မောင် တစ်ယောက် ရှုံးသွားဖို့ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ဖြစ်သွားတော့တယ်။

***

အစည်းအဝေးကလည်း ကြာလိုက်တာ။ လိုရင်း တိုရှင်း မပြောကြဘဲ လေကြောရှည်နေတဲ့ သူတွေကို ဦးခင်မောင်မောင် အမုန်းဆုံးပဲ။ မနက် ၉ နာရီက စတဲ့ အစည်းအဝေးဟာ နေ့လယ် ၁၁ ခွဲမှ ပြီးသတဲ့။

ဆောင်းနေကလည်း နေ့လယ်ကျ တော်တော်ပူတယ်။ တစ်ချိန်လုံး တိုက်ပုံအင်္ကျီကြီး ဝတ်ထားရတော့ ပိုဆိုးတာပေါ့။ ကိုယ့်အခန်း ကိုယ့်စားပွဲ ရောက်မှပဲ အင်္ကျီချွတ်ရတော့တယ်။ ပန်ကာဖွင့်၊ ရေအေးအေးတစ်ခွက် သောက်၊ နေ့လယ်စာ စားမလို့ ထမင်းဘူး ဖွင့်နေတုန်း ရုံးအကူကောင်လေး ဝင်လာတယ်။

"ဟာ... ဆရာကလည်း တိုက်ပုံအင်္ကျီကြီး ချွတ်ပြီး ပန်ကာလေ ခံနေပြန်ပြီ"

ကောင်လေး သူ့ကို ကြည့်ပုံက မျက်လုံးမျက်ဆန် အပြူးသားနဲ့။ ခုပဲ ပန်ကာခလုတ် သွားပိတ်တော့ မလိုလို။

"ဘာဖြစ်တုန်းကွ၊ ဒီလောက် အိုက်နေတဲ့ဟာကို..."

"သွေးတိုးသမား အအေးပတ်ရင် လေဖြတ်တတ်တယ် ဆရာရဲ့"

"ခွေးမသား၊ ငါ့ကို သွေးတိုးသမားလို့ မင်းအမေ့လင်က ပြောသလား"

ဦးခင်မောင်မောင် စိတ်တိုတိုနဲ့ ဆဲပစ်လိုက်တော့ ကောင်လေး ဇက်ပု သွားတယ်။ ပြီးမှ တောင်းပန်ပြုံးလေးနဲ့...

"စေတနာနဲ့ပါ ... ဆရာရယ်၊ ဆရာက ရုံးမှာ အုန်းနို့ခေါက်ဆွဲ ကျွေးရင်လည်း ဘယ်တော့မှ မစား။ ပြီးတော့ ဆရာ့ မျက်နှာကလည်း ခုတလော အစ်နေတော့ ကျွန်တော်တို့က ဆရာ့ကို သွေးတိုးရှိတယ်ပဲ ထင်"

"ဟေ့ကောင်... သွား၊ သွား...၊ မင်း ထွက်သွားတော့"

ဦးခင်မောင်မောင် ကောင်လေးကို မောင်းထုတ်ပစ်လိုက်တယ်။ နေ့လယ်စာ ထမင်းဘူးဟာ တစ်ဝက်လောက်ပဲ ကုန်တယ်။ ကိုယ်ကြိုက်တဲ့ ဟင်း ဖြစ်ပါလျက်ကနဲ့ ပါးစပ်ထဲ မမြိန်ဘူး။ ထမင်းစားပြီးတော့ ချမ်းသလိုလို၊ စိမ့်သလိုလို ဖြစ်လာလိုက်သေး။ ပန်ကာ ပိတ်ပြီး တိုက်ပုံ ပြန်ဝတ်မလို့ စိတ်ကူးမိသေးတယ်။ တော်ကြာ ဟိုခွေးမသားလေး မြင်ပြီး တစ်မျိုး ထင်သွားမှာ စိုးတာနဲ့ ဒီအတိုင်း ပေနေလိုက်တယ်။

ညနေပိုင်း အစီရင်ခံစာတွေ ဖတ်တော့ ဇက်ကြောတက်ပြီး မျက်ရိုးကိုက်ချင်လာတယ်။ မျက်မှန်များ ဒီဂရီ မကိုက်တော့လိုလား။ (ဋ္ဌင်းချက်အနေ နဲ့ ဦးခင်မောင်မောင် စာကြည့်မျက်မှန်တော့ တပ်ရပါတယ်။)

ရုံးဆင်းတော့ မျက်မှန်ဆိုင်ဝင်ပြီး အကျိုးအကြောင်း ပြောကြည့်တယ်။ ဆရာဝန် ဆေးလက်မှတ်နဲ့ ဒီမျက်မှန် သူ့ဆိုင်က ဝယ်ထားတာ ကိုး။ ဒီလူက မျက်မှန်နဲ့ ပတ်သက်ရင် တော်တော် ကျွမ်းကျင် နားလည်နေပြီ။

မျက်မှန်ဆိုင်ရှင်က မျက်စိ ပြန်စစ်ကြည့်ဖို့ အကြံပေးတယ်။ "အဲ မျက်စိ မစစ်ခင်၊ သွေးတိုး အရင် စစ်ကြည့်ပါလား" တဲ့။ သွေးတိုး ရှိရင်လည်း ဒီလက္ခဏာတွေ ဖြစ်တတ်တယ် တဲ့။ ပြီးတော့ "ဆရာသမား မျက်နှာ အစ်နေသလိုပဲ" တဲ့။

မျက်မှန်ဆိုင်က အထွက်မှာ ဦးခင်မောင်မောင် ခေါင်းပိုကိုက်လာတယ်။ ဦးနှောက်ထဲ သွေးတွေ တနုတ်နုတ် တိုးနေသလို ခံစားနေရတယ်။

ပျို့ချင်သလိုလို၊ အန်ချင်သလိုလိုကလည်း ပါလိုက်သေး။ အိမ်ရောက်တော့ ထမင်းဘူး ဖွင့်ကြည့်ပြီး မိန်းမက မျက်စိပျက်၊ မျက်နှာပျက်နဲ့ "နေမကောင်းဘူးလား၊ ရှင့်မျက်နှာ မလန်းဘူး" တဲ့။ နဖူးကို လာစမ်းတယ်။ ဖျားလည်း မဖျားပါဘူး တဲ့။

သူလည်း တစ်နေကုန် ဖြစ်ခဲ့သမျှ မိန်းမကို အကုန် ပြောပြလိုက်တယ်။ မိန်းမနဲ့ သမီးလည်း စိုးရိမ်စိတ်တွေ ဝင်နေကြပြီ။ သံသယ ရှင်းသွားအောင် ညနေ ဆေးခန်းသွားပြဖို့ ပြောတယ်။ ပထမတော့ ဦးခင်မောင်မောင် ငြင်းသေးတယ်။ မိန်းမနဲ့သမီး ဇွတ်ခေါ်တာနဲ့ ဆေးခန်းပါသွားရော။

ဆရာဝန်က သူတို့မိတ်ဆွေ ဆရာဝန်ပါ။ ဦးခင်မောင်မောင်ကို သေသေချာချာ စစ်ဆေးပေးပါတယ်။ သွေးပေါင်ဆို နှစ်ခါတောင် ထပ်ချိန်ကြည့်တယ်။ "ဝမ်းတွမ်တိ၊ အိပ်တိ၊ ပရက်ရှာ နော်မယ်ပါပဲဗျာ" တဲ့။ အားလုံး ကောင်းပါတယ် တဲ့။ ဆေးတောင် ထိုးမပေးလိုက်ဘူး။ သောက်ဆေးပေးပြီး ပြန်လွှတ်လိုက်တယ။

ဦးခင်မောင်မောင်လည်း မအီမလည်ကြီးနဲ့ ပြန်လာခဲ့ရတယ်။ အရင်တုန်းကလို စိတ်ထဲမှာ ပေါ့မသွားဘူး။ "သွေးတိုးကြောက်ရင် အငန်လျှော့စား၊ စိတ်အေးအေးထားပေါ့ဗျာ" ဆိုတဲ့ ဆရာဝန်စကားကလည်း ဘာ အဓိပ္ပာယ်လဲ။ သွေးတိုးကြောက်ရင်ဆိုတာ သူ့မှာ သွေးတိုးဖြစ်စရာ အလားအလာ ရှိနေလို့လား။ ကြုံရင် ကြုံသလို သွေးချိန်ကြည့်ဗျာလို့လည်း မှာလိုက်သေးရဲ့။

ကြုံရင် မဟုတ်ဘူး။ တမင်ကို ထပ်ချိန်ကြည့်ရဦးမယ်။

***

နောက် ၂ ရက်လောက်နေတော့ ဦးခင်မောင်မောင် သွေးထပ်ချိန်ကြည့်တယ်။ မချိန်ဘဲနေလို့ကလည်း မဖြစ်တော့ဘူး။ မျက်နှာသစ်တိုင်း အဆီပြန်လို့ မျက်နှာကို လက်ကိုင်ပဝါနဲ့ သုတ်တိုင်း တင်းနေသလို၊ အစ်နေသလိုလိုကြီး ခံစားနေရတယ်။ အိမ်သားတွေ၊ ရုံးသူရုံးသားတွေ မသိအောင် မှန် ခိုး ခိုး ကြည့်ရတာကလည်း ခဏခဏ။ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်ပေမယ့် ခေါင်းထဲ မရှင်းတာကတော့ အမှန်ပဲ။

ဒါနဲ့ သွေးထပ်ချိန်ကြည့်တယ်။ ဒီတစ်ခါ အရင်မိတ်ဆွေ ဆရာဝန်ရဲ့ ဆေးခန်း မဟုတ်ဘူး။ မိန်းမနဲ့ သမီးတောင် အသိမပေးတော့ဘဲ မျက်နှာစိမ်း ဆေးခန်းတစ်ခုကို သွားပြလိုက်တာ။ ဆရာဝန်က သေသေချာချာ စိတ်ရှည်လက်ရှည် စမ်းသပ် စစ်ဆေး ပေးပါတယ်။ မိတ်ဆွေ ဆရာဝန်တုန်းကလိုပဲ သွေးပေါင်ကို နှစ်ခါတောင် ချိန်ပေးတယ်။ သွေးတိုးမရှိပါဘူး တဲ့။ အားဆေးနဲ့ စိတ်ငြိမ်ဆေး တစ်ပတ်စာ ပေးလိုက်တယ်။ တစ်ပတ်ကြာလို့မှ နေလို့ မကောင်းရင် ပြန်လာပြပါတဲ့။

ဘာဆေးမှ မစားရဘူးလို့ ကြွေးကြော်ထားတဲ့ ဦးခင်မောင်မောင် အားဆေးနဲ့ စိတ်ငြိမ်ဆေးတွေ သူများ မသိအောင် ခိုးသောက်နေရတယ်။

***

တစ်ပတ် ကြာသွားပြီ...။

ဆေးတွေလည်း မှန်မှန်သောက်တယ်။ ဒါပေမယ့် သိပ် မထူးခြားဘူး။ အားဆေး သောက်ပါရဲ့။ ခံတွင်းက သိပ်မကောင်းဘူး။ ခါတိုင်းလောက် ထမင်း

မစားနိုင်ဘူး။ စိတ်ငြိမ်ဆေး သောက်ပါရဲ့၊ ခုတလော ပိုပြီးတောင် စိတ်တိုချင်နေသေးတယ်။ အိမ်လည်း အိမ်မှာမို့၊ ရုံးလည်း ရုံးမှာမို့ အော်မိ၊ ငေါက်မိနေတယ်။ ခါတိုင်းလောက်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ချင်ဘူး။

ဒါနဲ့ တစ်ပတ်ပြည့် ဆေးကုန်တော့ ဆေးခန်းပြန်ပြရတာပေါ့။ ပြတာမှ ပြန်လာပါဆိုတဲ့ မျက်နှာစိမ်း ဆေးခန်းကော၊ အရင် ပြထားတဲ့ မိတ်ဆွေ ဆရာဝန်ရဲ့ ဆေးခန်းကော၊ နှစ်ခုစလုံးကို တစ်ရက်တည်း၊ တစ်ညတည်းမှာ ရှေ့ဆင့် နောက်ဆင့် ပြပစ်လိုက်တယ်။

ဆရာဝန် နှစ်ယောက်စလုံးက သေသေချာချာ စစ်ဆေးစမ်းသပ် သွေးချိန်ကြတယ်။ ဆေးသိပ္ပံဟာ အင်မတန် တိကျသေချာပါကလား။ သူတို နှစ်ယောက်စလုံး အဖြေတစ်ခုတည်း ထွက်တယ်။

အရေးထဲ ဆေးခန်းက အထွက်မှာ နှုတ်ခမ်းမွှေး ကျိုးတိုးကျဲတဲနဲ့ လူက လာနှုတ်ဆက်နေသေးတယ်။ မိတ်ဆွေတော့ မိတ်ဆွေထဲကပဲ။ ဘယ်ရုံး၊ ဘယ်ဌာနကမှန်း မမှတ်မိဘူး။ မျက်နှာတော့ ရင်းနှီးနေပါရဲ့၊ နာမည် မေ့နေတယ်။ သူက ရင်းရင်းနှီးနှီး လေးလေးစားစား မေးနေတော့ ဖြစ်သမျှ ပြောပြလိုက်တယ်။

***

အဲသည်လူစုထဲမှာ…။

မျက်နှာပေးက မချိုမချဉ်၊ လေသံက ခပ်တိုးတိုး၊ နှုတ်ခမ်းမွှေး ကျိုးတိုးကျဲတဲနဲ့ လူက ခေါင်းဆောင်ပြီး စကားပြောနေတယ်။

သူ့စကားကို ပြုံးစိ၊ ပြုံးစိနဲ့ နားထောင်နေတဲ့ သူတွေထဲမှာ မြေတိုင်းစာရေး၊ ကုန်စုံဆိုင်ဈေးသည်၊ မုန့်ဟင်းခါးသည်၊ လက်ဖက်ရည်ဆိုင် စားပွဲထိုး၊ ရုံးအကူ၊ မျက်မှန်ရောင်းတဲ့လူ စသဖြင့် လူမျိုးစုံ ပါတယ်။ သူတို့လည်း ကိုယ့်အတွေ့အကြုံကို ဝင်ဝင်ပြီး ပြောကြတာပေါ့။

နှုတ်ခမ်းမွှေးနဲ့လူ နောက်ဆုံးပြောလိုက်တဲ့ စကားကတော့…

“ကျုပ်တို့ မင်းသားကြီး ဦးခင်မောင်မောင် တကယ်ကို သွေးတိုးဖြစ်သွားပြီဗျ” တဲ့…။

[အက္ခရာစင်၏ အက္ခရာစင် ဝတ္ထုတိုများ။

ပထမအကြိမ်၊ ဇွန်လ၊ ၁၉၉၇]